www.burmeseclassic.com

# သျှင်ဥတ္တမ၏



# ကျောက်ကွင်း အရေးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

သခင်မြတ်ဆိုင်

ရေး

# သျှိ ဥဏ္ဏရှ

နှင့်

# ကျောက်ကွင်း—အရေးတော်ပုံ

www.burmeseclassic.com

သျှင်ဥတ္တမ စာစဉ်
အမှတ် ၄

★

ပဌမပုံနှိပ်ခြင်း
အုပ်ရေ-၅,၀၀၀
၁၉၆၂-ခု၊ မတ်လ ၁-ရက်

★

ဒုတိယပုံနှိပ်ခြင်း
အုပ်ရေ-၂,၀၀၀
၁၉၆၃-ခု၊ ဇွန်လ ၁၅-ရက်

★

မောင်မိုးဝင်း—ပုံနှိပ်သူ -၀၄၄၇
ထုတ်ဝေသူ -၀၅၀၉

★

မြန်မာ့ဗျူဟာစာပုံနှိပ်တိုက်
၁၂(ခ) နှင်းပန်းလမ်း၊ ရေကျော်၊ ရန်ကုန်။

ဤ-ကျောက်ကွင်း အရေးတော်ပုံတွင် ပါဝင်ကြသော

# ပုဂ္ဂိုလ်များ

၁။ ဦးလှောင်။ (ကျောက်ကွင်းရွာ-သူကြီး)
၂။ သူကြီးကတော်။
၃။ ကျောက်ကွင်းရွာ-ဓမ္မဆရာ-ဦးရွှေအောင်။
၄။ အလိုတော်ရ-ဂိုဏ်းချုပ်ဆရာတော်ကြီး။
၅။ အရှင်မဟာနန္ဒ (အောင်လံမြို့ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်)။
၆။ အသျှင်ဥတ္တမ (တောင်တွင်းကြီး-ဆရာတော်)။
၇။ အာဂန္တု (တောင်တွင်းကြီးရောက်-ဧကာတဦး)။
၈။ ဆရာကြီး-ဦးကွန့် (ဆရာတော်-သျှင်ဥတ္တမ၏ နေ့ရှင်နယ် ကျောင်း၊ မြန်မာဆရာကြီး)။
၉။ ဆရာ-သခင်ကိုကြီး (၎င်း အင်္ဂလိပ်စာပြဆရာ)။
၁၀။ နတ်မှီဆရာတော်-ဦးကလျာဏ (တောင်တွင်းကြီး)။
၁၁။ ဦးအုံး (အောင်လံမြို့-မြဝတီ ဆရာတော်ကြီး လူထွက်)။
၁၂။ ဓမ္မဆရာ ဦးရွှေမှန် (ပဌမကျော်-ကျမ်းဝေသင် ကျောင်း၊ အုပ်ကြီး-အင်းစိန်မြို့)။
၁၃။ ဓမ္မဆရာ-ဦးသာဒင် (မန္တလေး)။
၁၄။ ဓမ္မဆရာ-ဦးသာဒင် (ရန်ကုန်)။
၁၅။ ခရစ်ယံ-မယ်သီလရှင် (မျက်နှာဖြူ ကျောင်းအုပ် ဆရာမကြီး)။
၁၆။ လောကုတ္တရာ သိမ်ကုန်း-ဆရာတော် ဦးကုဏ္ဍလ-(တောင်ငူ)။
၁၇။ ဦးကျင် (ပြည်မြို့-ရာဇဝတ်ဝန်ကြီး) ထိုအခါက။

(မှတ်ချက်)။ ။အထက်ပါ ပုဂ္ဂိုလ်ကြီးများတွင် အလိုတော်ရ ဂိုဏ်းချုပ်-ဆရာတော်၊ နတ်မှီ-ဆရာတော်၊ ဆရာကြီးဦးကွန့်၊ ဦးအုံး (မြဝတီဆရာတော်-လူထွက်) နှင့် ဓမ္မဆရာကြီး-ဦးသာဒင်တို့ပါး ယခုအခါ အားလုံး အသက်ရှိထင်ရှားရှိကြောင်း သိရပါသည်။

www.burmeseclassic.com

## မာတိကာ

(ဘတ်လိုသော အခန်းကို ဖွင့်ဘတ်-ဇတ်ခနဲတိုးစေမည်)


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အစ | ၁ |
| ၂။ | အရင်း | ၅ |
| ၃။ | အမြင် | ၈ |
| ၄။ | အမြစ် | ၁၂ |
| ၅။ | အချုပ် | ၁၉ |
| ၆။ | အခက် | ၂၃ |
| ၇။ | အလျှောက် | ၂၆ |
| ၈။ | အရှာ | ၃၀ |
| ၉။ | အခက် | ၃၄ |
| ၁၀။ | အကြွပ် | ၄၂ |
| ၁၁။ | အထောက် | ၄၇ |
| ၁၂။ | အပင့် | ၆၁ |
| ၁၃။ | အကြွား | ၆၈ |
| ၁၄။ | အသံ | ၉၀ |
| ၁၅။ | အစဉ် | ၁၀၃ |
| ၁၆။ | အဝမ်း | ၁၀၉ |
| ၁၇။ | အတွေ့ | ၁၄၄ |
| ၁၈။ | အပြင် | ၁၅၃ |
| ၁၉။ | အပါန်း | ၁၇၂ |
| ၂၀။ | အငြိမ်း | ၁၇၆ |
| ၂၁။ | အသိမ်း | ၁၈၀ |


ခင်မြတ်ဆိုင်
ရေး

# သျှင်ဥက္ကဋ္ဌ နှင့် ကျောက်ကွင်း အရေးတော်ပုံ

## ၁။ အစ

အတော်တော့ကြာပါပြီ။ ၁၂၉၀ ခုနှစ်က ဖြစ်၏။ ခရစ် ...ရာဇ်နှင့်ဆိုပါက ၁၉၃၆ ခုနှစ်က ပေတည်း။

...ထိုအချိန်က ကျောက်ကွင်းရွာသူကြီးမှာ ဦးလှောင် ဖြစ်၏။ ...လှောင်၏ ကျောက်ကွင်းရွာကလေးမှာ အိမ်ခြေ ၇၅-၈၀ ခန့် ...ရှိပေမည်။

...ထိုရွာကလေးတွင် ဗမာဗုဒ္ဓဘာသာဟူ၍ အနည်းငယ်သာ ... ကျန်အများစုကြီးမှာ ချင်းများ ဖြစ်ကြ၏၊ ထို့ကြောင့် ...ကျောက်ကွင်းရွာကို အနီးအနား ဗမာရွာများက ချင်း...ကျောက်ကွင်းရွာဟုပင် ခေါ်ကြသည်၊ ထိုချင်းများ အားလုံး ...ယန်များ ဖြစ်နေကြသော အခါပေတည်း။

...ချင်းဟု ဆိုသော်လည်း ယခုခေတ် ချင်းဝိသေသတိုင်းခေါ် ...ရိုး မ ချင်း တောင် တ ဝိုက် ရှိ တောင်ပေါ်ချင်းမျိုးကား ...တ်ပေ။

...ချင်းချင်းတို့ကို မြေပြန့်ချင်းဟု ခေါ်ကြ၏၊ ထိုမြေပြန့်ချင်း ...ာ မည်သည့် အချိန်အခါက မည်သို့သော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုထိုမြေပြန့် ရောဂတီမြစ် အနေရှ့ဘက်ကမ်း ခေ[illegible] များသို့ကူးပြောင်းရောက်ရှိလာကြသည်ဟူ၍ကား ထပ်အပ်သေ[illegible] မည်သို့မျှ မသိပေ။

မည်သည့်သမိုင်းရာဇဝင်ဆိုင်ရာ ဆရာများကမျှလည်း ကျ[illegible] သေချာဖော်ပြနိုင်ခဲ့ခြင်းမရှိဖြစ်သည်၊ သို့ရာတွင် ချင်းများက[illegible] ရောဂတီ အလယ်ပိုင်း မြစ်ရိုးတလျှောက် အနေရှ့ဘက်တ[illegible] နေရာဒေသ ခတ်များများပင် အနှံ့ရှိနေကြသည်။ အများ[illegible] ဟူ၍ကား မဟုတ်၊ ဟိုနယ် ဒီနယ် ပြောက်တိပြောက်ကျား ချ[illegible] ရွာများ တွေ့နေရသည်မှာပူ အမှန်ဖြစ်နေသည်။

ထိုမြေပြန့်ချင်းများကို ပြည်ခရိုင် မြောက်နားမှစပြီး မ[illegible] ခရိုင် တောင်တွင်းကြီးနယ်ထိ ပခုက္ကူမတောင်တန်းဖေနော[illegible] ရှိ ဓတာနှင့် မြေပြန့် ပိုင်းနယ်များတွင် ချင်းရွာများ ပြ[illegible] တိ ပြောက်ကျား အမြဲတွေ့ရသည်၊

၎င်းချင်းတို့ မိမိတို့ ချင်းအချင်းချင်း စုဝေါင်း [illegible] တောင်ပြီး တောင်ယာကိုင်းကျွန်း လုပ်ကိုင်နေထိုင်ကြ[illegible] ကြောင့် ချင်းရွာတရွာတွေ့လျှင် အနီးအနား၌ ယိုချင်းရွာ[illegible] နှစ်ရွာ သုံးရွာ စသည်ဖြင့် မလှမ်းမကမ်း၌ တွေ့နေရ[illegible] ရှိပေသည်၊

တခါတရံဗမာရွာကြီးများနှင့် ကပ်လျက်လည်း ထိုချင်းရွ[illegible] များကို တွေ့နိုင်သည်။ များသောအားဖြင့် ချင်းများ ချ[illegible] သက်သက်ဟူ၍ ဗမာရွာများနှင့်ကင်းကွာဝေးလံစွာတည်ရှိပေ[illegible] သို့ကြောင့်လည်း ဗမာရွာများကိုပင် အမှီသဟဲ ပြုခါ ရွာတည်[illegible] ထောင်ကြကြောင်း ထင်ရှားပေသည်။



ယုပ်ခင်း ကိုင်ခင်းနှင့် ဆန်ပေး ဆီယူ စသော ဖလှယ်မှုများ သည်း ဗမာရွာများနှင့် ချင်းများ မကင်းနိုင်သည့်အလျောက် ထိုချင်းများမှာ သူတို့အချင်းချင်းသာ ချင်းစကားကို သုံးသည်မှ အပ ဗမာများနှင့်ဆက်ဆံရာတွင်မူ ဗမာနှင့် မခြားခွဲမရအောင် ဗမာသိုလို ပီပီသသ ပြောဆိုဆက်ဆံနိုင်ကြကုန်သည်၊

အလွန်အဆက်ပြတ်ထတ်သော ချင်းများပင် ဗမာစကားကို အနည်းငယ် မသိမသာမျှ ငဲတဲတဲတလေးပြောသည်မှအပ ဝတ်စား ဆင်ယင်ပုံများမှာ မပြောလျှင် ဗမာ ပြကတေ့ အသွင် စစ်စစ် ဖြစ်နေကြလေသည်၊

ယို့ကြောင့် ထိုမြေပြန့်ချင်းများမှာ ပြောဆို ဝတ်စား နေ ထိုင်မှု အားလုံး ဗမာများနှင့်တသားတည်းတူညီသော ချင်းများ ဖြစ်ကြ၏၊

ဘာသာကိုးကွယ်မှုတွင်ပင် အချို့ မြေပြန့်ချင်းများ၌ဗုဒ္ဓ ဘာသာများရှိကြပြီး ၎င်းတို့၏ ရွာဦးရွာထိပ်များတွင် ကျောင်း နှင့် ကန်နှင့် အကျအနပင် ဖြစ်ကြ၏၊ သို့ရာတွင် မရေမလယ် ခေါင်ခေါင်ဖျားဖျား ချင်းရွာများမှာ ဘယ်အချိန်အခါက သိမ်း သွင်းလိုက်သည်မသိ ခရစ်ယန်အများပင် တွေ့ရပြန်သည်၊

ယိုချင်းတို့ကား တမျိုးထူးသည်၊ ဗုဒ္ဓဘာသာ ဖြစ်လာသော ချင်းတို့မှာ ဗုဒ္ဓဘာသာ ဗမာတွေထက်ပင် အစစ သဒ္ဓါတရား ကြီးသကဲ့သို့ ခရစ်ယာန် ဖြစ်သွားသော ချင်းတို့မှာလည်း [illegible] ခရစ်ယာန်ထက်ပင် ဘဲလိုက်ကြအုံးသေး၏၊

၎င်းခရစ်ယာန်ချင်းတို့ကို ဗမာနှင့်ချင်း ဗုဒ္ဓဘာသာဝင်များက [illegible] ဘုန်းများဟု ခေါ်လေ့ရှိကြ၏။ မည်သို့ဆိုစေ ခရစ်ယာ [illegible] ဖြစ်ထားသော ချင်းမှာ ဟာခြားဘာသာသေဘ်ချင်း ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာသော်ငှင်း၊ ဖြစ်လာရန် အလွန်မလွယ်ကူသော ကိ ဖြစ်ပေသည်၊

ဤနေရာ၌ ခရစ်ယာံ သာသနာပြုတို့၏ လုလ္လဥဿာဟ ချီးကျူးရပေမည်။ ဟာကွက်ကိုရှာတတ်ပုံ၊ ပျော့ကွက်မှ ဝင်တ ပုံများမှာ နည်းယူစံတင်လောက်သော ပုဂ္ဂိုလ်များပေတည် ဤဟာကွက် ပျော့ကွက်များမှာ အစဉ်သဖြင့် ဗမာပြည်တွင် ရှိ ပေသည်၊ ထိုဟာကွက်ပျော့ကွက်များရှိနေသမျှ ကာလပတ်လ ဗမာပြည်တွင် ဦးရာ လူပါးဝသူတို့၏ ချယ်လှယ်ခွင့်များ အ လမ်းပွင့်နေမည်သာ ဖြစ်၏၊

ဤဟာကွက် ပျော့ကွက်တို့သည် ဘာသာရေး၌သာမဟု နိုင်ငံရေး စီးပွါးရေးလူမှုရေး အားလုံးတို့၌ပင် အစဉ်ရှိနေကြ ဘာသာရေးဘက်က ဟာကွက်ပျော့ကွက်၏တာဝန်သည် ဘု ကြီးတွေ၏ တာဝန်ဟု ဆိုနိုင်ကြသကဲ့သို့ အခြားသော ဟာကွ ပျော့ကွက်များ၏ တာဝန်သည်လည်း ဗမာတိုင်း ဗမာတိုင်း တာဝန်တွေသာ ဖြစ်ပေသည်။

ထိုဟာကွက် ပျော့ကွက်တို့ကို ခြေကုတ်ယူ၍ သုံးစားချ လှယ်ခွင့်ကို ရှာကြံသူတို့ ရှိနေသေးသမျှ ဤဗမာပြည်၏ နေ ရေးသည် အစဉ်သဖြင့်သာ ပြဿနာပေါင်း သိန်းကိုးသော နှင့် ဆုံနေရမည်မှာ ဧကန်မလွဲ သေချာသောအချက်ဖြစ်၏။

ဤအရေးကိစ္စများအတွက် ဤစာစောင်အဖို့ ဤမှနှင့်ရှိ ဦးအံ့၊ မူရင်း ပြည် တည်ခဲ့သော ကျောက်ကွင်းရွာက သူ ဦးလှောင်တို့အကြောင်းကို ပြန်ကောက်ကြဦးစို့၊



## ၂ - အရင်း

အစပိုင်းကနဦးက ညွှန်းထားခဲ့သော ကျောက်ကွင်းရွာမှ ပြည်ခရိုင် ဝက်ထီးကန်အရှေ့ဘက် ၄-မိုင်ကွာရှိ ရွာကလေး ဖြစ်ပေသည်။ ပြည်မြို့မှ အောင်လံသို့သွားကားလမ်းရှိ တီတွတ် ခေါ် လမ်းခွဲမှ အရှေ့မြောက်စွန်းစွန်းသို့ ၁၄-မိုင်ခန့်ခွဲ ထွက် သော ကားလမ်းတလမ်း ရှိသည်၊ ထိုကားလမ်း၏ အဆုံးမှာ ဝက်ထီးကန်မြို့ကလေးဖြစ်၏၊ ထိုဝက်ထီးကန်မှတဆင့် ကျောက် ကွင်းရွာသို့ကူးရသော လမ်းမှာ လှည်းလမ်း ခြေလမ်းသာ ဖြစ် ပေသည်။

ရောက်ဘူး ပေါက်ဘူးသူများ သိကြသည့်အတိုင်း ထိုဒေသ ကား မြေဩဇာကောင်း၏။ ဘောတစပ်ကွင်းတစပ်ဖြင့်တစပ်စီ သာယာသောအရပ်ဖြစ်သည်၊ ရွာနီးချှင် လယ်ကွင်းတွေ ကျယ် ပြန့်လျက် ရွာလှမ်းချှင် ဖုံးဆိုးတောဆန်ဆန် အင်တိုင်းကုန်း



ယောင်ယောင်များရှိ၏။ တောင်ကြီးတောကြီးဟူ၍ကားမဟုတ်၊ ရှိုလိုလို မျှော်လိုလိုတွေနှင့် စိုစိုစိမ်းစိမ်းချောင်းဦးတို့များလည်း ရှိပြန်ရာ သာတောင့် သာယာ ပျော်စရာ နေရာ အရပ်မျိုး ဖြစ် ပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုရှုခင်းမျိုးမှာ ကျောက်ကွင်းရွာ တည်ရာ ပတ်ဝန်းကျင်၌ ပေါ်လာ၏၊ ကျောက်ကွင်းရွာတဝိုက်၌လည်း ရွာစဉ်ရွာဆက်များ မဝေးလှပေ၊ အရှေ့ဘက်တခို၌သာ တောကြီးများအပေါ်တွင် စိမ်း ရောင် စို လျက် ညို့ ညို့ မှိုင်း နေ သော ပဲခူးရိုးမကြီး၏ တောင်စွယ်တောင်တန်းများကို လှမ်းမျှော်လျှင် မြင်ရသည်၊

ထိုနေရာတဝိုက်ရွာများမှာမူ ကေန်အားဖြင့် ဗမာရွာများပင် များစေကာ ကျောက်ကွင်းနှင့် ညောင်ပင်သာ နှစ်ရွာမှာ ချည်းချည်းလိုလို ရှိသော ချင်းရွာများ ဖြစ်ကြသည်။

ထိုအချိန်က ထိုရွာနှစ်ရွာလုံးပင် ခရစ်ယာန်များ ဖြစ်နေကြချိန်ဖြစ်၏၊ ကျောက်ကွင်းတွင်ကား ခရစ်ယာန်မွေဆရာတဦး အမြဲနေထိုင်လျက် ရှိချေသေးသည်။

ကျောက်ကွင်းရွာဦးတွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဟူ၍ ဗလာနတ္ထိ၊ ကုန်းချည့်သက်သက်၊ ငုံးတိတိသာ။

ခရစ်ယာန် ဘုရားရှိခိုးကျောင်းကလေးကား ရွာမြောက်ဘက် တနေရာတွင် ငေါ်ငေါ်စွင့်စွင့် တင့်တင့်တယ်တယ်။

ပတ်ဝန်းကျင် ဗုဒ္ဓဘာသာရွာများရှိ ဘုန်းကြီးကျောင်းများမှာ သင်္ကြန် ဝါဆို၊ သီတင်းကျွတ် စသော အခါကြီးရက်ကြီးများ၌သာ သိုက်သိုက်ဝန်းဝန်းရှိကြသော်လည်း ကျောက်ကွင်းရွာမှ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကလေးမှာ တနင်္ဂနွေနေ့တိုင်း ကျောက်ကွင်း၊ ညောင်ပင်သာရွာများမှ ချင်း အမျိုးသားတို့နှင့် အပတ်စဉ် စိုစိုပြည်ပြည်ရှိလှသည်၊ ဘုရားရှိခိုးကျောင်းကလေး၌ ဓမ္မဆရာ ဦးရွှေအောင်၏တနင်္ဂနွေနေ့တိုင်း သီဆို ကြူးရင့်သော-



ဓမ္မသီချင်းနှင့် ခေါင်းလောင်းသံသည် တ နည်း တ ဖုံ အား ဖြင့် သာယာကြည်နူးစရာပင်ကောင်းသေးတော့၏။

ကျောက်ကွင်းရွာတွင် ချင်းဘွေ များသဖြင့် ခရစ်ယာန်ရွာဟု ဆိုရစေကာမူ၊ ဗုဒ္ဓဘာသာမရှိဟူ၍ကားမဟုတ်ပါလေ။ သူကြီးမင်း ဦးလှောင် ကိုယ်တိုင်က ဗုဒ္ဓဘာသာဖြစ်ပြီး အခြား သုံး အိမ်ထောင်ခန့်မျှ ဗုဒ္ဓဘာသာရှိချေသေး၏။

ထိုအချိန့် ကျောက်ကွင်းရွာရှိ ခရစ်ယာန်အများစုနှင့် ဗုဒ္ဓဘာသာ အနည်းစုကလေးမှာ ဘန်ဒွန်း မူငါးချက်ကို ရှေ့ပြေးသဘွယ်ကျင့်သုံးလျက်ရှိခဲ့၏။

ငြိမ်းချမ်းစွာ အတူနေထိုင်ရေး၊ တဦး၏ အခွင့်အရေးကို တဦးက စောင့်ထိန်းရေးစသည်တို့မှာ ကျောက်ကွင်းက နမူနာများပင် ဖြစ်လေရော့သလား မသိပေ၊

ထို့ထက်အမြင်ကျယ်- သဘောကြီးသော အချက်တခုလည်း ရှိသေး၏၊ ၎င်းမှာ ရတနာသုံးပါး ဦးထိပ်ထားလျက် မာတာ မိခင် ဖွားသန့် စင်လိုက်သော ကျောက်ကွင်းရွာ သူကြီးမင်း ဦးလှောင်သည် ပညတ်တော်ဆယ်ပါးလက်ကိုင်ထား၍ သခင်ယေရှု၏ နာမတော်ဖြင့် ပေါ်ပေါက်လာသူ သူကြီးကတော်ကို သာလျှင် ရှုမငြီးသည့် ချစ်ဇနီးကြီးအဖြစ် တောင်ညာသက်ထား မြောက်စားချီးမြှင့်ခဲ့ချေသည်။


ယင်း သို့ ဖြင့် ကျောက်ကွင်းရွာကလေး၏ ရေမြေသေဌ်နှင်း ဘဝရှင်မင်း ဖြစ်သော သူကြီးမင်း ဦးလှောင်က ဗုဒ္ဓဘာသာ၊ ၎င်း၏ တောင်ညာစံဒေဝီမဟေသီ သူကြီးကတော်က ခရစ်ယာန် ဘာသာဟူ၍ ဖြစ်နေပေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



# ၃—အမြင်



ဟေ့ ရှင်မ—ညီးဘာသာက ဘယ်လောက် ကောင်းလို့ ဘယ်လောက်မှန်သလဲ။

သူကြီးမင်းမှာ ဗုဒ္ဓဘာသာ ဖြစ်သည့် အလျောက် ရွာနီးချုပ်စပ် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေး, သာရေး, နာရေးကိစ္စများတွင် ပါဝင်လှုဒါန်းရသည်ကလည်း တမျိုး၊ ရဟန်းသံဃာတော်တို့၏ ဆွမ်း,ကွမ်း,ကျောင်းရေးကိစ္စ အဝင်အထွက်တို့ကလည်း တဖုံ။

သူကြီးကတော်ဘက်မှ ခရစ်ယာန်ဆိုင်ရာ ဝေယျာဝစ္စ ပဏ္ဍာနုမောဒနာ မမ္မဆရာ ညွှန်ကြားသမျှ မာဟီရတို့ကလဲ တဖက်။

"တော့ဗုဒ္ဓဘာသာဘက်ကိုမှ ပေးရလှူရရင် ကျုပ်ဘက်က မမ္မကိစ္စ ခရစ်တော်သန္တကိုလဲ ဘယ်ချန်ထားလို့ ဖြစ်ပါ့မလဲ"

ဤသို့သော သူကြီးကတော်၏ ကြေးတန်းထိုးသံနှင့် ဒဏ်ကိုလည်း သူကြီးခမြာခံရပြန်သည်။ သူကြီးမင်းဦးလှောင်ကား ဒိုင်နယ်သူကြီးကားဖြစ်ပါ၏။ သို့ရာတွင် သူကြီးက တဘာသာ၊ ဇနီးက အသူတမျိုး ဖြစ်နေသောကြောင့် နှစ်စဥ်ရသမျှ ခိုင်ကြေးကလေးကို စုနိုင်ဘို့ ဝေးစွ၊ ကျေးရွာတွင် လင်ကွာမယားကွာ



နွားရောင်း နွား ဝယ် အသိအမှတ်ပြု ကွမ်းဘိုးဆေးဘိုးကလေးပါ နှစ်မျိုးနှစ်ဖက်တွင် အဆစ်ပါ၍ နေလေတော့သည်။

ကြာသော် သူကြီးမင်း အတော်စိတ်ညစ်ချေတော့ပြီ။ တနေ့ထာလည်း ရသ'ချွေကလေးမှာ မယားတမျိုး လင်တဖုံ၊ ၂-ဖက်စုံ ထောက်ပံ့ရသည်နှင့် ကြွေးပင် တင်စပြုလာလေ၏။

"ဟေ့-ရှင်မ ညီးဘာသာက ဘယ်လောက် ကောင်းလို့ ဘယ်လောက် မှန်သလဲ၊ ဘယ်လောက်ကော အကျိုးရှိသို့လဲ၊ ငါနားလည်အောင် ပြောစမ်းပါအုံးတ"

သူကြီးမင်းမေးသည်ကို သူကြီးကတော်က အားရဝမ်းသာ ရှင်းလင်းပြောပြပြီး လင်တော်မောင်သူကြီးမင်း မိမိဘက် ပါရေးကို မျှော်လင့်မိ၏။

သို့ရာတွင် သူကြီးမင်းက သူ့ဇနီး ပြောပြသမျှ ခရစ်တော်၏ ဓမ္မတွေကိုနားမလည်နိုင်၊ စိတ်ကြိုက်လည်းမကျသည်နှင့် မကျေမနပ်နှင့် ထုံပေပေ ကပ်နေပြန်သည်။

"ဒါဖြင့် တော်တို့ဗုဒ္ဓဘာသာ ဆိုတာကိုလဲ ကျုပ်ယုံကြည်သဘောကျအောင် ပြောပြပေါ့၊ ကျုပ်သဘောကျ ကျေနပ်ရင် တော်တို့ ဗုဒ္ဓဘာသာထဲကိုဘဲ ကျုပ်ဝင်ပါမယ်"

သူကြီးမင်းက အားရဝမ်းသာနှင့် ဇနီးအလှကို တရားပြပြန်သည်။ "ဒီလိုလောက်တော့ မယူနိုင် သဘောမကျနိုင်"ဟု သူကြီးကတော်က ဆိုပြန်၏။

ခက်ချေပြီ၊ လင်ကလည်းမယားယုံကြည်သက်ဝင်လာအောင် မဟောတတ်၊မပြောတတ်၊မယားကလည်းလင်နားလည် သဘောကျအောင် မဟောတတ်၊ မပြောတတ်နှင့်တနှစ်သာကုန်ပြီး အလှူကြီးကိစ္စ၊ ကထိန်ကိစ္စ၊ အလှူအတန်း ကိစ္စတွေ နှစ်သက်ကျူး နာ

www.burmeseclassic.com

www.burmeseclassic.com

တာလူးပွဲ ကျင်းပရာ ဓမ္မဆရာ ကိစ္စတွေနှင့် သူကြီးမင်း ရသ ကလေး ပြုံးခါပြုံးခါ ကျုံမြုံကျုံခဲ့ပြန်လေ၏။ အရင်နှစ်ကတွေးတ မြေစတာလေးအပြင် ဒီနှစ်တွင် လက်လှဲ့သုံး ခဏဆွဲကလေးပ အရစ်တက်၍လာပြန်သည်။

ကိုယ့်ဘက် သူ့ဘက် နှစ်ဘက်ခွ၍ လှူရ တန်းရ ပေး ကမ်းရသမျှ၊ အစုစုအရပ်ရပ်တွေကို ဖိုင်ခံ၍ရှာရသော သူကြီး မင်းဦးလှောင်မှာ ကြာလေခက်လေဖြစ်လာ၏။ သူကြီးကတော် ကို ကွာပစ်ရအောင်ကလည်း မခွဲနိုင်ပြန်၊ ကလေးတွေကလည်း တဖက်၊ ဒီအတိုင်း တမျိုးစီ နှစ်ခြမ်း စပ်ထားရအောင်ကလည်း မလောက်နိုင်အောင် ဒုက္ခများနှင့် သူကြီးမင်းခမြာမှာ 'မကြိုသာ အောင် စိတ်ရှုပ်၍နေတော့သည်။

သူကြီးမင်း သိကလောက် ဦးနှောက်ခြောက်နေသည့်အရေး ကို သူကြီးကတော်ခမြာသိရှာပါ၏။

ထို့ကြောင့် ရွာနေ ဆရာ ဦးရွှေအောင်ကို အကူ တောင်း၍ ထာဝရ ဘုရားသခင်၏ လိုလေသေးမရှိ မဘောင့်မတ မကြောင့် မကျ ဖြစ်နိုင်သော ကောင်း ကင် ဘုံ သို့ သာ အတွင်ခေါ်နေ ရှာသည်။

သူကြီးမင်းကလည်း ကိုယ့်မိရိုးဖလာ မုဒ္ဓဘာသာကို နား လည်သမျှနှင့် ဇွတ်တွယ် တပ် နေ ၏၊ တဖက်သား နားလည် အောင်ကလည်း ရေရေလယ်လယ်တပြန်ပြောမပြတတ်၊ မယား ဘက်ဘာသာကိုတော့ ယုံလို့ကိုမရနိုင်ဟု တွင်တွင်သာ ခေါင်း ခါနေလေ၏။



နှစ်ဘက်စလုံးမှာ ကိုယ့်ဟာမှကိုယ်တောင်းထဲကချည်း ဖြစ် နေ၏။ သူကြီးကတော်၏ ဘက်က ဓမ္မဆရာ ဦးရွှေအောင်မှာ လေအေးအေးဖြင့် တွင်တွင်ကြီး သူကြီးကိုဆွယ်၍ ဟောရ ပြော ရသော ကိစ္စကြောင့် သင်းအုပ်ဆရာရှိရာ မြို့ဘက်သို့ မရောက် သည်ပင် လပေါင်းအတန်ပင်ကြာခဲ့ပေပြီ။

သူကြီး ဦးလှောင်ကလည်း အရှုံးမပေး၊ ဓမ္မဆရာ ဦးရွှေ အောင် ဟောသမျှတွေကို ပြန်၍ မေးလိုမေး၊ ငြင်း လိုငြင်း နှင့် တခါတခါ သူကြီး၏အိမ်တွင် ဓမ္မဆရာနှင့် သူကြီးတို့ ငြင်း သံခုံသံများမှာ ကြွက်ကြွက် ညံနေ၏။ အတန်ကြာသော် သူကြီး အိမ်တွင် ဓမ္မဆရာနှင့် ဦးလှောင်တို့၏ ငြင်းခုံပွဲမှာ ရက်ခြားမှ နေ့တိုင်းသို့ ဆက်လာလေပြီ။

ထိုနှစ်ဦးသည် မည်သို့ပင် အားရပါးရ ငြင်းကြ ခုံကြစေ ကာမူ ဒေါသ အာဃာတဟူ၍ကား မရှိကြပေ၊ သို့မှုခလောက် မိုးမွှန်အောင် ငြင်း နေ ကြ သည့် အထည်းမှာ သူကြီးမင်းက လာဘက်ရည်ကြမ်းပင်တည်၍ ဧည့်ခံလိုက်သေး၏။

သူကြီးနှင့်ဓမ္မဆရာတို့၏ ငြင်းပွဲသည် နေ့မှ ညသို့ ကူးလာ၏၊ လာသော ညများတွင် သူကြီးအိမ်တွင်ခရစ်ယံချင်း ပရိသတ် နှင့်ပြေ့နေ၏၊ ချင်းများက ဓမ္မဆရာသည် သူကြီးကိုလည်းတနေ့ နေ့ ခရစ်ယံဘက် ပါအောင် ပြောနိုင် ဟောနိုင်လိမ့်မည်၊ သူကြီး လည်းတနေ့ပါ လာလိမ့်မည်ဟု မြော်လင့်နေကြ၏၊ ထို့ကြောင့် လည်း "ဒီနေ့မပါနက်ဖြန်ပါမှာဘဲ" ဟူသော မြှော်လင့်ချက်ဖြင့် သူကြီးအခြေအနေကို နေ့တိုင်းလာ၍ အကဲခတ်ကြ၏၊ သူကြီး အိမ်၌ ညတိုင်းငြင်းပွဲရှိသည်ဟူသော သတင်းမှာ ရွာနီးချုပ်စပ်

www.burmeseclassic.com

www.burmeseclassic.com

သို့ခင် ထားစတ်သွားခဲ့လေပြီ၊ ကြားသမျှ ဗမာရွာတွေကတ
နေ့ ဘောဟ်တွင်းသူကြီး သူ့မိန်းမဘက်ပြောင်းလိမ့်မည်ဟု
ကြေးများဝင် ပေးနေကြ၏။

သို့ရာတွင် သူကြီးဦးလှောင်မှာ အများ ထင် သလို မဟု
သေး၊ တတ်သမျှမှတ်သမျှနှင့် တွင်တွင်ကြီး တင်းခံနေ၏၊ တ
ကျသည်တား သူကြီး ဦးလှောင်မှာ စာကောင်းစွာ မဘတ်
စာပေကိုမလိုက်စားနိုင်ရှာ ဖြစ်သည်၊ ထိုသို့စာကောင်းစွာမတ
ခြင်းသည်ပင် နောင်းတွင် အရေး ကြီးလှ ဆုံးသော ပွဲကြီး
တောင်းတခု ဖန်တည်းနိုင်စေရန် အကြောင်းပေါ်လာခြင်းဖြစ်
ပေသည်။

# ၄–အမြစ်

တခုသောနေ့ခင်းအချိန်တွင် ဦးရွှေအောင် သူကြီးအိမ်သို့ မရောက်လာသေးခင် သူကြီး၏ ဉာဏ်၌ အကြံတခု ဝင်လာ၏၊ ထိုအကြံကို သူကြီးကတော်သို့ တိုင်ပင်သည်၊

"ဒီလို အကြံရတယ် ရှင်မရဲ၊ ညီးတို့ဘက်က ဦးရွှေအောင်ကလဲ ငါ့သဘောကျအောင်မပြောတတ်၊ ငါကလဲညီးနားလည်အောင်မရှင်းတတ်နဲ့ ဒီအိမ်မှာသာ ညတိုင်းအလကား ငြင်းခုံနေကြရတာဘဲ ရှိတယ်၊ အဲ ဒီတော့ ညီးတို့ခရစ်ယာံ ဘာသာဘက်က အကောင်းဆုံးနားလည်အောင် ပြောတတ်တဲ့ ဆရာကိုရှာ၊ ငါ့ဘက်ကလဲ ငါ့ထက်တော်တဲ့ မုဒ္ဓဘာသာ ပညာရှိဆရာတွေကို ရှာမယ်၊ အဲဒီဆရာနှစ်ယောက် သူတို့ချင်း ငြင်းကြပေစေ၊ ငါ့တို့ဆရာက ရှုံးရင် ငါ့လဲ့ညီးကိုအရှုံးပေးပြီ ညီးတို့



ဘက်လိုက်တော့မယ်၊ ညီးတို့ဆရာရှုံးရင်လဲ ညီးက ငါ့ဘက်ပါရမယ်ဟုတ်လား။ ဓမ္မဆရာ ရွှေအောင်နဲ့ ငါနဲ့ ချည်းဆိုရင်တော့ တသက်လုံးငြင်းကြရတာနဲ့ ဆုံးတော့မှာ မှတ်ဘူးရှင်မရေ၊ အဲဒါညီးဘယ့်နှယ်သဘောရသလဲ"

သူကြီးကတော်သည် အတော်ကြာ စဉ်းစားလိုက် သေး၏၊ အတန်ကြာမှ "အေးလေ ညကျတော့ ဆရာအောင် လာမှာဘဲ၊ ဆရာအောင်နဲ့ တိုင်ပင်ပြီးမှတော့ အကြံကိုပြောတာပေါ့"

သူကြီးမင်းဦးလှောင်တွင် လင့်ဘက်တမျိုး၊ မယားဘက် တလှယ်ဖြင့် နှစ်ဘက်ခံစားလာရသည်မှာ နှစ်ပေါင်းအတန်ကြာပြီဖြစ်၍ သူမကျေနပ်တော့ပေ၊ ဒီနေ့ည မိမိအကြံအတိုင်း ဦးရွှေအောင်ကို ဖွင့်ထုတ်တိုင်ပင်မှ ရေးပုံတော် ပေါ်ချတော့မည်ဟု ဆုံးဖြတ်လိုက်၏၊

ထိုနေ့ကား ၁၂၉၀–ခုတန်ခူးလဆန်း ၁၄–ရက် ဖြစ်၏၊ ညနေစောင်း၍ နေဝင်စပြုလျှင်ပင် သူကြီးသည် သူကြီးကတော်အား လဘက်ရည်ကြမ်းနှင့် လဘက် ပဲလှော် အမြိုး တောင်းကောင်း ပြင်ထားနှင့်စေ၏၊ ထုံးစံအတိုင်း ငြင်းနေကျ အချိန်ရောက်လျှင် ဓမ္မဆရာ ဦးရွှေအောင်သည် သူကြီးအိမ်သို့ ရောက်လာလေသည်၊ ဓမ္မဆရာနောက်မှ ပါနေကျ ချင်းပရိသတ်မှာ တပြုံကြီးလိုက်လာ၏၊

သူတို့မှာ သူကြီးနှင့် ဓမ္မဆရာတို့၏ ငြင်းပွဲကိုပင် အချင်းပြေပျော်ပွဲရှင်ပွဲတခုဟု သဘောထားကြဟန်တူနေသည်။

မြို့ကြီးပြကြီးများနှင့် ဝေးသော ကျေးရွာကလေးများ ထုံးစံသခုလိုလသာသာ ညများတွင် လူငယ်များက သီချင်းဆိုသ

www.burmeseclassic.com

www.burmeseclassic.com



ပြွမ့်မှတ်သုမှတ်၊ အချို့ခတ်ရှုတ်ရှုတ် လူငယ်များက အရက်ဝယ်ပြီး ကြက်သားချက်သုချက်သော်ငင်း၊ မိမိတို့ကျေနပ်ရာ လုပ်ချင်ရာ ရှောက်လုပ်နေကြသော မလေ့မှာ ကျောက်ကွင်းမှာလည်း ရှိလေသည်၊ လူကြီးများမှာမူ လုပ်ခင်း ကိုင်တာနားချိန် ယခုလိုနွေရာသီ ညအခါတွင် အားအား ရှိတိုင်း လက်သင့်ရာတွင် လဘက်ရည်ကြမ်းဝိုင်းဖွဲ့၍ စပ်မိစပ်ရာ ရှေးဟောင်း နှောင်းဖြစ် ပြောချင်ရာ ပြောကြသူလည်းရှိ၏၊ စောစောစီးစီး ညနေစောင်းက ရေချိုးမီး ထားပြီဖြစ်သော ကာလသားကြီးတို့ထမူ ဆန့်ဖွတ် မောင်းထောင်းသူ မိန်မများနှင့် ကသိကအောက် ပြောချင်ရာ စွတ်ပြောနေတတ်၏။

ထိုခေတ်အခါ သမယ ကလည်း ယခုလောက် မထိပ်သာ မလှန်သာ မျက်ကလဲဆန်ပြာ စီကနဲညံကနဲ အခါမျိုး မဟုတ်၊ ပြကတေ့ ငြိမ်းသောအခါဖြစ်သည်၊ သို့ကလို ငြိမ်းသာယာသောအခါဖြစ်၍ လည်းငြင်းခုံပွဲသို့ အပျင်းပြေ ရောက်လာသော ချင်းများမှာသူကြီးဦးလှောင်၏ အိမ်၌ပြေ့မတတ်စနဲနာရောက်လာကြ၏။

လဘက်ရည်ကြမ်းဝိုင်း စလေပြီ၊ ဦးရွှေအောင်သည် မနေ့ညက ငြင်းလက်စ သမ္မာကျမ်းစာပါ ဒေသနာကို ပြန်၍ အစကောက်လိုက်၏၊ လဆန်း ၁၄–ရက် လမင်းကြီးမှာ ထိန်ထိန်သာနေသည်။

"ဒီမယ် ဆရာအောင်–ကျွန် တော် တော့ ဆရာအောင်ကို နိုင်အောင်လဲ မပြောတတ်ဘူး၊ ဆရာအောင် ပြောတာတွေကို လဲ မလိုက်နိုင်သေးဘူး၊ ဒီတော့ဒီလိုလုပ်ရဲအောင်"



ဓမ္မဆရာ ဦးရွှေအောင်သည် သူကြီးပြောလိုက်သော စကားကို အဆန်းအပြားသဖွယ် မျက်လုံးပြူး၍ ကြည့်လိုက်ရင်း....

"ဟော သူကြီးတမျိုးဖြစ်လာပြီ ဘယ်လိုလဲဗျ"

"ဒီလိုဗျ။ အခုဆရာအောင်နဲ့ ကျွန်တော်နဲ့ ပြောရ ငြင်းရတာလဲ ကြာလှပြီ၊ ဆရာအောင် ပြောတာတွေလဲ ကျွန်တော် မယုံဘတ်ဘူး၊ ကျွန်တော်ပြောတာလဲ ဆရာအောင် နားမလည်နိုင်ဘူးဟုတ်လား"

"အေးလေ အဲဒါသူကြီးက ဘယ်လို လုပ် ချင် သ လဲ ပြောပေါ့ဗျ"

"ဒီလိုဗျာ-ဆရာအောင် ပြောတာမျိုးတွေကို ဆရာအောင် ထက်တော်တဲ့ ဆရာတဦးဦးကို ပြောဘို့ရှာဗျာ။ ကျွန်တော်လဲ ကျွန်တော်ထက်တော်တဲ့ ကျွန်တော်တို့ ဘာသာဘက်က ဆရာကိုရှာမယ်"

"အင်း–ဆိုပါအုံး"

"အဲဒီဆရာ ၂-ယောက် သူတို့ချင်း ငြင်းကြ ပြောကြပေစီပေါ့၊ သူတို့က ဆရာကြီးတွေဆိုတော့ ကျွန်တော်တို့ထက်တော့ သာမှာဘဲ၊ အဲဒါမကောင်းဘူးလား ဆရာအောင်ရဲ့"

"ကောင်းတော့ ကောင်းသားဘဲ၊အဲဒီဆရာတွေကို ဒီလာဘို့ စရိတ်စကေ ခံမှဖြစ်မယ်သူကြီးရဲ့"

"ကျွန်တော်တို့က ခေါ်ချင်တော့ ကျွန်တော်တို့ဘဲ ခံရမှာပေါ့"

"စရိတ်အတွက်တော့ ဒီလိုလုပ်ဗျာသူကြီး၊ သူကြီးရဲ့ ဆရာအတွက်က သူကြီးတို့ဘာသာဘက်က လူတွေကစခံ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

တို့ဘာသာအတွက် ကျွန်တော်တို့လူတွေကစုခံ၊ အဲဒီလိုဆိုရင်ဖြစ်မယ်ဗျာ''

ဤသို့ပြောလိုက်သော ဓမ္မဆရာ ဦးရွှေအောင်၏ စကားကို ရောက်ရှိနေသော ချင်းကြီး အားလုံးက ဝိုင်း၍ သဘောတူကြ၏၊

သူကြီးဦးလှောင်မှာ မုဒ္ဒဘာသာဆို၍ သူတဦးတည်းဖြစ်နေရာ ချင်းကြီးတဦးအား ရွာထဲမှ မုဒ္ဒဘာသာသုံးဦးကို ပြေး၍အခေါ်ခိုင်းရသည်၊

ခဏကြာလျှင် ထိုသုံးဦးရောက်လာကြ၏၊ သူကြီးက သူနှင့်ဓမ္မဆရာတို့၏ အကြံကိုပြောပြရာ ၎င်းတို့ချည့်မဖြစ်သေး၊ အနီးအနားက ဗုဒ္ဓဘာသာရွာတွေမှ လူကြီးတွေကို ခေါ်မှဖြစ်မည်ဟု ဆိုကြပြန်သည်၊ သို့နှင့်သူကြီးမှာ ထိုသုံးယောက်ကိုပင် အမြန်ပြေး၍ ခေါ်ခဲ့ကြရန် လွှတ်လိုက်ပြန်၏။

ဗမာရွာများမှာ ကျောက်ကွင်း၏ မြောက်ဖက် တောင်ဖက်တို့တွင်ရှိ၏၊ လကလည်း ထိန်ထိန်သာနေသော ညဖြစ်၍ ထိုလူသုံးယောက်မှာ တယောက်တရွာစီသို့ ခွဲ၍ အသော့နှင်ကြလေသည်။

ကျန်ရစ်ခဲ့သော သူကြီးတို့လူစုမှာ စကား ဝ မြောပြောနှင့် ဗုဒ္ဓဘာသာလူကြီးတွေ အလာကို စောင့်နေကြရ၏၊ ထိုသို့စောင့်နေရင်း ဓမ္မဆရာက–

''နေပါအုံးသူကြီးရဲ့၊ ကျွန်တော်ဘို့ခေါ်ကြမဲ့ ဆရာတွေလာပါ ပါတဲ့၊ တကယ်လို့ သူကြီးတို့ဆရာက ရှုံးရင်ဘယ်လို၊ ကျွန်တော်တို့က နိုင်ရင်ဘယ်လို ဆိုတာလဲ ပြောအုံးမှပေါ့''



''အိုဗျာ ဆရာအောင်နှယ်–ကျွန်တော်တို့ ခေါ်တဲ့ ဆရာကရှုံးရင် ကျွန်တော်ပါအရှုံးဘဲ၊ အဲဒီခါတော့ ကျွန်တော်ခင်ဗျားတို့အထဲဝင်မယ်ဗျာ၊ ဆရာအောင်တို့ရှုံးရင်ကော ဘယ်လိုလဲ၊ ကျွန်တော့မိန်းမကတော့ ကျွန်တော်ဘက်ပါရမှာဘဲ''

ဤနေရာ၌ ချင်းကြီးတွေက အကြံတွေပေးကြသည်၊ သူကြီးသူတဦးတည်းဖြစ်နေ၍ ခဏဆိုင်းရန်နှင့်မုဒ္ဒဘာသာလူကြီးတွေလာသောအခါမှ အညီအညွတ်ကြိုက်သလိုစီစဉ်ကြရန် ပြောကြပါဟု ဆိုသည်နှင့် စောင့်နေကြရ၏။

ချင်းကြီးတို့ အကြံပေးချက်မှာ အလောင်းအစားပင် ဖြစ်သည်။ သို့ရာတွင် တယောက်ကတမျိုး အမျိုးစုံ ဖြစ်ခနေသဖြင့် အတည်ယူရန် ခက်လှပေသည်၊ ဦးလှောင်ကား စာကိုသာကောင်းစွာ မတတ်ဖြစ်သည်၊ ရုံးပြင် ကနားနှင့် ဆက်ဆံနေရသော သူကြီးဖြစ်၍ ချင့်ချိန် စဉ်းစားတတ်သည့် နေရာတွင် မညံ့ပေ။

လာဘက်ရည် တခရားမျှ ကုန်ချိန်တွင် မုဒ္ဒဘာသာလူကြီးများ နှစ်ယောက်စီ၊ သုံးယောက်စီ၊ ရှေ့ဆင့် နောက်ဆင့် ဆိုသလို ရောက်လာကြ၏၊ ရွာသုံးရွာမှ အားလုံးပေါင်း ၈–ဦးမျှ ရောက်လာကြသည်။

သူကြီးနှင့် ဓမ္မဆရာတို့က ဇာတ်ရင်းတလှန်ပြီး ပြောကြပြီးနောက် ဆုံးအကြံကို တင်ပြကြသည်။

မုဒ္ဒဘာသာ လူမျိုးကြီးများနှင့် ချင်းကြီးများမှာ ဟိုလိုလုပ်သင့်သည်၊ ဒီလိုလုပ်သင့်သည်၊ စသောအချက်များကို ဆွေးနွေးကြလေသည်၊ ချင်းကြီးများရော ဗမာကြီး များပါ ပြောရင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခွေးနွေးရင်းက ယှဉ်ပြိုင်ရန်ဘက်သို့ စိတ်အားထက်သန်သည် ထက် သန်လာကြလေတော့သည်။

နောက်ဆုံး၌ နှစ်ဦးနှစ်ဘက် သဘောတူ အလောင်းအစား စာချုပ်၊ ချုပ်ဆိုလက်မှတ် ထိုးကြရန်သို့ ဆိုက်ရောက် လာကြ လေသည်။

သူကြီးသည် အိမ်တွင်းရှိ သူကြီးကတော်ဆီမှ စာရွက်များ နှင့် ရေနံဆီ မီးခွက်ကိုပါ လှမ်းတောင်း လိုက် ၏၊ သူကြီးက စာချုပ် ချုပ်ရန် အချက်များကို အကြမ်းရေးရန် ဓမ္မဆရာကြီး ဦးရွှေအောင်သို့ လွှဲလိုက်၏။

ဤတွင် ချင်းကြီးများမှာ မည်သည့်အချက်များ အရင်ရေး ရန်၊ မည်သည့်အချက်များ အရင်ထဲ့ရန်ဆိုသော စကားများ နှင့် ဆူညံဆူညံ ဖြစ်နေတော့၏။ ဗုဒ္ဓဘာသာတို့ကလည်း ဘယ် အချက်မျိုးကို ဘယ်လိုထည့်၊ ဘယ်ဟာက အရင်ရေးပါစသည် ဖြင့် ပြင်လိုက် နှုတ်လိုက် လုပ်ကြပြန်လေသည်။

အချိန်မှာ သူငယ်အိပ်ဆိပ်လွန်၍ သက်ကြီး ခေါင်းချဘက် သို့ပင် ရောက်လာပြီ။

သို့ရာတွင် လူကြီး အိမ်ပေါ်က သက်ကြီးများမှာ ခေါင်းချ ဘို့ဝေးစွ၊ စာချုပ်တွင် ထည့်ရမည့်အချက်ကို ငြင်းရ ခုံရသည် နှင့်ပင် ဖင်တကြွကြွ ဖြစ်နေကြ၏။

လမင်းကြီးပင် မှုန်းတိမ်းနေပြီ၊ အချိန်မှာ အတော်ပင် ညဉ့် နက်စပြုနေ၏၊ ဆူညံဆူညံနှင့် ဖြစ်နေကြသော သူကြီး အိမ် က လူတွေ၏ အသံတွေကြောင့် အိပ်ရာဝင်ပြီး သူများပင် သူကြီးအိမ် သို့ ထပ်ရောက်လာကြပြန်၏။



စာချုပ်အတွက် အချက်အလက် စီစဉ်ရာတွင်လည်း တခုမျှ အပေါက်အလမ်း မတည့်ကြသေးပေ။ တချက်ကို စ၍ ရေးရန် တဦးက ပြောလိုက်လျှင် အခြားတဦးက ပြင်လိုက် ဖြတ်လိုက်နှင့် ချာလယ်လိုက် နေကြပြန်၏။

စာချုပ်



# ၅--အချုပ်

နွေရာသီ တနွေလုံးပူထားသော နေရှိန်မှာ ညဦး၌ အိုက်စပ် စပ်ဖြစ်နေ၏၊ ညဉ့်နက်ကျမှ အပူလျော့ပြီး နေသာထိုင်သာရှိလာ ၏၊ သို့ရာတွင် ခြင်ကိုက် လာပြန်သည်၊ ထိုအခါ အင်္ကျီမပါ ဗလာကိုယ် အထက်ပိုင်းကို ပခုံးပေါ်၌ တင်လာသော အဝတ် များနှင့် တဖတ်ဖတ် ရိုက်ခတ်နေကြ၏၊ သို့ဖြင့်လက်က အဝတ် နှင့် ခြင်ရမ်းလျက် ပါးစပ်က အော်ကာဟစ်ကာ ပြောကြဆို ကြရင်းနှင့် ဇာတ်မျောနေလေရာ သူကြီးက ဓမ္မဆရာကို "ဆရာ အောင် ကျွန်တော်ထင်တာကို ပါးစပ်ကပြောမယ်၊ ဆရာအောင် က ရေးသာရေးပေရော့၊ တယောက်တပေါက် ပြောနေကြလို့

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှာ မှတ်ဘူး၊ ကဲ–အသားနဲ့ကြုံအုံးမျိ၊ ကျွန်တော်အကြမ်းစီပြောသွားမယ်၊ နောက်ပြီးမှ ခင်ဗျားတို့ပြင်လိုရာ ပြင်ကြဟုတ်လား၊ ကိုင်း–ဆရာအောင်က ရေးပေါ့ဗျာ”

သို့ဖြင့်စ၍ ပဌမရေးလိုက်သော အချက်တား–

၁။ ကျောက်ကွင်းရွာသူကြီး ဦးလှောင်ပါ ဗုဒ္ဓဘာသာနှင့် ငှင်းရွာနေ ဓမ္မဆရာ ဦးရွှေအောင်ပါ ခရစ်ယာန်များက အောက်ပါအတိုင်း သဘောတူ စာချုပ် ပြုလုပ် လက်မှတ် ရေးထိုးကြသည်။

၂။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာ နှစ်မျိုး၌ မည်သည့်တရားက ကောင်းသည် မှန်သည်ဟု ယှဉ်ပြိုင်ဟောပြပွဲကို ကျင်းပကြရန်။

၃။ ၎င်းသို့ ယှဉ်ပြိုင်ပွဲကြီး ပြုလုပ်ရန်အတွက် ကျောက်ကွင်းရွာ၏ အနောက်ဘက် လယ်ကွင်းကြီးထဲ၌ မဏ္ဍပ်ကြီးတခု ထိုးကြရန်။

၄။ ထိုမဏ္ဍပ်ကြီး ထိုးလုပ်ရန်အတွက် ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာများက အညီ အမျှ တဝက်စီ ကုန်ကျခံ၍ ပြုလုပ်ကြရန်။

၎င်း ၄–ချက်သာ သူကြီးနှင့် ဓမ္မဆရာတို့က ရေးကြရ သေးသည်။ လူတွေက ဘယ်နှစ်ခန်းထိုးရမည်၊ ဘယ်လောက် အလျား အနံ ထားလိုက် မထားလိုက် စသည်တို့ကို အချေအတင် ပြောတုန်ကြမြန်၏၊ တယောက်တမျိုး ပြောကြဆိုကြသောအသံတွေ ပွက်သောထလာပြန်ချေပြီ။

ခတ်စောစောက မှုန်မှုန်ရှုန်ရှုန်နှင့် အိပ်ပျော်သွားသူများပင် လန့်နိုးလာကြ၏၊ သို့နှင့်ကျောက်ကွင်း ရွာလယ်လမ်းတလျှောက်



အိမ်ကြို အိမ်ကြား ထွက်လာကြသူတွေနှင့် စီစီ လောင်းလောင်း ဖြစ်နေချေတော့၏၊ သူကြီး အိမ်ပေါ်တွင်မူ လူမဆန့်တော့ပေ၊ နောက်ထပ် တိုးလာသူတွေမှာ သူကြီး အိမ်ရှေ့ ကွက်လပ်ပေါ်တွင် ရပ်လျက်တမျိုး၊ ဆောင့်ကြောင့် ထိုင်လျက် တမျိုးနှင့် အမျိုးမျိုး ရှုပ်ရှက်ခပ် နေလေသည်။

သူကြီးနှင့် ဓမ္မဆရာတို့ နေ့စဉ် ငြင်းခုံနေကြသည့် ကိစ္စကို အားလုံးသိကြပြီး ဖြစ်ကြ၏၊ သို့ရာတွင် ၎င်းသို့စာချုပ် စာတမ်းတွေနှင့် အပြိုင်အဆိုင် ပြုလုပ်ကြသည်အထိ ရောက်လာကြလိမ့်မည်ဟု မထင်မိခဲ့ကြကုန်။

ထိုနေ့ညတွင်မှ စာချုပ် စာတမ်းတွေ ရေး၍ ပြိုင်ပွဲဖြစ်လာကြကြောင်းကို သိကုန်ကြ၏၊ ထို့ကြောင့် တဆင့်စကား တဆင့်နား ကြားကြားသမျှ မိတ္တဗန္ဓဝေ အပေါင်းတို့မှာ အားရပါးရ ဝမ်းမြောက် နေကြချေသည်။

သန်းခေါင်လေသည် တသွေးသွေးဖြူးစပြုပြီဖြစ်ရာ အိုက်သပ်စပ် အမှုဓါတ် လွင့်ပါးသွား၍ စိမ့်စိမ့်ပင် ဖြစ်လာပြီ။

အောက်ဘက်တွင် ရောက်လာသော အိမ်ရှေ့ကွက်လပ်က လူများကပါ ဝင်ရောက် စွင်ဖက်လာကြပြန်သည်၊

“သူကြီး–အခန်းနှစ်ဆယ်တော့လုပ်ဗျာ၊ဆယ်ခန်း၊ဆယ့်နှစ်ခန်းတော့ ငယ်တယ်ဗျာ”

အပေါ်က လူကြီးတွေက ပြန်ပြော ပြန်ဆိုဖြင့် အထက်နှင့်အောက်ပါ ဆက်သွားပြန်တော့၏။

စာချုပ်၌ အောက်ပါအချက်များ ထပ်မံထည့်ကြပြန်သည်၊ အမှတ်စဉ် ၅။ မဏ္ဍပ်ကို ၁၅–ပင် ၁၄–ခန်းထိုးကြရန် ၎

www.burmeseclassic.com

မဏ္ဍာပ်ကို ခရစ်ယာန်တို့က ၇-ခန်း၊ ဗုဒ္ဓဘာသာတို့က ၇-ခန်းစီ အညီအမျှ ထိုးကြရန်။

၆။ ခေါင်းဆောင် ဖိတ်ကြားသော ဘာသာဆိုင်ရာ ဆရာများကို ဗုဒ္ဓဘာသာအတွက် ဗုဒ္ဓဘာသာတို့က စရိတ်ခံ၍ ခရစ်ယာန်အတွက် ခရစ်ယာန်တို့က စုပေါင်းကျခံကြရန်၊

၇။ မိမိတို့အဖွဲ့သဘောကျရာ ဆရာများကို မိမိတို့သဘောအတိုင်း ကြိုက်သလို ရှာဖွေခေါ်ဆောင်ကြရန်၊

၈။ ဟောပြောသောအခါ ဟောချိန်နာရီကို အညီအမျှထား၍ ဟောပြောကြစေရန်၊

၉။ ထိုသို့ ဟောပြောပြီးသောအခါ တဖက်မှ တဖက် ဘာသာသို့ တအိမ်ထောင်ပြေ့ပြေ့ ကူးပြောင်းကြောင်းကျေညာနိုင်လျှင် ထိုသို့ကျေညာနိုင်သော ဘာသာဘက်ကနိုင်သည်ဟု ဆုံးဖြတ်ရန်၊

၁၀။ ရှုံးသော ဘာသာဘက်မှ လူကြီးများက နိုင်သော ဘာသာဘက် လူကြီးများသို့ ငွေငါးဆယ်ကျပ် တိတိ ပေးရန်၊ (ထိုခေတ်အခါက ငွေငါးဆယ်မှာ နှယ်နှယ်မဟုတ် အလွန်များသောအခါတည်း)၊

၁၁။ ငါးဆယ်အနိုင်ရရှိသောဘက်က ထိုငွေဖြင့် အောင်ပွဲအဖြစ် ရွာပြင်၌ ဇာတ်ပွဲတချီကစေ၍ မည်သူမဆို ရွာရှိလူကုန်ထွက်၍ ပွဲကြည့်ကြစေရန်။

၁၂။ ယှဉ်ပြိုင် ဟောပြောပွဲကြီး ကျင်းပမည့် ရက်ကို ခရစ်သက္ကရာဇ် ၁၉၃၆-ခု၊ မေလ ၁-ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၂၉၈ ခု၊ ကဆုန်လဆန်း ၁၂-ရက်နေ့ သောကြာနေ့ကို သဘောတူ သတ်မှတ်ရန်။



၁၃။ ယခုသတ်မှတ်သော ပွဲကြီးနေ့၌ ခေါင်းဆောင်တရားဟောဆရာ မလာနိုင်သောဘက်က အရှုံးဖြစ်စေရမည်။

ဤအထက်ပါ အချက် ၁၃-ချက်ပါသော စာချုပ်ကိုအကြမ်းမှအချောသို့ ရေးပြီးသော အချိန်တွင် အာရုံ ကြက်တွန်သံတွေ ကြားနေရလေပြီ။

ထိုအချိန်တွင် စောစောက အော်ကြ ဟစ်ကြ ငြင်းကြသူတို့ အာညောင်း ကုန်လေရော့သလားမသိ၊ သူကြီးနှင့် မြွေဆရာတို့ တိုင်ပင်ရေးဆွဲသမျှတို့ကိုပင် ကျေနပ်နေကြ၏။

ဗုဒ္ဓဘာသာတို့၏ ကိုယ်စား သူကြီးဦးလှောင်က လက်မှတ်ထိုး၍ ခရစ်ယာန်တို့ကိုယ်စား မြွေဆရာဦးရွှေအောင်က လက်မှတ်ထိုး၏။

အာညောင်း၍ နှုတ်ငြိမ်နေသည်မှတပါး တရွာလုံးရှိ ထလေးငယ်များအပ လူမှန်း သိတတ်ရွယ်မှန်သမျှ အားလုံး ထိုနေ့ညတညလုံး မိုးလင်းသည်တိုင် အိပ်ချင်စိတ်ရှိကြဟန်မတူပေ။

လင်းကြက်တွန်ချိန်တွင် နှစ်ဦးနှစ်ဘက် လက်မှတ်ထိုးပြီးကြ၏၊ မိုးထိန်ထိန် လင်းသည့်အထိ သူကြီးအိမ်၌ လူအုပ် မကွဲဘဲ ပြိုင်ပွဲကိစ္စကိုပင် အသီးသီး ပြောဆိုနေကြလေတော့၏။

နံနက် လင်းလျှင် ခရစ်ယာန်ချင်းတို့မှာ မြွေဆရာဦးရွှေအောင်၏ အိမ်သို့လိုက်ကြပြီး တရားဟောသူတို့ကို ခေါ်ရန် တိုင်ပင်ကြကုန်တော့သည်။

## ၆-အခက်

သူကြီးအိမ်မှာလည်း ဗုဒ္ဓ ဘာသာ လူကြီး တို့နှင့် သူကြီးဦးလှောင်တို့ကို တိုင်ပင်ကြ၏။ ဗုဒ္ဓဘာသာတို့အနေနှင့် "ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေအပေါ်သွားဘဲ”ဟု လွယ်လွယ်ပင်စဉ်းစားကြသည်။ ကိစ္စ၌ ဘယ်ကျောင်းကကိုယ်တော် ပင့်ရကောင်းမလား၊ ဘ ကိုယ်တော်ဖြင့် အရှိသွားဘဲဟူ၍သာ ပေါ့ပေါ့ ရွေးချယ် စားနေကြခြင်းဖြစ်သည်။

ဦးလှောင်တို့လူစုမှာ ယှဉ်ပြိုင်ဟောပြောမည့်ပုဂ္ဂိုလ် အ မရွေး၊ ရှိပြီးသား လောက် ထိ သ ဘော ထား က ာ ထိုအတွ အသာထားကြပြီး ဗုဒ္ဓဘာသာဘက်က ငွေစုရန်နှင့် မဏ္ဍပ်ကိ တို့ကိုသာ အဓိကဆွေးနွေးကြလေ၏။

ခရစ်ယံ ဦးရွှေအောင်တို့ ချင်းတွေဘက်ကမူ တရား ယှဉ်ပြိုင် ဟောမည့် ပုဂ္ဂိုလ်ကိုသာ အကောင်းဆုံး၊အတော်ဆုံး ရနိုင်ရေ စဉ်းစားကြသည်။ ငွေရေး၊ကြေးရေးမဏ္ဍပ်ကိစ္စအတွက်ချင်းရွာ များသို့ထွက်၍ စုဆောင်းမည့် တာဝန်ကိုမူ လူငယ်များသို့သ လွှဲလိုက်ကြ၏။

ထိုနေ့ညနေ၌ ကျောက်ကွင်းဒိုင်အနီး ဗုဒ္ဓဘာသာနှင့် ချင်း ရွာတို့တွင် ထိုဘာသာရေး ဟောပြော ပြိုင်ပွဲ၏ ဂ ယက် မှာ အတော်ကြီး ရိုက်ခပ်နေတော့သည်။ ဗုဒ္ဓဘာသာဘက်ကလည်း အားတက်သရော ငွေရေးကြေးရေးမှစ၍ အစစပိုင်းဝန်းလျက် ရှိကြပြီ။

ခရစ်ယံ ချင်းများဘက်၌လည်း အိမ်သွန်ဖါမှောက် ကုန်ချင် သလောက် ကုန်နိုင်ရန် စိုင်းပြင်းနေပေသည်။

ဦးလှောင်တို့ ဗုဒ္ဓဘာသာဘက်ဆိုင်ရာလူကြီးများသည် မိမိ လက်လှမ်းမှီရာ ရွာဦး ဘုန်းကြီးကျောင်းရှိ ဘုန်းတော်ကြီးများ ကို သွားရောက်လျှောက်ထားကြသည်။ ဘုန်းတော်ကြီးများက “ဒီကိစ္စ မလွယ်လှဘူး တကာတို့၊ ဒို့ကသိတာ နားလည်တာက



ကိုယ့်ဘာသာလောက် ကိုယ်သိတာ၊ သူများဘာသာ ဆိုတော့ ဘယ်လိုဟာမှန်း သိကြတာမဟုတ်ဘူး၊ တခြားကိုယ်တော်တွေ လဲ လျှောက်ကြအုံးတကာတို့”

တကာတွေက မကျေနပ်နိုင်သဖြင့်–

“ဘုန်းကြီး ဘုရားနှယ်၊ ဒါက ကိုယ့်ဘာသာ ကိုယ်သိရင် ကိုယ့်ဟာ ဘယ်လောက် ကောင်းတယ်၊ မှန်တယ် ဆိုတာ ဟောလိုက် ပြီးသွားဘဲဥစ္စာ၊ ဟိုပြော ဒီပြော လုပ်မနေစမ်းပါ နဲ့-ဘုန်းကြီးဘုရားရဲ့”

“ဟ-မဟုတ်သေးဘူးတကာတို့ရဲ့၊ ကိုယ့်ဘာသာ ကိုယ်သိ ပြီး သူ့ဟာကိုယ်မသိတော့ သူတို့ထဲကတတ်တဲ့ ဆရာ ပါလာ ရင် ကိုယ့်ဟာကို ဘာတွေမကောင်းဘူး၊ ဘာတွေမှားတယ်၊ ဒါကြောင့် သူတို့ဟာကမှ အမှန်တွေ ပြောကြမှာဘဲ၊ သူတို့ဟာ ကိုဘဲ ဒါဒို့က နားမလည်တော့ ခက်တယ် ပြောဒါ မလွယ်ဘူး တကာတို့ရဲ့”

ဦးလှောင်နှင့်တကွသော ဗုဒ္ဓဘာသာဘက်မှ လူကြီးတွေမှာ မူလက လွယ်လွယ်ကိစ္စဟု ယင်ခဲ့သမျှ ယခုလိုဘုန်းကြီးက ရှင်းပြ တော့မှ အငိုလွယ်လို့ အရှိုက်ခက် ဖြစ်နေကြပြန်သည်။

သို့နှင့် ဗုဒ္ဓဘာသာလူကြီး အတော်များများစုပြီး ဦးလှောင် တို့ အိမ်သို့ပြန်၍ ဆွေးနွေး စဉ်းစားကြပြန်၏၊ ထိုသို့စဉ်းစားကြ သောအခါမှ မူလက လွယ်မယောင် ကိစ္စမှာ ဘဖြေးဖြေး ခက် သည်ထက် ခက်လာသည်နှင့်သာ ကြုံလေတော့၏။

ဤတွင်မှ သူကြီးဦးလှောင်သည် ဤအရေးမှာ လူကြီးတွေ ချည်း အချင်းချင်း စဉ်းစားနေ၍ ပြီးမည့် အရေးမဟုတ်၊ ဆရာ တော်ကြီးများကို သွားရောက် လျှောက်ထားမှ အရေးတော်ပုံ လှချေတော့မည်ဟု သဘောပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းပင် ဗုဒ္ဓဘာသာ လူကြီးကပ ါသဘောတူကြသည်

## ၇-အဖြေ

နောက်နေ့နံနက်ခင်းတွင် ဦးလှောင်သည် အဖေ၏ လူကြီးနှစ် ကို ခေါ်၍ စာချုပ်ကိုယူခဲ့ပြီး အလိုတော်ရရွာ ဂိုဏ်းချုပ်ကြီ စံရာ ကျောင်းဆီသို့ ထွက်ခဲ့တော့၏။ အလိုတော်ရရွာ ကျောက်ကွင်း၏ အနောက်မြောက် စွန်းစွန်း နှစ်မိုင်ခွဲခန့်ကွာ တွင်ရှိ၏။

အလိုတော်ရ ဂိုဏ်းချုပ်ကြီးမှာ ဝါတော် ၆၅-ဝါ ရှိ သက်တော် ၈၅ ကျော်မျှ ရှိလေပြီ၊ (စစ်မဖြစ်မီ တနှစ်ခန့် ပျံလွန်တော်မူသည်ဟု သိရ၏။)


သို့ရာတွင် ထိုအချိန်က ဂိုဏ်းချုပ်ကြီးမှာ နားတော်မျ အလွန်လေးသည်မှ တပါး ကျန်းကျန်းမာမာပင် ရှိသောအ ဖြစ်၏။ မျက်စိတော်များလည်း ကြည်လင် လျက်ပင် ရှိ၍ သူကြီး ဦးလှောင်က ဝတ်ဖြည့်သော အခါ ကောင်းစွာ မှတ် တော်မူလေသည်၊

သူကြီး လျှောက်ထားချက်များကိုကား ကြားနိုင်တော် မမူ ရှာပေ။ ဂိုဏ်းချုပ်ကြီးကသာ ရွာအကြောင်း တတာတကာမဟု အကြောင်းတွေကိုသာ အတွင်မေးမြန်နေတော်မူ၏၊

အတန်ကြာမှ ဂိုဏ်းချုပ်ကြီး နားပေါက်အောင် ပြန်လည် လျှောက်ကြားနိုင်သော ဦးပဥ္စင်းမှတဆင့် မေးတော်မူသ မှ လျှောက်ကြားပြီး ယူလာသော စာချုပ်ကို ဂိုဏ်းချုပ်ကြီး လက်သို့ ထိုးတင်ဆက်ကပ်လိုက်တော့၏။



ဆရာတော်ကြီးသည် စာချုပ်ကို ဖတ်ကြည့်တော်မူပြီးနောက် ချက်ချင်းဆိုသလိုပင် ကျောင်းရှိ ဦးပဥ္စင်းအားလုံးကို ခေါ်ယူ၍ စာချုပ်ကိုဖတ်စေတော်မူလိုက်၏၊ ဖတ်ပြီး ဦးပဥ္စင်းများကို ထို စာချုပ်ကိစ္စ မည်ကဲ့သို့ လုပ်မည့် အကြောင်း မေးမြန်းတော် မူသည်၊



ဦးပဥ္စင်းများလည်း ဘာကို ဘယ်လို လျှောက်ထားရမည် မသိဖြစ်နေကြ၏။

"အိမ်း-မောင်လှောင်ရဲ့၊ မင်းတို့စာချုပ်ထဲက စကားတွေ က ဧရာမဘာသာပြိုင်ပွဲကြီး ဖြစ်နေပါပကောလားဟဲ့ · မောင် လှောင်ရဲ့"

ဂိုဏ်းချုပ် ဆရာတော်ကြီး သည် ဦးပဥ္စင်း ထံမှ စာ ချုပ်ကို ပြန်ယူပြီး သေသေချာချာ ပြန်၍ ဖတ်တော်မူနေပြန် သည်။

ဦးပဥ္စင်းများက ဦးလှောင်ကို မေးမြန်းကြသည့် အတိုင်း အစအဆုံးဦးလှောင်က ပြန်လျှောက်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းချုပ်ဆရာတော်ကြီးသည် အခါတိုင်းဆိုပါက မည်သူကလျှောက်သည်ကိုမျှ ကြားခတာမှုရှိ မရှိသည့်အတိုင်း ဂိုဏ်းချုပ်ကြီးကသာ တွင်တွင်ကြီး လေရှောက်မိန့်တော်မူလေ့ ရှိ၏၊ ယခုဦးလှောင် ဆက်ကပ်လိုက်သော စာချုပ်ကို အပြန်ပြန်ဖတ်နေတော်မူသည်မှအပ ဘာတခွန်းမျှ မိန့် တော် မမူ နိုင် ဖြစ်နေလေသည်။

ဦးလှောင်တို့ ဗုဒ္ဓဘာသာလူကြီး ၃-ဦးမှာ ဂိုဏ်းချုပ်ကြီး၏ ဣန္ဒြေကို အကဲခတ်ခါ အတော်စိတ်အိုက်နေကြသည်၊ အတန်ကြာမှ ဦးလှောင်တို့က ဦးပဉ္စင်းများမှ တဆင့် ဂိုဏ်းချုပ်ကြီးကို ပြန်ခွင့်ပြုတော်မူရန် လျှောက်ထားသည်တွင်မှ—

"နေအုံးဟဲ့ မောင်လှောင်ရဲ့-ဒို့လဲ သံဃာတွေ ခေါ်ပြီး တိုင်ပင်အုံးမှဖြစ်မယ်၊ ပေါ့ပေါ့လုပ်လို့ ရတဲ့ဟာ မဟုတ် ဘူးကွဲ့၊ ဒို့အလိုတော်ရဂိုဏ်းဝင် သံဃာတွေ ပင့်ပြီး စည်းဝေးအုံးမှဖြစ်မယ်ဟဲ့၊ မောင်ပဉ္စင်း နက်ဖန်ဂိုဏ်းဝင် သံဃာတွေကို အကြောင်းကြားပေရော့၊ ဒို့ချည်းလာလို့ ဖြစ်မဲ့ ကိစ္စ မဟုတ်ဘူးဟဲ့၊ မောင်လှောင်ရေ မင်းတို့ ဟိုစာဖြူရွှေအောင်တို့ကလဲ သူတို့ထဲကဘယ်သူတွေလာကြပြောကြမှာတဲ့လဲ၊မင်းတို့မသိခဲ့ဘူးလား အဲဒါ ခက်ထားပေါ့ဟဲ့၊ သိတဲ့တွေက သူတို့ဘက်က အဓိကရကြီးတွေခေါ်မှာဘဲဟဲ့ ဒို့ဘက်ကလဲ အဖက်ဖက်က ဘော်တဲ့ပုဂ္ဂိုလ်တွေရှာမှဖြစ်မယ် အရေးကြီးကွဲ့"

ဤစကားကြောင့် ဦးလှောင်တို့မှာ အ ဘော် အားရှိလာကြသည်၊ အစစအရာရာ ဆရာတော်ကြီး စီစဉ်ရာ နာခံပါမည်ဟု လျှောက်ထား၍ နေ့ခင်း ၂—နာရီ ကျော်ကျော် ၃-နာရီခန့်အချိန် နေပူ ကြဲကြဲကြီး အထဲမှာပင် ကျောက်ကွင်းသို့ ပြန်လာ



ခဲ့ကြ၏ နေကပူလိုက်သည့် ဖြစ်ခြင်း တံလျှပ်တွေက တရိပ်ရိပ်သန်းနေ၏၊ လှည်းလမ်းကလည်း ဖုံတွေ တထောင်းထောင်းထနေသည်၊ လယ်ကွင်းတွေကိုသာ ဖြတ်လာကြရ၍ အရိပ်ဟူ၍ ကြီးကြီးမားမား မရှိသည်၊ လယ်တွင်တွေသမျှ သစ်ပင်တွေမှာလည်း နွေရာသီချိန် ရွက်ဟောင်းကြွေ၍ ရွက် သစ် လောင်း ရန်အားယူဆဲ ရိုးတန်မဲမဲကိုင်းကြဲကြဲတွေသာရှိနေကြရှိသည်

ထိုမျှပူပြင်းလှသော ခရီးကြမ်းမှ ချွေးဒီးဒီး ကျလျှက်"ဝေါ ဟဲ' 'ဆိုက်ခါ ဆိုက်ခါ ကျောက် ကွင်း နေအိမ်သို့ ပြန်လာခဲ့ကြသည်၊ သို့ကလောက် စိတ်မောလူမော ပြန်လာခဲ့ကြသော်လည်း အမောပြေ တုံးလုံးပက်လက်မျှ အနည်းငယ် မလှဲနိုင်သေးပေ၊ အိမ်တွင် သူ့ဗိုင်နယ်နှင့် အခြား ဆက် စပ် ရာ ကျေးရွာများမှ ဗုဒ္ဓဘာသာဘက်ကလူတွေ တပြုံကြီး စောင့်နေကြသည်နှင့် ဆုံနေကြပြန်သည်။

မောရပန်းရသည့်အထဲ ထိုလူတွေမေးသမျှကို ပြန် လည်ဖြေကြားနေကြရပြန်၏၊ မည်သည့် ဆရာကောင်းသည် မည်သူ တော်လိမ့်မည် စသောထင်မြင်ချက်များကို ပေးကြသည်၊ ၎င်းတို့လည်း တတ်နိုင်သမျှ ရှာဖွေကူညီကြပါမည်၊ စိတ်မပူပါရန် စသည့် စကားတို့ကို ကြားရပြန် သောအခါ သူကြီးခမြာမှာ သို့ကလိုအားပေးကူညီကြသူတို့၏ မောဟ္ဒာ ရေယဉ်ကျောတွင် နစ်မျောခါ မောရပန်းရသည်ကိုပင် မေ့သွားပြန်ရှာသည်။

"အေးဗျာ- ဂိုဏ်းချုပ်ကြီးကလဲ သူကြည့် စီမံ ပါအုံးမယ်လို့လဲ အမိန့်ရှိလိုက်ပါတယ်၊ အခုခင်ဗျားတို့ တတွေ ကူပါ အားပေးကြအုံးမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## ၈ - အရှာ

နောက်ရက်များ၌မူ ဦးလှောင်တို့ ကျောက်ကွင်းစာကလေးမှာ ခရစ်ယာန်ဘက်မှ မေးမြန်းကြသူ ဗုဒ္ဓဘာသာဘက်မှ စုံစမ်းကြသူတို့နှင့် မပြတ်ရှုတ်ရှက်ခတ် ဝင်ထွက် နေကြလေသည်၊ ခရစ်ယာန်တို့အဖို့မူ ခရစ်ယာန် ချင်းအိမ်တွေများသဖြင့်တော်သေး၏၊ ဗုဒ္ဓဘာသာ ဧည့်သည်တို့အတွက်ကား သူကြီးအိမ်အပြင်သုံးအိမ် ထောင်လောက်ကလွဲ၍ တည်းစရာခိုစရာ အိမ်မရှိသဖြင့် သူကြီးအိမ်နှင့်ရှိသမျှရွာခံ ဗုဒ္ဓဘာသာ ကလေးတွေကပင် ဧည့်စရိတ်ကို ခံနေကြရချေပြီ၊ လာရောက်မေးမြန်း စုံစမ်းကြသူတွေ များသလောက် သူကြီး ခမြာ တစုတ္ရိမှ ဧည့်ဝတ် ကျေအောင်ပင် မနည်းအားထုတ် လုံးပမ်းကြရရှာ၏။

သို့ဖြစ်တစေ ဦးလှောင်ဘိုလူတစုမှာ မေးမြန်း စုံစမ်း အားပေးမှာကြားကြရသည်နှင့်ပင် စေတနာတွေ သွန်းဖြိုး ဝေလျက် မကောင်း ကောင်းကြောင်း ဖန်တီး ဧည့်ခံ ကြရသည်ကိုပင် ဝမ်းသာ၍ မဆုံးနိုင်ဖြစ်နေကြရရှာသည်၊ ဘယ်ဆရာတော် ဘယ်ပုဂ္ဂိုလ်ဖြင့် တောင်းသည်ဟူ၍ ကျနသေချာစွာ မည်သည့်ဧည့်သည်တို့တမျှ မညွှန်တတ်ကြလေကုန်။

မေးမြန်းလာသူတို့ကလည်း "ဂိုဏ်းချုပ်ကြီး ရှိသားဘဲ ပူမနေပါနဲ့" ဟုသာ နှစ်သိမ့်နိုင်ကြသည်မှတပါး အခြားဘာမှ မသိတတ်ကြရှာပေ။

နောက်ဆုံး၌ကား၊ ဂိုဏ်းချုပ်ကြီး၏အစီအစဉ်ကိုသာ စောင့်မျှော်အားကိုးဘို့သာ ရှိတော့သည်ဟုစိတ်ဒုံးဒုံးချလိုက်ကြပြီး ဂိုဏ်းချုပ်ကြီးထံမှ သတင်းကိုသာ စောင့်နေကြရတော့၏။



ထိုအချိန်က အလိုတော်ရ ဆရာတော်ကြီး အမှူးပြုသော အလိုတော်ရ ဂိုဏ်းကြီးမှာ ထိုနယ်တပိုက်၌ ဂိုဏ်းဝင်ကျောင်းပေါင်း ရှစ်ဆယ်ကျော် တရာနီးပါးမျှရှိ၏။ ထိုဂိုဏ်းဝင်ကျောင်းထိုင် ဘုန်းကြီးအားလုံး အလိုတော်ရ ဂိုဏ်းချုပ်ကြီးကျောင်းတွင် ဆရာတော်ကြီးအမိန့်ဖြင့် အစည်းအဝေး ပြုလုပ်ကြသည်၊ ကြွလာသော ဆရာတော် အားလုံးက ဤပြဿနာတွင် ခေါင်းဆောင်ဖြေ ရှင်းနိုင်မည့် ဗိုလ်ရွေး၏၊ ဆရာတော်အမျိုးမျိုးက အကြံအမျိုးမျိုး ပေးတော်မူကြသည်၊ ဂိုဏ်းဝင်ထဲကမူ ဗိုလ်ထွက်မည့်ပုဂ္ဂိုလ်မရှိဖြစ်နေ၏၊ သို့နှင့် ဗိုလ်တင်နိုင်ရေးအတွက် ကျောင်းအခြေအနေ အလိုက် ကြီးလျှင် တဆယ်၊ ငယ်လျှင် ငါးကျပ်စီ အားလုံး ပါဝင်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

သံဃာတော်များကလည်း ယခုအရေးကိစ္စသည် သာသနာတော်ကြီး တရပ်လုံး၏ အရေး ဟူ၍ပင် အညီအညွတ် သဘောထားတော်မူကြ၏၊ ထို့ကြောင့် ဂိုဏ်းဝင်အားလုံး၏ စည်းမျဉ်းအတိုင်း ပါဝင်အားပေးတော်မူကြ၏၊ ယင်းကဲ့သို့သံဃာရော လူပါစိတ်ထက်သန် လှုံ့ဆော် စုဆောင်း နေကြသဖြင့် ငွေရေးကြေးရေးတွက်ကား လိုလေသေးမရှိ၊ ပြည့်စုံနေတော့၏၊

ထို့ကြောင့် ကြေးနန်းတွေကို ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ မော်လမြိုင်၊ ပုသိမ် စသော မြို့ကြီးများရှိ ဆရာတော်၊ သံဃာတော် အသီးသီးတို့ထံ ရိုက်ကြားတော်မူကြ၏။ စာတွေလည်း အကြောင်းစုံ ရေးသား၍ လျှောက်ကြားကြသည်၊ ဦးဆောင်နိုင်သူ ပုဂ္ဂိုလ် တပါးပါးကို ညွှန်ကြား တော်မူကြ ရန်လည်း အကြံဥာဏ်တောင်းတော်မူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သာယာဝတီ ဦးညေးယျ ကိုယ်တော်ကြီးသည် ခရစ်ယံတို့ကို နှိမ်၍ ရေးထားသော "လောကမျက်မှန်" ခေါ် စာအုပ်ကလေးများ ထုတ်ဝေခဲ့၏။ ရန်ကုန် သံဃာ အချို့က ဦးညေးယျ ကိုယ်တော်ကြီးသည် ဤဘာသာရေး ပြိုင်ပွဲ အတွက် သင့်တော်ကြောင်းဖြင့် စာပြန်တော်မူကြသည်။ သို့နှင့် အလိုတော်ရကိုယ်တော်များက ဦးညေးယျဆရာတော်ထံသို့ စာပေးလျှောက်ထားကြပြန်သည်။ ထိုအချိန်ကသာယာဝတီဦးညေးယျ ဆရာတော်ကြီးမှာ ရန်ကုန်တွင် ရှိနေ၏။ အလိုတော်ရ ကိုယ်တော်များကလည်း ဦးညေယျးကို အထူးပင် အားထားတော်မူကြသည်။ ဦးညေးယျထံမှ စာမပြန်သော အခါ ကြေးနန်းရိုက်ပြန်၏။ ကြေးနန်းလည်းမပြန် ဖြစ်နေပြန်သည်။

"လောကမျက်မှန်" ကို ဘတ်ဘူး၊ တွေ့ဘူးသူများကလည်း ဆရာတော် ဦးညေးယျကိုပင် အရ ပင့်နိုင်ရန် အလိုတော်ရ ဂိုဏ်းချုပ်ကြီးသို့ ဝိုင်းဝန်းလျှောက်ထားကြသည်။ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင်ကပင်—

"မောင်ညေးယျကို ရအောင်ပင့်ကြ" ဟု တိုက်တွန်းတော်မူနေပြီ။ ထို့ကြောင့် အလိုတော်ရ ကိုယ်တော်အချို့ ရန်ကုန်သို့ ကြွ၍ ဆရာတော် ဦးညေးယျကို ကိုယ်တိုင် လျှောက်ထား ပင့်ကြပြန်၏။

မည်သို့ ပြန်လည်အမိန့်ရှိသည်ဟုကား အလိုတော်ရ ဆရာတော်များက ယခုတိုင်ထုတ်ဖော်တော်မူကြခြင်းမရှိပေ။ သွားပင့်သော ကိုယ်တော်များချည်သာ ပြန်ကြွ လာ ကြ ရကြောင်း လောက်သိရသည်။



မန္တလေး၊ ပခုက္ကူ - စသော မြို့ကြီးများမှမူ ဘာသာတင်းမှု ပြန့်၍မကြားရ ဖြစ်နေ၏။

ခက်သည်ကား ထိုအချိန်က အလိုတော်ရ ဂိုဏ်းဝင်သံဃာများမှာ မြို့ကြီးများနှင့် မူလကပင် ရင်းနှီးမှုနည်းပါးတော်မူခဲ့ကြသည်။ မိမိတို့သပ္ပါယမျှရာ ကျေးရွာများ၌သာ သီတင်းသုံးနေတော်မူကြရင်း ပိဋကတ်တော်၌သာ အာရုံစိုက်သည်မှ တပါး အခြား ဗဟုသုတ ဖြစ်ရာ ဖြစ်ကြောင်းဟူ၍ မဂ္ဂဇင်းတို့ကိုလည်း မဖတ်၊ ဖတ်ရန်လည်း မရှိကြပေ။

ထိုခေတ်ကမူ မြို့ကြီးများနှင့် ဝေးရာ ကျေးရွာနေ သံဃာများမှာ မဂ္ဂဇင်း သတင်းစာတို့ကို သုပိဏ္ဍဝါစာ၊ သမ္ဗုလာဝပါစာ၊ စာရင်းထည်းသို့ သွတ်သွင်း၍ ရှောင်ကြဉ်တော်မူတတ်သော အခါလည်းဖြစ်၏။

ကျေးရွာနေ လူပုဂ္ဂိုလ်ထည်းမှလည်း မဂ္ဂဇင်း သတင်းစာ ဘတ်သူ အလွန် နည်းပါး၏။ သို့ နည်းပါးသည့် အလျောက် အရေးတကြီးကိစ္စ တစုံတရာ ကြုံလာလျှင် လူတွေလည်း ရုတ်တရက် မသိ၊ ရွာဦးဘုန်းကြီးကိုလည်း လျှောက်မည့်လူမပေါ် ဖြစ်နေလေ့ရှိ၏။

အလိုတော်ရ ဂိုဏ်းဝင် သံဃာတော်များမှာ ထိုအတိုင်းပင် ထိုအချိန်ကဖြစ်နေတော်မူကြဟန်တူပေသည်။ ထိုအထည်းတွင် ယခု ဘာသာရေး ယှဉ်ပြိုင်ဟောပြောပွဲကိစ္စ၌ ဆရာတော်ဦးညေးယျ၏ သတင်းက အရင်ပြေးနေပြီဖြစ်ရာ မဂ္ဂဇင်း–သတင်းစာတို့ကို ဘတ်၍ ဗဟုသုတအတော်အတန်ရှိသူ မြို့ကြီးသားတို့ကပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးညေးယျ ကိုယ်တော် ကိုယ်တိုင် ဗုဒ္ဓဘာသာဘက်မှ ခေါင်း ဆောင်ပြီး ဟောပြော၍ ခရစ်ယာန်ဘာသာကို ဝေဘန်လိမ့်မည်ဟု ကြားထားနှင့်ကြ၍ ဒေါနေကြသည်။

ဆရာတော် ဦးညေးယျ ကြွမလာ ဟူသော အကြောင်းကို လည်း အလိုတော်ရ သံဃာတော်အသင်းမှ အရေးကြီးသော ဦး စီးကြီးကိုင် ကိုယ်တော်များလောက်သာသိကြ၏၊ ထိုအကြောင်း ကို အပြင် တကာ- တကာမများ မသိကြသေးပေ၊ သို့ကလို အတွင်းအခြေအနေကို မသိကြ၍လည်း တစုံတရာ လျှောက်ထား ခြင်း မပြုတော့ဘဲ စိတ်ချနေကြခြင်းဖြစ်ပေသည်။

အလိုတော်ရ ပါယ်တော်ကြီးများထည်းကလည်း မန္တလေး ပခုက္ကူစသော မြို့များမှ အကြီးဘုန်းတော်ရင်း၊ သတင်းတော် ရင်း မျှော်လင့်နေကြဆဲ ဖြစ်၍ ဦးညေးယျ ကိုယ်တော်ကြီး ကြွ မလာနိုင်ခြင်းကို ဆိတ်ဆိတ်နေကြသည်။

## ၉—အခက်

ထိုဘာသာရေး ယှဉ်ပြိုင်ပွဲကြီး၏ သတင်းမှာကား — အနီး အနား မြို့ကြီးများ ဖြစ်သော ပြည်၊ ရွှေတောင်၊ ပေါင်းတည် ဟင်္သာတ ဒိထိုင်း၊ အာလံ၊ သရက်သိုင်း ပျံ့နှံ့စပြုနေတော့ သည်။

ထိုနှစ် ဧပြီလလည်း တဝက် ကျိုးလာပြီ၊ တနည်းဆိုသော် တန်ခူးကုန်၍ ကဆုန်သင်္ကြန်ပင် ဆန်းစပြုလာပြီ၊ ဂိုဏ်းချုပ်ကြီး အား ဦးဆောင်မည့် ပုဂ္ဂိုလ်ယခုတိုင်မရှိသေးကြောင်းကိုလည်း



သံဃာကြီးများက မလျှောက်ထားကြသေးပေ။ ဂိုဏ်းချုပ် ဆရာတော်ကြီးသိလျှင် စိတ်သောကများနေမည်ကို သံဃာကြီး များက စိုးရိမ်၍ အခြေမှန်ကို မလျှောက်ထားကြခြင်း ဖြစ်၏။

သို့ရာတွင် ဂိုဏ်းချုပ်ကြီးမှာ သံဃာကြီးများကိုသာ "မောင် ညေးယျ—မလာသေးဘူးလား" ဟု ခဏခဏ မေးမြန်း တော်မူ သေးသော်လည်း ကဆုန်လဆန်းလာသောအခါ တနေ့ ၂-ခါ ၃-ခါမေးနေလေသည်။

ဤတွင် သံဃာကြီးများလည်း ကြာရှည် ထိန် ထား ရန် ခက်သာတော့သည်နှင့် ဦးညေးယျ ကိုယ်တော်ကြီး ကြွမလာ နိုင်တော့ကြောင်းကို အမှန် အတိုင်း လျှောက် တင် ကြ ရ လေ တော့၏။

"ဟဲ့ အနီး တခြား မြို့တွေကကောဟဲ့ ....ဘာအကြောင်းမှ ကူညီ မပြန်ကြားကြတော့ဘူးလား"

ဂိုဏ်းချုပ်ကြီး စိတ်ချမ်းသာ စေရန်သာ သံဃာတော်ကြီး လျှောက်ပတ်အောင် လျှောက် ထား လိုက် ကြရ သော်လည်း ချုပ်ချင်းထည်းမှာမူ စိတ်အိုက် တော်မူကြကိုင်း ခေါင်းချင်း ရိုက်နေကြရသေး၏။

သို့ရာတွင် ဂိုဏ်းချုပ်ကြီးသည် သံဃာ မြင်တိုင်း၊ လူသာ တွေ့သိုသာ ခေါင်းဆောင် ဟောမည့်ပုဂ္ဂိုလ် ရ၊ မရ အတွင် မေးမြန်းတော်မူနေလေပြီ။

ဂိုဏ်းဝင် သံဃာတော်ကြီးများနှင့် ကျောင်းနေ ကိုယ်တော် များမှာ ဂိုဏ်းချုပ်ဆရာတော်ကြီး စိတ် ချမ်း သာ တော် မူ ရန်

www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားလျက် ရှိပါကြောင်း"ဟု တွင်တွင် လျှောက်ထားပြ ရသည်။

"တဲ့ — ခုထက်ထိ ဘယ်လိုပုဂ္ဂိုလ်မှ မတွေ့ကြ၊ မကြားကြ တော့ဘူးလား"

ဂိုဏ်းချုပ်ကြီးမှာ အတော်ပင် ပူပန်တော်မူ စ ပြုလ နေလပြီ။

"အိမ်း .... ဒို့မှာလဲ မောင်လှောင်တို့ စ,လိုက်တဲ့ မီး ပြာသာဒ်မျှားလောင်မှဖြင့် အကျိုးနဲ့ရတော့မယ်ထင်တယ်၊ ဗ မြည်မှာ ရဟန်းသံဃာတော်တွေ ဒီလောက်တောင် ပေါမျှ နေပါလျက်နဲ့. ဒီလိုပွဲမျိုးမှာ ဗုဒ္ဓဘာသာဘက်ကရှုံးရရင်တော့ သာသနာ့ဝန် ထမ်းနေဘို့တောင်မကောင်းတော့ပါဘူး....ကွ တို့...."

ဂိုဏ်းချုပ်ဆရာတော်ကြီးက စိတ်အားတော် လျော့သံနှ မိန်တော်မူသည့်အတွက် သံဃာတော်ကြီးများမှာ အတော်ပ ညှိုး ငယ် နေကြရှာလေသည်၊ သို့ရာတွင် ချိန်းရက်ပွဲကြီးနေ့ ဗုဒ္ဓဘာသာဘက်က ယှဉ်ပြိုင်ဟောပြောသူမျှ မလာမဖြစ်ရလေ အောင် တနည်းနည်းနှင့် ကြိုး စား တော် မူနိုင် ကြရန် ကြံ ညှိနှိုင်းကြရပြန်သည်။

ကျောင်းကွင်းမှာ သူကြီးဦးလှောင်တို့လူစုလည်း ဂိုဏ်းချုပ် ထံသို့ နေ့စဉ် အခြေအနေကို လှူလွှတ် ထောက်လှမ်းနေသည် အတိုင်း ဆရာတော် ဦးဩဘာ ကြွရန် မသေချာ ကြောင်း ကြားသိသွားကြလေသည်၊

ဓမ္မဆရာဦးရွှေအောင်တို့ အမှူးပြုသော ခရစ်ယာန်တို့ဘက်ကမူ ည်မြို့မှစ၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူ၊ မေမြို့ ယိမ်စသော မြို့ကြီးများရှိ ၎င်းတို့ဆိုင်ရာ ဂိုဏ်းခေါင်းဆောင် အသီးသီး၊ ပုဂ္ဂိုလ်ကြီးအမျိုးမျိုးတို့ထံသို့ စာပေးကြရုံမျှမက ကိုယ်တိုင် ကိုယ်စားလှယ်လွှတ်၍စီ စဉ် ထား ပြီး ကြ လေပြီ၊ ယ်ဂိုဏ်းချုပ်၊ ဘယ်သင်းအုပ်၊ ဘယ်ဓမ္မဆရာကြီးများ ကိုယ် င် ကြွလာ ယှဉ်ပြိုင် ဟောပြောကြလိမ့်မည် စသော သတင်း ဟိန်းစပြုချေပြီ။

ယင်းသို့ကြားရလေလေ၊ တဖက်ဗုဒ္ဓဘာသာဝင်တွေဘက်က တမမနှင့် စိတ်စောကုန်ကြပြန်၏။ အလိုတော်ရ ရွာဘက်သို့ ခြေအနေကို ထောက်လှမ်းရန် ကူးသန်းရသည်မှာ များ နးခပ်မျှ ဖြစ်စပြုလာသည်၊

တနေ့နှင့်တနေ့ ရက်တွေကလည်း တဖြည်းဖြည်းနီးလာလေ သို့ကလိုနီးကပ်လာလေလေ ဦးလှောင်တို့လူစုနှင့် ထိုနယ် သရှိဗုဒ္ဓဘာသာဝင်တွေမှာမျောက်မီးခဲကိုင်မိသလိုပူပြင်နေ၏၊ ည်သို့မျှမတတ်နိုင်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးကိုသာ လျှောက် ကြား အား ကိုး ကြ ရုံမျှ တ ပါး အခြား ဘာမျှ မကြံဘတ်ကြ တော့ပေ။

စာချုပ်ပါ အတိုင်း ကျောက်ကွင်းရွာနှင့် နီးနားလူတို့မှာ ကျောပ်ကြီး ဆောက်ရန် စတင်စိုင်းပြင်ကြချေလပြီ။ ချင်းခရစ်ယာ တွေရော ဗမာဗုဒ္ဓဘာသာတွေပါ လှည်းတွေစုပြီး မဏ္ဍပ်ကြီး တွက် တိုင်များ၊ ဝါးများ ခုတ်ရန် အရှေ့ဘက် ဟောင်ခြေရှိ တောများသို့ သွားသူများသွားကြ၏၊ အချို့ကလည်း မဏ္ဍပ်

www.burmeseclassic.com

ကြီး ဆောက်မည့် ကျောက်ကွင်းရွာ အနောက်ဘက် လယ်ကွ
ကြီးကို မြေညှိလမ်းရှင်း အမှိုက်ထုတ် စသည်ဖြင့် ဆောင်ရွ
ကြလေပြီ၊

ကျောက်တွင်း ပတ်လည်ရှိ ၂-ဦး ၂-ဘက် ဘာသာဝင်
တိုင်းပင် ထိုပွဲကြီးအတွက် အတော်ပင်လှုပ်လှုပ် ရှားရှားဖြစ်
တော့၏၊

ထိုဘာသာရေး ယှဉ်ပြိုင် ဟောပြောပွဲသည် အခြေအနေ
ကျောက်ကွင်းရွာတရွာတည်း၏ အရေးကိစ္စမျှမဟုတ်တော့ပလေ
၂ - ဦး ၂ - ဖက်သော ဘာသာဝင် မှန်သမျှ အသီးသီးတို့
အဓိကရ ကိစ္စရပ်ကြီးတခု အဖြစ်သို့ သိသိသာသာကြီး က
ပြောင်းလာနေသည်၊

ထိုသတင်းသည် ဝက်ထီးကန်ကိုကျော်၍ မမာပြည်အလည်
ပိုင်းတလျှောက်သို့ တရွေ့ရွေ့ ပျံ့နှံ့လျက်နေ၏။ ကြားရသူ
အပေါင်းတ ထိုပွဲကို စိတ်ဝင်စားလာကြ၏။ ပွဲကြီးနေ့ ကျင်းပ
ရန် သတ်မှတ်ထားသော ကဆုန်လဆန်း ၁၂-ရက်နေ့တွင် လာ
ကြမည့် ပရိသတ်တို့မှာလည်း ကြိုတင်စီစဉ်လျက် ရှိနေကြပြီဖြစ်
ကြောင်း သတင်းများ ထွက်စပြုလေပြီ။

ထိုအချိန်၌ ခရစ်ယံတို့ဘက်မှ မည်သည့် ပုဂ္ဂိုလ်ကြီးများ
ဦးဆောင် ဘက် ရောက် ကြလိမ့် မည်ဟု အတိအကျမျှ ကျေညာ
ချက်များပင် ထွက်ပေါ်လာနေပြီ၊

သို့ရာတွင် ဗုဒ္ဓဘာသာတို့ဘက်က ယှဉ်ပြိုင် ဟောပြောမည့်
ခေါင်းဆောင်တို့၏ ဘွဲ့အမည်သညာ တစုံတရာကိုမျှ တူတူတန်
တန်ကျေညာနိုင်ခြင်း မပြုလုပ်နိုင်ဖြစ်နေသည်၊



သတင်းကြီးသထက် ကြီးလာသော ဤဟောပြောပွဲနှင့် ပတ်
သက်၍ ထင်မြင်ချက်အမျိုးမျိုး အရပ်ရပ်တွင် ထွက် ပေါ် လာ
တော့သည်။

မဏ္ဍပ်ကြီးကိုတား ဆောက်နေလေပြီ၊ ၂-ဖက်စလုံးတပင်
အားတုမခံ အင်တိုက် အားတိုက် ဝိုင်းဝန်း လုပ်ကိုင်ကြသဖြင့်
၂-ရက်၊ ၃-ရက်မျှင့် ရုပ်လုံးပေါ်စ ပြုလာလေသည်။

ခရစ်ယံတို့ဘက်ကအားတက်သရော ကြိုးစားကြသလောက်
ဦးလှောင်တို့တတွေမှာ သောင်မတင်—ရေမကျနှင့် မရေမရာ
ကြီးပင် ရှိကြသေး၏။ သူတို့အဖို့ ဂိုဏ်းချုပ် ဆရာတော်ကြီးကို
သာ ရှိသမျှ ရုပ်ရောနာမ်ပါ အကုန်ပုံ၍ အားထားနေကြရရုံမှ
တပါး ဘာမျှမတတ်နိုင်ကြလေကုန်။

သို့အားထားနေရသည့်အတိုင်း မဏ္ဍပ်ကြီး အချောကိုင်ရက်
နီးလာလေလေ၊ အလိုတော်ရ ဦးပဉ္ဇင်းများထံသို့ သွားရောက်
လျှောက်လှမ်းရသော အလုပ်မှာ နာရီမခြား ကိစ္စ များနေကြ
တော့၏။

ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ
စကြာဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကြီးမှ ခံသော တန်ခိုးတော်
တွေကို ရွတ်ဖတ် သရဇ္ဈာယ်ပြုရုံနှင့် ကိစ္စပြီးမည့် ပွဲမျိုးဆိုလျှင်
ရှိသမျှ ပရိတ်သုတ်, နတ်ရွတ်, နတ်ပင့်တွေနှင့် ပရိတ်ကြီးမှအစ
အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းတွေကို တခုမကျန် ရွတ်
ချလိုက်ချင်ကြ၏၊ ယခုကား ဤသို့ မရ၊ ဘောင် မပေါက် မပြန်
မှန်ကန်မှုတခုကို ဦးတည်၍ တိုက်မှရမည့် ပွဲမျိုး ဖြစ်၍ အခက်
တွေ့နေကြခြင်းဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ကိုးကွယ်မှုဟူသည် ပရမတ်ခိုက်၊ ဓါတ်ခိုက် ဟုတ်၊ မဟုတ်ကို အမျိုးမျိုး သေတ္တုချ၍ ဝေဖန် သုံးသပ်ရန် အလိုဆုံးသောကိစ္စဖြစ်ပေသည်၊ စာတွေမှာရှိသမျှ၊ ပါသမျှအချက်တိုင်းသည် မျက်တွေ့၊ လက်တွေ့၊ ကိုယ်တွေ့ဟူသော သုံးတွေ့နှင့် တိုက်ချင်မှ တိုက်ပေမည်။ သဘာဝကျအောင် ဆန်ကာတင်ခံမှသာ ထိုတရားသည် ယုံကြည်ထိုက်၊ ကိုးကွယ်ထိုက်သော တရားအစစ်ဖြစ်သည်ဟု ခိုင်မာစွာယူနိုင်ပေမည်။ တဖက်ကတင်လိုက်သော တရားတခုကို တဖက်က သေတ္တုချလိုက်လျှင် အရည်ပျော်မသွားဘဲ ကျောက်ခဲလို ခေါင်ခေါင်လံအမာခံတရား အနှစ်အဖြစ်မရလျှင် ထိုတရားမျိုးမှာ ထိုပွဲမျိုးနွှံခံနိုင်မည်မဟုတ်ချေ။

အချင်းချင်း ပြောချင်ရာပြော၊ ဟောချင်ရာဟောနိုင်ကြသော်လည်း ယခုလိုဟာဖက်နှင့်တဖက် တင်ပြသော တရားဆိုင်ရာ အချက်အလက်တွေကို ခွဲစိတ်ချေမှုသေတ္တုအမျိုးမျိုးချ၍ ဟုတ်သည် မဟုတ်သည်ကို ကြားသူနာသူတိုင်း နားလည်သဘောပေါက်အောင် ဝေဘန် သုံးသပ်နိုင်ဖို့မှာ လွယ်ကူသော ကိစ္စမဟုတ်ချေ။

ဤအချက်ကို ဆရာတော်ကြီးအချို့က သဘောပေါက် ရိပ်စားမိကြပြီးဖြစ်၏၊ ထို့ကြောင့်လည်း တကယ် သုံးသပ်မှု၌ ကျွမ်းကျင်သူကို ဗိုလ်တင်ရန် ရှာနေကြရခြင်းဖြစ်၏၊ အလိုတော်ရ ဂိုဏ်းဝင်များစွာသော ဆရာတော် များသည် ကေန်အားဖြင့် ပိဋကတ်တော် ဆိုင်ရာ သက်သက်ကိုမှု မတတ် မသိကြ၍ မဟုတ်ကြပေ၊ ဗုဒ္ဓဘာသာချင်းချင်း တင်ပြသော အချက်အလက်များဖြစ်ပါက အသုံးအဖြတ် ပေးနိုင်သော ဆရာတော်အများပင်ရှိပြီးဖြစ်သည်။



သို့ရာတွင် ထိုထိုဆရာတော် များအဖို့ အလေ့ အကျင့် မရှိခဲ့သော အပြိုင်မှုတရားတခုကို အမှားအမှန် စမ်းသပ်ချေမှု ကြည့်ရန် မလွယ် ဖြစ်နေရှာကြသည်၊ ထိုတရားမျိုးကို ဘယ်ကစ၍ ဘယ်လိုကောက်ယူ ဆုံးဖြတ်ရမှန်းပင် နားမလည် ဖြစ်နေကြ၍ ရင်လေးနေကြခြင်းဖြစ်၏။

ကောက်နှုတ်ဝေဖန် သုံးသပ်ပုံအချက်ပိုင်သူ တဖက်ပုဂ္ဂိုလ်များနှင့်တွေ့က ကိုယ့်ဟာကိုယ် မှန်နေပါသည်ဆိုသောအချက်များပင် အရေပျော်သွားနိုင်သေသည်။

ထို့ကြောင့်ဤပွဲမှာ ဗုဒ္ဓဘာသာ များသာမဟုတ် ခရစ်ယံတို့ဘက်မှာလည်း အတော်ရင်လေးရမည့် ပွဲမျိုးဖြစ်နေ၏၊ ဗုဒ္ဓဘာသာဘက်က တရားတခုကို ခွဲစိတ်ဆန်ကာတိုက်မည့် မိမိတို့ထက်၌ တကဲ့လူမရှိက မလွယ်လှပေ။

ထို့အတူ ခရစ်တော်၏ တရား များကို ခွဲခြမ်း စိတ်ဖြာပြီး သေတ္တုချနိုင်သော ဗုဒ္ဓဘာသာဘက်မှ တကဲ့ပညာရှင်တဦးဦးနှင့်တွေ့ပါကလည်း နှစ်ပေါင်း ရာထောင်ချီ၍ တည်ဆောက်ခဲ့ရသော မိမိတို့ဘာသာဆိုင်ရာ ဝုဏ်သိက္ခာအား အကြီးအကျယ် ထိခိုက်ခံရမည်ကို ခရစ်ယံ ခေါင်းဆောင်တို့လည်း သိနားလည်ကြပြီးဖြစ်သည်၊

သို့ရာတွင် ဆရာတော်ဦးညေးယျ၏ ခရစ်ယံကို ဖိနှိပ်ရေးထားသော "လောကမျက်မှန်" စာအုပ်ပါ အချက်အလက်များကိုမူ ခရစ်ယံတို့ဘက်က အလွန်ချေပ ရှင်းလင်း လိုဟန် ရှိပေသည်၊ ချေပထားသော စာအုပ်များလည်း ဓမ္မဆရာ ဆရာဖေအမည်နှင့် ပြန်လည်ထုတ်ဝေခဲ့ပြီးလည်း ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယံခေါင်းဆောင်တို့က ဤပွဲတွင် ဆရာတော်ဦးသေးယျ ခေါင်းဆောင်မည်ဟု သတင်းရရှိခဲ့ပြီး ဖြစ်ကြသည့်အတိုင်း ဦးသေးယျကိုယ်တော်ကြီးနှင့် တွေ့တွေ့ဆိုင်ဆိုင် ရှင်းလင်းဝေဖန် တင်ပြကြရလိမ့်မည်ဟု မျှော်လင့်ကြီး မျှော်လင့် ထားကြလေသည်။

ထို့ကြောင့် ကျောက်ကွင်း ဘာသာရေး ယှဉ်ပြိုင်ဟောပြောပွဲကြီးတွင် ခရစ်ယံတို့ဘက်မှ ဗုဒ္ဓဘာသာ ရဟန်းတော် လူထွက် ဓမ္မဆရာကြီးများကိုယ်တိုင် တက်ရောက် ဟောပြောနိုင်ရန် စီစဉ် လုံးပန်း ပြင်ဆင်နေကြသည်။

## ၁၀-အကြပ်

နေ့ရက်တို့သည် ပြေးနေသော မီးရထားပေါ်မှမြင်ခဲ့ရသော ကြေးနန်းတိုင်များပမာ တခုပြီးတခု ဘရိပ်ရိပ် လွန်မြောက်ပြေးလွှား ကျန်ရစ်ခဲ့ကြလေကုန်ပြီ။

မဆွကာ ရေ့ရဲရဲ အတွေးအခေါ် စိတ်ကူး တခုမှ အခြေခံ စတင် ပေါ်ပေါက် လာသော ထိုကျောက်ကွင်း ဘာသာရေး ယှဉ်ပြိုင်ဟောပြောပွဲသည် အချိန် နီးကပ်လာသည်နှင့်အမျှ တဖြေးဖြေး ဒွယ်ကြီးမား လာနေပေတော့၏၊ ထိုသတင်းမှာလည်း ဒီလှိုင်းလုံးကြီးများသဖွယ် မြည်ဟီး ကျယ်ပြန့်လျက် ရှိလာချေပေပြီ။

ခရစ်ယံဘက်မှ ဓမ္မဆရာဦးရွှေအောင်တို့ အမှူးရှိသော ချင်းအမျိုးသားတို့မှာ မိမိဘာသာဘက်မှ ယှဉ်ပြိုင် ဟောပြောမည့်



ပုဂ္ဂိုလ်ကြီးများစာရင်း၌ ရန်ကုန်၊ မန္တလေး၊ မေမြို့၊ ပြည်၊ တောင်ငူစသော မြို့ကြီးများရှိ အမေရိကန် ဘာသာရေး ခေါင်းဆောင်ကြီးများ ပါရှိနေသဖြင့် အထူးပင် အားတက်လျက်ရှိနေကြလေပြီ။

တဖက်-ဗုဒ္ဓဘာသာဘက်မှ လုံးပန်းနေရသော အလိုတော်ရ ဂိုဏ်းဝင် သံဃာတော်များ အဖွဲ့ကလည်း ခရစ်ယံ ဘက်က ခေါင်းဆောင် ဟောပြောမည့် ပုဂ္ဂိုလ်တို့အမည် ဂုဏ်ထူးဝိသေသစာရင်းကို ကြားတော်မူကြချေပြီ။

ထိုအထည်းတွင် ခရစ်ယံတို့ဘက်မှ ခုံခံ ချေပ ရှင်းလင်းမည့် ခေါင်းဆောင်စာရင်း၌ အင်းစိန် ကျမ်းစာသင် ကျောင်းအုပ်ကြီး ဖါးသားဦးရွှေမှန်၏ အမည်သည် ရှေ့ဆုံးမှပြေးနေ၏၊ ဦးရွှေမှန်ကား ဗုဒ္ဓ ဘာသာ စာပေ၌ ပထမကျော် အောင်ပြီးသော ဘုန်းကြီး လူထွက်ကြီးဖြစ်၏၊ ခေတ်ပညာလည်းတတ်၏၊ တိုင်းရင်းသား ခရစ်ယံ အဖွဲ့ချုပ်ကြီး၏ နာယကကြီးလည်းဖြစ်၏။ အသက်လည်း ၆၀-ကျော်ရှိလျက် ဗုဒ္ဓဘာသာကို စွန့်လွှတ်၍ ခရစ်ယံဖြစ်လာရပုံ နမူနာစံပြအဖြစ် အတော်ကောင်းလှသောပုဂ္ဂိုလ်ကြီးဖြစ်လေသည်၊ အခြားပုဂ္ဂိုလ် အသီးသီးတို့လည်း မငယ်ကြပေ။ ဗုဒ္ဓဘာသာ စာပေ၌ ထုံးလိုချေ၊ ရေလိုနှောက် ပေးနိုင်စွမ်းရှိသူ ဘုန်းကြီးလူထွက် တကယ့်ခရစ်ယံအာဇာနည် ဘွဲ့ထူးရ ပုဂ္ဂိုလ်ကြီးချည်း ဖြစ်နေချေပြီ။

ထို့ကြောင့် ခရစ်ယံတို့ဘက်က အလွန်တက်ကြွအားရလျက် အားမိုက်၊ ခွန်စိုက် လုံးပန်းကုန်ကြလေသည်၊

ကျောက်ကွင်းသူကြီး ဦးလှောင်ခမြာကား စမ်ပြီမို့ ချုပ်မိနေ၍သာ ဝတ္တရားအရ လုံးပန်းနေရပုံသာ ရှိတော့၏၊ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက် အခြေ အနေမှာ မျော်လင့်ချက် မရှိင်မာဘဲ သာခွေယိုင် ပျော့ဖတ်ဖတ်သာ ရှိရှာတော့၏။

ပို၍အားလျော့စရာမှာ မိမိတို့ အားအကိုးဆုံးဖြစ်သော အသိုတော်ရ ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးပင် ဆွမ်းတော်မျှ ကောင်းစွာ မဝင်နိုင်အောင် သောကရောက်တော် မူနေရရှာပြီ ဟူသော စကားပင်ဖြစ်၏။

အမှန်လည်း ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ တကယ်အားထားလောက်သော သတင်းအဖြစ် ယခုထိဘယ်ကမျှ လျှောက်တင်နိုင်သူ တွေ့တော်မမူရှာသေးပေ။

သက်တော်ကလည်း ၀၅-နှစ်ကျော်၊ ဇရာကလည်း ဖိထားချိန် စိတ်တော် ပြင်းပြသလောက် ခန္ဓာဝန်က မပါနိုင်သော အခါ နားတော် မျှားထလည်း အလွန်လေးလံ တော်မူသည့် အထည်း၌ စိတ်တော် မချနိုင် ဖြစ်နေတော်မူရရှာသည်။

သောကဗျာပါဒ ပိတက်-ဝိစာရဝင်လျှင် ဤမျှရင့်ရော်၍ ကြွေအံ့တဲတဲမျှသော အရွယ်တော်အတွက် အလွန်စိုးရိမ်စရာ ကောင်းလှပေသည်၊ ဤကြားထည်းကပင် စိတ် မ အေး တော် မူ တိုင်း ဟိုမေး-ဒီခမး ဖြစ်တော်မူနေ၍ ဦးပဥ္စင်းကလေးတွေမှာ ဒုံး ပြေးခါ လျှောက်တင်ရင်း ဆရာတော်ဘုရားကြီး အနီးကို သော်မျှ ချဉ်းကပ်ရန် မဝံ့နိုင်သော အခက်အခဲများနှင့် ဆုံးစည်းတော်မူနေရှာလေသည်၊

“ဒို့ဗုဒ္ဓဘာသာတွေရှုံးမှဖြင့် ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို ထိခိုက် နစ်နာခံရပေတော့မယ်ဟေ့”ဟူသော စွဲလန်းသော စိတ်တော်က အလွန်ပြင်းပြတော်မူနေ၏။



ထိုမျှထိစွဲလန်းတော်မူသော ဒဏ်ကို ဤမျှလောက် ဟောင်းနွမ်းရင့်ရော်ဆွေးမြေ့နေပြီဖြစ်သော ဆရာတော်ကြီး၏ ခန္ဓာဝန်က ခံနိုင်စွမ်းရည် အားနည်းလှရသောကြောင့် သံဃာတော်ကြီးများမှာအထူးသတိထား လျှောက်ကြားနေကြရသည်၊

ဤအရေး ကိစ္စကြီး အတွက် နှုတ်ပိတ်သန်မာသော ပဥ္စင်းငယ်ကလေးများသော်မျှ မနည်းကြီးအားတင်း ထားကြရသည်ဖြစ်ရာ ဂိုဏ်းချုပ်ဆရာတော်ကြီးအဖို့ကား ဆိုဘွယ်ပင် မရှိသလောက် ဖြစ်ပေ၏။

ရက်ကလည်းနီးနေပြီ၊မဏ္ဍပ်ကြီးကလည်း ဟီးနေပြီ၊သတင်းကလည်းကြီးနေပြီ၊ ထိုကလို နီးလေ၊ ဟီးလေ၊ ကြီးလေတိုင်း ဦးလှောင်မှာ ညှိုး၍သာ ပင့် သက် သော်မှ အနိုင်နိုင် ရှုနေရတော့သည်၊

သတင်းစကားနှင့် ခြေသာရရှိနေသော သူကြီးကတော်က ပြုံးလေလေ သူကြီး ခမြာ နွမ်းလေ သည် က လည်း တမှောင့်၊

ခရစ်ယာန်တို့ဘက်က အားတက်သရောအကုန်သွန်ပြီး မဏ္ဍပ်ကြီးကိုမြှင့်မြှင့်ကြီးဆင်ကြရာ ဖိတ်ဖိတ်တောက်လာသည်နှင့် အမျှ ဗုဒ္ဓဘာသာတို့ဘက စိတ်နောက်ခါ ဒေါင်ချာစိုင်း မတက် ဖြစ်နေကြ၏၊

ဦးလှောင်တို့တသိုက်မှာ အလိုလိုမှ ကျောက်ခဲ-ကျားဝါးမရ သလို ဖြစ်နေရသည်အထည်း ကိုယ်ဘက်က အပြိုင်ကြဲ၍ မဏ္ဍပ်ကြီးကို ဆင်ချင်၊ ပြင်ချင်၊ လှစေ၊ ပ စေချင်ကြသူ လူငယ်တို့က တပုံနှောင့်နေကြ ပြန်သေး၏၊ သို့နှင့်ဦးလှောင်မှာ လိုသမျှရှာရ၊

www.burmeseclassic.com

www.burmeseclassic.com

မွေ့ရာ၊ ဝယ်ရာ၊ ခြိမ်းရာ၊ ထုတ်ရာ၊ ကုန်ခု ကိစ္စအဝဝကလည်း တတန် ဒိ လိုက်သေးသည်။

ကိုယ့်ဘက်က မတော်ယို့ ရှုံးမှဖြင့် လောင်းကြေး ငွေ ငါးဆယ်ဆုံးတာထက် သူကြီးကတော်ဇနီးအလှကို မျက်နှာပင် ဘယ်သို့ပြုရမှန်းမသိနိုင် ဖြစ်ရဦးတော့မည်။ အားထားရာ ဂိုဏ်း ချုပ်ကြီး၏မျက်နှာတော်က မရွှင်ပျမြန်သည့် အတွက် ဘဝင်ကျ အောင် တစိုးရိမ်ရိမ် တကြောင့်ကျကျနှင့်မျှာ"သင့်၍ နေပြန်၏။

ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ မြင်ခြင်းသမျှရုပ်နာမ်ဓမ္မသခ်ါရ တွေကို ဥပေက္ခာ ပြုနိုင်စွမ်းပြီ ဖြစ်သော တရားရင် ရင့်မကြီး ဖြစ်ပါလျက် ယခုဘာသာရေး ယှဉ်ပြိုင်ပွဲ အရေးတွင်မှ စိတ္တဇ ဖြစ်တော်မူရရှာတော့၏။ မယ်တော်၊ ညီအစ်တော်များလုံး ဆုံး ပါး ပျက်စီးကုန်ကြသည်ပင် ဝိပဿနာသဘော ဆင်ခြင်တော်မူ လျက် တထိတ်မျှ မလျော့ခဲ့ရှာ၊ သက်ဆိုင်ရာ အမွေခံ ရေမြေ လယ်ယာ ချောင်းမြောင်းတွေ မှန်သမျှ အကုန် စွန့် လွှတ် ပြီး တွယ်တာမှု ဟူ၍ မြူမျှ မသန်း ခဲ့ဘဲ ဤမျှ နှစ် ပေါင်း များ စွာ လောကဓံကို ကြံ့ကြံ့ ခံနိုင်တော်မူခဲ့သေသမျှ ယခု အိုကြီး အိုတော် မူခါမှ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးပုံ၍ ညွှတ်တွား တော်ရော်ရာ မြတ်ဗုဒ္ဓဘဂဝါ၏ သာသနာတော်ကြီး ညှိုးနွမ်း ခံရမည့် အရေးကြီးတွင်မှ ဥပေက္ခာပြု လျစ်လျူရှုတော်မူခြင်းငှာ မစွမ်းနိုင် ဖြစ်နေတော်မူရှာလေပြီ။

မတော်တဆအကယ်၍များ ထိုပြိုင်ပွဲ၌ မုဒ္ဓဘာသာတို့ဘက်က ရှုံးပါလျှင် ဆရာတော်ကြီးအဖို့ ကုသိန္နာရုံ မလ္လာမင်းတို့၏ အင်ကြင်း ရဂုံ တွင်းဝယ် အင်ကြင်းပင်ပျို့တို့၏ အသယ် ခင်း



ထားအပ်သော ကျောက်ဖျာ ညောင်စောင်းထက်တွင် သုံးပါး လောကမှ မျက်နှာလွှဲတော်မူပြီ ဖြစ်သော ဂေါတမဘုရားရှင်၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြင်ကြရသော ရဟန်းတော် များ အသွင်အမှန်ပင် တောက်လောင် မူဆွေး တော် မူ ရှာပေ တော့မည်။

ထိုအချိန်၌လွန်စွာအရေးကြီးနေပေပြီ၊ ဂိုဏ်းချုပ်ဆရာတော် ကြီးမှ တကြောင့်ကျကျနှင့် နှလုံးတော် မသာ လှ သော ကြောင့် ဆွမ်းတော်မျှမဝင်၊ ကျိမ်းစက်သော်မျှသည်း ပျော်တော်မမူနိုင် အား၊ သန်းခေါင်သန်ခွဲတိုင် မောင်ပဥ္စင်းတွေကိုခေါ်၍ ထိုင် တော်မူလိုထိုင်၊ ထတော်မူလိုထနှင့် သောကတော် ဝဋ္ဋိဘပါးကို ခံစားတော်မူနေရရှာပေပြီ။

ဤမျှသက်တော်ဝါတော် ခေါင်ခေါင်ဖျားဖျားကြီးမားတော် မူခါမှ သို့ကလောက်သောကဗျာပါဒကြီး ဝင်တော်မူရှာရသော ဂိုဏ်းချုပ်ကြီးအတွက် ဂိုဏ်းဝင်သံဃာကြီးအများမှာ လွန်စွာ သတိထား၍ ဖေးမခါသာ သင့်သလို လျှောက်ထားရချေတော့ သည်။ အားရလောက်သော သတင်းစကားကိုမှ ဘယ်ကမျှ ခွန်းတုန့်ပင်မရဖြစ်နေသဖြင့် အချင်းချင်းကြည့်ခါ မှိုင်တွေသာ ချကြရတော့၏။

## ၁၁-အထောက်

ယင်း သို့ကာလိုဖြင့် ကဆုန်လဆန်း ၄-ရက်နေ့သို့ ရောက် လာ၏၊ စာချုပ်ပါ ချိန်းရက်ပွဲကြီး နေ့မှာ ၈-ရက်မျှသာ လို တော့သည်။

www.burmeseclassic.com


www.burmeseclassic.com


ကျောက်ကွင်းရွာ မဏ္ဍပ်ကြီးမှာ ပြီးသလောက် ဖြစ်နေ[illegible]
အခင်းအကျင်း အကာအတားများသော်ကသော ကျန်တော့[illegible]
အမွမ်းအမံပကာသနအတွက် ခရစ်ယံနှင့် မုဒ္ဒာဘာသာ နှစ်ဖ[illegible]
ကျေးရွာအစုတို့က အပြိုင်ကြလျက် နေလေသည်။

ထိုနေ့နံနက် နေထန်းတဖျားခန့်အချိန်တွင် အလိုတော်ရရွာ[illegible]
ဆီသို့ ဝက်ထိးကန်ဘက်မှ လှည်းတစီးခေါင်းလာသည်၊ လှည်[illegible]
မှာ ခြုံကုန်းသံဘည့်ညံ့နှင့် အပေါ်တွင် လှည်းသမားနှင့် ဘုန်[illegible]
ကြီးတပါးသာပါ၏၊ လှည်းသည် အလိုတော်ရရွာလယ်လမ်း[illegible]
ကို ဖြတ်ခါ အရှေ့ တံခါးမှ အလိုတော်ရ ဂိုဏ်းချုပ်ကြီး[illegible]
ကျောင်းဝင်းသို့ တောက်လျှောက် မောင်းဝင်လာသည်၊ လှည်[illegible]
နှင့် ကြွလာသော ကိုယ်တော်မှာ သက်တော် ၃၀-ကျော်ခန့်[illegible]
သာ ရှိသေး၏။ ဒုကုဋ်သင်္ကန်းကို ကေသီပေါ်က လွှမ်းခြ[illegible]
တင်ထားပြီး လွယ်အိတ်ငယ်တလုံးသာပါ၏၊

လှည်းခြုံးသံတည့်ညံ့နှင့်ဝင်လာသောကိုယ်တော်ကို ကျောင်း
နေသံဃာများက ဆီးကြိုပြီး ဂိုဏ်းချုပ်ကြီး ရှေ့တော်မှောက်သို့
ပင့်ဆောင်သွားကြလေသည်။

ထိုအချိန်၌ ဂိုဏ်းချုပ်ကြီးသည် ယာဂုဘုဉ်းပေးပြီးစ အချိန်
သာရှိသေး၏၊ အခါဘိုင်းမှု ဂိုဏ်းချုပ်ကြီးသည် နံနက်ခင်း ကျိုး
မနိုးခင်နိုးတော်မူလေ့ရှိ၏၊ ယခုတလောတွင်မူ ညဦးမှညဥ့်နက်
ထိ၊ နှလုံးတော် မနိုင်တိုင်း မေးမြန်း ညည်းညူတော် မူနေရ
သည်နှင့် ကျိန်းစက်ချိန် နောက်ကျ သလောက် နိုးတော်မူချိန်
နောက်ကျနေသည်ပင် ရက်အတန်ကြာလာပြီ၊



ထို့ကြောင့် အာဂန္တုကိုယ်တော်ကြွလာချိန်တွင်မှ ယာဂု
ဘုဉ်းပေးပြီးချိန်နှင့် တိုက်ဆိုင်နေရခြင်းဖြစ်၏။

အာဂန္တုကိုယ်တော်မှာ အာလံ(ယခုအောင်လံ)မှ မုဒ္ဒသာ
သနာပြု ကျောင်းဆရာတော် အရှင်မဟာနန္ဒ ကိုယ်တော်ဖြစ်
သည်။

အရှင်မဟာနန္ဒနှင့် ဂိုဏ်းချုပ် ဆရာတော်ကြီးတို့မှာ ယခင်
အထက်ကပင် ငယ်ဆရာ တပည့်လိုသိကြပြီးဖြစ်၍ အထူးဆက်
သွယ်နေရန် မလိုပေ၊ ဂိုဏ်းချုပ်ကြီး၏ နားတော် လေးမှုကို
လည်း အရှင်မဟာနန္ဒက သိပြီးဖြစ်၍ လျှောက်ကြားနေကျ ဦး
ပဥ္စင်းကြီးမှတဆင့်–

"အထူး ကိစ္စဟူ၍ မရှိပါ၊ ကျောက်ကွင်းအရေးကိစ္စ ဘယ်
သို့ဘယ်ပုံရှိ၍ ဘယ်မျှထိ ဆောင်ရွက်ထားကြကြောင်းကို သိလို
သဖြင့် ဆရာတော်ဘုရားကြီးထံသို့ လမ်းကြုံသည်နှင့် ကူးလာခဲ့
ကြောင်း၊ ယခုနံနက်မှပင် ဝက်ထိးကန် ကူးလာခြင်းဖြစ်ကြောင်း
မူလ အာလံမှလာရင်းမှာ ဝက်ထိးကန်တွင် ကိစ္စ အနည်းငယ်


www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ ဖြစ်ကြောင်း၊ ယခုဝက်ထီးကန်နှင့် နီးသည်နှင့် ဒီကအကျိုးအကြောင်းသိလိုသေး၍ ဆရာတော်ကြီးထံ ဦးခိုက်ရင်း ကျောက်ကွင်းသို့ ခေတ္တ သွားရောက်ရန် ဖြစ်ကြောင်း'' စသည်တို့ကို လျှောက်ထားလိုက်သည်။

''အိမ်း၊ ဒီကျောက်ကွင်း ကိစ္စက ဒို့ကို မီးမလောင်နေတာတော့ မောင်နန္ဒ ကြားပလားကွဲ့''

''ဘုရားတပည့်တော် ဘာမျှ သေသေချာချာ မသိသေးပါဘုရား-''

''ဒို့ဘက်က အတော်ခက်နေပကွဲ့ မောင်နန္ဒရေ့၊ စာဖြူတွေဘက်က ရောမ ဟာကြီးတွေဆိုဘဲကွဲ့၊ ဟောကြပြောကြမှာတဲ့၊ အဲဒါဒို့ဘက်က အားနဲနေပဟေ့၊ ခုတိုင်းဆိုရင် ဒို့တတွေ အတော်ဒုက္ခ ဖြစ်နေပကော မောင်နန္ဒရဲ့၊ အဲဒါကြိဖန်အားထုတ်အုံးမှ ဖြစ်မယ်ကွဲ့၊ မင်းအခုလို အခါ ရောက်လာတာ ငါဖြင့်အားရှိသလိုဘဲဟေ့…''

''ဘယ်လိုပါလဲဘုရား၊ တပည့်တော်များဆီက ကြားတာတော့ သာယာဝတီ ဦးညေယျ ဆရာတော်ကြီးက ဦးဆောင် ဟောပြောတော်မူမယ်လို့ ကြားပါတယ်ဘုရား၊ ပခုက္ကူမန္တလေးက ဆရာတော်ကြီးတွေလဲ ပါတယ်လို့ ကြားပါတယ်ဘုရား…''

''အဲဒါတွေ တက်တက်စင် ဝေးနေပကောဟေ့ မောင်နန္ဒရေ့၊ ဒီကဒို့ မောင်ပဥ္စင်းတွေ၊ အဲဒါမောင်ညေယျတို့ မန္တလေးတို့ ဆိုတာတွေဆီကို စာတွေပေးကြ၊ ကြေးနန်းတွေရိုက်ကြ လုပ်လိုက်ရတာ အတော်တောင် ပင်ပန်းလှပကောကွဲ့၊ ဒါတွေကြောင့် သူတို့သတင်းတွေ ကြီးနေကြတာဘဲ ထင်ပါရဲ့ကွယ်၊ မောင်ညေယျတို့ ဆိုတာဆီများ ဒို့ကိုယ်တော်ထဲကတောင် သွားငင့်ပါသကွယ်၊ လာတော့မယ်လိုလို မောင်ပဥ္စင်းတွေက ပြောကြတာဘဲရှိရဲ့၊ အခုအချိန် နီးတော့မှ မောင်ညေယျက မသေချာ တော့ဘူးလို့ လျှောက်ကြတာဘဲကွဲ့။ အင်းဒီတော့ ပခုက္ကူတို့ မန္တလေးတို့ ဆိုတဲ့ဆီကိုများ စာတွေပေး၊ ကြေးနန်းတွေရိုက်နဲ့ လုပ်ကြသတဲ့ကွဲ့၊ ဘယ်ကမှ တုတ်တုတ်မှ လှုပ်ဖေါ်တောင် မရဘူးလို့ သိရတာဘဲကွဲ့၊ အဲဒါ အခုရက်ကလဲ နီးနေပကော မောင်နန္ဒရေ့၊ ဘာသတင်းမှလဲ အဲဒီဟာတွေဆီက ကြားရသေးဘူးတဲ့၊ မောင်ပဥ္စင်းများ ပြောကြတယ်ဟဲ့၊ အင်း ငါလဲ တော်တော်ကို အကြံရခက်နေပီလတော့၊ အိုကြီးအိုခါမှ ဆိုတော့ ဘာကိုဘယ်နှယ် လုပ်ရမယ်တောင် မပြောတတ်တော့ပါဘူး မောင်နန္ဒရယ်၊ ဟိုပိုဒီဖိုဟ စာကလေး ပေကလေးများ မှန်ကြားကြရဲ့လားလို့ မေးတော့လဲ မောင်ပဥ္စင်းတွေက မရကြသေးဘူးတဲ့၊ အင်း…ငါလဲ စိတ်ညစ်ညစ်ကြီးဖြစ်နေပီ၊ စောစောကတောင် မောင်ပဥ္စင်းတွေခေါ်ပြီး ဘယ်လိုလုပ်ကြမလဲလို့ မေးမြန်း တိုင်ပင်အုံးမှဘဲလို့ စိတ်ကူးနေတုံး အခု မောင်နန္ဒ ရောက်လာတာဘဲဟေ့၊ သူတို့ရက်ချိန်း လုပ်ထားတာက ၁ချုပ်-ပေချုပ်နဲ့ ၂-ဖက်က လက်မှတ်တွေဘာတွေ ထိုးလို့ ပေါ့ကွယ်…ဟဲ့-မောင်ပဥ္စင်းတို့ အဲဒီစာချုပ်ပေးစမ်း''

ဂိုဏ်းချုပ်ကြီးမှာ လေခရှာက်ကြီး မိန့်တော်မူရင်း ခေတ္တနားလိုက်သေး၏၊ အရှင်မဟာနန္ဒသည် ဆရာတော် ဘုရားကြီး၏ ဝသီတော်ခလေ့ကို နားလည်ပြီး ဖြစ်သည့်အတိုင်း အရှုံးမခံလျှောက်သေးဘဲ ဆရာတော်ဘုရားကြီး ဆက်လက် မိန့်ဆိုဦး

www.burmeseclassic.com



မည့်စကားကိုသာ စောင့်ရင်းထိုင်နေရသည်၊ မကြာလှပါ ဆက်လက် မိန့်တော်မူပြန်ပါသည်။

"မောင်လှောင်ဆိုတဲ့ တောင်ကစသတဲ့ကွဲ့၊ ကျောက်ကွင်း သူကြီးပေါ့၊ အဲ့ မောင်လှောင်နဲ့ သူ့ မယားစာဖြူမက စလိုက်ထား ဟိုစာဖြူရွှေအောင်ပါ မောင်လှောင့် မယား ဘက်က ပါပီး တကတဲကြီးကြီးကျယ်ကျယ်ကြီးကြီးစည်ရာ ငြင်းရင်းခုံရင်း နဲ့ စာချုပ်တွေဘာတွေနဲ့ ပြိုင်မယ်ဟောမယ်နဲ့ ဖြစ်ကြတာပါဘဲ မောင်နန္ဒရယ်၊ ဗုဒ္ဓဘာသာဘက်က မောင်လှောင်က လက်မှတ်ထိုး၊ စာဖြူဘက်က မောင်လှောင့်မယား ကိုယ်စား စာဖြူရွှေအောင်က လက်မှတ်ထိုး။ အဲသက်သေတွေ ဘာတွေနဲ့ စာဖြူတွေရော ဗမာတွေရော အသိအကြား လက်မှတ်တွေ ထိုးလို့ကွဲ့၊"

"ပီးတော့ သူတို့ဟာက လောင်ကြေးစားကြေးတွေလဲ ပါလိုက်သေးသဟေ့၊ တကတဲသူတို့ဟာ သူတို့စာချုပ်ကြီးလုပ်ပြီး အာရယ်ညာရယ် ဟုတ်တော့ပါ့ဘူးကွယ်၊ တခါထဲ ငါ့ဆီ လာထိုးအပ်ကြတော့တာပါဘဲ မောင်နန္ဒရေ့"

"အိမ်း—မောင်နန္ဒ ရောက်လာတာနဲ့ ငါတို့တတွေ အခက်တွေ့နေတုံး အဆင်သင့် တိုးနေတာပေါ့ကွယ်၊ ဒီကိစ္စ ဘယ်လိုလုပ်လို့ ဘယ်သူ့ ရှာပြီး ပြောခိုင်း ဟောခိုင်းရမယ် ဆိုတာလဲ မောင်နန္ဒ ကူညီအုံးမှ ဖြစ်မယ်ဟေ့၊ ရက်ကလဲ မလိုတော့ဘူး မောင်နန္ဒရေ ..."

ဂိုဏ်းချုပ် ဆရာတော် ဘုရားကြီးသည် နား သေး တော်မူ သည့်အတိုင်း ဘယ်သူက ဘယ်သို့ ပြန်လျှောက် နေသည် ဟူ၍

www.burmeseclassic.com



သဲကွဲစွာ ကြားသိနိုင်တော်မူလေ့မရှိ၊ အနီး၌ ဆရာတော်ကြီး နားပေါက်အောင် လျှောက်ထားနေကြ၊ ဦးပဉ္ဇင်းကြီးက အလွန်အော်၍ လျှောက်ထားသည်ကိုသာ ကြားနိုင်တော်မူသည်ဖြစ်ရာ ဆရာတော်ဘုကြီးသည်သာ စိတ်ထဲရှိသလို တောက်လျှောက်ကြီး မိန့်တော်မူလေ့ရှိသဖြင့် လျှောက်တင်လိုပါက ဆရာတော်ကြီး ရပ်နားအောင် အလှည့်စောင့်ပြီးမှ လျှောက်ထားခွင့်ရသေ့ ရှိပေသည်။

ထိုကြောင့်ပင် အချို့ တပည့် တကာများမှာ ဆရာတော် ဘုရားကြီး၏ မိန့်ခွန်းရှေကြီးများကို တ ညောင်း ကြီး ထိုင် ခါ အောင့်အီးနာယူရန် လန့်ကြသဖြင့် တော်တော့ကိစ္စမျိုးဆိုလျှင် ဆရာတော်ဘုရားကြီး နှုတ်တော်မဟခင် ကမ္ဘာကသီ ဝတ်ချသွားလေ့ရှိကြပေသည်။

ဂိုဏ်းချုပ်ကြီးမှာ မိန့်ခွန်းတော်ခမီလျှင် ဤသို့လျှင်သာ ဘတည်းဟု အရှင်မဟာနန္ဒက နားလည်ပြီးဖြစ်၍ မတော်သေး ဘော့သည်။ ယခုလည်း အတော်ကလေး ပြောလိုက် ဆိုလိုက် ရသဖြင့် ဂိုဏ်းချုပ်ကြီးမှာ အနည်းငယ် ရပ်နား သွားတော်မူ သတော့၏။

ထိုအချိန်တွင်မှ အရှင်မဟာနန္ဒ လက်သို့ ဦးပဉ္ဇင်းကလေး ဘ၍ ကပ်သော စာချုပ်ကို ဘတ်ဘို့ အချိန်ရပေသည်၊

ဂိုဏ်းချုပ်ကြီးသည် အရှင်မဟာနန္ဒ စာချုပ်ကို ဘတ်ပြီး နှိတန်လောက်ပြီဟု ယူဆဟန်တူ၏၊

မောင်နန္ဒရေ—အဲဒီ စာချုပ်ပါ အချက်တွေက ဘာသာရေး ပွဲကြီးသဘော ဖြစ်နေတယ် မှတ်လားကွဲ့ - ဒီ့ဆီမလဲ မောင်

www.burmeseclassic.com

www.burmeseclassic.com



လျှောင်တို့က လျှောက်ထားသွားတဲ့အတိုင်း ငါကြည့်ဆောင်ရွက်ရမှာပေါ့ကွယ်လို့ ကတိကလဲပေးထားပြီး ဖြစ်နေသကွဲ့၊ ရက်တလဲ မရှိတော့ဘူး – အဲဒါ ဘယ်လို လုပ်ရမလဲဆိုတာ မောင်နန္ဒ အကြံလေးဘာလေးကူလျှောက်ဆန်းအုံးမှဘဲ မောင်နန္ဒရာ–ကူအုံးမှဘဲကွဲ့။

"တပည့်တော် အခုဒီရောက်မှ ဆရာတော် ဘုရားကြီးရဲ့တာဝန်ဖြစ်နေပြီဆိုတာ သိရပါတယ်၊ အာလံမှာက ဦးညေယျကိုယ်တော်ကြီးတို့ တာဝန်ယူသလိုလို ကြားနေရလို့ တပည့်တော်များ ပေါ့ပေါ့နေမိတာပါ ဘုရား"

ဦးပဥ္စင်းကြီးက တဆင့် ဆော်လျှောက်လိုက်ရ၏။

ဆရာတော်ဘုရားကြီးသည် အရှင်မဟာနန္ဒ လျှောက်ကြားလိုက်သော စကားကို ကြားလိုက်တော်မူသည်နှင့် တပြိုက်နက်ချက်ခြင်းပင် မျက်နှာတော် အံ့အားသင့်ပြီး "မျှော်လင့်ချက်တွေ့ပြီ" ဟူသော အထိမ်းအမှတ်အဖြစ် အားတက်သယောင်ပင်။

"ဟဲ့–မောင်နန္ဒ– ဒီ မောင်ဥတ္တမ ကိစ္စ ငါပြောခဲ့ပကောဟဲ့၊ အခုမင်းပြောသလိုဆိုတော့ မင်းဘဲ အားကိုးရမလို ဖြစ်နေပါပီ မောင်နန္ဒရယ်၊ မင်းကိုယ်တိုင် ဒီပွဲမှာ ဆောင်ရွက်နိုင်မလားဖြစ်ရင်လဲ လုပ်ဆန်းပါအုံး မောင်နန္ဒရယ်"

"တပည့်တော် ဒီ အရေး ကိစ္စ ကြီးအတွက် မနိုင်နင်းပါဘုရား– ဒါပေမဲ့ တပည့်တော်မှာ ဆရာတပါးရှိပါသေးတယ်ဘုရား။"



"ဘယ်နှယ်-ဘယ်လို မင်းဆရာဆိုတဲ့ ကိုယ်တော်က ဘယ်မလဲကွဲ့၊ လုပ်ပါအုံး မောင်နန္ဒရယ်-- ငါအတော် အားရှိလာပဟေ့။ မင်းဆရာက ဒီကိုရက်ချိန်မှီ ပင့်လို့ရမယ်ဆိုရင် ပင့်ပေးပါအုံးကွယ် မောင်နန္ဒ...."

"မှန်လှပါ ဆရာတော်ကြီးဘုရား – တပည့်တော် ဆရာက တောင်တွင်းကြီးမှာပါ အရှင်ဥက္ကဋ္ဌလို့ ခေါ်ပါတယ်"

ဦးပဥ္စင်းကြီးတဆင့် လျှောက်တင်ပြီးလျှင်ပင် ဆရာတော်ကြီးမျက်နှာတော် သိသိသာသာကြီး ကြည်လင် ရွှင်လန်းတော်မူလာလေသည်။

"အဲဒီ မောင်ဥတ္တမကို အမြန်ပင့်ကွယ် မောင်နန္ဒ"

"မှန်ပါ ဒီကိစ္စကို တပည့်တော်တာဝန်ယူပါတယ်၊ ဆရာတော်ကြီးဘုရား"

"ဟဲ့-အဲဒီ မောင်ဥက္ကဋ္ဌ ဆိုတဲ့ မင့်ဆရာက ဗို့ဒီက အခုကိစ္စနဲ့ ဟပ်မိပုံပေါ်ရဲ့ လားဟေ့ မောင်နန္ဒ"

"ပေါ်ပါတယ်ဘုရား၊ ဆရာတော်ကြီးသတိမထားလို့ ဖြစ်ပါတယ်....ရှေးလယ်တီတရားသတင်းစာကြီးမှာလဲ ဘာသာရေးဆောင်းပါးတွေ ရေးခဲ့တဲ့ ပုဂ္ဂိုလ်ပါဘုရား"

"အေး....ဟန်ကျပဟေ့-ပါဠိတော် ဆိုင်ရာတော့ နိုင်နင်းပြီးသားပေါ့"

"ကိုရင်ဘဝကတည်းက ပိဋကတ်တော်ဆိုင်ရာကုန်တယ်လို့ သိရပါတယ်ဘုရား"

"အင်း - အာဂ ကိုယ်တော်ပါကလား– ဘယ် အဆောင်များ ဝင်ဘူးသတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပါဠိဝိသောဓကပါရဂူအရှင် ဖြစ်ပါတယ်ဘုရား"

"စုဒ်တို့ ဘာတို့ကော"

"စုဒ်-စောဒနာ - သောဓနာ ပရိယာယ် အကောက်အယူ ကျွမ်းကျင်ကြောင်း ထင်ရှားပြီး ဖြစ်ပါတယ်ဘုရား"

"ကောင်းလိုက်လေ မောင်နန္ဒရယ်-စာဝါရင့်ရောပေါ့"

"ပရိယတ္တိ-ဝိသာရဒ- ပဋိပတ္တိမာမက- ဂုဏ်များ ပြည့်စုံပြီး ကြောင်းပါဘုရား"

ဂိုဏ်းချုပ် ဆရာတော်ကြီးသည် တဆင့်လျှောက်ထားချက် ကြားပြီးသည်နှင့်စာပြိုင်နက် ရွှေ့သို့လက်ထောက်ရင်း တိုးလိုက် ပြီးနောက်—

"ဟ - မောင်နန္ဒ—မင့်ဆရာ သုတိဂုဏ်မြောက် ပုဂ္ဂိုလ်ပေါ့ လားဟဲ့—အနို့ -စာဖြူစာနီဘာသာဆိုတာတွေကော"

"စာဖြူစာနီဆိုင်ရာကျမ်းတွေကိုနိုင်နင်းတဲ့အပြင် မြာဟ္မဏ သက္ကတ္တုဟိန္ဒီ-အူရဒူ-တွေရော မဟာမေဒင်-ကိုရံကျမ်းကြီးတွေ ကိုပါ တကယ်နိုင်နင်း လေ့လာသုံးသပ် တတ်မြောက်ပြီးသူ အရှင်ဖြစ်ပါတယ်ဘုရား"

တဆင့် လျှောက်ထားရသူ ဦးပဉ္စင်းကြီးပါ မျက်လုံးပြူး မတတ် ဝမ်းသာအားရရှိလှသည်နှင့် ယုတ္တရက်ပင် ဆရာတော် ဘုရားကြီးသို့ မလျှောက်တင်နိုင်ခဲ့သေးဘဲ အတန်ကြာအံ့အားသင့် နေလေသည်။

နောက်မှ တခုံစီနားလည်အောင် ရှင်းလင်းတင်လျှောက်ရ၏၊ ဆရာတော်ဘုရားကြီးမှာ နှစ်သက်တော်မူလှသဖြင့် သွားတော်



များ မရှိတော့ပြီဖြစ်၍ ချွန်းတိတိဖြစ်နေသော မေးစေ့တော်တွဲလွဲ ကျရင်း ပါးစပ်တော်များပင် ပွင့်၍နေရှာတော်မူလေသည်။

"များလှချည်ကလား မောင်နန္ဒရယ်၊ ဝမ်းမြောက်စရာကြီး ပါလားဟဲ့-ဒါတွေက ဘယ်မှာ သင်ခဲ့ကျက်ခဲ့တာတွေတဲ့လဲ"

"အနောက်နိုင်ငံနဲ့ မဇ္ဈိမဒေသတွေမှာ အခတော်ကြာကြာ နေထိုင် သတင်းသုံး သေ့လာခဲ့သူ ဖြစ်ပါတယ်ဘုရား"

"ဘယ်သူ....အဲဒီ....ကိုယ်တော်...."

"အရှင်ဥက္ကဋ္ဌပါတဲ့ဘုရား၊ အခုလဲ တိုးတက်ရေးမဂ္ဂဇင်း ဆိုဒါမှာ ဘာသာရေး ဆောင်းပါးတွေ ရေးနေပါတယ်၊ စာဖြူ တွေနဲ့ အမြိုင်အဆိုင် ရေးနေပါတယ်ဘုရား"

"ဖြစ်မှ ဖြစ်ရလေ မောင်နန္ဒရယ်၊ စောစောကမသိခဲ့ရလေ ကွယ်၊ ဒို့ဦးပဉ္စင်းတွေလဲ ဘာမှ နားလယ်ကြတာ ဟုတ်မယ် မထင်ပါဘူး ဟဲ့ -တတတဲ ကံကောင်းလို့ မောင်နန္ဒ ရောက်လာ ပေလို့၊ ဒီ– မောင်ဥက္ကဋ္ဌ ဆိုတာကို သိရတော့သကွဲ့၊ အဲ– အဲဒီ-မောင် ဥက္ကဋ္ဌဆီ ငါ့မောင်နန္ဒ သွားပြီး အမြန် ပင့်ပါကွယ်၊ ရက်ကပ်နေပကွဲ့၊ ဟဲ့-မောင်ပဉ္စင်းတွေ လာကြစမ်း"

ဆရာတော် ဘုရားကြီးကို နားပေါက်အောင် လျှောက်ထား ရသူ ဦးပဉ္စင်းကြီးမှာဆင့် ကျောင်းရှိသံဃာ ကြီးငယ် မကျန် အားလုံး ထိုသတင်းကို သိကြကုန်သည်။ အရှင်မဟာနန္ဒမှာ အိုယားဖါးယား မေးမြန်း စုံစမ်းကြသမျှကို ဖြေကြားနေရသည် နှင့် ဆွမ်းပင် အခတော် နောက်ကျမှ ပြင်ဆင်နိုင်ကြလေတော့၏။

ရက်ပေါင်းအတန်ကြာ ဆွမ်းခတော်မျှ မျှတအောင် ဝင်တော် မမူဖြစ်နေသော ဂိုဏ်းချုပ်ဆရာတော်ကြီးမှာ ထိုနေ့နံနက်တွင်

www.burmeseclassic.com

www.burmeseclassic.com



မှ မြိန်မြိန်ကြီးဘုဉ်းပေးတော်မူအားနိုင်ရှာတော့၏။ ဆရာတော်ကြီးမှာ လွှန်ခဲ့သော ရက်များက ထိုင်ရာမှ ထ,လိုတော်မူလျှင် တောမှ ဦးဥွင်းတပါးပါးက ဖေးမ ထူပေးရ၏။ ယခု အမှတ်မဲ့ ဆွမ်းပွဲမှ ထ,လိုက်ရာ ကောင်းစွာ ရပ် သွား တော် မူ နိုင် လာ လေသည်။

"ငါဖြင့် အခုမှဘဲ အပူလုံးကြီး ကျသွား ပေတော့သကွဲ့" ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ဆိုတော်မူလေ၏။

နေ့ဆွမ်းကိစ္စပြီးသည်နှင့် တကျောင်းလုံးရှိ ကိုရင်ကလေးက အစ သံဃာ အားလုံး ရွှင်ပြုံး ပျော်မြူးနေကြလေပြီ။ နီးစပ်သော ရွာ ဂိုဏ်းဝင်သံဃာတော်များဆီသို့ အချို့ ကိုယ်တော်လေးများက အပြေးသွား၍ သတင်းကောင်းကို လျှောက်ထားကြကုန်၏။ အချို့ကကျောက်ကွင်းရွာဆီသို့ ပြေး၍ ဦးလှောင်တို့ လူစုကို ခေါင်းဆောင်မည့် မိုလ်ချုပ်တပါး တွေ့ကြပြီဖြစ်ကြောင်း အားရပါးရ ပြောကြားကြကုန်လေသည်။

"တောင်တွင်းကြီးက အရှင် ဥက္ကဋ္ဌ ဆရာတော်" ဟူသော သတင်းသည် ကျောက်ကွင်းနှင့် အလိုတော်ရ နယ် တ ဝိုက် သို့ တမဟုတ်ချင်း ကူးစက် ပျံ့နှံ့ သွားလေတော့ပြီ။

နေ့ခင်းကြီးသာသာ နေပူကြီး ချစ်ချစ်တောက် အချိန်မှာပင် ဘယ်လိုက ဘယ်လို ရောက်၍ လာမှန်း မသိနိုင်သော သံဃာ ရော တကာတွေပါ အလိုတော်ရ ဂိုဏ်းချုပ်ကြီး ကျောင်းသို့ စုဝေးလာကြလေသည်။

အရှင်မဟာနန္ဒ ကိုယ်တော်မှာ မေးကြ၊မြန်းကြသော သံဃာ ရော တကာတွေကို ပြန်လည် ပြောဆိုပြနေရပြန်သည်။



ကလကတ္တားမှ ထုတ်ဝေနေသော မဟာဗောဓိ မဂ္ဂဇင်း၌ အရှင်ဥက္ကဋ္ဌ၏ အင်္ဂလိပ် ဘာသာဖြင့် ရေးသော ဆောင်းပါးများ၌ ဘာသာမျိုးစုံကို ဝေဖန် သုံးသပ်ထားပုံ အသီးသီးကိုလည်း အရှင်မဟာနန္ဒကတဆင့် ဖေါက်သယ်ချနေရ၏။

တလျှောက်လုံး မှိုင်ငေး အားလျော့နေသော အလိုတော်ရ ဂိုဏ်းဝင် သံဃာတော်များမှာ ထိုနေ့ တွင် မှ ရေ တွေ့ သော ကြာပဒုမ္မာ ရှင်လန်းအားရ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြလေတော့သည်။

အရှင်မဟာနန္ဒသည် ဧတန်အားဖြင့် ဝက်ထီးကန်သို့ ကိုယ်ရေး ကိုယ်တာကိစ္စတခုနှင့် ခေတ္တရောက်လာခြင်း ဖြစ်၏၊ ဝက်ထီးကန်သို့ ရောက်မှ ကျောက်ကွင်းက သတင်းသည် အာလံမှာကြားရစဉ်ကထက် ကြီးကျယ်နေကြောင်း သိရ၏။ ဗုဒ္ဓဘာသာဘက်မှ ခေါင်းဆောင် ဟောပြောမည့် ပုဂ္ဂိုလ်မှာ မရေမရာ ဖြစ်နေသည်ဟု ပက်ထီးကန် သံဃာများထံမှ တစွန်းတစကြားရသည်တွင် ပို၍ရှင်းလင်းစွာသိရန် အရင်ကလည်းအကျွမ်းတဝင် ဆရာတပည့် ဖြစ်ခဲ့ဘူးသော ဂိုဏ်းချုပ်ကြီးထံသို့ အကဲခတ်ရန် ကြွလာခဲ့ခြင်းဖြစ်သည်။

အရှင် မဟာနန္ဒ ဂိုဏ်းချုပ်ကြီးထံ ယနေ့ ရောက်လာမှသာ ဤကျောက်ကွင်း အရေးတော်ပုံတွင် ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် တာဝန်ယူထားနေရကြောင်း သိရခြင်းဖြစ်လေသည်၊ ဝက်ထီးကန်မှ ကြားသိခဲ့ရသော သတင်း အရပင် အရှင်မဟာနန္ဒသည် ဤအရေး၌ တောင်တွင်းဆတော် အရှင်ဥက္ကဋ္ဌသည်သာ အသင့်အလျော်ဆုံး ဖြစ်မည်ဟု ယူဆခဲ့မိပြီးလည်းဖြစ်၏၊ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းချုပ်ကြီးက အကုအညီ မိန့်ဆိုသည်နှင့် တပြိုင်နက် ဆရာတော် အရှင်ဥက္ကဋ္ဌ အကြောင်းကို လျှောက်ထားလိုက်ခြင်း ဖြစ်ပေသည်။ မူလက အာလံမှကြားထားသောသတင်းမှာကျောက်ကွင်းအရေးတော်ပုံ၌ အလိုတော်ရဂိုဏ်းမှတာဝန်ယူနေရသည်ဟု မကြားမိခြင်းကြောင့် ပေါ့ပေါ့ပင်သဘောထားမိခဲ့လေသည်။ ယခုအလိုတော်ရသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိကြားသိရမှသာ အဖြစ်မှန်အခြေအနေအချက်ကို သိရခြင်းဖြစ်နေလေသည်။

ထိုကဆုန်လဆန်း ၄-ရက်နေ့ တနေ့လုံး အရှင်မဟာနန္ဒမှာ မေးသမျှ၊ မြန်းသမျှ၊ ဖြေရ၊ ဧဟာမပြောရ၊ လျှောက်ရနှင့်သာ အချိန်ကုန်သွားတော့၏။ ဂိုဏ်းချုပ်ကြီးနှင့်တကွ အလိုတော်ရ သံဃာတော်များလည်း ဆရာတော်အရှင်ဥက္ကဋ္ဌ၏ အကြောင်းကို မေးလေ၊ သိရလေ ဖြစ်လာကြသည့်အတွက် လွန်စွာနှစ်ထောင်းအားရ ရှိနေတော်မူကြလေသည်။

အရှင်မဟာနန္ဒကိုယ်တော်သည် ထိုနေ့ညစာချုပ်ပါ အချက်အလက်အားလုံးကို အပြည့်အစုံကူးယူပြီး အခြားကျောင်း၊ထိုင် ဆရာတော်များနှင့် တိုင်ပင်ရင်း အနားယူလိုက်ရ၏။

ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးမှာ ယခင်ရက်များက နှလုံးမကြည်သာ၍ ကျိန်းစက်တော်မမူနိုင်ရှာ။ ယခုအရှင်မဟာနန္ဒ ရောက်လာသောအခါတွင်လည်း စိတ်ချအားရလောက်အောင်သော အရှင်တပါး ပေါ်ပေါက်လာပြီ ဖြစ်၍ ဝမ်းမြောက်နှစ်ခြိုက်ရွှင်ပျတော်မူနေပြန်သဖြင့် ကျိန်းအားကော်မမူနိုင်။ တမေးဘည်းမေး၊ တပြောတည်းသာ ပြောဆို မိန့်မှာ တော်မူ နေပြန်ခလေသည်။



ဂိုဏ်းချုပ်ကြီး၏ မိန့်ခွန်းတော် ဒလစပ်ကို မပြတ်အောင်နာယူရသည်မှာ ညဉ့်နက်သည်တိုင်ဖြစ်နေ၏။ အတော် ညဉ့်နက်လွန်းမှ နံနက် စောစော တောင်တွင်းကြီးသို့ ခရီး ထွက်ရမည့်အကြောင်း လျှောက်ထားမှသာ အရှင်မဟာနန္ဒမှာ ဆရာတော်ကြီးအနားမှ ခွါနိုင်ပေတော့၏။

## ၁၂—အပင့်

ထိုနေ့နံနက်စော၌ ဂိုဏ်းချုပ်ကြီးအား ဝတ်ဖြေ နှုတ်ဆက်သည်၊ ဆရာတော် အရှင်ဥက္ကဋ္ဌကို မည်သည့်နေ့ ပင့်ဆောင်လာမည်ဟု အတိအကျ ရက်ချိန်းကြိုတင်မလျှောက်ထားနိုင်ဖြစ်နေ၍၊ အလိုတော်ရ ကိုယ်တော်များက အရှင် ဥက္ကဋ္ဌ ကြွလာသောအခါ သိုက်သိုက်ဝန်းဝန်း ကြိုဆို ပင့်ဆောင် လိုကြသည်။ အရှင် မဟာနန္ဒက ကဆုန်လဆန်း ၁၂-ရက်နေ့ ပွဲကြီးရက်အမှီ ကြိုတင်ရောက်အောင်သာ ပင့်ဆောင်ခဲ့ပါမည်၊ ကြိုလိုကြပါက ရက် ကိုကြိုတင်ပြီး လျှောက်ထားနိုင်ရန် ဆောင်ရွက်ပါမည်ဟု သာ လျှောက်ခဲ့ပြီး အလိုတော်ရမှ လှည်းတစီးနှင့် ထွက်ခွာခဲ့သည်။

ထိုနေ့သည် ကဆုန်လဆန်း ၅-ရက်နေ့ဖြစ်၏၊ အရှင်မဟာနန္ဒ၏ ရည်ရွယ်ချက်မှာ ဆရာတော် အရှင် ဥက္ကဋ္ဌရှိရာ တောင်တွင်းကြီးသို့ အလျင်သွားပြီး ဆရာတော်အား စာချုပ်မိတ္တူကို ဆက်ကပ်ရင်း အကြောင်းစုံကို လျှောက် ထား မည် ဟု မှန်း ထား၏။

အလွန်အရေးကြီး ကိစ္စမျိုးသာ မရှိပါက ဆရာတော် အရှင်

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌသည် ဤပွဲမျိုးသို့ ကျေကျေနပ်နပ်ကြီး ကြွရောက်မည့် ဆရာတော်ဖြစ်ကြောင်းကို အရှင်မဟာနန္ဒက သိပြီးဖြစ်၏၊ သို့ရာတွင် ဆရာတော် အရှင်ဥက္ကဋ္ဌသည် အခြားမြို့ရွာများမှ ပင့်ဆောင်ရာသို့ တခါတရံ ကြွရောက်သွားတတ်သည်ဖြစ်ရာ မတော်တဆ အဆင်သင့် မတွေ့ချေသော်....ဆိုသော သဘောဖြင့် အလိုတော်ရ ဂိုဏ်းချုပ် ဆရာတော်ကြီးအား ရက်ချိန်း အတိအကျ မလျှောက်နိုင်အားဘဲ အလျင်အမြန် ထွက်ခွါခဲ့ခြင်းဖြစ်၏။

တောင်တွင်းကြီး၌ ဆရာတော်ကို အဆင်သင့်မတွေ့ရပါက ဆရာတော်ကြွသွားသော မြို့ရွာအထိ သတင်း ထောက်လှမ်းပြီး မတွေ့မချင်း လိုက်လံ ပင့်ဆောင်ရန်အထိ သန္နိဋ္ဌာန် ချထားပြီးဖြစ်သည်။

စာချုပ်ပါချိန်းရက်မှာ ကဆုန်လဆန်း ၁၅-ရက်ဖြစ်နေသည်၊ ယခု အရှင်မဟာနန္ဒ ထွက်လာသောနေ့မှာ ကဆုန်လဆန်း ၅-ရက်နေ့ နံနက်စောစောဖြစ်၏၊ ထို့ကြောင့် ကြားတွင် ၇-ရက်သာရှိ၏။ ၇-ရက် ဆိုသော်လည်း ပွဲကြီးနေ့ဖြစ်သော လဆန်း ၁၂-ရက်နေ့ကို ဖယ်လိုက်ပါက သွားလာ ရှာဖွေ ပင့်ဆောင် ရမည့်ရက်အဖြစ် ကြား ၆-ရက်သာကျန်တော့၏။

ထို့ကြောင့် ထိုနေ့ညနေ တောင်တွင်းကြီးသို့ အရောက်သွားမှ ဖြစ်မည်ဖြစ်၏၊ ဆရာတော် အရှင်ဥက္ကဋ္ဌအား တောင်တွင်းကြီးတွင် အရံသင့်တွေ့မည်-မတွေ့မည်မှာ အရှင်မဟာနန္ဒအဖို့ အလွန် အရေးကြီး နေလေသည်၊ မတော်တဆ ဆရာတော်ကို အသင့်မတွေ့ရက ဆရာတော် ရောက်နေရာသို့ တဆင့် လိုက်လံရမည့်ရက်မှာ သိပ်မကျန်ဖြစ်နေသည်။



များသောအားဖြင့် ဆရာတော် အရှင်ဥက္ကဋ္ဌသည် ရန်ကုန်သို့သာ အကြွများ၏၊ သို့ရာတွင် တခါတရံ တောင်ငူ-မန္တလေး ရွှေဘို-စသောမြို့များသို့ ကြွရောက်တတ်သေးကြောင်း ကိုလည်း အရှင်မဟာနန္ဒ သိထားပြီးဖြစ်သည်၊ အကယ်၍ ထိုထို တမြို့မြို့သို့ ရောက်ရှိနေပါက ဘောက်လျှောက်သွား တောက် လျှောက်ပြန်သည်ပင်ဆိုဦး၊ ကဆုန်လွှန်း ၁၀-ရက် ၁၁-ရက်ထက်စောပြီး မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ၊ မည်သို့ဆိုစေ ပွဲကြီးရက်အမှီကိုမူ ပင့်ဆောင်နိုင်ရန် ရှိသည်ဟုအားခဲပြီး အရှင်မဟာနန္ဒ ထွက်လာခဲ့ခြင်းဖြစ်သည်။

ဆရာတော် အရှင်ဥက္ကဋ္ဌ အဖို့ကား ဘာသာရေး ကိစ္စ ယှဉ်ပြိုင် ဟောပြောပွဲမျိုးဆိုလျှင် ဤမျှကြီးကျယ်လှသော ပွဲကြီးမျိုးကို မဆိုထားဘိ၊ နှစ်ဦးတည်း ဆွေးနွေးရမည့် ကိစ္စတလေးမျိုးကိုပင် ဖြစ်စေတာမူ အခါမရွေး၊ နေရာမရွေး၊ ပုဂ္ဂိုလ်ကြီးငယ်ဆိုကြုံနိမ့်မြင့်၊ ဆင်းရဲချမ်းသာမရွေး၊ ကြွရောက်ဆွေးနွေးဟောပြောမည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကို အရှင်မဟာနန္ဒ သိထားပြီးဖြစ်သည်၊ ယခုလည်း ဘောင်တွင်းကြီး၌ ဆရာတော်ကိုမတွေ့ရဖြစ်စေဦး၊ ကြွသွားသော အရပ်တွင် အဆင်သင့်သာ တွေ့ရပါက အရှင်မဟာနန္ဒအဖို့ ကိစ္စပြီးမည်မှာ အမှန်ဖြစ်ကြောင်း တထစ်ချ နားလည်ထားပြီး ဖြစ်သည်။

ထို့ကြောင့်သည်း အလိုတော်ရ ဂိုဏ်းချုပ်ကြီးသို့ ရက်ချိန်း ကန့်သတ် မလျှောက် နိုင်သည်သာရှိမည်း ပွဲကြီးနေ့ အမီရောက်အောင် ပင့်ဆောင်ခဲ့ပါမည်ဟု လျှောက်ထားခဲ့ဝံ့ခြင်းဖြစ်၏၊ အခုန်လည်း ဘာသာရေး ကိစ္စ၌ ဆရာတော် အရှင် ဥက္ကဋ္ဌမှာ

www.burmeseclassic.com

www.burmeseclassic.com



အလွန်လွယ်သောဆရာတော်ဖြစ်သည်။ဟန်မလုပ်-ဟိတ်မထုတ် ပတာသန အဆောင်အယောင်ဟူ၍ ဝေလာဝေး။ ဘုရားခွင့်ပြု သော သက်နီးတစုံမှတပါး ဗလီတောင်တာ-တိုးလို့ တွဲလဲစသော အပိုအဆာပစ္စည်းမျိုး အစုံတချာမျှ ယူဆောင်သော ဆရာတော် မဟုတ်ပေ၊ဆယ်သိန်းမက၍ဆယ်ကုဋေတန်ပစ္စည်းဖြစ်ပလေစေ၊ တွယ်တာမှုဟူ၍ မြူမျှမရှိ၊ "သွားပဟေ့" ဆိုလျှင်နောက်လှည့် ကြည့်တတ်သောအကျင့် ဤဆရာတော်အရှင်ဥတ္တမမှာ လုံးဝမရှိ ဖြစ်သည်။ ကျန်ခဲ့သမျှ ဦးရာသူကယူလျှင်ယူ၊ မယူလျှင်လည်း ရောက်ရာ နေရာ၌ ပစ္စယလက္ခတ် ထားပစ်ခဲ့လေ့ ရှိသည်သာ များ၏ ဤအကြောင်းတွေကို အရှင်မဟာနန္ဒက အကုန်သိထား ပြီးဖြစ်သည်။

ထို့ကြောင့် ဆရာတော် အရှင်ဥတ္တမကို အချိန်မီတနေရာရာ ၌ တွေ့ရရန်သာ အရှင်မဟာနန္ဒမှာ အရေးကြီးခြင်း ဖြစ်သည် တွေ့လျှင် တိစ္ဆပြီးမည်လည်း ကောန်ဖြစ်သည်။

ဆရာတော် အရှင်ဥတ္တမကို တောင်တွင်းကြီးတွင် အဆင်သင့် တွေ့ရပါမှကား အရှင်မဟာနန္ဒအတွက် အကောင်းဆုံးဖြစ်၏၊ အကြောင်းမူကား အရံသင့်တွေ့ရလျှင် ဆရာတော်ကို အကျိုး အကြောင်း လျှောက်ထားပြီး ရက်ချိန်းသတ်မှတ်ခါ အလိုတော် ရ ဂိုဏ်းချုပ်ကြီးထံသို့ အချိန်မီပြန်ပြီး ကြိုတင် ပြင်ဆင်နိုင်ခွင့်ရ မည်ဟု အရှင်မဟာနန္ဒ တွက်ကိန်းချထားသောကြောင့် ဖြစ်လေ သည်။


ဤသို့ဖြင့် အရှင် မဟာနန္ဒသည် ထိုနံနက် ၉-နာရီ ခန့်တွင် ဝက်ထီးကန် ဝက်မြေဘောကျောင်းသို့ နံနက်ဆွမ်းချိန် ရောက်



ရှိသွားလေ၏၊ ဆွမ်းစားပြီးလျှင် ထိုကျောင်းနေ သံဃာများ၏ မေးမြန်း စုံစမ်းချက် တို့ကို အစုံ အလင် ဖြေကြားမနေ အားဘဲ ပြည်မြို့သွားပြီး မီးရထားဘတ်စကားနှင့် တီတွတ်သို့ထွက်ခဲ့ပြန်သည်၊ တီတွတ်မှတဆင့် ပြည်မြို့မှ ထွက်လာသော ကားကို စောင့်ကြိုစီး ပြီး တောင်တွင်းကြီးဘက်သို့ လိုက်ခဲ့ပြန်သည်၊ အာလံ၌ ကား ခေတ္တဆိုက်နားချိန်တွင် မိမိသတင်းသုံးရာကျောင်းသို့ပင် မဝင် တော့ဘဲ တောင်တွင်းကြီးသို့ တောက်လျှောက် လိုက်ခဲ့တော့ လေ၏။

အရှင်မဟာနန္ဒမှာ တောင်တွင်းကြီးတွင် ဆရာတော် အရှင် ဥတ္တမအား အရံသင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဘို့ရန်သာ စိတ် စောနေရှာသည်။

အာလံ(အောင်လံ)မှ တောင်တွင်းကြီး ဘက်သို့ ကူးသော လမ်းမှာ အလွန် အကွေ့ အကောက် အတက် အဆင်းများပြီး ကုန်းကျောကြီးများ တလျှောက် မောင်းနှင်သွားရသည် ဖြစ်ရာ ရှုခင်း တလျှောက်သည် ရှမ်းပြည်က ကားလမ်း၏ ရှုခင်းများ နှင့် ခပ်ဆင်ဆင်ရှိသည်။



ဘတ်စကားကြီးသည် လူတွေအပြေ့ ပြွတ်သိပ်လျက် ထို လမ်းကြီးတလျှောက်ကွေ့ကောက်ဒုန်းစိုင်းပြေးလွှားပြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီး ကားဆိပ်ရှိရာ မြို့တွင်း လမ်းမကြီး ဘေးတနေရာ
သက်ပြင်းချရင်း ထိုးရပ်လိုက်လေ၏။ အချိန်မှာ နေစော
၃-နာရီခန့်ရှိလေပြီ၊

အရပ်ရပ်မှ ကားတကားလာ၍ရပ်လိုက်တိုင်း ဝိုင်းအုံနေ
မြင်းလှည်းခတွေက ရှုပ်ရှက် ခတ် နေ ၏။ ထိုမြင်းလှည်းခတွေ
မနည်းလွတ်အောင် ရှောင်တိမ်းပြီး နောက်ဆုံးဘက် လမ်းဘေး
တနေရာ၌ လူမျှော်နေသော မြင်းလှည်းတစီးပေါ်သို့ တက်လို
ရပြန်သည်၊

ခတ်မြန်မြန် မောင်းပေးရန် ပြောသောအခါ မြင်းလှ
ဆရာက တပါးတည်း ဆိုလျှင် စီးလုံးခပေးမှ ပို့နိုင်မည်၊
မဟုတ်က လူစောင့်ဦးမည်ဟု အရေးထဲ ဈေးကိုင်နေလိုက်
သေး၏၊

"စီးလုံးခယူ"ဟု ဆိုမှ မြင်းလှည်းစုတ် ခနော်ခနဲ့ကလေး
သည် ပိန်လှနာနာဆိတ်သာသာမျှရှိသော မြင်းပုလချာကလေးဆွဲ
သို့ ပါလေတော့၏၊

ကားဆိပ်မှ ဆရာတော်အရှင်ဥက္ကဋ္ဌရှိရာကျောင်းသို့ မိုင်ဝ
သာသာမျှဝေး၏။ ထိုအချိန်က ဆရာတော်မှာ နတ်မီတော
မထွက်သေးပေ၊ မြို့တွင်းကျောင်းကြီးမှာပင် သတင်းသုံးနေ
အခါဖြစ်သည်၊

မြင်း လှည်း ဆ ရာ အား အရှင် မဟာနန္ဒက ဆ ရာ တေ
ကျောင်းတွင် ရှိ၊ မရှိ စုံစမ်းကြည့်ရာ—

"ဘယ်မှတော့ ကြွတယ်လို့ မကြားဘူးဘုရား၊ ရှိပါ
မယ်"



အရှင်မဟာနန္ဒ အဖို့ စိတ်အတန် သွေ့သွားပေပြီ၊ သို့ရာတွင် တွေ့မှသာ ယုံရမည်ဖြစ်၍ မြင်းလှည်းကို ခတ်မြန်မြန် မောင်းပေးရန် ပြောရ၏။

တချောက်ချောက် မြည်နေသော လှည်း အို က လေး ကို တခွီးခွီး ဖောင်းဂေါ ထနေသော မြင်း ပိန် နာ ကလေးသည် ဟိုလမ်းကွေ့ သည်လမ်းချိုး စသည်ဖြင့် ဖြတ်သန်း ဆွဲယူသွားပြီး ဆရာတော် သတင်းသုံးရာ ကျောင်းကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ခဲ့ချေပြီ။

ကျောင်း မ ကြီး မှာ ဟီးနေအောင် ကြီးပါ၏၊ သို့ရာတွင် ကျောင်းပိတ်ချိန်နှင့်ရာသီဖြစ်လျက် အထူးသင်တန်းများ ဖွင့်ထားသည့် အတိုင်း အခန်း တိုင်းမှာ ကျောင်းသားတွေ သင်တန်းတက်ချိန်ဖြစ်နေသည်ကို တွေ့ရ၏။

ဆရာတော်သည် ကျောင်းကြီးပေါ်၌ မနေပေ၊ ကျောင်းကြီး၏ အနောက်မြောက်ထောင့် မကျီးပင်အုပ်အစပ်၌ ဆောက်ထားသော ကျောင်းဆောင်ငယ် တခု၏ အပေါ်ထပ်တွင် နေလေ့ရှိ၏။

မြင်းလှည်းသည် ထိုကျောင်း ဆောင်ငယ် ၏ ရှေ့ အ ဝင်ပေါက်၌ ထိုး၍ရပ်လိုက်လေသည်၊

ကျောင်းသားကြီးတယောက် ထွက်လာသည်နှင့် ဆရာတော် ရှိ၊ မရှိ မေးကြည့်ရာ ရှိကြောင်း လျှောက်တင်သံကြားရသည်နှင့်မှ အရှင်မဟာနန္ဒမှာ အလုံးကြီးကျ၍ စိတ်ဒုံးဒုံးချလိုက်ပေတော့သည်၊

ပြည်မြို့အနီး တီတွတ်စခန်းမှ တောင်တွင်းကြီး အနောက်လမ်းလုံး လူတွေ အပြည့်နှင့် မလှည်းသာ၊ မမောင်းသာ

www.burmeseclassic.com

www.burmeseclassic.com



တညောင်းကြီး ကားစီး၍လာခဲ့ရသော အရှင်မဟာနန္ဒမှာ ကုဋီကိုသော်မျှ သွားရန် သတိမထားနိုင်အားရှာဘဲ ကျောင်းပေါ်သို့သာ ခတ်သော့သော့ တက်၍ လာခဲ့၏။

အရှေ့ဘက်အခန်းကျယ်ကြီးတွင် ဆရာတော်အရှင်ဥက္ကဋ္ဌကို အခန့်သင့်သင့်ကြီးထိုင်လျက်သား တွေ့မြင်ရပါလေပြီ။

# ၁၃-အကြား၊

ဆရာတော်သည် ပက်လက်ထိုင်မှေ့ပေါ်၌ စေတသီ ဖရိုဖရဲနှင့် ခြေသလုံး ၂-ဖက်လိမ်ချိုးရင်း ငုတ်တုတ် ထိုင်လျက် ခြေရင်းတွင်ရှိ တကာကြီးတဦးနှင့် စကားပြောနေသည်။

တကာကြီးမှာ သပ်ယပ်ခန့်ငြားသော အသွင်ရှိလှ၍ ကော်ကိုင်းမျက်မှန်၊ ကတုံးဆံတောက်၊ အပေါ်အင်္ကျီသက္ကလပ်အပါးစား၊ အနက်ကောက် လုံချည်တို့နှင့် အသား ဖြူဖြူ ဝဝ ဖြစ်သည်၊ သွင်ပြင်လက္ခဏာအရ ဝိသေသရှိသော လူကြီးလူကောင်းတဦးဦးထဲက ဖြစ်ပေလိမ့်မည်၊

ဆရာတော်သည် အနီးသို့လာ၍ ဝတ်ဖြေလိုက်သော အရှင်မဟာနန္ဒကို တချက်မျှသာ ပြုံး၍ ကြည့်လိုက်ပြီးနောက် ခြေရင်းတွင် မဆစ်ငူးကျုံ့ခဲနေသူ တကာကြီးအားသာ စကားပြောမြဲ ပြောနေသေး၏၊

ဆရာတော်၏ ဖေသေ့ စရိုက်မှာ အရှင် မဟာနန္ဒ အတွက် မ ထူး ဆန်း သ လို ဆရာတော် အရှင် ဥက္ကဋ္ဌကလည်း အရှင် မဟာနန္ဒကိုမဆန်းပေ၊ လာ ချင် သော အ ခါ ရောက်လာတတ်



ပြီး ပြန်ချင်သောအခါ ပြန်သွားနေကျ အပေါင်းအသင်းတပည့်ကြီးတဦးအဖြစ် အသိအမှတ် ပြုပြီးသားဖြစ်၏။

ဆရာတော်၏ အရှေ့ဘက်စားပွဲပေါ်၌ စာအုပ်ပုံကြီးရှိ၏၊ ထိုစာအုပ်ပုံခြားအ၌ စားပွဲတင်နာရီကလေးသည် ၃-နာရီခွဲကာနီးအချိန်ကိုပြနေ၏၊ ယွန်းတိမ်းစနေ့ဝန်းသည် မကျီးပင်များကိုဖြတ်ခါ စောင်းရှေသော နေရောင်များဖြင့်ထိုးလျက် အိုက်စပ်စပ် အပူရှိန်ဟပ်နေသည်၊

"ဒီလိုရှိတယ်တကာကြီး တကာကြီးတို့က စိတ်စေတသိက်ရုပ်နိဗ္ဗာန် ဆိုဘာကို ပရမတ္ထတရား ၄-ပါးဖြစ်တယ် ဆိုပြီး အသေခွဲထားတာကိုး တကာကြီးရ၊ ဒီတော့ စိတ်စေတသိက်ရုပ်ဆိုတဲ့ တရားသုံးခုကို နိဗ္ဗာန်ဆိုတဲ့တရားနဲ့ တတွဲထဲ ပြထားလိုက်တဲ့ ပရမတ်တရား ဟုတ်သလား မဟုတ်ဘူးလားဆိုဒါ ပထမစဉ်းစားဘို့လိုတယ်"

"ပရမတ္ထ တရားဆိုတော့ မဖောက်မပြန်တဲ့ တရားစုဘဲလို့ ယူပါတယ် ဆရာတော်ဘုရား၊ ဒီတော့ မဖောက်မပြန်တဲ့ တရားထဲမှာပါနေတဲ့ စိတ်စေတသိက် ဆိုတာတွေကို အရှိတရားလို့ဘဲ တပည့်တော်များ နားလည်ထားပါတယ်ဆရာတော်"

"အဲဒါ အခက်ဆုံးဖြစ်နေတာဘဲ တကာကြီး၊ နိဗ္ဗာန်တရားတာ ဧကန် အရှိတရားဘဲ တကယ်လဲ မဖောက်မပြန် ခိုင်မြဲတဲ့တရားအမှန်ဘဲဆိုတာ တကာကြီး သဘောတူတယ်နော်"

"မှန်ပါ၊ တူပါတယ်ဆရာတော် နိဗ္ဗာနဓါတ် ဆိုတာတော့ တန်ချုပ်ငြိမ်းနေတဲ့ တရားမို့ ဖောက်ပြန်စရာ မရှိတော့ပါဘူးဘုရား"

www.burmeseclassic.com



"အဲဟုတ်ပီ၊ အဲဒီ မဖေါက်မပြန်တော့ဘဲ ချုပ်ငြိမ်း နေတဲ့ နိဗ္ဗာန်ဆိုတာနဲ့ ဒီမှကြာခဏ ဖေါက်ပြန် တတ်တဲ့ စိတ်–စေတသိက်–ရုပ်ဆိုတဲ့ တရား ၃–ခုဟာ တတွဲထဲ ရှိတိုက်သလား မရှိတိုက်ဘူးလား အဲဒီအချက် သဘောပေါက်ရင် တကာကြီးနားလည်မှာဘဲ"

"တပည့်တော်ကတော့ ပရမတ္ထတရား ၄–ပါးထဲမှာ တတွဲထဲပါတဲ့ စိတ်–စေတသိက်–ရုပ်ဆိုတဲ့ ၃–ပါးကိုလဲ ပရမတ္ထတရားတွေဘဲလို့ ယူရတော့မှာဘဲ ဆရာတော်"

"မဟုတ် သေးပါဘူး တကာကြီးရယ်၊ ဒီစိတ် စေတသိက် ရုပ်ဆိုတဲ့ တရား ၃–ခုကို နိဗ္ဗာန်ဆိုတဲ့ တရားနဲ့ အတူတူ တွဲလွှတ်လိုက်တဲ့ စာကိုကမှားနေတာ တကာကြီးရဲ့၊ ဒါကိုအဟုတ်ကြီးမှတ်နေရင်တော့ လောကကြီးမှာ စိတ်ရော စေတသိက်ရော အရှိတရားတွေချည်း ဖြစ်ရတော့မှာပေါ့"

"ဘယ်လိုစာက မှားနေတာလဲဘုရား၊ ဒါတော့ တပည့်တော် မသိ ဖြစ်နေပါတယ်ဆရာတော်"

"တကာကြီးဥစ္စာက နလွန်းနိမ့်လွန်းနေတယ်၊ စာကိုစွဲထားလွန်းတယ်၊ စာကိုစွဲထားတိုင်း ကိုယ်တိုင်သိ ကိုယ်တိုင်မြင် တရားလို့ ဘယ်နှယ်လုပ်ဖြစ်တော့မလဲ တကာကြီးရဲ့၊ တရားဆိုတာ စာအုပ်ထဲက စာကို ခေါ်တာမဟုတ်ဘူး တကာကြီးရဲ့ ကိုယ်ပိုင် ကိုယ်သိ ကိုယ်မြင် ဖြစ်လာမှ တရားအမှန် ဖြစ်တာမျိုး"

"အနို့ စိတ်တို့၊ စေတသိက်တို့၊ ရုပ်တို့ဆိုတာ မရှိဘူးလား ဆရာတော်"



"မရှိဘူး တကာကြီး၊ ဦးပဥ္စင်း ဆိုလိုတာက နဂိုရကရှိတဲ့ တရားတွေလို့ မဆိုလိုဘူး၊ အခိုက်သော်ဖြစ်ဖြစ်လာပြီး ပျက်ပျက်သွားတဲ့ တရားတွေလို့တော့ ဆိုလိုပါတယ်"

"အဲဒါတွေမရှိဘူး ဖြစ်ဖြစ်လာတယ်ဆိုတာကို တပည့်တော် နားမလည်သေးဘူးဘုရား"

"အဲဒါကြောင့် တကာကြီးဟာ နုနေသေးတယ်လို့ ဦးပဥ္စင်းပြောတာဘဲ၊ ဖြစ်ပြီးပျက်သွားတတ်တဲ့ သဘာဝဟာ ရှိတဲ့ တရားမျိုး ဟုတ်နိုင်ပါ့မလား တကာကြီးရဲ့"

"နားကိုမရှင်းသေးပါ ဆရာတော်"

"ကဲ–ကောင်းပြီ၊ တကာကြီးမှာ စိတ်၊ စေတသိက်တွေဟာ အရှိတရားလို့ စွဲထားတယ်နော်"

"မှန်ပါ"

"တကာကြီးမှာ စိတ်ရှိတယ်နော်၊ တကယ် တကာကြီးမှာ စိတ်ဟာ မဖေါက်မပြန်ဘဲ ရှိနေတယ်ပေါ့ ဒီလိုမှတ်လား?"

"ရှိပေမဲ့ ဖေါက်တော့ ဖေါက်ပြန်တယ်ဘုရား"

"အေးပါလေ ထားပါအုံး၊ ဖေါက်ပြန်တယ်ဆိုတဲ့ စိတ်ဟာ ရှိတော့ရှိနေတဲ့တရားလို့ ဒီလိုယူမယ် ဆိုပါတော့"

"မှန်ပါ၊ အရှိသဘောတော့ အမှန်ပါဘဲဘုရား"

"အဲ–ဟုတ်ပီ၊ ကဲ–ဒီလိုစိတ်ဟာ အရှိတရားတခုဆိုရင် ဘယ်အချိန်ဖြစ်ဖြစ် ရှိနေရမယ် မှတ်လား"

"မှန်ပါ..."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ–ထားဦးတကာကြီး၊ မေ့ဆေးများ အပေးခံခဲ့ဘူးရဲ့လား၊ မခံဘူးရင် မေ့ဆေးပေးပြီး မိုက်တွေ ဘာတွေ ခွဲစိတ်ကုသရတဲ့လူများ တွေ့ဘူးရဲ့လား၊ အဲဒီလူတွေမှာလဲ တကာကြီးပြောသလို စိတ်ရှိမယ်ဆိုရင် ဒီစိတ်က နာတယ်ကျင်တယ်ဆိုတာ သိရမယ်၊ အခုမသိလို့သာ ခံနိုင်ခဲ့တာမဟုတ်လား။ မသိရင်စိတ်က ဘယ်ရောက်နေသလဲ၊ ရှိနေရင် ရှိနေလို့ သူသိရမယ် မဟုတ်လား တကာကြီးရဲ့"

"ခံစားတတ်တဲ့ ဝေဒနာသာ ပျောက်နေတာမို့ပါ၊ စိတ်တော့ရှိလို့သာ သတိရတော့ ပြန်ပေါ်လာတာပေါ့ ဘုရား"

"လုပ်ပြန်ပြီတကာကြီးက ကဲ–အိပ်ပျော်နေတဲ့ လူတယောက်ကို ဒါးနဲ့ခုတ်ရင် ဖြစ်တယ်၊ သူ့စိတ်က သိနေရင် ထပြေးသို့မကောင်းဘူးလား၊ အဲဒါက သေသေ ချာချာ စဉ်းစားအုံးလေ"၊

"နံနံတော့ သဘောပေါက်လာပါပြီ၊ ဆရာတော် စိတ်ဟာ နဂိုရှိမဟုတ် နောက်မှ ဖြစ်ဖြစ်လာတဲ့ တရားဆိုတာ ဟုတ်ဟန်တော့ရှိတယ်လို့ အခုတပည့်တော် စဉ်းစားမိလာပါတယ် ဆရာတော်"

"ကဲ–ဒါဖြင့် နံနံနီးလာပါပြီ၊ စိတ်ဆိုတာ ဖြစ်ဖြစ်လာတတ်တဲ့ တရားဆိုတာသိရင် စေတသိက်လဲ အတူတူပေါ့"

"အနို့ ရုပ်တော့ကော ဘုရား"

"ဟာ–ရုပ်ဆိုတာက ဥပါဒါန် သဘောတခုကို မှီဖြစ်တာဘဲ၊ ဒါပေမဲ့ သေတယ်ဆိုတဲ့ အဆုံးကိစ္စရှိလို့ မမြဲကြောင်းထင်



ရှားပြီးဖြစ်လို့ မပြောတော့ဘူး။ တဘဝထဲမှာကိုဘဲ ငယ်ရာကကြီးလာပြီး အိုမင်း ရင့်ကျက်တွ ကုန်းကွဘာတွေလဲ အကြမ်းစားသိသာလွန်းလို့ထားအုံး၊ အခုခဏလေးမှာဘဲ ရုပ်ပေါင်းဘယ်လောက်ပျက်လို့ ဘယ်လောက်ဖြစ်တယ်။ နောက်ဘယ်လောက်ပြန်ပျက် သွားတယ်ဆိုတဲ့ လှစ်လှစ်လှစ်လှစ်နဲ့ ဖြစ်ပျက်နေတာကို တကာကြီးသိရင် ဘာရှိနေတာလဲဆိုတာ တကာကြီး သဘောပေါက် လောက်ကရောပေါ့"

"အမိန့်ရှိပါအုံး ဆရာတော်"

"မဟာဘူတဓါတ်ကြီး ၄–ပါး မျက်လှည့်ပြပွဲကြီးသာရှိနေတာကို တကာကြီးတွေမှာပါဘဲ မဟုတ်လား"

"ဒီလိုမမြဲတဲ့ သဘော၊ ဖေါက်ပြန်တတ်တဲ့ သဘောတော့ တပည့်တော် သိပါတယ်ဆရာတော်၊ စိတ်မရှိရင် ဒီလောကမှာ ဘာမဆို ကြံစည် တွေးတောမှုတွေ ရှေ့က ပြေးရတာကြောင့် နောက်က ရုပ်–ဝတ္ထု–ပစ္စည်းတွေ လိုက်ပေါ်ပေါက်ရတဲ့ သဘောကကောဘုရား"

"တကာကြီးဥစ္စာ လယ်ထွက်လာပြန်ပြီ၊ တကာကြီးမိုက်ထဲက သည်းခြေနဲ့ ဦးနှောက်ဟာဘာလဲ ရုပ်ဝတ္ထုလား၊ စိတ်လား၊ စိတ်ဆိုရင် အဲဒါခွဲထုတ်လိုက်ရင် ဘာနဲ့ ကြံစည် တွေးတောမှုတွေ ဖြစ်အုံးမှာလဲ"

"အဲဒါကတော့ ရုပ်ပဲဘုရား"

"အေး–ရုပ်ကိုမှီပြီးမှ စိတ်ဆိုသာ ဖြစ်ဖြစ်လာဘာမျိုး၊ အမြင်တရား သက်သက်ဘဲ နဂိုအရှိထဲကလို့ ဆိုချင်သေးသလား၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ—ပြီးတော့ တကာကြီး မျက်စေ့တို့၊ လျှာတို့ဆိုတာတွေကော စိတ်တွေဆိုရင် အဲဒီမျက်စေ့တွေ ကန်းသွားမယ်၊ လျှာတွေပြတ်သွားမယ် ဆိုရင်ကော စိတ်ဆိုတာ ဘာကို အခြေခံပြီး ဖေါ်ရမလဲ''

''စဉ်းစားစရာတော့ ကောင်းတာဘဲဆရာတော်''

''တကာကြီးက သိပ်နုနေသေးတယ်၊ ခန္ဓာကိုယ်ကြီးဟာကိုက ရုပ်တရားအစုကြီးဘဲ၊ ဘုရားက ခန္ဓာ ၅-ပါးကိုသာ အမိကထားပြီး ဒီသံသရာမှာ ကျင်လည်ရပုံကို အတိအကျရှင်းပြသွားခဲ့တယ်၊ ဒီခန္ဓာ ၅-ပါး ချုပ်ငြိမ်းသွားအောင်လုပ်တတ်ရင်၊ လုပ်နည်း သဘောပေါက်ရင် ဒီဘဝမှာဘဲ ငြိမ်းအေးမှုလုပ်ငန်းပြီးတာဘဲ၊ သံသရာလဲ ပြတ်သွားပြီ တကာကြီးရဲ့''

''ဘယ်လိုပါလဲ ဆရာတော်''

''ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ခန္ဓာ ၅-ပါး ရှိတယ်ဆိုဘာ မဟောဘူးလား၊ အနတ္တလက္ခဏာသုတ်မှာ ဘုရားက လက္ခဏာရေး သုံးပါးနဲ့ ပြထားတာ မတွေ့ဘူးလား တကာကြီး။ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောပေါ့။ အဲဒီခန္ဓာ ၅-ပါးကို လက္ခဏာရေးသုံးပါးနဲ့ ထုန့်ချေ့ဖျက်ဆီးပစ်လိုက်တာနဲ့ တပြိုင်နက် နိဗ္ဗာနဓါတ်ကြီး ဝင်းကနဲပေါ်လာတာဘဲလို့ အထင်အရှားဟောထားတဲ့ တရားတော်ဟာ ဘုရားဟောမဟုတ်ပါဘူး၊ မဟုတ်ပါဘူးလို့ ဘယ်သူငြင်းဝံ့သေးသလဲ တကာကြီးရဲ့။ ဒီအထဲမှာ စိတ်ဆိုတာ ဝိညာဉ်ကို ဘာသာပြန်ထားကြတယ်။ ဒါလဲ တိတိကျကျခေါ်ဘို့ မလွယ်လှဘူး၊ အခုနက ဦးပဥ္စင်းပြော



သလို မေ့ဆေးပေးသွားတဲ့လူ၊ အလွန်အကျွံမူးပြီး အိပ်ပျော်နေတဲ့လူတွေမှာ ဝိညာဉ်ဆိုတဲ့ နာမ်ခန္ဓာ မရှိလို့မှ မဟုတ်ဘဲ စိတ်ဆိုတဲ့ အသိတရားဟာ ဝိညာဉ် ရှိရက်သားက ပျောက်နေတတ်တဲ့ တရားမျိုးဆိုတော့ နဂိုရှိမဟုတ်ဘူး၊ အာရုံနဲ့ အာရုံ မ္ဗဏကိုစွ တိုက်ဆုမိမှပေါ်တာမျိုး''

ခန္ဓာငါးပါး အပြည့်အစုံ ရှိလျက်သားနဲ့ ပျောက်အောင် လုပ်ထားတော့ ပျောက်သွားတဲ့ သဘောမျိုးဆိုတာ ထင်ရှားနေတယ်တကာကြီးရဲ့ စဉ်းစားလေ၊ မေ့ဆေးပြေတဲ့အခါ အိပ်ယာက နိုးတဲ့အခါ ပြန်ပြီးမှတ်မိ သတိရလို့ ပြန်ပေါ်လာတာတွေဟာလဲ ဦးနှောက် မပျက်သေးလို့သာဖြစ်တာဘဲ၊ ဦးနှောက်ထဲက အကြောလေးတစု အလုပ်လုပ်ဖို့ နေရာက ရပ်သွားရင် အဲဒါတခါထဲ အကုန်လုံး တလွဲတွေ ဖြစ်ပြီး ရူးရင်လဲ ရူးမယ်၊ ကယောင်ကတန်း တွေရင်လဲ ဖြစ်ရတော့မယ် မှတ်လား။ ဒါကြောင့် စိတ်စိတ်နဲ့ တစိတ်ထဲစိတ်နေကြတာ အင်္ဂါစုံအောင် မတွေးကြ မစဉ်းစားကြဘဲ စာအုပ်ထဲက ရေးထားလို့ဆိုပြီး အခိုင်အမာ လုပ်ယူထားတော့ ခုတကာကြီးလို နဂုတ်လက်ကိုင်ဇွတ်ရောအတင်းရော စိတ်ကြီးက တခါထဲရှိနေတော့ ခက်မကုန်ဘူးလား၊ အနတ္တမဟုတ်ဘူး အတ္တကြီးဖြစ်နေပြီ''

''မှန်ပါ သဘောပေါက်ပါပြီ ဆရာတော်၊ အနို့စာတွေဟာ မှားတာတွေလဲ ရှိကယ်လို့ ယူရမှာဘဲဘုရာ့''

''အဲလ စာတိုင်းမှန်တာချည့် ထင်မနေပါနဲ့ပေါ့၊ ဘုရားက စာနဲ့ရေးပစ်ခဲ့တာမှ မဟုတ်ဘဲ၊ သဘောကိုသာ ဟောခဲ့တာ တကာကြီးရဲ့၊ အဲဒါဘုရားရဲ့ ဆိုလိုရင်း-သဘောကို လူ

www.burmeseclassic.com

www.burmeseclassic.com

တွေက စာတွေနဲ့ ရှောက်ပြီး အနက်ဖြန့်ကြတော့ ဟုတ်တာလဲ ပါရဲ့၊ မဟုတ်တာလဲပါရဲ့၊ စိတ်ကူးတဲ့ရာ ရှောက်ရေးချင်တာ ရေးပစ်ကြတာတွေလဲ ပါကုန်တာပေါ့။ ဒီလိုနဲ့ဘဲ စိတ်—စေတသိက်—ရုပ်—နိဗ္ဗာန်ဆိုတာတွေ ဖြစ်နေကြတာဘဲ၊ ဒီဖေါက်ပြန်တတ်တဲ့ တရားဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတတ်တဲ့ တရားစုနဲ့ နိဗ္ဗာန်နဲ့ ရောပြီး ပရမတ္ထတရားလို့ ဆိုတဲ့ စာတော့ ဘယ်လိုမှ ဦးပဥ္စင်းတို့ စဉ်းစားလို့ မရဘူးတကာကြီး' နိဗ္ဗာန် ဆိုတာက မဖေါက်မပြန် ကေန် တည်ငြိမ် ချုပ်ငြိမ်းနေတဲ့ တရားအစစ်ကြီး ကလား တကာကြီး၊ စဉ်းစားကြည့် ဖယောင်းလိုပုံ အမျိုးမျိုး ခဏခဏကျပြီး ပျောင်းလို့ရတဲ့ ပစ္စည်းနဲ့ စိန်လိုမာတဲ့ပစ္စည်း နဲ့ ရောပြီးအားလုံး အတူတူချည်းဆိုလို့ ဖြစ်ပါ့မလား တကာကြီး''

''အနို့—ဘယ်လို ယူမလဲ ဆရာတော် နိဗ္ဗာန်ကို ဆိုက်အောင်''

''နိဗ္ဗာန်ကိုဆိုက်တဲ့ သဘောမှန် အစဉ်ရှိတာကတော့—

ခန္ဓာ ၅-ပါး၊

အတွင်းအာယတန ၆-ပါး၊

အပ အာယတန ၆-ပါး (ပေါင်း အာယတန ၁၂-ပါး)

ဓါတ် ၁၈-ပါး

သစ္စာ ၄-ပါးဆိုတဲ့ ခန္ဓာ,အာယတန,ဓါတ်,သစ္စာဆိုတဲ့အဆက် ၄-ဆက်ရှိတဲ့ တရားစုကိုလေ့လာရင် နိဗ္ဗာန်ကိုရောက်တဲ့ လမ်းမှာ အတဲ့ဆုံး အဖြောင့်ဆုံးဘဲ တကာကြီး။



တခြားလမ်းတွေကတော့ ကွေ့လယ်ချောင်ပတ်ဖြစ်ပြီး မျက်စေ့လည် သွားမယ် ဘုံဘဝ အမျိုးမျိုး ဆိုတဲ့ ဗြာဟ္မဏဝေဒ လမ်းစဉ်ထဲလဲ ချော်ထွက် သွားတတ်တာတွေ ပြည့်လို့ဘဲ တကာကြီး''

ဘုရားနဲ့ ဘုံဘဝ အမျိုးမျိုးကို ညွှန်တဲ့တရားတွေနဲ့ တဲ့တာ မဟုတ်ဘူး။ ဒါမျိုးလဲ သတိထားအုံး။ အဲဒီဘုံစဉ်စံတရားတွေက သံသရာလယ်နေတဲ့ ဝဋ်ထဲက တရားတွေဘဲ၊ ပဋိစ္စ သမုပ္ပါဒ်နယ်ထဲက လွတ်တဲ့လမ်းစဉ်မှတ်ဘူး''

''ဟင်—ဒီလိုဆို ဆရာတော်တို့ ဇ တွေဘဲ ဆု တောင်း ဆုပေး၊ ရေစက်ချ အမျိုးမျိုး ရွတ်ဆို ပေးနေကြတာ ၊ တော့ ကော ဘုရား''

''အေးလေ ဘယ်သူတွေ ဘယ်လို ရွတ်တာ ဖတ်တာဆိုတာမျိုးတွေက ဦးပဥ္စင်းနဲ့ မဆိုင်ပါဘူး တကာကြီး။ ငယ်ငယ်တုံးကတော့ ဦးပဥ္စင်းလဲ ကင်းတော့မကင်းခဲ့ပါဘူး ဝန်ခံပါတယ်၊ ဒါပေမဲ့ အခုဘုရားဆိုလိုတဲ့သဘောကို နားလယ်လာတဲ့အချိန်ကစပြီး ဦးပဥ္စင်းတခါမှ လူတွေရဲ့ အကြိုက်ကို တောတာပြောတာတွေ မလုပ်တာကြာပါပြီ။ မှန်တယ် ဟုတ်တယ်ဆိုတဲ့ သဘောကိုမူတည်ပြီး ဘုရားလက်ညှိုး ညွှန်တော်မူထားတဲ့ လမ်းစဉ်အတိုင်းဘဲ ဦးပဥ္စင်းဟောပြောနေတာပါဘဲ တကာကြီး''

''အနို့ သီလယူတဲ့ လူတွေလာတော့ ဘယ်လိုလုပ်ပါသလဲ ဘုရား၊ ဆုမပေးတော့ဘူးလား ဆရာတော်''

''ဦးပဥ္စင်းရဲ့ တရားကို နားလည်ထားတဲ့ လူတွေ ကတော့ ဒိုရင်းလောက် ပဏာမ ခံလိုက်ကြတာပါဘဲ၊ နားမ [illegible]ကြ

www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့ လူ့ဘဝတွေကျဘော့လဲ သူတို့ရထားကြတဲ့အတိုင်း ဆိုကြ ရှုတ်ကြတာပေါ့လေ"

"ဩကာသကိုလား ဘုရား"

"ဟုတ်ပါတယ်၊ ဒီဩကာသက ဗမာဗုဒ္ဓဘာသာ လောကထဲကို ဘယ်လိုက ဘယ်လိုရောက်သာသလဲ မသိပါဘူး၊ အစဉ်အလာကြီးတခု ဖြစ်နေတာတော့ ကြာပါပြီ။ အဲဒီဩကာသဆိုတဲ့ ပဏာမ စကားတွေထဲမှာကိုက ဘာတွေပါလာသလဲ ဆိုတော့ ဩကာသ ၃-ခါ ရှုတ်လိုက်ပြီး ကာယကမ်-ဝစီကမ်-မနောကမ် တည်းဟူသော ကံသုံးပါးတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းငှာ ဘုရားတပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား-တဲ့။ အဲဒီနောက်တော့ ဤသို့ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ရသော ပဏာမကုသိုလ်တမ် စေတနာတို့ကြောင့် အပါယ် ၄-ပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ၅-ပါး၊ ဗျသနတရား ၅-ပါးဆိုတာတွေက လွတ်ချင်ကျွတ်ချင်တာတွေ ရှောက်ရှုတ်တော့တာဘဲ အဲနောက်တော့မှ အဆုံးစွန်သောဘဝ၌ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရလွယ်ရောက်လွယ်တဲ့ သူတော်ကောင်းသူမြတ်လောင်းဖြစ်ရပါလို၏ဘုရားလို့ ဆိုနေကြတာတွေ တကာကြီး သေသေချာချာ စဉ်းစားကြည့်စမ်း—"

ဒီအထဲမှာဆိုထားတဲ့ နောက်ပိုင်း ဆုတောင်းအပုဒ်ကို ထားပါအုံး၊ ပထမဩကာသရဲ့ နောက်ကရှုတ်ကြတဲ့ ဒီကာယကမ်-ဝစီကမ်-မနောကမ် တည်းဟူသော ကမ် ၃-ပါးတို့တွင် တပါး



ပါးဖြင့်ကမ်ဖြင့် ပြစ်မှားမိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းငှာ ဘုရားတပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော်....တဲ့ တကာကြီးရဲ့-

"မှန်ပါ၊ အဲဒါဘာဖြစ်သလဲ ဆရာတော်"

"အဲဒီမှာ သူလုပ်ချင်တာတွေ အကုန်ရှောက်လုပ်ခဲ့သမျှ အပြစ်တွေကို ဒီကမ် ၃-ပါးစလုံးနဲ့ ဘဲဖြစ်ဖြစ်၊ ကမ်တပါးပါးနဲ့ ဘဲဖြစ်ဖြစ် လုပ်ခဲ့တဲ့ အပြစ်မျိုးတွေကို ပျောက်ပါစေခြင်းငှာ ရှိခိုးပူဇော် ဖူးမျှော်မှန်လျှော့ ကန်တော့ပါ၏လို့ ဆိုထားတော့ လုပ်ထားမိခဲ့တဲ့ အပြစ်တွေကို ဒီလိုဦးသုံးကြိမ်ချပြီး ကန်တော့လိုက်ရင် ကိစ္စပြီးကရောလို့ ထင်မှားနေစရာ ဖြစ်မနေတော့ဘူးလား တကာကြီးရဲ့"

"မဟုတ်ဘူးလား ဆရာတော်"

"ဘယ်ကလာပြီး လုပ်ချင်တာ လုပ်ထားတဲ့ အပြစ်တွေကို ဦး ၃-ကြိမ်ချပြီးကန်တော့ရုံနဲ့ ပျောက်သွားကြစတန်းဘဲလို့ ယုံကြည်ကြရင် ဘယ်ဟုတ်ဘော့မလဲ တကာကြီးရဲ့၊ ဒါပေမဲ့ ဒီဩကာသဆိုတဲ့ ပဏာမရှုတ်စဉ်မှာ ဒါတွေပါနေတော့ ဦးပဉ္ဇင်းတို့က စဉ်းစားကြည့်တယ်၊ အင်းဒို့ဗုဒ္ဓဘာသာကလဲ ထာဝရဝါဒီလို အပြစ်ရှိသမျှ ဘုရားရှေ့သွားပြီး ဝန်ခံလိုက်ရင် ခွင့်လွှတ်လိုက်တတ်တဲ့ သဘောရှိသကိုး၊ ဒီလိုဆိုရင် ဘာကောင်းမှုကုသိုလ်ဆိုတဲ့ တရားတွေအားထုတ်စရာ လိုသေးတော့လဲ၊ လုပ်ချင်ရာရှောက်လုပ်၊ မကောင်းတာ ကောင်းတာ ဘာဘဲဖြစ်ဖြစ် အချိန်တန် ဘုရားသွားကန်တော့လိုက်ရင် ကျေတာမျိုးဘဲဥစ္စာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာခက်ထာ လိုက်လို့ဘဲလို့ ယင်စရာ ဖြစ်မနေတော့ဘူးလား တကာကြီး''

''ဘုန်းကြီးကို ကန်တော့တော့ကော ဆရာတော်''

''ဘုန်းကြီးလဲ ဘုရားရဲ့ ကိုယ်စားလှယ်သဘော ဖြစ်နေတာ ပေါ့လေ'' အပြစ်ရှိသမျှ ခွင့်လွှတ်ပေးနိုင်တဲ့ စွမ်းရည်သတ္တိမျိုး ဆိုတာ ဦးပဥ္စင်းတို့ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မှာ တော့ မရှိဘူး တကာကြီး၊ ထာဝရ ဘုရားများကတော့ တာဝန်ယူ တယ်လို့ဆိုတယ်၊ ဒီတော့ အဲဒီဩကာသရွတ်စဉ်ထဲက စကား တွေဟာ ဗုဒ္ဓဘာသာနဲ့ ဘယ်လိုစပ်ဆက်လို့ရသလဲ ဆိုတာကို ပထမစဉ်းစားရင် ဩကာသ ပဏာမ ဆုတောင်း ရွတ်စဉ်ကို ဦးပဥ္စင်းတို့ အများကြီး မသက်ဘူး တကာကြီး။

''ဟာ-ဆရာတော်ဆီ လာဆွေးနွေးရတာ အကုန်လုံး က မောက်ကမနဲ့ ငကျ ကုန်ပါပြီ''

''အေးလေ—ဒီလို ငကျ ကုန်တာက ဦးပဥ္စင်းလား၊ တကာ ကြီးတို့လား၊ ဘယ်လိုကြောင့် ဘယ်သူငကျသလဲဆိုတာ ပြောမှ ပေါ့ တကာကြီးရ''

''တယ်ခက်ပါကလား ဆရာတော်၊ တပည့်တော်လဲမရှောက် တတ်ဘူးဘုရာ့''

ဤတွင် တကာကြီးမှာ ခြေကိုပြင်၍ ခွေထိုင်လိုက်ရင်း မျက် နှာက ချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်၏၊ ထို့နောက် မသက်မသာ သက်ပြင်းထုတ်လိုက်ပြန်သည်၊ အရှင်မဟာနန္ဒမှာ လည်း ဆရာတော်နှင့် တကာကြီး အချီအချ ဟောပြောနေကြ



သော စကားများ၌ စိတ်ဝင်စားနေသည်နှင့် လာရင်း ကိစ္စပင် ခေတ္တမျှ မေ့လေသည်။

''အဲသလို မလျှောက်တတ် ထာကိုက မဟုတ်သေး ပါဘူး တကာကြီးရာ၊ ဦးပဥ္စင်းတို့ ပြောတာက ဗုဒ္ဓဘုရားရှင်ရဲ့ အာ ဘောဂနှင့်အညီ ကိုယ့်အပြစ်ကိုယ်ခံ၊ ဘယ်သူမှ မကယ်နိုင်ဘူး ဆိုတဲ့ တရားမှန်အတိုင်းဘဲတကာကြီးရဲ့။ အဲဒါက ကိုယ်ကောင်း ချင်ရင် ကိုယ့်ဟာကိုယ် အားထုတ်၊ ဘယ်လို အားထုတ်ရမလဲ ဆိုရင် တဏှာဖြစ်စေတတ်တဲ့ ဥပါဒါန်အစွဲတွေပျောက်၊ ဥပါ ဒါန်အစွဲတွေပျောက်ရင် သမ္မာဒိဋ္ဌိဖြစ်လာမယ်၊ သမ္မာဒိဋ္ဌိဖြစ်လာ ရင် ရှေ့မှာရှိတဲ့ မဂ္ဂင်လမ်းစဉ်ကို တွေ့မယ်၊ မဂ္ဂင် လမ်းစဉ်ကို တွေ့ရင် သစ္စာကိုဆိုက်အောင် ကြိုးစားအားထုတ်၊ သစ္စာဆိုက် ရင် မဂ်-ဖိုလ်ဆိုတာတွေကို အလိုလို ကူးသွား တော့မယ်ဆိုတဲ့ ဘုရားရဲ့ လမ်းစဉ်အမှန်အတိုင်းပါဘဲ တကာကြီး''

''ဒီတရားက လုပ်ငန်းစဉ် တရားတွေဘဲ ဆိုတာတော့ တ ပည့်တော် ရိပ်စားမိပါတယ် ဆရာတော်၊ အခုတင်က ဩကာသ ကို ဆရာတော် ရှင်းပြသလိုဆိုရင် ဗုဒ္ဓဘာသာနဲ့ စပ်မရဘူးဆို တော့ ဘယ်လိုမှ စပ်ရမလဲဆရာတော်၊ အဲဒါအမိန့်ရှိအုံးမှဘဲ ဘုရာ့''

''အေးလေ ဆိုနေကျပဏာမ ဆိုတော့ ချင်ကြအုံးမယ်ပ၊ ဆိုရင်လဲ အဲဒီအပြစ်တွေ ခွင့်လွှတ်ဖို့စကားတွေ မထဲ့ဘဲ ကန် တော့ကြောင်းလောက် ပဏာမခံလိုက်ရင် ဖြစ်နိုင်ပါတယ်၊ ဦး ပဥ္စင်းတို့ ဒီက တကာ-တကာမတွေလဲ ဩကာသ မဖြုတ်ချင် ကြဘူး ဆိုတာနဲ့ ကန်တော့ကြောင်းလောက် ပဏာမခံရုံဆို သွားကြတော့တာပါဘဲ၊

S-6

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဆရာတော်"

ဒါက လွယ်လဲလွယ်ပါတယ်၊ ဗုဒ္ဓဘာသာစစ်စစ်မှုနဲ့လဲ အံ ဝင်ပါတယ်၊ "ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီ ကံ၊ မနောကံ-တည်းဟူသော ဤကံ ၃-ပါးတို့ဖြင့် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာတော်မြတ် ၃- ပါးတို့အား တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားဟ ပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန် တော့ပါ၏ အရှင်ဘုရား" လို့ဆိုရင် ပြီးကြတာပါဘဲ၊ အဲနော ထပ်ဆုတောင်းပုံင်းလဲ မဆက်ကြတော့ပါဘူး။ ပဉ္စာမဆုံးတာ နဲ့ တပြိုင်နက် တခါထဲဆက်ပြီး အဟံဘန္တေ ကျတော့ ကိုယ် တဲ့ သီလအမျိုးမျိုးကို တောင်းပေါ့၊ ငါးပါးဖြစ်ရင် သဟာ သီလံ၊ ၈-ပါးဆိုရင် ဥပေါသထသီလံ-စသည် ပေါ့လေ၊ ဒ ပါဘဲ။

"ဒီထက်ကောင်းတဲ့ အစီအစဉ်များကော ရှိနိုင်သေးသလား ဘုရား"

"အမှန် ကတော့ တကာကြီးရေ၊ နမောတဿ-စဆို ဘဲ၊ အဲဒါအကောင်းဆုံးဘဲ တကာကြီးရဲ့ ဒါပေမဲ့ လူတွေ အကျင့်ပါနေတော့ အဲဒီနမောတဿရဲ့ ဒီဘက်က အရင်ဆို တဲ့ စကားတွေကို စွဲနေကြသေးတယ်၊ ဒါကလဲ ဘယ်လက်ထ က ဘယ်သူတွေ၊ ရှေ့ပိုင်းကို ပဉ္စာမတွေ၊ နိဒါန်းတွေ၊ ဥယျော ဇဥ်တွေနဲ့ ခံထားပြခဲ့တယ် မသိပါဘူး တကာကြီးရယ်"

"အော်-ဒီလိုလားဆရာတော်"

"အားလေ သီလယူတယ်ဆိုဒါ အရေးအကြီးဆုံးက ၅-ပါး ဖြစ်ရင် ၅-ပါးကို ၈-ပါးဆိုရင် ၈-ပါးကို သိက္ခာပဒံ သမာ



ယာမိ-ကြရုံ ကိစ္စဘဲမှတ်လား တကာကြီးရဲ့၊ အဲဒီ သိက္ခာပဒံ သမာဒိယာမိ ယူထားတဲ့ကာဘိကို အာမဘန္တေ လုပ်ထားလိုက်ရင် သီလဖြစ်ထာပါဘဲ"

"အနို့ ဆရာတော်ဘို့က ဆုတွေ ဘာတွေကော မပေးဘူး လားဘုရား"

"ဟာဒါကတော့ သူတောင်းတဲ့ ဆုတွေဘာတွေကို ပေးဘို့ နေနေသာသာ ကျုပ်ဟာ ကျုပ်တောင် မနဲ့အားထုတ်ရတုံး ရှိ သေးတာကလား တကာကြီးရ"

တကာကြီးရော အနီးရှိ အရှင်မဟာနန္ဒပါ ရယ်ကြ၏။

"ဒီတော့ အခုဆရာတော်အမိန့်ရှိတဲ့အတိုင်းဆိုရင် တမလွန် ကောင်းကျိုးဆိုးကျိုးတွေကို မယုံရတော့ဘူးလို့ဖြစ်မနေပါလား ဆရာတော်"

"အဲဒီ တမလွန်တွေကို လက်ညှိုးထိုးထားတဲ့ တရားမျိုးက ဘုရားဂေါတမ ဗုဒ္ဓမပွင့်ခင်ကရှိတဲ့ တရားတွေချည်းဘဲ၊ ဂေါ တမဗုဒ္ဓ ဘုရားလောင်းဟာ ဘုရား မဖြစ်ခင် သိဒ္ဓတ္ထ မင်းသား ဘဝမှာ အဲဒီဘုံစဉ်စံ တမလွန်တရားတွေကို မကျေနပ်လို့ စွန့် ပယ်တော်လှန်ပြီး ဘုရားအဖြစ်ရောက်အောင် တရားစစ်ကို ရှာ ခဲ့တယ် တကာကြီးရဲ့၊ ဒါကြောင့် အဲဒီတမလွန်တရားစုနဲ့ ဦး ပဉ္စင်းတို့ ဗုဒ္ဓဘာသာနဲ့ တဲ့တာမဟုတ်ဘူး၊ ဘုရား မကြိုက်လို့ စွန့်ထားတဲ့တရားစုကို ဘုရားက ပြန်လည်လက်ခံထားသယောင် ယောင် စာပေတွေ ရှိနေတာလဲ တအံ့မသက်ာစရာဘဲ တကာ ကြီးရေ"

"ဘယ်နှယ်ကြောင့်လဲ ဆရာတော်"

"ဟာ-ဘယ်နှယ်ကြောင့် 'စရာ' မလိုတော့ပါဘူး တကာ

www.burmeseclassic.com

www.burmeseclassic.com

ကြီး၊ ဘုံစဉ်စံ တမလွန်တရားတွေ အတိုင်းဖြစ်တယ်၊ ဟုတ်တယ်လို့ ထင်ရှားတဲ့ အထောက်အထားမရှိဘူးတကာကြီး၊ စာတွေ တဆိုတာဘဲရှိတယ်။ ကဲ–အဲဒီဘုံစဉ်ဘလျှောက်တာ ၃၁-ဘုံကြီးကို ဗြာဟ္မဏဝေဒတို့ တရားအတိုင်းဖြစ်တယ်လို့ ယုံနေတဲ့ဥပါဒါန် အစွဲရှိရင် ဗုဒ္ဓဂေါတမဘုရား မပွင့်ခင်က လက်အတိုင်း ဗြာဟ္မဏဝေဒအယူတွေ ဖြန့်ပွားအောင်းဆုံးဘဲ၊ ဗုဒ္ဓဘာသာယောင်ဆောင်ပြီး ဗြာဟ္မဏဝေဒ လမ်းကို လိုက်နေကြတာတော့ မကောင်းဘူး ထင်တယ်”

“မရှင်းသေးပါ ဆရာတော်၊ အနုတ္တပည့်တော် ဆရာတော်ဆီလာမှ အဆန်းတွေချည့် ကြားနေရတာဘဲဘုရာ”

“တကာကြီးက နဲနဲနုလွန်း နေသေးတယ်၊ ကင်ဒါကာဒင် အတန်းသားကို ကောလိပ်ကျောင်း သင်တန်းထဲပို့တော့ ဘာမှနားမလည်ဘဲ အဆန်းချည်းဖြစ်နေသလို နေမှာပေါ့”

ဆရာတော်ပြောရင်လဲ ခံရမှာဘဲဘုရား၊ တပည့်တော်ကတော့ သေသေချာချာ သိချင် နားလယ်ချင်တာ နဲ့ ဆရာတော်ဆီလာတာပါဘဲဘုရား”

“နားလယ်ချင်ရင် ဒီလိုရှိတယ် တကာကြီး၊ ဗုဒ္ဓဘုရားရှင်ဟာ ရှိပြီးသား ဗြာဟ္မဏဝေဒတရားတွေကို ဘာကြောင့်မလိုက်ဘဲ တလမ်းရှာပြီး သီးခြားလိုက်လာသလဲ၊ ဒီလိုသီးခြားလိုက်ပြီး သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ်ကို ဘယ်တရား အမိကထားပြီး သုံးသပ် ရောက်ရှိ လာတာလဲဆိုတဲ့ မေးခွန်းတွေကို အရင် စဉ်းစား ဖြေနိုင်မှ ဒီတကာကြီးတို့ ဦးပဉ္စင်းတို့ အတွက် ဘုရားရှင်ရဲ့ မူရင်းတရားတော်စစ်စစ်ကို သိနားလည် နိုင်မယ် တကာကြီးရဲ့”



“မှန်ပါဘုရား”

“အခုဝင်က တကာကြီးပြောတဲ့ တမလွန် ကောင်းကျိုးဆိုးကျိုးဆိုတဲ့ ယုံကြည်ချက်ဟာ ဥပါဒါန်အစွဲနယ်ကတရားဖြစ်တယ် တကာကြီးရဲ့၊ သဘောကတော့ ကြိုတွေ့ရှိတယ်လို့ ပြောသံကြားတာကို အတည်မှတ်ပြီး စွဲလမ်းမျှော်မှန်းနေတဲ့ သဘောဘဲရှိတယ်၊ ဦးပဉ္စင်းတို့ ဗုဒ္ဓဘုရားရှင်ဟာ အဲဒီလို စွဲလမ်းမျှော်လင့်စေတဲ့ အနာဂါတ်ကို ပိတ်ပစ်လိုက်တဲ့ ဘုရားဖြစ်တယ် တကာကြီး၊ ဘာပြုလို့လဲဆိုတော့ ဥပါဒါန်ဆိုတဲ့ စွဲလမ်းမျှော်လင့်မှုဟာ ဓိတက်ဓိစာရဝင်တဲ့အတွက် ပစ္စုပ္ပန်ဆတ်ဆတ်မှာ တန့်ကနဲရပ်နေအောင် မဖြစ်နိုင်တော့ဘူး မှတ်လား၊ ပစ္စုပ္ပန်ကိုတန့်ပြီး ရပ်နေအောင် ဘမ်းမထားနိုင်ရင် အတိတ်က အကောင်းအဆိုးတွေရော အနာဂါတ်ကို မျှော်မှန်းတာတွေရော ဆက်ချင်းဝင်လာနိုင်တယ်၊ ဒီလိုဝင်လာတာနဲ့ တပြိုင်နက် ဘာတွေဖြစ်သလဲ၊ သမ္မာဒိဋ္ဌိ–စခန်းကို ခြေကုတ် မယူနိုင်တော့ဘူး တကာကြီးရဲ့”

“မှန်ပါဘုရား”

“အဲ...သမ္မာဒိဋ္ဌိမှာမှ ခြေကုတ် မြဲရင် ရှေ့ဆက်ရှိတဲ့ မဂ္ဂင်တွေလဲ မဆိုက်နိုင်တော့ဘူး။ အကုန် လွတ်ထွက်သွားကုန်တော့မှာပေါ့၊ ဒါကြောင့် ဘုရားက ဘုံဘဝထိုထိုကို စွဲလမ်းတဲ့ ဥပါဒါန်နဲ့ ကင်းလွတ်အောင် အား ထုတ်ကြ လို့ ကတိ အနေနဲ့ ဟောထားခဲ့တယ်၊ အဲဒီဘုံစဉ်စံ တရားထဲက ၃၁–ဘုံဟာရှိတယ်ဘဲ ထားပါအုံး တကာကြီး။ ဇာတိ–ဇရာ–မျှာမိမရဏ ဒုက္ခနဲ့ ကင်းနိုင်တဲ့ဘုံလို့ တကာကြီး ဘယ်ဘုံကို ပြောနိုင်မလဲ၊ တာမရူပ အရူပလို့တော့ ဆိုထားတယ်၊ ဒါလဲ ဘုရားပွင့်တော်မူချိန်

www.burmeseclassic.com

www.burmeseclassic.com



ကာလက ဒီတုံစဥ်စံ တရားကြီးတွေဟာ ဂေါတမဗုဒ္ဓဘုရားရှင်ရဲ့ စက်ရိပ် အပြင်ဘက်နယ်မှာ အလွန် ခေတ် စား နေကြတဲ့ ဗြဟ္မာဏဇဝဒတို့က တွင်တွင်ကြီးအသံလွှင့်နေကြလို့ ဦးပဥ္ဇင်းတို့ ဗုဒ္ဓဂေါတမဘုရားလဲ ဒီစကားတွေကိုတရားထဲမှာ ထဲ့ဟောလိုက်ရတာနဲ့ တူပါတယ်....။ အမှန်ကတော့ ဘုရားလက်ခံတဲ့ ဘုံဘဝရယ်လို့ တခုမရှိပါဘူး"

"တုတ်ရဲ့လား ဆရာတော်"

"ဟုတ်ပါတယ် တကာကြီး၊ဦးပဥ္ဇင်းလုပ်ကြံပြောစရာ ဘာမှမရှိဘူး။ ပါဠိတော်ကွေနဲ့ နိကာယ်ကြီး တွေလဲ ဘုရားဟာ ဘုံဘဝအထွေထွေကို အလွန်စက်ဆုတ်ပယ်ဖျက်တဲ့ တရားတွေအများကြီးရှိပါတယ် တကာကြီး"

"အနို့ ဒီဘုံဘဝတွေကို အခြေခံထားတဲ့ တမလွန်ဘဝတွေမရှိဘူးလို့ဆိုမလား ဆရာတော်"

"မရှိဘူး ရှိတယ်ဆိုတာ ဦးပဥ္ဇင်းမပြောလိုဘူး၊ သူ့ဟာသူရှိရှိမရှိရှိ၊ ဘုရားက အဲဒါတွေကို မျှော်မှန်းတမ်းတ အားထုတ်မှုကိုတော့ မကြိုက်ထာအမှန်ဘဲ တကာကြီး"

"အနို့ ဘုရားသခင်ကြိုက်တဲ့ တရားက ဘာလဲဘုရား"

"သံသရာနဲ့ပြတ်တဲ့တရားမျိုးသာ ဘုရားလက်ခံတယ်"

"မြင့်လွန်းနေတယ် ဆရာတော် တပည့်တော် မမှီသေးဘူးဘုရား"

"ပဋိစ္စသမုပ္ပါဒ်တရားတော့ တကာကြီးသိမှာပေါ့"

"မှန်ပါ— အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတာ မှတ်လားဘုရား"



"ဟုတ်ပါတယ် ဒါပါဘဲ။ အဲဒီတရားမှာ ကွင်းဆက် ၁၂ ဆက်နဲ့ ဘိုင်စကယ်ချိန်းကြိုးလို ပတ်ပတ်လယ်ဆက်ပြီး အခွေကြီးဖြစ်နေတဲ့ တရားပေါ့တကာကြီး အဲဒါ သံသရာဘဲ...."

"ဟား....ကိုးလသာဆိုတာလဲ ပဋိစ္စသမုပ္ပါဒ် ကွင်းစက်အခွေကြီးမှာပါတဲ့ တဏှာကွင်းစက်ကိုလုပ်ထားတဲ့အစိတ်အပိုင်းပေါ့ တကာကြီးရဲ့။ အဲဒီသံသရာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ကွင်းဆက် ၁၂-ဆက်နဲ့ပတ်ပတ်လယ် ဆက်ထားအခွေကြီးကို အဓိကအားပေးတန်ပါတဲ့ ကွင်းဆက်ကတော့ အဝိဇ္ဇာကွင်းဆက်နဲ့ တဏှာကွင်းဆက် ၂-ခုဟာ အရေးကြီးဆုံးဘဲ၊ အဲဒီကွင်းဆက် ၂-ခုဟာ ပဋိစ္စသမုပ္ပါဒ်ရဲ့ အစနဲ့အဆုံး ကွင်းဆက်နှစ်ဆက်ဖြစ်တယ်၊ ဒီသံသရာအခွေကြီးပတ်ပတ်လယ်နေတာကို ဒီကွင်းဆက် ၂-ဆက်က ဖြုတ်လိုက်ရင် ချိန်းကြိုးပြတ်သွားတဲ့ ဘိုင်စကယ်လို ဘယ်လိုမှ လှိမ့်လို့မရတော့ဘူး၊ ရပ်သွားရတာပေါ့-"

"ဒီလိုရပ်ရင် သံသရာပြတ်ပြီးပေါ့ဘုရား"

"အေးလေ-အဲဒါ ဘုရားကြိုက်တဲ့ တရားဘဲ တကာကြီး၊ ဘုရားလဲ ဒီအတိုင်းဘဲ ကျင့်ဆောင်အားထုတ်တယ်၊ လူသားတွေကိုလဲ ဒီအတိုင်းဘဲ ဟောခဲ့ ပြောခဲ့တာပါဘဲ တကာကြီးရဲ့၊ အဲဒီပဋိစ္စသမုပ္ပါဒ် ကွင်းဆက် ၁၂-ဆက်မှာ ဘယ်ကွင်းဆက်မှ ဘုရားကြိုက်ထာ မရှိဘူး"

"ဒီတော့ စောစောက တကာကြီး ပြောတဲ့ တမလွန်ဘဝဘုံဘဝတွေဆိုတာ ဥပါဒါနပစ္စယာဘဝေါ-ဆိုတဲ့ ကွင်းကို ဆက်ပေးလိုက်ပြန်တဲ့ မျှော်မှန်းချက် စွဲလမ်းချက်ဖြစ်ရပြီ မှတ်ဘူးလား တကာကြီး၊ အဆက်မပြတ်ရင် သံသရာလယ်နေတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲစိတ်က ပြတ်ချင်တဲ့စိတ် ဖြစ်လာမှ ပြတ်မှာဘဲ ဆရာတော်၊ ဒီတော့ စိတ်ကဘဲအရေးကြီးလာပြန်တာဘဲ ဘုရား"

"တကာကြီးဟာက ဒု ရှင်း ပြန်လာယ်နေပြန်ပြီ၊ (စိတ်) ဆိုတဲ့စကား၊ ဘုရားဟောတဲ့ အဘိဓမ္မာတရားထဲမှာ မရှိဘူးတကာကြီး၊ မနောဝိညာဉ်လို့သာဆိုတာရှိတယ်၊ ဘုရားက မျက်စေ့-နား-လျှာ-နှာ-ကိုယ်ဆိုတဲ့ ပဉ္စဒွါရမှ ပို့သမျှအာရုံကို ဟဒယက ဆီးပြီး လက်ခံမှ မနောဝိညာဉ်ဖြစ်လာတာမျိုး တကာကြီးရဲ့၊ အခုဘဲတကာကြီးဟာ နားက ကြားရလို့ အဲဒီကြားရတဲ့ အာရုံက ဟဒယ ဝတ္ထုက ရောက်သွားလို့သာ စိတ်ကဖြတ်ချင်လာမှ ပြတ်မှာဘဲဆိုတဲ့ စကားပြောလာနိုင်တာ မဟုတ်လား-တကာကြီး၊ တကာကြီးမှာ တကယ်လို့ နားမပါဘူး ဆိုပါတော့ အခုဦးပဉ္စင်းပြောတာ ဘာနဲ့ ကြားလို့ ဘယ်အာရုံနဲ့ ဟာဃဝတ္ထုကို ထိနိုင်ဘော့မလဲ၊ အခု ပြောတာတွေကို စာနဲ့ ရေးပြမယ် ဆိုရင်လဲ မျက်စေ့ အာရုံက ဟဒယကို ပို့ရမှာဘဲ၊ ဒါမှ မနောဝိညာဉ်ဆိုတဲ့ စိတ်ဖြစ်ပေါ်လာမှာပေါ့ တကာကြီး၊ ဘာမှ မကြားနိုင်၊ မမြင်နိုင်ဘဲ ကန်း-ပင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီအနီးအနားမှာ ရှိနေရင် ခု-ဦးပဉ္စင်းတို့ ပြောတာတွေကို သူ့မှာ ဘယ်လိုနေမလဲ၊ ဘာမှမကြားရ၊ မမြင်ရလို့ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ သူ့မှာ ပင်ကိုယ်က စိတ်ဆိုတာ ရှိနေရင် သေနေတာမှ မဟုတ်ဘဲ၊ ဒီစကားတွေကို တခုခုကြံစည်ဘို့ စိတ်ပေါ်လာစရာ ရှိမယ် မဟုတ်လား-တကာကြီး" တကာကြီးသည် အတန်ကြာစဉ်းပြီးမှ တဖန်....

"အော် - မျက်စေ့က ပို့တဲ့အာရုံ၊ နားကအာရုံ ဆိုတာနဲ့



ဟဒယဝတ္ထုနဲ့ တွေ့သိမှ စိတ်ဖြစ်လာတယ် ဒီလိုလား - ဆရာတော်...."

"ဟုတ်ပါတယ် ဒီလိုသာယူပါ၊ နဂိုအရှိတရားလို့ မဆွဲပါနဲ့၊ ဖြစ်-ပျက်လာပြီး ပျောက်ပျောက် သွားတတ်တဲ့ မနောဝိညာဉ်ရဲ့ သတ္တိသက်သက်ကို စိတ်လို့ ခေါ်နေကြတာပါဘဲ-တကာကြီး၊ ကဲ-ပျောက်ပျောက်သွားတယ်ဆိုတာမယုံရင် အခု နေ့ ညမှာဘဲ အိမ်ရောက်ရင် ဒီစိတ်ဟာ ဘယ်လောက် များများ ကျန်ရှိနေသေးသလဲဆိုတာ တကာကြီးဟာ တကာကြီး ပြန်ပြီး စုံစမ်းကြည့်ပေါ့၊ အကုန် အခုကြားတဲ့ အတိုင်း မှတ်မိပါအုံးမလား"

"နဲနဲ သဘောပေါက်ပါပြီ-ဆရာတော်၊ ဆရာတော်ဆီလာရတာ တပည့်တော်မှာ အရင်တထက် အသိတရား တိုးတက်လာပါတယ်၊ တပည့်တော်တို့ ရိုးရာ ယုံကြည်လက်ခံထားတဲ့ အယူအဆတွေကိုလဲ အခုလိုဆရာတော် သုံးသပ်ပြတာ ကြားရ၊ နာရတာနဲ့ အတော့်ကိုသတိထား စားစရာတွေ ရလာပါတယ်၊ တပည့်တော် ဒီ တောင်တွင်းကြီးမြို့မှာ ရှိနေသမျှတော့ အားတဲ့ အခါ ရောက်လာပြီး ဆွေးနွေးချင်ပါတယ်-ဆရာတော်"

"လာတာပေါ့ တကာကြီး၊ အခု - ဒီမြို့မှာ ဘယ်လောက်ကြာအုံးမလဲ"

"အရက် ၂၀ - အစိတ် လောက် တော့ ကြာပါလိမ့်မယ် ဆရာတော်၊ ဒါပေမဲ့ တပည့်တော် ဒီ တောင်တွင်း ကြီး မကြာခဏ လာလာနေရမှာပါဘဲ၊ ကဲ-အချိန်လဲ အတော်ကြာသွားပါပြီ၊ တပည့်တော် ဦးတင်ပါသေး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



# ၁၄ – အသိ

တကာကြီး ဆင်းသွားသောအခါ ဆရာတော်သည် အရှင်မဟာနန္ဒဘက်သို့ လှည့်ကြည့်ရင်း ထလိုက်သည်။ ထို့နောက် သင်းပိုင်ကို ပြန်လိပ်ပြီး ကေသီကို ကောက်၍ လက်ကတော့ ထိုးမယောင်လုပ်ပြီးမှ မထိုးတော့ဘဲ ရှေ့မေးအောက် လယ်ပင်းကို ဖုံးတင်ရင်း အစ ၂-စကို နောက်သို့ ပစ်ချလိုက်၏၊ သို့ချပြီး အနည်းငယ် အညောင်းဆန့်လိုက်ပြီးနောက်—

"မပေါ်လာ အတော်ကြာ တခါတခါ လာတဲ့ ရှင်နန္ဒ၊ ဘာကိစ္စ"

အရှင် မဟာနန္ဒသည်လည်း ထိုင်နေရသည့် အချိန် အတော်ကြာ ညောင်း သွားသဖြင့် အညောင်းပြေ ခေတ္တ ဆရာတော်နှင့် ခပ် လှမ်း လှမ်း မှ ရပ်လိုက်ပြီး နာရီကို လှမ်းကြည့်လိုက်၏၊ ၅-နာရီပင် ခွဲခါနီးနေပြီ၊

"ကိစ္စကတော့ အတော်အရေးကြီးတဲ့ ကိစ္စပါ ဆရာတော်၊ ဆရာတော်ကို တပည့်တော် ဒီမှာ အဆင်သင့်မှတွေ့ရပါ့မလား လို့ စိတ်တထင့်ထင့်နဲ့ အမြန်လာခဲ့ရပါတယ်ဘုရား"

"အေးလေ-ဒီရောက်လို့ တွေ့နေမှဘဲဟာ၊ ပြောပါအုံး-ဘာကိစ္စလဲ"

"တက်ယီးကန် ဟိုဘက် ကျောက်ကွင်းရွာမှာ ဘာသာရေး ဟောပြောပွဲကြီး တခု ကျင်းပကြဖို့ ရှိနေပါတယ်-ဆရာတော်၊ အဲဒီကျောက်ကွင်းရွာ အနားက အလိုဒေါ်ရ ရွာက ဘုရား တပည့်တော် ဒီနေ့ မနက် ထွက်လာခဲ့ရပါတယ်၊ အာ လုံ ကျ



ကျောင်းကိုတောင် ဘုရားတပည့်တော် မဝင်နိုင်ခဲ့ပါ ဆရာတော်...."

"ဘာသာရေး ဟောပြောပွဲ ဆိုတာ ဖြင့် ဘာအရေးကြီးစရာရှိလို့လဲ-အရှင်နန္ဒရဲ့၊ ကဲ-အောက်ခဏ ဆင်းလိုက်ကြအုံးစို့၊ ပြီးတော့ အရှင်နန္ဒ ဘာသာရေးပွဲ အကြောင်း ပြောပြတာပေါ့"

ဆရာတော်သည် ညောင်းညာနေဟန်ရှိ၏၊ ရှိလောက်ပေပြီ။ ညနေ ၃-နာရီခန့်က စ၍ တကာကြီးနှင့် ထိုင်ပြော နေခဲ့ရ၏၊ ဘေးမှ စောင့်နေရသော အရှင်မဟာနန္ဒသည်ပင် အတော်ညောင်းခနေပြီဖြစ်ရာ ဆရာတော် ဆင်းသွားရာ နောက်မှ ဆင်းလိုက်လာခဲ့သည်။

ညနေစောင်း ၅-နာရီခွဲကျော်ကျော် အချိန် ဖြစ်သော်လည်း နွေရာသီတနေ့လုံးပူထားသော နေ၏အရှိန်မှာ မကုန်သေးပေ။ ကျောင်း၏ အနောက်ဘက်၌ မန်ကျီးပင် အုပ်က အနောက်သို့ စောင်းဆင်းနေသော နေရောင်ကို ကာထားသဖြင့်သာ ကျောင်းပေါ်၌ အနည်းငယ် အပူ သက်သာသလို ထင်ရသည်။ ကျောင်းကြီး၏ရှေ့ မြေကွက်လပ်တွင် ကျောင်းသား အများပင် ဘော့လုံးကစားနေကြလေပြီ၊

ဆရာတော်သည် ကုဋီမှအပြန်ကျောင်းကြီး၏ မြောက်ဘက်၌ လမ်းလျှောက် နေလိုက်သေး၏၊ အရှင်မဟာနန္ဒမှာ ဆရာတော် လမ်းလျှောက်နေစဉ် အနီးသို့ သွားပြီး—

"ဆရာတော် ကျောင်းပေါ် ခဏ ပြန်ကြွအုံးမှဘဲ ဘုရား၊ တပည့်တော် လွယ်အိတ်ထဲမှာ စာချုပ် မိတ္တူကူးခဲ့တာကိုလဲ

www.burmeseclassic.com

www.burmeseclassic.com

တဆိတ် ဆရာတော် ဘတ်ကြည့်တော်မူ အုံးမှ ဖြစ်မယ် ဆ
တော်....''

''ဘာစာချုပ်များလဲ–အရှင်နန္ဒရဲ့''

''ဘုရားတပည့်တော် အခု လျှောက်ထားနေလို့ အဓိပ္ပါ
ပေါ်မှာ မဟုတ်သေးဘူး - ဆရာတော်၊ အဲဒီ စာချုပ်မိတ္တူ
ဆရာတော်ဖတ်ပြီးမှ ဘုရားတပည့်တော် အကြောင်းစုံလျှော
ထားပါရစေ....''

ဆရာတော်သည် ကျောင်းပေါ်သို့ ပြန်ကြွလာ၏။ အရှ
မဟာနန္ဒလည်း နောက်ကထပ်ချပ်မကွာလိုက်လာ၏၊ နွေရာ
သည် နေ့တာရှည်လှသည်၊ ညနေ ၆-နာရီပြီ ဖြစ်သော်လည်
အလင်းရောင်သည် ကောင်းစွာလင်းလျက်ရှိနေသည်၊ ကျော
ကြီးတောင်ဘက် လမ်းမကြီးတွင် မြင်းလှည်းရော၊ နွားလှည်
ရော စက်ဘီးများပါ သွားနေကြ၏။ ထိုယာဉ် အသီးသီး
နောက်တွင် ဖုံလုံးကြီးများတန်း၍ ကျန်ရစ်လေသည်၊ ကျော
ဝင်း တဝိုက်၌ ပေါက်နေသော မန်ကျီး ပင်ကြီးများမှာ ရွက်
များ ထွက်ဆဲပင် ရှိသေး၏၊ ကျောင်းဝင်းကြီးထဲ၌ ကစားပြေ
လွှား နေကြသော ကျောင်း သား များ၏ အသံတွေမှာ စီ
လောင်လောင်နိုင်လှလေသည်၊

ကျောင်းပေါ်သို့ ရောက်လျှင် အရှင်မဟာနန္ဒသည် လွယ်
အိတ်ထည်း၌ စာအုပ်တအုပ်ဖြင့် ညှပ်ယူလာသော စာချုပ်မိတ္တူ
ကိုထုတ်၍ ဆရာတော်သို့ ဆက်ကပ်လိုက်၏၊

ဆရာတော်သည် စားပွဲပေါ်မှမျက်မှန်ကို လှမ်းယူလိုက်ပြီး
စာချုပ်ကို ဖတ်နေလေသည်၊ အရှင်မဟာနန္ဒသည် ဆရာတော်



၏ အမူအယာကိုသာ အကဲခတ်ကြည့်ရင်း ယှဉ်ခင်နေရာ၌ ထိုင်
နေ၏။

ဆရာတော်သည် စာချုပ်ကို ဖတ်ကြည့်ပြီး ပြုံးလိုက်ရင်း–
''ဘယ်နှယ်က ဘယ်လိုဟာတွေလဲ၊ မဏ္ဍာစ်ကြီးကလဲ ၁၄-ခန်း၊
၁၅-ခန်းတောင်ဆိုတော့ တယ်ကြီးကျယ်လိုက်ပါကလား-အရှင်
နန္ဒရဲ့''

ထိုသို့ပြောရင်း စာချုပ်ကို တခါ ပြန်ကြည့်နေပြန်၏၊
''မှန်ပါ-ဆရာတော်၊ အဲဒါကြောင့် ဘုရားတပည့်တော်လဲ
အရေးတကြီးနဲ့ ပြေးလာခဲ့ရတာပါဘဲ - ဆရာတော်၊ ကိစ္စက
အခု ဆရာတော် ဘတ်ပြီးတဲ့ စာချုပ် အတိုင်း ရက်ချိန်းတလဲ
ကပ်နေတော့ ဘုရားတပည့်တော် အဲဒီကို အမြန် ပြန်သွားပြီး
ကြိုတင် စီစဉ်စရာများကိုလဲ ဆောင်ရွက်စရာ ရှိပါသေးတယ်-
ဘုရား''

''အဲဒီ - ဟောပြောပွဲက ဘယ်လို ဖြစ်တာလဲ၊ ဆန်းတော့
ခတ်ဆန်းဆန်းဘဲ အရှင်နန္ဒရဲ့''

''ကျောက်ကွင်းရွာသူကြီး ဦးလှောင်တို့လင်မယားက စတင်
ဖြစ်ပေါ်လာတဲ့ ကိစ္စလို့ ဘုရား တပည့်တော် သိခဲ့ရပါတယ်
ဘုရား၊ ဒီကစပြီး ငြင်းကြ၊ ခုံကြရင်းက တရွာလုံးက ခရစ်ယံ
တွေရော၊ နီးတဲ့ ရွာတွေက ဗုဒ္ဓဘာသာတွေရော တိုင်ပင်ပြီး
အခု-ဒီစာချုပ်ကြီး ဖြစ်လာရတာပါဘုရား''

ဆရာတော်သည် စာချုပ်ကို တဖန် ပြန် ကြည့် လိုက် ရာမှ
ပြုံးလိုက်ပြီး–

''ဒီစာချုပ်ထဲက အပုဒ် ၂-မှာ ပါတဲ့ ဟောဒီ(ဗုဒ္ဓဘာသာ
နှင့် ခရစ်ယံဘာသာ နှစ်မျိုး၌ မည်သည့်တရားက ကောင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်)ဟု ရှင်းလင်းပွဲကြီး ကျင်းပရန်လို့ ရေးထားတဲ့ အထဲမှာ ကောင်းသည်၊မှန်သည်ဆိုတဲ့ စကားက ဘာကို ဆိုလိုတာတဲ့လဲ-အရှင်နန္ဒ''

''ဘုရားတပည့်တော် မလျှောက်တတ်ပါ ဆရာတော်၊ စာချုပ်မူရင်းအတိုင်းသာ ဘုရားတပည့်တော် ကူးယူခဲ့တာဖြစ်ပါတယ် ဘုရား''

''ဒီအပုဒ်မှာ (ကောင်းသည်)ဆိုတာနဲ့ (မှန်သည်)ဆိုတဲ့ စကား နှစ်လုံး ပူးပါနေတော့ စဉ်းစားစရာ ဖြစ်နေလို့ အရှင်နန္ဒရဲ့၊ ဒီတော့ ကောင်းသည် ဆိုတာကိုဘဲ ဆုံးဖြတ် မှာ လား၊ မှန်သည်ဆိုတဲ့ စကားကိုဘဲ ဆုံးဖြတ်ကြမှာလားဆိုတာ ပြဿနာ ဖြစ်ခနေတယ်၊ ကျုပ်က စဉ်းစားကြည့်တော့ ဒီစကားနှစ်လုံး ပူးထဲ့ ထားပုံမှာ ဥာဏ်များ ပါနေသလားလို့၊ ရိုးရိုးအမှတ်မဲ့ ရေးတဲ့စကားဆိုရင်တော့ ကိစ္စမရှိပါဘူး''

''ရိုးရိုးအမှတ်မဲ့ ရေးတဲ့ စကားလို့ဘဲ ဖြစ်ဟန်ရှိပါတယ်-ဆရာတော်''

''အေးလေ ရေးသူက ရိုးရိုးဘဲ အမှုမဲ့ ရေးမိပါအုံး၊ ဆုံးဖြတ်မဲ့ လူထဲက ကပ်တတ်တဲ့ လူဆိုရင် အတော် မလွယ်တဲ့ အဓိပ္ပါယ်တွေ ထွက်နေတယ် - အရှင်နန္ဒရဲ့၊ ဒီမှာ ကြည့်လေ ကောင်းသည်လို့ ဆိုတဲ့ စကားကို ယူပြီး ပုဒ်ဆစ်ကြည့်ရင် လူတဦးရဲ့ အကြိုက်မှာ ကောင်းတယ်ဆိုပေမဲ့ တခြား လူတဦးရဲ့ အကြိုက်မှာ မကောင်းတာ ဖြစ်ချင်ဖြစ်နေမယ်၊ တကယ်လို့ အဲဒီ လူ နှစ်ဦးလုံးက ကောင်းပါတယ်လို့ ဆိုအုံး၊ ကောင်းတာတော့ဟုတ်ပြီ၊ မမှန်ဘူးဆိုရင် ဘယ်နှယ်လုပ်မလဲ၊ ဓါ—



မှန်တယ်ဆိုတဲ့စကား ကျပြန်တော့လဲ မှန်ပေမှန်ရဲ့၊ ဒါပေမဲ့ မကောင်းဘူးဆို ဘယ်နှယ်လုပ်မလဲ''

အရှင်မဟာနန္ဒသည် ဆရာတော် ဤမျှအထိ ကပ်သီးကပ်သတ်လိုက်၍ ဆစ်ဟတ်ပုံကိုသာ အံ့သြနေမိတော့၏။ ဤစာချုပ်ကို မိမိကိုယ်တိုင် ၄-၅-ကြိမ်ဖတ်ပြီးမှ ကူးယူခဲ့ခြင်းဖြစ်၏။ ကူးယူရာ၌ အတိမ်းအပါး အကြွင်းအကျန် မရှိရအောင် ဂရုပြုကူးခဲ့၏၊ သို့ရာတွင် ယခုဆရာတော် ထောက်ပြသော စာပုဒ်ပါ စကား နှစ်လုံး၏ ဝိသေသကို မစဉ်းစားမိခဲ့ချေ၊ ဆရာတော် ကောက်ယူဆစ်ပြတော့မှ စဉ်းစားစရာ ဖြစ်နေပုံကို တွေ့ရ၏။ ထို့ကြောင့် ဆရာတော်ကို ဘယ်လို ရှင်းလင်း လျှောက်ထားရမည်ကို မသိဖြစ်နေလေသည်။

''ဒီလိုရှိတယ် - အရှင်နန္ဒ၊ ဥပမာ ဆိုပါတော့၊ ကောင်း-မကောင်း ဆိုတာမှာ ကျုပ်တို့က ဝက်သား ဟင်း ကြိုက်လို့ ဝက်သားဟင်းတွေတော့ တယ်ကောင်းတဲ့ ဝက်သားဟင်းလို့ ပြောမယ်၊ ဒါပေမဲ့ အဲဒီလို ကျုပ်တို့က ကောင်းနေတဲ့ ဝက်သားဟင်းကိုဘဲ၊ ဝက်သားမကြိုက်တဲ့လူ၊ ဝက်သားနဲ့ မတဲ့တဲ့ လူနဲ့ကျတော့အဲဒီဝက်သားဟင်းကို လှည့်တောင်ကြည့်ချင်မယ် မဟုတ်တော့ဘူး- အရှင်နန္ဒရဲ့၊ ဒီတော့-အဲဒီ ကောင်းတယ်-ကောင်းဘူး ဆိုတဲ့ အဆုံးအဖြတ်ဟာ လူတွေမှာရှိကြတဲ့ ဓါတ်ခံ ဥပါဒါန် အစွဲတွေနဲ့ ဆုံးဖြတ်ထားမျိုးတွေ ဆိုတော့ အားလုံး ညီညွတ်တဲ့ အဆုံးအဖြတ်ကို ရအောင် ဘယ်ပြဒါးတိုင်နဲ့ ထောက်ကြည့်လို့ ဘယ် ပေတန် မျိုးနဲ့ တိုင်းကြည့်ရမလဲ၊ အဲဒီ '' ကောင်းသည် - ကောင်းသော '' စကားလုံးဟာ အတော်ကြီး အဆုံးအဖြတ် ခက်တဲ့ စကားမျိုးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး ဘာသာ ပြန်ကြတာတွေ
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ သမ္မာတွေဟို ကောင်း
အမြင်- ကောင်းသော အကြံစတဲ့ "ကောင်းသော" ဆို
ဝိသေသနစကားနဲ့ ဘာသာပြန်ထားတော့ လူတွေကို ရိုး
လေးနဲ့ မျက်စေ့လယ်ကုန်အောင် လုပ်ထားနဲ့ မတူ
လား၊ ကြည့်လေ- ကောင်းသော အမြင်- ဆိုတဲ့ စကား
ဘယ်လိုအဓိပ္ပါယ်နဲ့ ယူမလဲ၊ ကောင်းသောအမြင် ဆိုကတဲ
ကောင်းတာတွေကိုချည်းမှ ရွေးမြင်ရတော့မလို ဖြစ်မနေ
လား၊ အဲဒီ ကောင်းသော အမြင်တွေ မှာ မြင်ကြပါဆို
အဓိပ္ပါယ်မျိုးကိုယူသွားတဲ့လူဟာ မကောင်းတာဆိုရင် သူ့
နားလယ်ထားတဲ့ မဂ္ဂင်နဲ့ မကိုက်ညီလို့ မြင်ကို မမြင်ချင်တော့
ဘူးလို့ ဖြစ်ရတော့မယ် အနိဋ္ဌာရုံ စာရင်းထဲထည့်ပြီးကြည့်လို့
မရရှလို့ မရ ဖြစ်သွားကရောမှတ်လား၊ ဒီတော့ သူ့အာရုံ
ကောင်းတယ်ဆိုတဲ့ အဆင်း၊ အနံ့၊ အရသာ၊ အထိအတွေ့
ဘက်ကိုချည်း စွဲသွားတော့မယ်၊ ဒီတော့ အမှန်နဲ့ ဆက်ဆံ
ခက်ကရောက်၊ ဥပမာ ဒီထိုင်ခုံပေါ်မှာ ခွေး သေတောင်ပုပ်ကြီး
ကိုတွေ့ရင်သူကြည့်လို့ မြင်လို့ ဖြစ်တော့မယ်မဟုတ်ဘူး မှန်နေ
မဲ့ မကောင်းဘဲကို သူ့ သားသမီး တခုယာ နာတာသေတာ
သူမကြားချင် မတွေ့ချင်တော့ဘူး၊ သူ့ အိုး သူ့ အိုး မီးလောင်
ပျက်စီးတာမျိုး သူမမြင်ချင် မကြည့်ချင်တော့ဘူးဆိုတဲ့ ဒီလော
ကရဲ့ ဖြစ်မှုပျက်မှုတွေကို သူအမှန်အတိုင်း လက်မခံနိုင်အောင်
ဖြစ်သွားတော့မယ်၊ ဒါဟာဘာပြုလို့လဲ အဲဒါ သူ့မှာ ကောင်း
တာကိုမှမြင်ရသိရလုပ်ရကြံရစည်ရဆိုတာကို ချည်းစွဲနေတော့လို့
ဘဲ့ အရှင်နန္ဒရဲ့ မကောင်းတာဆိုရင် သူ့ နှလုံး မသာဖြစ်မယ်



မြင်ရတွေ့ရဘို့ရှောင်မယ်၊ ဒီတော့ လောကဓံကိုဘယ်လိုသူကြံ့ကြံ့
ခံနိုင်တော့မလဲ သူ့ ဥပါဒါန်ကကောင်းတဲ့ဟာတွေသာ စွဲယူထား
တာကိုး မှန်ဘာကို ဟုတ်တာကို သူလက်မခံနိုင်တော့ဘူး၊ အရှင်
နန္ဒရဲ့၊ အဲ-အခု ကျုပ်တို့က သမ္မာတွေကို အမှန်ဆိုတဲ့ စကားနှင့်
ပြန်ပြီး ဝိသေသနပြုကြတော့ ဒီဘုန်းကြီးတွေက ဂွစာတွေလို့ ဆို
ကြရော အရှင်နန္ဒရေ့၊ အမှန်မြင်၊ အမှန်ကြံ၊ အမှန်ပြော၊ အမှန်
လုပ်၊ အမှန်ကိုင်၊ အမှန်ကိုကြိုးစား၊ အမှန်ကိုမှတ်၊ အမှန်ကိုထိန်း
ချုပ်လို့ ကျုပ်တို့ပြောတာက ဒီလောကမှာ အကောင်းရော-
မကောင်းတာတွေရော ဆိုတဲ့ သဘောတွေက အစဥ်မပြတ် လှုံ့
ပတ်နေတာကလား၊ ဒီတော့ အဲဒီလိုလှည့်ပတ်ရစ်သိုင်းဖိုင်း ကြုံ
တွေ့မြင်သိနေရတဲ့ သဘာဝ တွေကို သူ့ဟာသူ ကောင်းချင်
ကောင်း မကောင်းချင်နေပလေစေ၊ ကျုပ်တို့က အမှန်အတိုင်း
ထင်းကနဲပေါ်အောင်မြင်ရ ကြံ့ရ- ပြောရ- လုပ်ရမယ်ဆို
တာတွေ သဘောပေါက်စေရမယ်မှတ်လား၊ ကုသလာဓမ္မာ-
အကုသလာဓမ္မာ- အဗျာကတာဓမ္မာလို့ တော့ တွင်တွင်ပြောကြ
ပြီး လက်တွေ့ မျက်တွေ့ ကိုယ်တွေ့ ဖြစ်ရမဲ့ တရားကျတော့
ကောင်းမှဘဲယူ မကောင်းရင် ပယ်ဆိုသလိုလဲ ဖြစ်နေတော့
ခက်ကုန်ကရော- အဲဒီတော့-

သမန္တာ စက္ခုဝါဠသုံး အတြာဂစ္ဆန္တု ဒေဝတာ-ဆိုတာ
တွေ သိပ်ကောင်းကုန်ကြတာဘဲ အရှင်နန္ဒရဲ့၊ မှန်-မမှန်ဆိုတာ
တော့ စဥ်းကို မစဥ်းစားကြတော့ဘူး မှတ်လား၊"

အရှင်နန္ဒသည် ဆရာတော် အမိန့် ရှိနေသော စကားလုံး
များ၏ အဓိပ္ပါယ် လေးနက်ပုံကို စဥ်းစားရင်း နားသာ ထောင်
နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဟောဒီ အမှန်— မှန်သော- မှန်သည် ဆိုတဲ့ စကားလဲ နှစ်မျိုးနှစ်စားရှိနေပြန်ပကော အရှင်နန္ဒရ၊ ပညတ်သဘောနဲ့ ပရမတ်သဘော နှစ်မျိုးလေ-

ဥပမာ—မိန်းမပျိုကလေး တယောက်နဲ့ လူပျိုကလေး တယောက်ညားသွားကြတော့မှန်တယ်၊ ဒါရယ်တဲ့ အကြောင်းဘဲလို့ ဆိုကြမယ်။

ဒါပေမဲ့ မိန်းမပျိုကလေး တယောက်နဲ့ သားကြီးမယားကြီး မြေးမြစ်တွေနဲ့ အဘိုးကြီးတယောက် ညား ကြပြီ ဆိုတော့ မမှန်တော့ဘူး၊ တခုခုတော့ တနေရာရာမှာ မှားနေတာရှိပြီလို့ ဆိုကြပြန်ရော၊ ကဲဘယ့်နှယ့်လဲ အရှင်နန္ဒ။

ကျုပ်တို့လို ဘုန်းကြီး တဦးဦးက မညိုတုတ်ဆို တဲ့ မိန်းမကြီး ရှောက်လာတာကို ကြည့်ပြီး ကိုရင်နန္ဒိယ ဆွမ်း ခံ သွားမလို့လားလို့ မေးမိတဲ့ ဟာမျိုးကလဲ ခုနကအမိုးကြီးနဲ့ သူ့ငယ်မလေးတို့ ကိစ္စဆက် ပိုဆိုးမနေဘူးလားလို့၊ အဲဒါပညတ်မှန် ပညတ်မှားတွေဘဲ ဆိုရတော့မယ်။

အဲနောက် ဒီအမှန်-အမှားကိစ္စက တမျိုးရှိသေးတယ်၊ ၁-နဲ့ ၂-ပေါင်းတော့ ၃—ဖြစ်တာမှန်တယ်၊ သုံးသုံးလီ ကိုးဖြစ်တာမှန်တယ်။ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ကိုက်ညီပေသကိုး အရှင်နန္ဒရဲ့၊ လေးလေးလီဆဲ့ငါး ဆိုတာကျတော့လဲ မှားတယ် ဆိုတာ လူတိုင်းလွယ်လွယ်လေးနဲ့ သိကြတာမျိုးဘဲ။”

“အဲ- လေးလေးလီ- ဆဲ့ခြောက်ဆိုတာ ပရမတ်ခိုက်အောင် မှန်နေတဲ့ အမှန်ပါဘဲ အရှင်နန္ဒရဲ့၊ ဒါပေမဲ့ ကုသိုလ်စိတ် ၂၁၊ အကုသိုလ်စိတ် ၁၂၊ ဝိပါတ်စိတ် ၃၆၊ ကြိယာစိတ်က ၂၀၊ အဲဒါတွေ ပေါင်းလိုက်တော့ စိတ်အကျဉ်း ၈၉၊ အဗျာတဲ့တဝိညဉ်



ဖြစ်ကရောဆိုတဲ့ ဂဏန်းမျိုးတွေရဲ့ အခြေကို အမှန် သိချင်လို့ မ ဆိုပြီး နေရာ[illegible] ရဟန္တာ[illegible] သွားမေးကြည့်ရင် ဘာပြောမယ်ထင်သလဲ အရှင်နန္ဒ၊ သူ့အဖြေက ဘာဂဏန်းဘဲ [illegible] သုညချည်းဘဲ အရှင်နန္ဒရေ့၊ အဖြေဂဏန်းတခုခုထွက်ရင် မှန်ကိုမမှန်တော့ဘူး ဖိုလ် ဆိုက် နေ တဲ့ ရဟန္တာ ပုဂ္ဂိုလ်တွေကျတော့ ဒီအကြောင်းနဲ့ အကျိုး ဘယ်လိုမှ ဆက်စရာမရှိတော့ဘူး ကုန်ခန်းပြီ ပြတ်နေပြီကလား အရှင်နန္ဒရဲ့ ကိလေသာမှာ သုညဘ ဆိုက်နေရင် အနတ္တ ဆိုက်နေပြီမှတ်လား၊ အဲသလိုအနတ္တကို ဆိုက်နေတဲ့ အရိယာ ကြီး တွေရဲ့ သုညချည်းဖြစ်တဲ့အဖြေမျိုးကို ဂဏန်းမထွက်လို့ မှားကုန်ကြ ပတန်းဆိုရင်း ကျုပ်တို့ရဲ့ ဗုဒ္ဓဘုရားရှင်ကြီးပါ မှားပြီလို့ ဘယ်သူဆိုဝံ့ကြမလဲ—”

“အဲသလိုပညတ်အမှန် ပရမတ်အမှန်တွေ ဘယ်လို မှန်တယ် ဆိုပေမဲ့ နိဗ္ဗာနဓါတ်နဲ့ကျတော့ တလောကလုံးက ပြဿနာ ကြွေဟာကိလေသာမကျန်အောင် သုညချည်းဆိုက်သွားမှ မှန်တဲ့ ဓါတ်ဆိုက်အမှန်ကလဲ ရှိနေတယ် အရှင်နန္ဒရေ့။

သုညချည်းဆိုလို့ ဗ လာ ချည်း ဘာ မှ မရှိတာ လို့တော့ မထင်လိုက်နဲ့အုံး၊ ဒီနိဗ္ဗာနဓါတ်ဆိုက်တဲ့ သုညတဟာ အဆုံး အစမရှိ အနာဒိအနန္တ သဘောဖြစ်တယ်၊ စကြာဝဠာနဲ့ အမျှ ပြန့်နှံ့တည်တဲ့ အတွက် ဂဏန်း သင်္ချာရဲ့ နယ်က လွန်ထွက် သွားလို့ သုညတ အနတ္တ နိဗ္ဗာနဓါတ် သဘောကို ပြတဲ့ သင်္ကေတဖြစ်တယ် အရှင်မဟာနန္ဒ၊ သုညရဲ့ သတ္တိကိုသိချင်ရင် ဘယ်ဂဏန်းရဲ့နောက်က ဖြစ်ဖြစ်၊ ရှေ့က ဖြစ်ဖြစ် (သိုဟုတ်) ဂဏန်း နှစ်ခုရဲ့ အလယ်က ဖြစ် ဖြစ် တတ် ကြည့် လိုက်စမ်း

www.burmeseclassic.com

www.burmeseclassic.com



အရှင်နန္ဒ၊ သုည တလုံးလောက်ထဲ့လိုက်ရင် မူလဂဏန်းရဲ့ အရေအတွက် ဘယ်ထိ ရောက်သွားမယ်ထင်သလဲ၊ သုညဟာ ဒီလိုကြည့်တော့ ဗလာနတ္ထိလား-အနှစ်မဲ့လားဆိုတာ ပေါ်လာပြီ မှတ် လား။ ကဲ-သုညပေါင်း ငါးရာ-တထောင်-တသောင်း တသိန်း-ကုဋေ-ကုဋာ ရေးနိုင်သလောက် ရေးထဲ့ကြည့်-များလာတာနဲ့ အမျှ မူလဂဏန်းရဲ့ တန်ဘိုး ဘယ်လောက် တိုးပွားများပြားလာနိုင်သလဲ၊ တရက်နှစ်ရက်မက တနှစ်-နှစ်နှစ်-နောက်ဆယ်နှစ်-နှစ်တရာ အချိန်ရှိသလောက် ရေးနိုင်ရေးကြည့်၊ တန်ဘိုးဟာ စကြာဝဠာနဲ့ အပြေ့ တည်လာတော့မှာ မလွဲဘဲ ဆိုတာတော့ ဒိဋ္ဌိမမှုကကောန်ဘဲ အရှင်နန္ဒရေ့”

“အဲဒီသုညသင်္ချာကို အင်ဖစ်နီတီခေါ်တယ်၊ အင်ဖစ်နီတီဆိုတာ အဆုံးအဆမရှိ စကြာဝဠာ မှန်သမျှတို့ထိ ပြီးလွှမ်းတည်နေတဲ့ သဘောအစစ်အမှန်ဘဲ၊ အဲဒီသုညသင်္ချာလို သိပ္ပံအထက်ဆုံးတန်းက လူတွေကျမှ အသုံးပြုကြတာဘဲ အရှင်နန္ဒရဲ့”

“ကဲ-ဒီတော့ အရှင်နန္ဒ စာချုပ်ထဲက ကောင်းသည်-မှန်သည်ဆိုတဲ့ စကားနှစ်လုံးရဲ့ အဓိပ္ပါယ်ဟာ ဘယ်လောက်ခက်ခဲနက်နဲနေတယ်ဆိုတာ ကျုပ်တို့မရိပ်မိ-လောက်ဘူးလား”

အရှင်မဟာနန္ဒသည် ဘာမျှမပြော မလျှောက် တတ်အောင်ဖြစ်၍ နေတော့၏။ ဆရာတော်သည် စာချုပ်ပါ စကားလေးနှစ်လုံးမှဆက်ပြီး နိဗ္ဗာန်ဓါတ်ကြီးအထိ ကူးစက်ပြသွားလေသည်။ စကားလုံးများမှာ လွယ်ကူ၍ လူတိုင်းနားလည်နိုင်၏၊ အနက်သဘော ထင်ထင်ကြီး ရှင်းလင်းသွားသည်၊ အလွန် နက်နဲလှသော ဗုဒ္ဓ၏အဘိဓမ္မာအစစ်ကြီးကို တခဏနှင့် ဖွင့်ထုတ်ပြသွား



နိုင်စွမ်းသော ဆရာတော်ကို တွေ့ခွင့်ရသည့်အတွက် ဝမ်းမြောက်မဆုံး ရှိနေလေသည်။

အရှင်မဟာနန္ဒသည် ဆရာတော်နှင့် မတွေ့ဘူးခင် ယခင်စာသင်သားဘဝကို ပြန်၍စဉ်းစားလိုက်မိ၏၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း ဇာတ်၊ အဋ္ဌကထာ၊ ဋီကာတိကာ၊ ဒုဋီကာတိကာ၊ ကဗ်ါ၊ ယမိုက်၊ ဋီကာကျော်-စသည်တို့ကို ဒူးနှင့်တဒေါင်ဆစ် ဖွတ်တက်အောင် မနေမနား တကျော်ကျော် အာပေါက်မတတ် အံဆိုကျက်မှတ်ခဲ့ရ၏။ သီဟိုဠ်သို့ မဂ်လာသောမိ၏ ဋီကာကျော်တခုနှင့်ပင် နှစ်အကြာကြီး ချာလယ်လိုက်ခါ နေခဲ့ရသည်၊ စာမေးပွဲ အောင်ရန်ဟူသောရည်မှန်းချက် နယ်နိမိတ်ထက် တထစ်မျှမပိုမိခဲ့ပေ။ ဆရာတော် အရှင်ဥက္ကဋ္ဌနှင့် တွေ့သောအခါမှ ဗုဒ္ဓဘာသာ၏အနှစ်သဘောကို အတော် အတန် တီးခေါက် မိလာ၏၊ ယခု ဆရာတော် ပြောဟောသွားသော စကားများကို ကြားနာရသောအခါ မိမိ၏ ရဟန်းဘဝတာဝန်နှင့် ပန်းတိုင်ကို မျက်ဝါးထင်ထင်လှမ်း၍ မြင်ရလေတော့သည်။

“ဟေ့ ရှင်နန္ဒရဲ့ ပြောစမ်းပါအုံး၊ ဒီစာချုပ်ကြီးကိစ္စနဲ့ကျုပ်တို့နဲ့ ဘယ်လိုဆက်စပ်ရမှာတုံး”

အရှင် မဟာနန္ဒသည် မတွေးခါ ငေးခါနေရာမှ ဆရာတော်မေးလိုက်သဖြင့် အစဉ်းစားရပ်သွား၏၊ ၎င်းတွင်မှ အရှင် မဟာနန္ဒက မိမိသိခဲ့ရသမျှ အကြောင်းစုံ ပြန်လည် လျှောက်ထားရတော့၏၊ အလိုတော်ရ ဂိုဏ်းချုပ်ကြီး၌ ကြုံတွေ့နေရသော အခက်အခဲ အစုံကိုလည်း ဇာတ်ခင်း ပြန်လှန်ရင်း ဆရာတော်ကို အလိုတော်ရ ဂိုဏ်းဝင်သံဃာ အားလုံးကပင် အထူးမျှော်မှန်း အားကိုးနေကြကြောင်းကို လျှောက်တင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်လည်း ၇-နာရီခန့် ရှိလာ၍ ကျောင်းဆောင် အသီးသီး၌ မီးများလင်းနေပေသည်၊ နေချိုအေးစဖြစ်၍ ကျောင်းအနောက်ဖက် ရွှေအင်းကောင်စေတီ ယင်ပြင်တော်ပေါ်မှ ခေါင်းလောင်း ထိုးသံများကို ကြားနေရသည်။ စေတီတော်မှ ဓါတ်မီးရောင်များ နေ့အကုန် ညအကူး ကြားကာလမို့ အဝေးသို့ မပေါက်နိုင်သေး; စေတီတော်ရွှေသင်္ကန်းမှာ ကပ်လျက်ထိန်ထိန်ဝင်းလျက်ရှိသေး၏၊ ဆရာတော်နေသော ကျောင်းဆောင် ကလေးအပေါ်ထပ်မှကြည့်လျှင် တောင်ဘက် လမ်းမကြီးများ တလျှောက် လမ်းမီးများနှင့် လေးကျွန်းအောင်မြေ ကုန်းမြင့်မြင့်ပေါ်က စေတီတော်မီးများကို အဝင်းသား လှမ်းမျှော်မြင်နေရ၏၊ နေရောင် ဟပ်နေသော မိုးကောင်းကင်၏ အလင်းရောင်လည်း အထင်းသား ရှိနေသေးသည်။

ဆရာတော်ကမေးလိုက် အရှင်မဟာနန္ဒက လျှောက်လိုက်နှင့် ၂-ပါးလုံးထိုင်လျက် ရှိကြသေး၏၊ အခန်းထည်းတွင် ညနေကလို လူမရှင်း၊ ကျောင်းသားအချို့နှင့် ဆရာအချို့ ပါ လာရောက်နားထောင်ကြသည်၊ လေသည်တချက်တချက်သာ တောင်ဘက်လမ်းမကြီးတလျှောက် ပြေးလာပြီး ကျောင်းကိုဝင်ခွေ့သွား၏။

သို့ရာတွင်မအေးပေ၊ ပူနွေးနွေးပင် ရှိလိုက်သေး၏၊ ကျောင်းမကြီး အပေါ်ထပ်မှ ကျောင်းသားများ စာကျက်သံ များကိုကြားရသည်၊ မီးတွေလည်း လင်းနေပြီ။

"ဟော့-မင်းသားကြီး ဆရာကြီးဦးကွန့်နဲ့ ဆရာသခင်ကိုကြီးတို့ ခဏသွားခေါ်ကွာ...၊ ဂါ–အရှင်နန္ဒ ခ ဏ လမ်း ရှောက် လိုက်ကြအုံးမို့၊ ဟိုဆရာတွေလာတော့ တိုင်ပင်ပြီး ဒီကျောင်းကိစ္စ တို့လာမဲ့ရက်ကို ချိန်းကြတာပေါ့"



ဆရာ တော် သည် ရေနံချောင်းမှ ကျောင်း လာ နေ သော ကျောင်းသားကြီး တဦးအား ဆရာများအား အခေါ်လွှတ်ပြီး လမ်းရှောက်ရန် အောက်သို့ဆင်းကြွသွား၏၊ မင်းသားကြီးဟု ဆရာတော်ခေါ်သူမှာ ကျောင်းအကြီးသားနေ့ ကပွဲချိန်၌ မင်းသားလုပ်၍ ကရသူဖြစ်သောကြောင့် ဆရာတော်က မင်းသားကြီးဟု ကင်းပွန်းတပ်ထားသူဖြစ်၏၊

# ၁၅-အစဉ်

ထိုည ဆရာတော်၏ ကျောင်းကလေး အပေါ်ထပ်တွင် နေရှင်နယ်ကျောင်း မြန်မာစာ ဆရာကြီး ဦးကွန့်၊ အင်္ဂလိပ် စာပြဆရာ သခင်ကိုကြီး၊ အရှင်ဇဝနနှင့် အရှင် မဟာနန္ဒတို့ တတွေ ဆရာတော်နှင့် တိုင်ပင် ဆွေးနွေးကြ၏၊ ဘေးမှ နားထောင်သူ ဆရာအချို့နှင့် ကျောင်းသားကြီးများ ရှိကြသည်။

အရှင်မဟာနန္ဒက ရောက်ရှိလာသူဆရာများအား ကျောက်ကွင်းဘာသာရေး ယှဉ်ပြိုင်ဟောပြောပွဲကြီး ပေါ်ပေါက်လာရခြင်း၏ အကြောင်းအရာ အစုံကို ပြန်ပြောပြည်တင်ပြ၏၊ ဆရာများ ကျောင်းသား ကြီး များ ကပါ သိလိုသမျှ မေးမြန်း စုံစမ်းကြသည်။

ဟောပြောရေး ကိစ္စအတွက် ဆရာတော်က ခေါင်းဆောင်၍ ဆရာကြီးဦးကွန့်က ကူညီရန်ဖြစ်လာ၏၊ မည်သို့မည်ပုံပြောဆိုရန် ဆိုသောတာဝန်မှာ ဆရာတော်၏အလုပ်သာဖြစ်၍ အထူးအထွေ မစဉ်းစားကြတော့ပေ၊ လိုက်ပါမည့် သူများကို ရွေးချယ်သည်တွင် အားလုံးက လိုက် ချင် နေကြသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



စရိတ်စကနှင့် တည်းခိုနေထိုင် သွားလာရေးတို့၌ သက်သာနိုင်သုံးဖြစ်စေရန် ငါးဦးသာ သွားလိုက်သည်ဟု ဆုံးဖြတ်ကြ၏။

ထိုငါးဦးမှာ ဆရာတော်အရှင်ဥက္ကဋ္ဌ၊ အရှင်သုတ၊ အင်္ဂလိပ်ကပြား အရှင်အရိယ၊ ဆရာကြီး ဦးကွန့်နှင့် ဆရာသခင်ကိုကြီးတို့ဖြစ်၏။

ကြွမည့်ရက်ကိုသတ်မှတ်ကြသောအခါ ဤသို့စီစဉ်လိုက်ကြ၏။ ဧပြီလ ၂၀-ရက်နေ့ နံနက် တောင်တွင်းကြီး ထွက်၊ အာလံသို့ နံနက် ဆွမ်းချိန်မှီ အရောက် အရှင်မဟာနန္ဒ၏ ကျောင်း၊တွင် ထိုနေ့ရပ်နား၊ ဧပြီလ ၂၉-ရက်နေ့ နေ့ဆွမ်း စားပြီး အာလံမှ ထွက်၊ ဝက်ထီးကန်သို့ ညနေအရောက်၊ ဝက်မြေတောကျောင်းတွင် ထိုနေ့ရပ်နား။ ဧပြီလ ၃၀-ရက်နေ့(ကဆုန်လဆန်း ၁၁-ရက်၊ ကြာသပတေးနေ့)နံနက်စောစော ဝက်ထီးကန် ဝက်မြေတောကျောင်းမှထွက်၊ အလိုတော်ရ ဂိုဏ်းချုပ်ကြီးကျောင်းသို့ ခေတ္တ ဝင်နှုတ်ဆက် ၈-နာရီခွဲခန့် ပြန်ထွက်၊ ကျောက်ကွင်းရွာတရားဟောရမည့် မဏ္ဍာပ်ကြီးသို့ နံနက် ဆွမ်းချိန်မှီ အရောက်၊ ထိုနေ့မဏ္ဍာပ်ကြီး၌ ရပ်နား။

မေလဆန်း ၁-ရက်နေ့ ဗုဒ္ဓဟူးနေ့ မွဲကြီးရက်၊ ထို မဏ္ဍာပ် ကြီး မှာ ပင်ကျင်းပမည့် ဟောပြောပွဲသို့ တက်ရောက်ရန်။

ထိုသို့ လမ်း၌ ရပ်နားရက်များထားရသည်မှာ ဝက်ထီးကန် အာလံစသော အရပ်များ၌ ဆွေးနွေးပွဲများ ပြုလုပ်ရန် အရှင်မဟာနန္ဒက ဆန္ဒရှိသောကြောင့် ဖြစ်လေသည်။

ထိုနေ့သည် ကဆုန်လဆန်း ၅-ရက်၊ ဧပြီလ ၂၄-ရက်နေ့ဖြစ်သည်။ အရှင်မဟာနန္ဒ၏ ခရီးစဉ်မှာ နက်ဖြန် ကဆုန်လဆန်း ၆-ရက်နေ့ နံနက် ဆွမ်းစားပြီး တောင်တွင်းကြီးမှ



ထွက်၊ အာလံကျောင်းခေတ္တဝင်၊ ပြန်ထွက်—ဝက်ထီးကန် ထိုနေ့ ညနေအရောက်သွားမည်၊ နောက်နေ့ ဆွမ်းမှီ အလိုတော်ရသို့ ကူးပြီး၊ ဂိုဏ်းချုပ်ကြီးထံ လျှောက်ထားရန် ကိစ္စအဝဝ ပြီးလျှင် ပြီးချင်း ကျောက်ကွင်းသို့ ဆက်သွားမည်။ ကျောက်ကွင်းတွင် သူကြီးနှင့် ဗုဒ္ဓဘာသာ လူကြီးများကို အကြောင်းစုံ ပြောပြီး ဆရာတော်တို့ ရောက်မည့်ရက်၌ လိုအပ်သော အစီအစဉ်များ တိုင်ပင် မှာ ကြား ပြီး နောက် အလိုတော်ရသို့ ပြန်မည်၊ ထိုနေ့ည အလိုတော်ရ သံဃာတော်များနှင့်ဆွေးနွေးပြီး နောက်တနေ့နံနက် ဝက်ထီးကန်သို့ ပြန်ကူးမည်။ ဝက်ထီးကန်၌ နေ့ဆွမ်းစားပြီး ထိုနေ့ ညနေ အာလံ အရောက်ပြန်မည်။ နောက်နေ့ ဧပြီလ ၂၀-ရက်နေ့တွင် တောင်တွင်းကြီးမှ ပြန်ကြွလာမည့် ဆရာတော်တို့ကို စောင့်ကြိုရန်ဟူ၍ ဖြစ်၏။

ဤသို့ဖြင့် အရှင်မဟာနန္ဒ၏ ခရီးစဉ်မှာ ရှပ်ရှက်ခတ် လှုပ်လှုပ်ရှားရှား လာ ခေါက်တုံ့ လွန်းဆိုးသလို ဖြစ်နေ၏၊ ဆရာတော်ကို လွယ်လွယ်တွေ့ရပြီး လွယ်လွယ်စီစဉ်ပြီးသည်ပင် အရှင်မဟာနန္ဒအဖို့ ကျေနပ်ပြီး ဖြစ်၏။ ထို့ထက်ဤပွဲတွင် ဆရာတော် ကိုယ်တိုင် ယှဉ်ပြိုင် ဟောတော်မည် ဖြစ်ကြောင်း သေချာ ခိုင်လုံပြီး ဖြစ်၍ မဟာနန္ဒမှာ ဝမ်းမြောက် ရွှင်လန်း နေပေသည်။

ဤ ဘာ သာ ရေး ယှဉ် ပြိုင် ဟော ပြော ကြီး ၌ အ ရှင် မဟာနန္ဒသည် ဆရာတော် အရှင်ဥက္ကဋ္ဌကိုသာလျှင် အားထား ယုံကြည် စိတ်ချရဆုံး ဖြစ်သည်ဟု စွဲမြဲစွာ ယုံ ကြည် ထား ဟန်ရှိပေသည်။ ဤပွဲတွင် ဗိုလ်ရွေး မတန်၍ ရှုံးရပါက သာမန်အရှုံးမျိုးမဟုတ်၊ ဗမာတလောကလုံး ယုံကြည် ကိုး ကွယ် နေသော ဗုဒ္ဓဘာသာကြီး၏ အရှုံးကြီး ဖြစ်ရတော့မည်ကို ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



တွက်ဆပြီးဖြစ်၍ အရှင်မဟာနန္ဒသည် ဤမျှအားတိုက်၍ ခွန်တို မခေါ်နိုင်၊ မပေးနိုင် ဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

ဆရာတော် အရှင်ဥက္ကဋ္ဌထံတွင် ရေစိယံ သမ္မာကျမ်း စမ္မဟော်း—မမ္မသစ် အစုံရှိနေ၏၊ ထိုနေ့ည ဆုံးဖြတ်ချက် ချမှတ်စီစဉ်ပြီးနောက် ဆရာတော်သည် သမ္မာကျမ်းစာအုပ် ထုတ်၍ ခဲတန် နီပြာတန် တချောင်းနှင့် တောက်နှုတ်ချက် တေးမှတ်တော်၏၊

ဆရာသခင်ကိုကြီးနှင့် ဆရာကြီး ဦးကွန့်တို့က ဆရာတော် တေးမှတ်ပြထားသော အချက်များအတွက် စာအုပ်တွဲ အမှတ် စာမျက်နှာအမှတ်စသည်တို့နှင့် ညွှန်းချက် အစစကို မာတိကာ အဖြစ် လိုက်၍ စာရင်းသွင်းကြရ၏၊

သို့နှင့် ထိုနေ့ညမှစ၍ ကြိုတင်ဘွယ်ကိစ္စ အဝဝကို စတင်ပြီး လေတော့သည်၊ သန်းခေါင်ကျော်မှ ရပ်နားကြ၏။

နောက်တမနေ့ နံနက် ဆွမ်းချိန်ပြီးလျှင် အရှင်မဟာနန္ဒသည် ဆရာတော်တို့အတွက် အလိုတော်ရမှ ဆက်ကပ် လိုက်သော ခရီးစရိတ်များကို လှူလေလျှင် ဆရာတော်က ငါးကျပ်ထည်းသာ လက်ခံပြီး ပိုသမျှ ပြန်၍ အပ်လိုက်၏။

နံနက် ၉-နာရီခန့်တွင် အရှင် မဟာနန္ဒသည် ပျော် ပျော် ပါးပါး နှုတ်ဆက်၏ တောင်တွင်းကြီးမှ ထွက်ခွာ ကြွသွား လေသည်။

ဆရာတော်နှင့်တကွသော ဆရာ ၂-ဦးမှာ ညက မှတ်လက်စ စာအုပ်တွေနှင့် ဆက်လက်ကိစ္စများနေကြတော့၏၊

ထိုနေ့ညနေတွင် တောင်တွင်းကြီးမြို့ ကန်တော်ကြီး အရှေ့ ဘက် ၂-မိုင် ခန့် ကွာ တွင် နေသော နတ်မှီတောရကျောင်း



ဆရာတော် ဦးကလျာဏကြီးသည် ဘယ်က ဘယ်လို သတင်း ကြားလာသည်မသိ၊ အော်ကျယ် အော်ကျယ်နှင့် အားရပါးရ ပြောဆိုနှုတ်ဆက်ရင်း ဆရာတော်ထံသို့ ရောက်လာ၏။ မြို့မြောက် ဖက် ညီမ ကျောင်းမှဆရာတော် ဦးကောလာသနှင့် ဘုန်းကြီး အချို့ ရောက်လာပြီး သတင်းမေးကြပြန်သည်။

ဆရာတော်အရှင်ဥက္ကဋ္ဌသည် လွန်စွာသိတ်သည်းတတ်သော ဝါသနာရှိသည်၊ ဟိတ်ကျယ်ဟန်ကျယ် လုပ်တတ်သော စရိုက် မရှိပေ။ ထို့ကြောင့် ဤကိစ္စတွင်လည်း လူပိုတွေကို အသိမရှိ အချင်းချင်းသာ ကြိတ်ပြီး စီစဉ်နေကြခြင်းဖြစ်၏။

သို့ပါလျှက် ယခုကိုယ်တော်ကြီးတွေ ဘယ်လို သတင်းနံ့ သန့်သန့်ရလာသည်ဟု မပြောနိုင် ကျောင်းသို့ရောက်လာကြ လေသည်။ ဆရာတော်က အတေးအမှတ်အလုပ်တွေနှင့် ရှုပ် နေ၏၊ ဆရာတော်ကြီးတွေက အော်ကျယ်ကျယ်နှင့်မေးခွန်းတွေ ဘလစပ်ဖြစ်နေ၏။

နောက်ဆုံးလာသမျှ ကိုယ်တော်ကြီးတွေက လိုက်ရတောင်း စေ တကဲကဲ ဖြစ်လာပြန်သည်၊ ဆရာတော်ကို ဝါကြီးနေသော ကိုယ်တော်ကြီးတွေက ငယ်နိုင်ဖြစ်နေသဖြင့် အတော်ကျီးစား၍ တောင်းပန်နေရ၏။ ထိုအချိန်က ဆရာတော် အရှင်ဥက္ကဋ္ဌမှာ သက်တော် ၄၀-မျှပင်မပြည့်သေး အရွယ်ကောင်းတုံးစိတ်အား ထက်သန်တုံး အရွယ်မျှ ရှိသေး၏၊

ဆရာတော်ဦးကလျာဏကြီးက—

"ကယ့် ဒို့ဗိုလ်အုပ်တို့အဖွဲ့က အားနဲ့လွန်းလှတယ်၊ စိတ်မချ သေးပါဘူး ဒီပွဲမှာ ကိုယ့်ဘက်က အားတောင့်မှ ဖြစ်မယ်၊ ကိုယ်တော့ တပည့်တော်တော့ လိုက်ရအုံးမှစိတ်ချမယ်"

www.burmeseclassic.com

www.burmeseclassic.com

"နေစဉ်းပါဒိုး ကိုယ်တော်ကြီးက စိတ်မရှည်လို့လား လိုက်ချင်လို့လား"

"စိတ်လဲမချဘူး လိုက်လဲလိုက်ချင်တယ် ဒါဘဲ"။

"ကိုယ်တော်စရိတ် ကိုယ်တော်ကြီး တာဝန် ယူရင်နိုင်တော့ ကိုယ်တော်ကြီးတပါးတော့လိုက်လေး၊ ကျန်တဲ့ ကိုယ်တော်တွေတော့ နေရေး၊ထိုင်ရေး အာနာစရာဖြစ်နေမယ်"

သို့နှင့် မူလက ၅-ဦးသာ ရွေးသော်လည်း နတ်မှီကိုယ်တော်ကြီးက ဇွတ်ရော၊ အတင်းရော လုပ်နေသဖြင့် ၆-ဦး ဖြစ်သွားလေတော့၏၊

ရက်ကြတ်အချိန်ပိုင်းဖြင့်၍ သမ္မာကျမ်းစာကောက်နုတ်ချက်တွေကို အရေးတကြီး ကူးကြ၊ မှတ်ကြ၊ လုပ်ကြရသည်၊ သို့နှင့် ပစ် စာမျက်နှာ ၈၀-ရှိ ဗလာစာအုပ်နှင့်အပြည့် ဖြစ်နေလေပြီ၊ စာကုန်မဟုတ်ပေ၊ စာမျက်နှာနှင့် အုပ်တွဲ အမှတ်စဉ်သက်သက်မာတိကာသာဖြစ်သည်၊

စီစဉ်ပြီး ခရီးစဉ်အရ ဧပြီလ ၂၈-ရက်နေ့တွင် ဆရာတော်အရှင် ဥက္ကဋ္ဌ ခေါင်းဆောင်သော ဗုဒ္ဓဘာသာ အဖွဲ့ဝင် ၉-ဦးသည် နံနက် ၇-နာရီခန့်အချိန် တောင်တွင်းကြီးမှ အာလံသို့ ထွက်ခွာခဲ့ကြသည်၊ ဗုဒ္ဓဘာသာအဖွဲ့ဟူ၍ ထွက်ခွာခဲ့သည် ဆိုရာ၌ ကြီးကြီးကျယ်မဟုတ်၊ ယခုခေတ်လို သာသနာ့ အလံတွေ အဝေသား ပိတ်ဆိုင်းဘုတ် စာနီတန်းကြီးတွေ တဖါးဖါးနှင့် မျက်မှန်ကြီးတွေ တကားကား ဟူ၍မရှိ၊ တောင် တွင်း ကြီး မှ အာလံဘက်သို့ နေ့စဉ် ခရီးသည် ဆွဲနေကျ ဘတ်စ်ကားပေါ်သို့ တက်လိုက် သာခဲ့ကြခြင်းသာ ဖြစ်၏။ ဆရာကြီး ဦးကွန်နှင့်



သခင်ကိုကြီးတို့၌ လွယ်အိပ်တလုံးစီနှင့် လိုအပ်သော ကျမ်းစာအုပ်ထုပ်ကြီးအပြင် ဘာမျှအပိုမပါကြပေ။

# ၁၆ – အစမ်း

အာလံ ဘက်သို့ နံနက် ၆-နာရီခန့်တွင် ရောက်ကြသည်၊ ကားဆိပ်၌ အရှင်မဟာနန္ဒသည် သံဃာ ၃-၄-ပါး၊ ကျောင်းသား ၄-ဦးနှင့် စောင့်ကြို နေ သည် ကို တွေ့ကြရ၏၊ အရှင်မဟာနန္ဒ၏ ဗုဒ္ဓသာသနာပြု ကျောင်းသို့ရောက်ကြ၏၊မကြာမီပင် အာလံမြို့မှ ဆရာတော် အရှင်ဥက္ကဋ္ဌအကြောင်း ကြားသိထားသူ ပရိသတ်များ ရောက်ရှိလာကြသည်၊ ထိုဒကာ,ဒကာမတို့ကပင် နံနက်ဆွမ်းပို့ကြပေသည်၊

ထိုအချိန်က ဆရာတော်သည် တိုးတက်ရေးမဂ္ဂဇင်း၌ ဘာသာရေးဆောင်းပါးများ မပြတ်အပတ်စဉ် ရေးသားနေသဖြင့် ဆရာတော်ကို ကိုယ်တိုင် မမြင်ဘူးသူများ လာရောက် ဖူးမြော်နှုတ်ဆက်ကြရာ ကျောင်းတွင် ညှိအတော် များမနလေသည်။

ဤသို့ လာရောက် နှုတ်ဆက် ကြသူများ၏ အထဲ၌ ငရှေးယခင်က စစ်ကိုင်း တောင်ရိုး နယား ချောင်တွင် နေထိုင်ခဲ့ပြီး အလွန် နာမည် ကျော်ကြား လူသိများခဲ့သော နိုင်ငံကျော် ဓမ္မကထိက လက်ဟောင်းကြီး ဖြစ်ခဲ့သူ "မြဝတီ ဆရာတော်" လူထွက် ဦးအုံးဆိုသူတဦးပါလာလေသည်။

ဦးအုံးမှာ အသက် ၆၀-ကျော်ချေပြီ၊ ပိဋကတ် စာပေ၌ နှံ့စပ်ခဲ့သူတဦးဖြစ်သည့်အလျောက် ဗုဒ္ဓပိဋကတ်တော်များနှင့် ဆိုင်ရာ အဖွင့်အရှင်း ကျမ်းများ၌ ဗုဒ္ဓ၏ မူရင်း အဆိုကအချက်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ချက်ချောင် တိမ်းပါး ရှေ့နောက် အစဉ် ဆက်စပ် မရ ဖြစ်နေသော စာအများပင်ရှိနေသည်ဟု ဦးအုံးက ဆွေးနွေး လာသည်။ ဦးအုံးက ထိုသို့ယွင်း တိမ်းပါးချက်များကို ဗုဒ္ဓ စကားတော် ယောင်ယောင်အဖြစ် တဖက်က လူများက စွဲကိုင် ပြီး ဗုဒ္ဓဘာသာကို ဝေဖန်ပစ်မှာစိုးသည်ဟု သတိပေး၏။

"ဒါတွေကို ဦးပဥ္စင်းတို့ပြောကြရင် ဆုံးတော့မှာ မဟုတ်ဘူး၊ စာတွေဆိုတာ ဘုရားကို မြင်လိုက်တွေ့လိုက်ထဲ့ အထဲက ပုဂ္ဂိုလ်တဦးကမှ ရေးခဲ့မှတ်ခဲ့တာ မရှိဘူးဆိုတာ တကာအုံးလဲ အသိသားဘဲ၊ နှုတ်နဲ့ဘဲ ရွတ်ဖတ် ထမ်းဆောင်ခဲ့ကြတာ တွေချည်းဘဲ၊ အဲ-သာသနာ သက္ကရာဇ် ၃၅၀-ကျော်လောက် ကျတော့မှ စာရေးဆရာတွေ အမျိုးမျိုး ပေါ်လာကြပြီး ဒီပါဠိ တော်ရဲ့ အဓိပ္ပါယ်က ဘုရားက ဘယ်လိုဆိုလိုတာ ဟိုပါဠိက ဘယ်လိုအနက်သဘောစတဲ့ဟာတွေ ရှောက်ရေးကြတာဘဲ တကာအုံးရဲ့"

"အဲဒါတွေကြောင့် တပည့်တော် စိုးရိမ်မိတာပေါ့- ဆရာ တော်၊ ရေးထဲ့ စာရေးဆရာတွေရဲ့ ရေးပုံတွေ ကြည့်တော့ သူတို့ကတဲ ဘုရားကြွလေရာရာ သူတို့ပါ ထပ်ချပ်အတူပါသွား ပြီး ကိုယ်တိုင်ဘဲ မြင်ကြ၊ တွေ့ကြတဲ့ အတိုင်း ရေးထားကြ သယောင်ယောင်တွေလုပ်ပြီး အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ပြ၊ ရှင်းပြ နဲ့ ဖြစ်နေကြတာဘဲ-ဆရာတော်ရဲ့"

"အေးလေ- သူ့ဟာသူ ရေးချင်တာ ရေးကြပစေပေါ့၊ အဲဒီ ဘုရားပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းပေါင်း ၃၅၀-ကျော်နဲ့ နှစ်ပေါင်း ၁၀၀၀-ကျော်အတွင်းကမှ ရေးတဲ့ စာတွေမျိုးကို မစဉ်းစားတာဘဲ ကောင်းပါတယ်"



"ဆရာတော်ကမစဉ်းစားပေမဲ့ အဲဒါတွေကိုဘဲ တကဲ့ ဗုဒ္ဓ ဂေါတမဘုရားရှင် ကိုယ်တော်ကြီးရဲ့ တရား အစစ်အမှန်တွေ ထက် စွဲလန်း နေကြတာတွေက ဘယ်ပုံကြီး ရှိနေတာလဲလား- ဆရာတော်"

"ဒါလဲ သူတို့သဘောပေါ့တကာအုံးရဲ့၊ ဘုရားနဲ့ အနုံ ဆုံး နှစ်ပေါင်း ၃၀၀-ကျော် ကွာလွှမ်းခါမှ လူဖြစ်လာတဲ့ ဆရာတွေရေးတာကိုဘဲ ဘုရားထက်ဟုတ်နေသေးတယ် ထင်ကြ ရင်လဲ သူတို့ဟာသူတို့ လုပ်ချင်ရာ လုပ်ကြပစေပေါ့-တကာ အုံးရာ....၊ ဘုရားက ဆုံကြံ နိမ့်မြင့် ဇာတ်အမျိုးမျိုးနဲ့ ဇာတိ စွဲ မာန်မာနတွေကို ချိုးနှိမ် ပယ်ထုတ်ပစ်ပြီး သတ္တဝါမှန်သမျှ အပေါ် တပြေတည်းထဲ ကရုဏာတော်ထားခဲ့ကြောင်း ထင်ရှား ပြီးသားဘဲ-တကာအုံး၊ ဒါမှန်း သိရက်သားနဲ့ ဝိနည်းဋီကာ က ဘယ်လို ဆိုထားလို့ ဝိနည်းငါးကျမ်း ဂဏ္ဌိက ဘယ်လိုလို့ ဖွင့်တားပြန်လို့နဲ့ သိမ်ဝင်ရဟန်းခံတာတောင် ဘယ်သိမ်ဝင် တာက ဘယ်စည်းကမ်း ဥပဒေ၊ ဘယ်သိမ်ကတော့ ဘယ်အမျိုး အစားဆိုတာတွေထိ သူတို့ဟာသူတို့ ရှုပ်ထား၊ လုပ်ထားကြပြီး သူတို့ဟာသူတို့ ငါကဘယ်သိမ်ထွက်မို့ ဘယ်သိမ်ထွက်ကမြတ် တယ်၊ ယုတ်တယ်နဲ့ လုပ်နေကြတာတွေကဘဲ ဒီကစပြီး အဲဒီ အကျင့်တွေ ဦးပဥ္စင်းတို့ ဗမာပြည်ထိ ကူးစက်လာတာဘဲ၊ ပြီး တော့ အဲဒီနိုင်ငံက ဘုရားပွင့်တဲ့အရပ်ကို ဦးပဥ္စင်းတို့ဗမာပြည် ထက်တောင် အပုံကြီးပိုဝေးတဲ့ ဒေသဘဲ"

"တပည့်တော် ဒါမျိုးတွေရှိနေသရွေ့ ဘုရားရှင်ရဲ့ မဟာ ကရုဏာတော်ကို ထိခိုက်နေပြီလို့ဘဲ မှတ်ထားတာဘဲ- ဆရာ တော်...."

www.burmeseclassic.com

www.burmeseclassic.com



“ဒါတွေ ဖွဲ့မထားနဲ့ တကာအုံး၊ ဒါဖွဲ့လိုက်ရင် ဖွဲ့သူ ဘုရားညွှန်းထားတဲ့ သဘောနဲ့ အံချော်နေအုံးမယ်၊ ဦးပဉ္ဇင်း တော့ ဘုရားရဲ့ ပထမဝါ မိဂဒါဝုံက တရားဘဲ မိမိ ရရ ဆုံး ကိုင်ထားတယ်။ အဲဒီတရားတော်ကတော့ မဇ္ဈိမ သာသနာ ရော- တောင်ပိုင်း သာသနာမှာရော၊ မြောက်ပိုင်း သာသနာ မှာရော ဘယ်သာသနာဝင်ဂိုဏ်းကမှ မပယ်ဘူး အားလုံး တညီထဲ လက်ခံပြီး တသံထဲ အသိအမှတ် လုပ်ထားတာ ထင် ရှားတယ်”

“ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ် နှစ်သုတ်လား ဆရာတော်”

“ဟုတ်တယ်လေ၊ ဒီနှစ်သုတ်ကို လက်သုံး မိမိရရ စွဲထား လိုက်ရင် ဗုဒ္ဓရဲ့ အဆီအနှစ်အားလုံး အကြုံးဝင်နေတာဘဲ မှတ် လား တကာအုံး”

“ဟေမဝန္တသုတ်ကော ဘယ့်နှယ်သဘောရသလဲ ဆရာ တော်၊ ဒီသုတ်လဲမိဂဒါဝုံမှ ဓမ္မစကြာအပြီး ညဘွင်းချင်း ဆက် ဟောတော်မူဘယ်ဆိုမဟုတ်လား”

“အဲဒီဟာမျိုးကျတော့ ‘အရင် ဟောထားတဲ့ ဓမ္မစကြာပါ အနက်အဓိပ္ပါယ်နဲ့ တိုက်ကြည့်ရလ တသုတ်နဲ့ တသုတ် ဘောင် အတူတူ ဝင်သေးရဲ့လားလို့”

“မဂ္ဂင်နဲ့တော့ မဝင်နိုင်တော့ဘူး ဆရာတော်၊ အဲဒီ ဓမ္မ စကြာသုတ်ရဲ့ အစနိဒါန်းပိုင်းနဲ့ အဆုံးသတ်နိဂုံးပိုင်း ၂-ခုလဲ မဂ္ဂင်နဲ့ညှိကြည့်ရင် အံကိုမဝင် ထည့်စာတွေ ပါနေတာဘဲ ဒါ တွေကော ဘယ်လိုလဲဘုရား”



“ဒါမျိုးတွေကျတော့ အလယ်ပိုင်း ဘုရားဟော အစစ်ရဲ့ မူကိုသာ ယူပေါ့တကာအုံးရဲ့၊ ဒီအစပဏ္ဏာမနဲ့ အဆုံးနိဂုံး တွေကျတော့ မဇ္ဈိမမူကတမျိုး မြောက်ပိုင်းက တမျိုးနဲ့ ဖြစ် နေတာတွေ့ရတယ်၊ အလယ်က ပါဠိတော်ရဲ့ အပိုင်း တ တော့ သာသနာ သုံးပိုင်း သုံးဌာနစလုံးမှာ မတိမ်း မစောင်း အောင် တွေ့နေရတယ် တကာအုံး၊ ဒီတော့ အဲဒီ သုံးဌာနက အတည် ဖြစ်နေတဲ့ အလယ်ပိုင်း စာကိုယ် ပါဠိတော်ကို ယူထားရင် ဘယ်ကမှ ငြင်းချက် ထွက်စရာ မလိုတော့ဘူးမှတ်လား တကာ အုံးရ”

“ဘုရားတရားတော်တွေထဲမှာ ဘုန်းကြီး တွေ ရဲ့ စိတ်ကူး တွေက ဝင်နှောက်ထားတာက အတော် ခက်နေတယ် ဆရာ တော်၊ အဲဒါမျိုးတွေကိုဘဲ တပည့်တော် မကျေနပ်နိုင်တာဘဲ ဘုရား”

“ဒါကတော့ တကာကြီးတို့လို စာပေနှင့် ပွန်းတီးထားတဲ့ ပုဂ္ဂိုလ်တိုင်းလိုလိုဘဲ ဒီမကျေနပ်မှုမျိုးတွေ ရှိတာပါဘဲ၊ ဒါပေ မဲ့ ကိုယ့်နည်းနဲ့ ကိုယ့် တရားတော် အစစ်တွေ ရွေးထုတ် ယူနေကြတာပေါ့၊ ပြောနေလို့လဲ စာအုးတောင်း သိုက်ထဲ သပွတ်အူသွတ်လိုက်သလို အကုန်လုံးထွေးလုံးရစ်ပတ်ကြီး ဖြစ် ပြီး ပြောမဆုံးပေါင်- တောသုံးထောင်ထဲမှာ ချာလယ်ချာလယ် နဲ့ ဖြစ်နေကြဘို့ဘဲ ရှိတယ်တကာကြီး ဒီတော့ ဒါတွေ ရှောက် ပြောမနေနဲ့တော့ ကိုယ့်ဉာဏ်နဲ့ ကိုယ်သာ ချင့်ချိန်ပြီး ယူကြဘို့ ဘဲရှိတယ် စကားပမာဘဲဆိုပါတော့ အဋ္ဌကထာ ဆရာ အရှင် ဗုဒ္ဓဃောသဆိုတာ သီဟိုဠ်ကို ရောက်လာချိန်မှာ ဘုရားပရိတ် နိဗ္ဗာန်စံဝင်ပြီးလို့ နှစ်ပေါင်း ၉၅၆- နှစ် တောင် ကြာလွန်ခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



မှတ်လား။ အဲသူသီဟိုဠ်က ပိဋကတ်စာပေတွေလေ့လာ... မြောက်ပါပြီဆိုတော့ နှစ်ပေါင်းဘဲ တ ထောင် နီး ပါး ဘု... နဲ့ကွာခဲ့ပြီ၊ဒါပေမဲ့ တကာအုံးလဲ သိမှာဘဲ။ အဲဒီအရှင်မဟာ... ဗုဒ္ဓဃောသကလောက ဝိဒူအဖွင့်ဆိုတာကို ရေး တော့ ဘု... သခင်က နတ်ပြေတက်လိုက်ထာ မြင့်မိုရ် တောင်ကတဆင့် လှ... လို့၂-လှမ်း၃-ဖဝါးနဲ့ရောက်သွားဆိုဘဲ၊ နောက်ဘုရားပြန်... ဆင်းလာတော့ ရွှေငွေခကျောက်သံ ပတ္တမြား စောင်းတန်း... တဝင်းဝင်းက နတ်ပြဟ္မာတွေ ထီးမြူတွေနဲ့ မိုး ပေး ပြီး ... သင်းတွေမှုတ်ပို့ပေးလိုက်ကြတယ်လို့ စာတွေ ဖွဲ့ထာတော့... ဘဲ။ အဲဒီအရေးအသားမျိုး ရေးပြရအောင်က သူဘယ်နည်း... နဲ့မြင်ရသိရလို့ရေးတာလဲ၊ သူနဲ့ ဘုရားပွင့်ချိန်နဲ့ နှစ်ကိုး... တထောင်လောက် အနည်းဆုံးကွာနေတာတွေရတယ်၊ ဒီတော့... ဒါမျိုးတွေ တကာအုံးပြောမနေနဲ့တော့လေ ကိုယ်ပိုင်ဉာဏ်နဲ့... သာ သုံးသတ်ယူဘို့ဘဲရှိတော့တယ်။''

''မဟုတ်ဘူးဘုရား၊ တပည့်တော်က အဲသလို စိတ်ကူးနဲ့ စာဖွဲ့ပြီး ပိဋကတ် ပါဠိတော်တွေကို ဖွင့်ပြတာ မျိုးတွေကျတော့ အုကဲအသဲထဲတကိုး ပွပွ ထ လာသယ်၊ နောက်ပိုင်းမှာ ရှင် ပိဋကလာ မထေရ်က ၃-ယူဇနာကျယ်တဲ့ ကျောက်ဖျာကြီးကို ခြေမနဲ့ညှပ်ပြီး ကောင်းကင်မှာ လှဲ့ပြလိုက်သေးတယ် ဆိုတာ တွေလဲ ရေးလိုတ်ထာ မြည့်နှက်နေတာပါဘဲ၊ ဒီအရှင်မဟာ ဗုဒ္ဓဃောသဆိုတာကြောင့် အတော်ကို ခက်ကုန်တာဘဲ ဆရာ တော်-''

''ဒါကြောင့် ဒါတွေမစဉ်းစားတာဘဲကောင်းတယ် တကာ အုံး၊ ဒီတော့ ဦးပဥ္စင်းတို့က ဘာတွေကို ပြန်ထောက်ပြီးစဉ်း



စားကြရမလဲ ယူကြရမလဲဆိုတာ ရှာကြည့်လို့ မှရမယ် တကာ အုံးရဲ့''

''မှန်ပါ၊ ဆရာတော် ထောက်ပေးစမ်းပါအုံးဘုရား''

''လွယ်လွယ်ကလေးတွေထဲက ရှာလိုတ်တော့ ဦးပဥ္စင်းတို့ ဗုဒ္ဓဘုရားရှင်ဟာ ဘုရားရှင်အဖြစ် ရောက် ရှိ ပြီ ဆိုတာ ကိုယ် တော်တိုင် သိရှိဆုံးဖြတ်ပြီးတဲ့နောက် သမာပတ်က ထတော် မူခဲ့ပြီးတရားဘောဘို့ ပဥ္စဝဂ္ဂီတွေဆီ ကြွတယ်မှတ်လား''

''အဲဒီမှာ သတ္တဋ္ဌာနလို့ ရှင်ဗုဒ္ဓဒတ်ရဲ့ ဗုဒ္ဓဝင်ဋီကာက ဆို ပြန်တာကောဆရာတော်''

''တကာဝအုံးက ဝိနည်းမဟာဝါ ပါဠိတော် မူရင်းမှာပါ တဲ့ စတုသတ္တာဟနဲ့ မတူပြန်ဘူးလို့ဆိုချင်ပြန်ပလား''

''ဆိုကိုဆိုချင်လို့လျှောက်ထာပါဆရာဘော်''

''အိုဒကာအုံးမလဲ ဘုရားနဲ့ နှစ်တထောင်လောက်ကွာမှ မွေးတဲ့ စာရေးဆရာတွေချည်း အပစ်တင်နေတာကိုး- အဲဒါ ထားပါအုံး အဲသလို ဘုရားရှင်ဟောဘို့ မိဝဒါစုံကို ရောက် တော့ ပဥ္စဝဂ္ဂီတွေက ဘုရားဖြစ်လာတာ မယုံနိုင်ကြသေးဘဲ ဖြစ်နေကြတယ်မှတ်လား''

''မယုံဘူးလို့ အတိအလင်း ငြင်းဆိုကြပါတယ် ဘုရား''

''အဲဒီမှာ ဘုရားရှင်နဲ့ ပဥ္စဝဂ္ဂီတို့ ပထမဦးဆုံး ပြန်တွေ့ တဲ့အခမ်းကို ကြည့် လိုက် ရင် ဗုဒ္ဓဘုရားဟာ ဣဒ္ဓိပါဒ် တံခိုး ပြာဋိဟာတွေကို အမိကထားတဲ့ ဘုရားလား၊ (သို့မဟုတ်) အ ကြောင်းနဲ့ အကျိုးကိုဆင်ချင်သုံးသတ်တဲ့ ဉာဏ်တော်ကို အမိက ထားသလားဆိုဘာ မရှင်းဘူးလား တကာအုံး''

''အဲဒါအထိဆုံးဘဲ ဆရာတော်၊ ဉာဏ်တော် သက် ဆက်

www.burmeseclassic.com

www.burmeseclassic.com

အမိကထားတဲ့ ဘုရားဆိုတာအလွန်ထင်ရှားပါတယ်၊ ငါဘု[illegible] ဖြစ်ပြီဆိုပြီး ဘယ်ဘုန်းတော်နဲ့မှ ကြွားမပြပါဘူး-ဉာဏ်[illegible] သက်သက်နဲ့ ကြောင်း ကျိုးဆင်ချင်ပြီးရတဲ့ တရားကိုသာ [illegible] ထင်းဟောပြတာတွေရပါတယ်ဘုရား။

"ကဲ-ဒီလို ဗုဒ္ဓဘုရားရှင်က တန်ခိုးပြာဋိဟာတွေရဲ့အရှိန်[illegible] ဝါဘာမှမပါဘဲ ဉာဏ်စခမ်းသက်သက်နဲ့ ဟောပြတဲ့ တ[illegible] တော်ကို ကြားတာနဲ့ တပြိုင်နက် ပဉ္စဝဂ္ဂီတသင်းက ကန့်ကွ[illegible] ချက် တစုံတရာ မရှိဘဲ အညီအညွတ် ဘုရားအစစ် ကေန်[illegible] လာကြောင်း သိကုန်ကြတာဘဲမှတ်လား တကာအုံးရဲ့"

"ဟုတ်ထာပေါ့ ဆရာတော်၊ တန်ခိုးဣဒ္ဓိပါဒ်တွေ ဘာ[illegible] မပြလို့ မယုံဘူးဆိုတဲ့ ဝဂ္ဂီတဦးမှ မရှိတော့ဘူး တခါထဲကိုဝ[illegible] လျှိုးပြီး ဘုရားဖြစ်တာ ဝန်ခံကုန်ကြတာပါဘဲ ဘုရား"

ဤသို့ဆရာတော်နှင့် ဦးအုံးတို့ အချီအချ ပြောဆိုနေကြသည် ကို ဘေးမှပရိသတ်က ငြိမ်သက်စွာ နားထောင်ခနေကြ၏၊ အား လုံးကပင် အထူးစိတ်ဝင်စား နေကြပေသည်။

"နောက်တချက်က ရာဇဂြိုဟ်မြို့ထဲမှာ ပဉ္စဝဂ္ဂီ ငါးဦးထဲက အငယ်ဆုံး အရှင်အဿဇိနဲ့ အရှင် သာရိပုတ္တရာ အလောင်း ဥပတိဿတို့ တွေ့တဲ့အခမ်းကို အကဲခတ်လိုက်ဖို့ ရှိပြန်တယ်"

"ဆိုပါအုံးဆရာတော်"

"အဲဒီ အရှင်အဿဇိရဲ့ ဣန္ဒြေသိက္ခာကို မြင်တဲ့ ဥပတိဿ က အရှင်ရဟန်း ဘယ်တရားအားထုတ်ပါသလဲလို့ မေးလိုက် တော့ အရှင်အဿဇိက ဘာတန်ခိုးမျှား ထုတ်ပြတာတွေရသလဲ ဆရာအုံးရဲ့၊ ရိုးရိုးကလေးဘဲ (ယေဓမ္မာ-ဟေတုပဘဝါ) ဒီ လောကမှာ အကြောင်းနဲ့ ကင်းသော တရားမရှိလို့-"



အဲဒါလေး ပြောလိုက်ရုံနဲ့ ဥပတိဿဟာ တခါထဲ အရှင် အဿဇိ သက်နုံးဆွဲပြီး နောက်က ကပ် လိုက် လာတော့တာဘဲ မှတ်သား၊ အဲသလို အချက်တွေကို ပြန်ပြီးထောက်ကြည့်ရင် ဦး ပဥ္စင်းတို့ ဗုဒ္ဓဘုရားရှင်ဟာ တန်ခိုးဗျာဋိဟာတွေ ဣဒ္ဓိပါဒ်တွေ နဲ့ လုပ်နေစရာမလိုပါဘူး တကာအုံးရဲ့၊ တရားတော် အစစ် ရဲ့ အနှစ်အဓိပ္ပါယ်တွေကိုက သဗ္ဗညုတ ဉာဏ်တော်က ထွက် လာတာတွေချည်းဘဲ ဆိုတာ ထင်ရှားနေပြီးသားပါ"

"အဲဒါကိုဘဲ ဘုရားမမြင်ဘူးတဲ့ နှစ်တထောင် လောက်ရှိမှ မွေးလာတဲ့ စာရေးဆရာတွေက မနေ့တနေ့ကဘဲ သူတို့နဲ့ဘုရား နဲ့အတူတူ လိုက်ပြီး တွေ့ခဲ့မြင်ခဲ့ရသလို ရှောက်ပြီး ချဲ့ဖွင့်ရေး ကုန်ကြတဲ့ စာတွေကို တပည့်တော်စိတ်နဲ့ မဆန့်ဖြစ်နေရတာ ပေါ့ ဆရာတော်"

"ဒါတွေတော့ သူတို့စာရေးဆရာချင်းကိုလဲ တဦးရေးတာ တဦး ဝေဖန်ထားတာတွေ ပြည့်လို့ပါဘဲ တကာအုံးရဲ့၊ အရှင် မဟာဗုဒ္ဓဃောသ ရေးခဲ့တဲ့စာတွေကို ဇောတဝနဝါသီဂိုဏ်းဝင် အရှင်အာနန္ဒ ဆိုတာက အကုန်ရှောက်ပြီး ဝေဖန် သုံးသပ်ထိ တာတွေလဲ ရှိတာပါဘဲ၊ အရှင်အာနန္ဒာရဲ့ စာတွေရဲ့ အချိုး နိဒါန်းမှာ ဘာက စတွေယ်သလဲဆိုတော့ အရှင်မဟာ ဗုဒ္ဓဃော သဟာ သူ့ထက်နှစ်ပေါင်း ၅ဝ-ယောက်ဦးပြီး လူ့ပြည်ရောက် လာနှင့်လို့သာ လက်ဦးသွားတာ ခံရတာပါတဲ့၊ သူကသာ အ ရင်ဦးပြီး မွေးလာနှင့်ရင် အရှင်ဗုဒ္ဓဃောသရဲ့ ကညစ်က ဒီလို စာမျိုးတွေ ထွက်လာနိုင်ဘို့ အဝေးကြီးလို့ ဆရာစဥ်ဆက်ပြော ကြတယ် ဆရာအုံးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ၊ မူလဋီကာ ကျမ်းဟာ အရှင်အာနန္ဒာ ရေးတ ထင်တယ်ဘုရား"

"အဲဒါတွေ ပြောနေကြရင် တကာကြီးနဲ့ ဦးပဥ္စင်းတို့ ဆုံ တော့မယ်မှတ်ဘူး၊ လယ်တီဆရာတော်ကြီးလဲ ဝိဘာဝနီ ဋီကာ ကျော်က အမှားပေါင်း ၂၀၀-ကျော်ကို ကွက်ကွက်ကွင်းကွင်း ထောက်ပြခဲ့တာဘဲ တကာကြီးရဲ့၊ ဒီတော့ ဦးပဥ္စင်းတို့က မူ ဘုရားရှင်ရဲ့ အနုဿရဏထာနဲ့ ကိုက်မကိုက် ညီမညီ ကိုယ့်တ ကိုယ် ကြည့်ရှုသုံးသပ်ယူကြဖို့ဘဲ ရှိတယ်"

"ဓမ္မစကြာနဲ့ အနတ္တ လက္ခဏသုတ် နှစ်သုတ်လား ဆရာ တော်"

"ဒီနှစ်သုတ်ကတော့ ဘုရားရဲ့ ပါဝစနဟုတ်-မဟုတ် မှ တိုက်ကြည့်ဖို့ မှတ်ကျောက်သဘော လက်စွဲထားရမှာဘဲလေ"

"ဟုတ်တော့ ဟုတ်ဟုတ်ဘဲ ဆရာတော်၊ ပါဠိတွေနဲ့ မြ တိုင်း ဘုရားဟောချည်း ဖြစ်နေရတဲ့ စာတွေက များလွန်းနေ တော့ ဒီ ၂-သုတ်ဘဲ မှတ်တိုက်ကြည့်ဖို့ဘဲရှိတယ်၊ တပည့်တော် လဲ ဒီနည်းသဘောကြတယ် ဆရာတော်"

"မကျလို့ ဘယ်ဖြစ်မလဲ တကာကြီးရဲ့၊ မိဂဒါဝုံမှာ ဘုရား ရဲ့ ပဌမဦးဆုံးဝါကပ်စဉ်မှာ ဒီနှစ်သုတ်နဲ့ဘဲ ပဥ္စဝဂ္ဂီနဲ့ ယသ သတို့သားနဲ့ ဘဒ္ဒဝဂ္ဂီတွေ ခြောက်ကျိပ်လုံးလုံးသံတွယ်လွတ် ကျွတ်ထွက်ကုန်ကြတာဘဲ မှတ်လား၊ ဒါ အရှင်းကြီးဘဲ တကာ ကြီးရဲ့။

ဤနေရာတွင် ဘေးမှနားထောင်နေသော လူ၁၀-ဦးလောက် မှ ထဲလူငယ်တဦးက—

"သံတွယ်လွတ်ဆိုတာ ဘာလဲဆရာတော်"



ဆရာတော်က ထိုသူကိုတဖန် ရှင်းပြရပြန်သည်။

"ဆရာကြီးတော့ သိမယ်၊ သံတွယ်လွတ် ဆိုတဲ့ သဘောက အင်္ဂလိပ် ဆရာများမှာ ပိုပြီး သဘော ပေါက်တဲ့ စကားပေါ့ အမိပ္ပါယ်က ဘာလဲဆိုတော့ အင်္ဂလိပ် ထိုးကြတာထဲမယ် တ ချို့က ပြဒါး၊ တချို့က သံ-စတဲ့ ဟာတွေနဲ့ ဓါတ်လုံး အရင်း တည် ထိုးကြတယ်တကာရဲ့၊ အဲဒီမှာ သံကိုစထိုးပြီး ဓါတ်လုံး လုပ်တဲ့ အင်္ဂလိပ်ဆရာတွေက ကိုယ့်ဓါတ်လုံး ကလေးကို မီး အေး မီးပြင်း အမျိုးမျိုးနဲ့ ထိုးပါများတော့ မူလက ယူပြီးထိုး တဲ့ သံလုံးဟာ သဘာဝ အမျိုးပြောင်း သွားတယ်၊ ဒီအခါ သံ လိုက်နဲ့ တို့ကြည့်တယ်၊ သံလိုက်ကို ကပ်တုံး ဟပ်တုံးဘဲ ဆိုရင် မီးအမျိုးမျိုးစမ်းပြီး ဆက်ထိုးကြပြန်ရတာပေါ့လေ၊ သံလိုက်ကို ကပ်တတ်တဲ့ မူလသံရဲ့ သဘာဝ မပျောက်သေးဘဲကိုး၊ အဲကြိပ် ကြိပ်ထိုးပါများလို့ မီးနေ-မီးထား-မီးပေး-မီးယူ အဆင်ပြေ ကိုက်ညီသွားတဲ့ တနေ့ကျတော့ ဒီသံခဲ မူလခဲကလေးဟာ သံ လိုက်ကို မကပ်တော့ဘူးဆိုပြီး ဖြစ်လာတယ်၊ ဒီလို သံလိုက်ကို မကပ်တော့ဘူးဆိုတဲ့ သံဓါတ်လုံးကလေးဟာ အဲဒီ အင်္ဂလိပ် ဆရာအဖို့ အသက်ဘဲဘကာရေ့၊ နိဗ္ဗာနဓါတ်ကို ကူးသွားပြီ လို့ ဆိုကြတယ်။

အဲဒီ သံဓါတ်လုံးကလေးကို ရွှေကျွေးရင် အဲဒီရွှေကို ဓါတ် လုံးကစားပြီး ပြာတွေပြန်အန်တယ်တဲ့ အဲဒီပြာဟာ ရုန္တာသယ လို-တ-ရ-တဲ့ ပြာဘဲလို့ ဆိုကြတယ်"

"ဝိဇ္ဇာ ဖြစ်သွားပြီလား ဘုရား"

"ဝိဇ္ဇာ ဖြစ်တယ်လို့ဘဲ ယုံကြည်ကြတဲ့ သဘောပါဘဲ အဲ ဒီ အင်္ဂလိပ်သံလုံး ဥပမာကိုပုံခိုင်းပြီး ကိလေသာကလွတ်သွား

www.burmeseclassic.com



တဲ့ပုဂ္ဂိုလ်များကို သောတာပန်ဖြစ်သွားပြီဆိုတဲ့ သဘော အရိယာ ဖြစ်သွားပြီ၊ ဝဋ်ဒုက္ခ အပေါင်းက ကျွတ်သွားပြီ၊ သံသရာက လွတ်သွားပြီလို့ ဆိုလိုတာတာပေါ့-တကာရယ်”

“လူတွေတော့ ဘယ်လို သံလိုက်နဲ့ တိုကြည့်မှ လွတ်မှန်း ကျွတ်မှန်းသိမလဲ-ဆရာတော်....”

“အဲဒီ တကာလေး မဆိုးလှဘူး၊ လူ တွေ ရဲ့ ပုထုဇဉ် သဘာဝက ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ-ဆိုတဲ့ လှတဲ့ ရူပါရုံ- ကောင်းတဲ့အသံ၊ မွှေးတဲ့အနံ့၊ အရသာ ကောင်းတဲ့အဟာရ၊ ထိတွေ့ရတဲ့ စည်းစိမ်၊ အဲဒီတွေဟာ လူ့ရဲ့ အပြင်က တို့နေတဲ့ သံလိုက်တွေ၊ သံလိုက် အားကောင်းရင် ကောင်း သ လောက် ပြေးကပ် တွယ်ငြိကုန်ကြတာချည့်ဘဲ”

“ဘာကြောင့်လဲ ဆရာတော်”

“အော်....တကာနှယ်၊ လူမှာရှိတဲ့ မျက်စေ့- နား- နှာ- လျှာ—ကိုယ် ဆိုတဲ့ ပဉ္စဒွါရတွေက ရှိနေတာကိုး—တကာရဲ့၊ အဲဒီလို ကိုယ့်မှာ ရှိတဲ့ ပဉ္စ ဒွါရနဲ့ အပြင်က ပဉ္စရုံနဲ့ အမြဲ ကပ်တတ်၊ ဟပ်တတ်ငြိတတ်တဲ့ သဘော မကုန်သေး သရွေ့ သံ ရှိုးရှိုးလိုဘဲ သံလိုက်နဲ့ တွေ့ထိကြည့်ရင် ကပ်တတ်တဲ့ သံ အညံ့စား, ဝိပဿနာလုပ်လို့ မရသေးတဲ့ သံခဲသက်သက်ပဲ ရှိသေး တယ်ဆိုတာပေါ့၊ အဲ—သံလိုက်နဲ့တို့လို့ မရတော့ဘူး၊ မကပ် တော့ဘူး ဆိုမှ သံတွယ် လွတ်တယ် ဝိပဿနာ ဖြစ်ပြီး အဲဒါလို ဥပမာပြောတာပေါ့-တကာ”

“အဲဒီလို အခုဆရာတော်အမိန့်ရှိတဲ့အတိုင်း သံတွယ် လွတ် တဲ့ တရားကကော-ဘုရား”



“ဒါက တခု တကာမှာ ရှိနေတဲ့ တဏှာ ဆိုတဲ့ တပ်မက် လိုချင်မက်မော မတောင့်တတဲ့ အာရုံကို ဖြတ်လိုက်ရတယ်”

“ဒါဖြတ်အောင်တ ဘယ်လိုလုပ်ရသလဲဘုရား”

“ဒီကျတော့ အကျင့်ဘဲရှိတော့တယ်၊ အားထုတ်ပြီး ထိန်း ရတယ်၊ မျက်ခေ့တို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့ ကိုယ် ကာယ အတွေ့ အထိ အပွတ်အသပ် ခံစားမှုတို့ ဆိုတာတွေက ကိုယ့်ဟဒယ ဝတ္ထုဆိုတဲ့ အတွင်း နှလုံးသားအိမ်ကို အာရုံ ကြောတွေက မပို့အောင် ထိန်းပေးရတယ်၊ မတော်လို့ အဲဒီ အာရုံကြောတွေကဘဲ ပို့ပေးအုံး၊ နှလုံးက အမှတ်သညာပြုမဲ့ ဦးနှောက်ဆီကို မရောက်အောင်ပေါ့လေ- ထိန်းသိမ်းပေးရ တယ်၊ အဲဒါလို အတွင်းအစွန့်တွာမှာရှိတဲ့ အာရုံပို့ပေးရာလမ်း တွေကို ဖြတ်ထားရတယ်၊ စိတ်နဲ့ဖြတ်ပေါ့၊ ဒါးနဲ့ဖြတ်မှဖြတ် ရင် သေသွားမှာပေါ့၊ စိတ်ကိုမနောဝိညာဉ်လို့ စာခေါ်တယ်၊ အဲဒီ မြင်တာ- ကြားတာ- နံတာ- အရသာ ယူတာ- ထိတွေ့တာ တွေ အားလုံး သူ့သဘာဝ အလျှောက်၊ မြင်မှု- ကြားမှု- နံမှု- အရသာခံမှု-ဇိမ်တွေ့မှု ဆိုတာတွေ ရှိချင်ရှိ၊ ဖြစ်ချင်ဖြစ်၊ ဘယ်လို နေနေ မနောဝိညာဉ် ဆိုတာဆီကို မရောက်အောင် ထိန်းနိုင် ရင် သမာဒိဋ္ဌိဆိုတာပေါ့-တကာ”

“သမာဒိဋ္ဌိအမြင်မှန်ဆိုက်ရင် ကိုယ့်ကိုယ်ကို ငါဘဲ၊ သူဘဲ၊ ယောက်ျား၊ မိန်းမ၊ ကလေး၊ ခွေး၊ ကြောင်၊ အိမ်၊ မော်တော် ကား၊ မြစ်၊ ချောင်း၊ တောတောင်တွေဘဲလို့ တချက်မှ မယူဆ လေနဲ့တော့၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော-ဆိုတဲ့ မဟာဘူတ ဓါတ်လေး ပါး တို့ရဲ့ ပရိယာယ်မျှ ခေတ္တ ခဏ ဖွဲ့စည်း ပေါ်ပေါက်နေတဲ့ ဥပါဒါန် အမှတ် သညာတွေ ပါ

www.burmeseclassic.com

www.burmeseclassic.com



ကလားလို့ အကုန် အမှန် အစစ် သဘာ၀ကို မြင်လိုက်ရင် မဂ်နားကပ်ပြီသာ မှတ်ပေတော့၊ အဲဒါသာပါဘဲ- ဒီမှာ အစိုယာအဆင့်ရောက်ပါပြီ ဒီနောက် အရဟတ္တမဂ်မှာ အ သို့ မာန ဆိုတဲ့ ငါ-ဆိုတဲ့ အမှတ်သညာကလေးပါ ပြုတ်ထာနဲ့ တချက်ထဲ ဖိုလ်ကိုကူးသွားလို့ လောကနဲ့ လွတ်သွားပြီးဆိုတာသာ မှတ်တော့၊ ဒုက္ခအားလုံးက ငြိမ်းပြီမှတ်တော့၊ အဲလေ'မှတ်' ကိုလဲ မနေရတော့ပါဘူး၊ စကြာ၀ဠာနဲ့ တသားထဲ ရောသွားပါပြီ သတိထင်ထင်နဲ့ ငြိမ်းမှုကို တွေ့နိုင်ပါပြီ၊

"ဒီဟာသေမှ ဖြစ်သလားဆရာတော်"

"အော်ဒကာနှယ် သေနေမှဘဲဟာ ရုပ်နာမ်ဘဲပျက်စီးသွားမှ ဘာနဲ့ဖြစ်မလဲဒကာရဲ့၊ မသေခင် အဲသလို ဖြစ်လာအောင် အဲဒီလိုအာရုံတွေ ပြတ်တဲ့အကျင့်နဲ့ အားထုတ်ရတာမျိုး၊ သေသွားမှတော့ ဘယ်ရုပ်ဘယ်နာမ် အားကိုးနဲ့ ဖြစ်စရာ ရှိတော့ မလဲဒကာရဲ့၊သံဒိဋ္ဌိကဂုဏ်ဆိုဒါ ဒီလိုဖြစ်ထာကိုပြောတာပေါ့၊ သံဒိဋ္ဌိကဆိုတာ ရုပ်နာမ်၂-ခုတွဲနေစဉ်မှ ဖြစ်ထာဘဲ တကာလေးရာ။ ရုပ်နာမ်ပျက်မှဆိုရင် ဘယ်သံဒိဋ္ဌိက ဂုဏ်နဲ့ ညီတဲ့ တရားဟုတ်တော့မလဲ"

"တပည့်တော် သဘောတော့ကျနေပြီ၊ ကောင်း ကောင်းနားမလယ်သေးဘူးဆရာတော်"

"ဒုက္ခက လွတ်ချင်ကျွတ်ချင်တဲ့ဆန္ဒရှိရင် နားလယ် လာပါလိမ့်မယ်၊ ဒုက္ခတွေကို သုခလို့ ထင်နေသ၍တော့ နားလည်ဘို့ မလွယ်ဘူးတကာ"

"ဘယ်လိုလဲဆရာတော်"

"ခက်လိုက်ပါဘိ ဒကာ့နှယ်- သကြားမစားဘူးတဲ့ လူကို



ချိုတယ်ဆိုတဲ့ အရသာဟာ ဘယ်လိုနေတာဘဲလို့ ပြောယုံ ရဲ့ ရှင်းမရသလို အလု ျမျိုးဘဲတကာရဲ့၊ ကိုယ်တိုင်လုပ် ကိုယ်တိုင် အားထုတ်ယူမှ ရတာမျိုး"

"စိတ္တဇနာမ်လားဘုရား"

"ဟုတ်တယ်ဒကာ စိတ္တဇနာမ်လို့ဘဲ ကောက်ပြီးအမိပ္ပါယ် ယူပေတော့"

"အနို့စာတွေ ပေတွေ ကတော့ များလှချည်လား ဆရာတော်၊ ပိဋကတ်တွေ–ကျမ်းတွေ အခုနင်တဆရာတော်တို့ ပြောနေတဲ့ ဋီကာတွေဘာတွေ ဘာတွေဆိုတာ ရှုတ်နေတာပါကလား ဘုရား"

"အဲဒါတွေက သတ္တ၀ါတွေသနားလို့ ချွတ်ချင်ကယ်ချင်တဲ့ စေတနာတွေကြောင့် စာတွေ ရှုပ်ထွေးများနေတာ ထင်ပါရဲ့၊ အေးအခုနင့်ကလို ကိုယ့်ဝင်္ကက ကိုယ်ချွတ်ချင်တဲ့ လူများအဖို့ ကတော့ အခု- ဦးပဉ္ဇင်းပြောတာ ကလေးလောက် အစရရင် ကိုယ့်ဟာကို လွတ်ရာသွားပြီးကြိယုံဘဲ၊ လုပ်ရင်း လုပ်ရင်း အလုပ်ကသင်လာပါလိမ့်မယ်၊ တရားအစစ်နဲ့ အလုပ် အစစ်ဟာ ကိုယ်ထဲမှာရှိတာမျိုးတကာရဲ့၊ အပြင်ကတော့ နည်း နာ နိ သျှ သဘောမျှဘဲ ရတယ်"

"အဲဒီအပြင်က နည်းနာနိဿယဆိုတာ ခုနဆရာတော်ဟောတာ အကုန်လားဘုရား"

"တကာလေးရဲ့ ဓါတ်ခံကလဲ ရှိသေးတာကိုး– သဘော ပေါက်ဖို့ဓါတ်ခံရှိပြီးသားဆိုရင် လုံလောက်ပါတယ်"

"နောက် ထပ် သ ဘော နဲ့ နဲ့ ပေါက် အောင် ပေါ့ ဆရာ တော်"

www.burmeseclassic.com

www.burmeseclassic.com


"တကာလေးအနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး ၃-ပါးတော့ သိမှာပေါ့"

"သိပါတယ်ဆရာတော်"

"အဲဒါသိရင် အဲဒီ လက္ခဏာရေး သုံးပါးနဲ့ ဆင်ချင်၊ မဂ္ဂင် ၈-ပါးနဲ့ သစ္စာ ၄-ပါးကို နားလည်အောင်လုပ်၊ ဒါနဲ့မှမဟန်သေးဘူးဆိုရင် ပဋိစ္စသမုပ္ပါဒ်တရားကို လေ့လာသုံးသပ် အဲဒါနဲ့လဲ မဖြစ်သေးဘူးဆိုရင် ဗောဓိပက္ခိယတရား ၃၇-ပါးစလုံးကို သဘောပေါက်အောင်လုပ်၊ ဒီထက်နောက်ထပ် ဘာမှ မလိုတော့ပါဘူးတကာ၊ ဒါဘုရားဟော လိုရင်းအချက် အကုန်ပါတာပါဘဲ"

"စောစောက ဆရာတော်တို့ ဟောပြောနေတဲ့ ဓမ္မစကြာတို့ အနတ္တသုတ်တို့ကော ဘုရား"

"အဲဒါကတော့ အရကျက်နိုင်ရင် ကောင်းပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့်ကလေး စဉ်းစားစရာ ဉာဏ်ရဘာပေါ့လေ-တရားဆိုတာတွေက များလွန်းတော့ ဒီနှစ်သုတ်ပါ အဓိပ္ပါယ်နဲ့ အံဝင်ရဲ့လား—မဝင်ဘူးလားဆိုဘာ တိုက်ကြည့်ဘို့ လက်စွဲသုတ် ၂-သုတ်ဘဲ"

ဒီပြင်ကောဘုရား—

"ဒီပြင်ဆိုတာတော့ တကာလေးဥစ္စာ တရားထက်စာဘက်ကို ရောက်သွားမှာစိုးရတယ်၊ စာဘက်ကို ရောက်သွားရင် တော်တော်နဲ့ နောက်ပြန်ဆုတ်လို့ မရဘဲ မျက်စေ့ လယ်သွားမယ်၊ ဝိပဿနာ အလုပ်စခမ်း သက်သက်ဆိုတာက ပဌမသိပ်ပြီးကျယ်ကျယ်ပြန့်ပြန့်ကြီး လိုက်လို့မကောင်းဘူး တကာလေး၊ စာဟာ စာဘဲ သဘောသာ အဓိကဖြစ်တယ်လို့မှတ်၊ သိတ်လိုက်တော့



အလုပ်ထက်စာတွေဘက်ကို အလေးတင်းသွားမှာ အလွန်သတိထားရတယ်၊ စာပါဒါနဲ့ ဖြစ်သွားမယ်၊ အေး-စာတွေကို စာနေရာမှာ ထားပစ်ခဲ့တတ်ရင်တော့ နဲနဲသက်သာသေးရဲ့"

"ပိဋကတ် ၃-ပုံဆိုတဲ့ စာတွေအားလုံး မလိုဘူးလား ဆရာတော်"

"ဒါတွေ အသာထားတော့ တကာလေး၊ ပိဋကတ် ၃-ပုံ ဖြစ်လာရတာက ဘုရား ၄၅-ဝါပတ်လုံး ဟောနေတဲ့ တရားတွေ စုထားလို့များနေတာ၊ လိုရင်းကတော့ ခုနဦးပဉ္ဇင်းပြောခဲ့တဲ့ ဘရားစုလောက်မှာ အဲဒီပိဋကတ်သုံးပုံရဲ့ အချုပ်သဘော အကုန်ပါပြီးပါ"

"အဘိဓမ္မာတို့ ဘာတို့ဆိုတာကောဘုရား၊ တချို့အဘိဓမ္မာသင်တန်းတွေ ဘာတွေနဲ့တောင် ဖြစ်နေကြတာဘဲ ဆရာတော်၊ အခုတပည့်တော်တို့ ဆီမှာတောင် ရှိနေပြီ"

"အော်—တကာလေးက အဘိဓမ္မာဆိုတာ ဘာကိုခေါ်လို့ ဘယ်လိုယူဆထားတာလဲ အဘိဓမ္မာဆိုတာ နက်နက်နဲနဲ တွေးတော အဖြေရှာတဲ့ ကိစ္စမှန်သမျှ အဘိဓမ္မာချည်းဘဲ တကာလေး"

ဗုဒ္ဓရဲ့ အဘိဓမ္မာက လောဘ-ဒေါသ-မောဟ-ဆိုတဲ့ တရားတွေ ချုပ်တည်း ခမ်းခြောက် သွားအောင် လုပ်ရတဲ့ ကိစ္စဘဲ။ နောက်တမျိုးပြောရရင် တကာလေးရဲ့ အနတ္တ သဏ္ဍာန်မှာ စွဲကပ်နေတဲ့ တဏှာ—မာန—ဒိဋ္ဌိ-ဆိုတဲ့ တရားစုကို တကာလေးရဲ့ အတွင်းထဲက ပျောင်းစဉ် ကုန်ခမ်းသွားအောင် ထုတ်ပယ်ရမဲ့ အလုပ်ဘဲ၊ အဲဒါတွေ ကုန်စင်ခမ်းခြောက်စေတဲ့ အဖြေကို

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဉာဏ်နဲ့ ကိုရှာ အားထုတ်ရတာကိုက အဘိဓမ္မာဖြစ်ယ ဘယ်တကာလေး။

“အနို့ စိတ်-စေတသိက်—ရုပ်-နိဗ္ဗာန် ဆိုတဲ့ အဘိဓမ္မာ တော့ အဘိဓမ္မာမဟုတ်လို့လား ဆရာတော်”

“အဲဒီအဘိဓမ္မာက တဏှာ-မာန-ဒိဋ္ဌိဆိုတဲ့ တရားတွေ ခမ်းခြောက်စေတဲ့ အဘိဓမ္မာ ဟုတ်တယ်—မဟုတ်တယ် ဦးပဥ္စင်း မပြောလိုဘူး။ အဲဒီစိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်လို့ ဟောပြနေတဲ့ အဘိဓမ္မာဆရာ တဦးဦးကိုသူပြောတဲ့ စကားတလုံး ငွပြော ကြည့်၊ သူက ဟုတ်တယ်ဆိုတာတခုကို မဟုတ်ဘူး ပြောကြည့်၊ မွှေဟောက်လို ရှူးရှူးရှားရှား ဖြစ်လာတာ တကာလေးတွေ ရလိမ့်မယ်၊ မယုံရင် စမ်းကြည့်ပေါ့၊ ဒီတော့ သူ့အဘိဓမ္မာဟာ တကာလေးလိုချင်တဲ့ တဏှာ၊မာန၊ဒိဋ္ဌိဆိုတဲ့ ကုန်ခမ်းရာ အရိယ စခန်း နိဗ္ဗာန်လမ်းက အဘိဓမ္မာ ဟုတ်၊ မဟုတ် တကာလေး စဉ်းစားပြီး လိုက်ချင်လဲ လိုက်ပေါ့လေ”

ဤနေရာ၌ ဦးအုံးက ဝင်ပြီး-

“အဲဒါ မောင်ရင်ရေ ဘယ်လောက် စဉ်းစားစရာ ကောင်းတဲ့ အချက်လဲ ကျုပ်တို့တောင် မျက်စေ့ လယ်တယ်တယ် ဖြစ်နေတာ တချက်ထဲ တဲ့တဲ့ကြီး သဘော ပေါက်သွားတယ်၊ ဒီ ထက်ရှင်းတဲ့ ဆရာတော်မျိုး ရှားရှားဘဲ မောင်ရင်ရေ့.....၊ ကဲ- မောင်ရင်တို့ ရှောက်စရာကုန်ရင် ကျုပ်ကဆရာတော်ကို အရေး ကြီးတဲ့ကိစ္စအချက် ရှောက်ချင်သေးလို့ မောင်ရင်တို့ ရှောက် ထာရာ ကုန်ပလား”

“ကြုံတုံး မေးရ ရှောက်ရတာပါ— ဦးရယ်၊ ဦးတို့က ရေ



လယ် ပြီးသွားတော့ပါ၊ ကျွန်တော်တို့က အစတော်ကို ဝေးနေ သေးလို့”

“အနို့-ကြုံတုံး မေးစရာရှိ မေးအုံးပေါ့၊ ဒီဆရာတော် အခု ပြောတာ၊ ဟောတာတွေဟာ တကယ် ရှင်းလောက်ပါတယ်၊ ဘာများ လိုတာ ရှိသေးသလဲ”

“ကျွန်တော်တို့ အနေနဲ့တော့ လိုသလား၊ မလိုသလား- မပြောတတ်ဘူး - ဦးရဲ့၊ အရင် က ထက် တော့ အများကြီး သဘောပေါက်လာပါတယ်”

ဦးအုံး ဆရာတော်သို့ တဖန်လှည့်ပြီး....

“ဆရာတော် အခု သွားပြီး ဟောရဝေဖန်ရမဲ့ အခုကိစ္စ ဟာ မသေးလှဘူး ထင်တယ်ဘုရား၊ တပည့်တော် စောစောက လျှောက်ခဲ့သလို မုဒ္ဓဘုရားရှင်ရဲ့ တရားတော်တွေထဲမှာ စပ် လို့၊ ဟပ်လို့ မရတဲ့ တရားတွေက နေရာ တကာမှာ ကွက်တိ ကွက်ကြား ညပ်ညပ် ပါနေတာဆိုတော့ ဟိုဘက်က ဝေဖန်မဲ့ လူတွေက အဲဒီတရားတွေကို ဘုရားဟောတွေဘဲဆိုပြီး ဝေဖန် ပစ်ရင် ဆရာတော် ဘတ်လို ချေပမလဲ—ဘုရား”

“ဒီတော့လဲ ဖွတ်မီးနဲ့ ဖွတ်ထိုးဆိုသလို သူမေးတဲ့ တရား မျိုးထဲကဘဲ အဖြေ ပြန်ရှာပြီး ချေပရတော့မှာပေါ့....တကာ အုံးရယ်”

“တယ်မလွယ်လှဘူး ဆရာတော်”

“ကိုယ်လက်ခံယုံကြည်ဘို့မှ မဟုတ်ဘဲ ပြေလည်အောင်ရှင်း ရတဲ့ သဘော သက်သက်ဆိုတော့ အဲဒီ တရားတွေဘဲ ပြန်ပြီး ခံတပ်လုပ်ရမှာဘဲ-တကာအုံးရဲ့”

“ဒါဖြင့် တပည့်တော်က ခရစ်ယံ ဘက်က နေပြီ မုဒ္ဓဘာ

www.burmeseclassic.com

www.burmeseclassic.com



သဘာက်ကို ဒီတရားတွေနဲ့ မဝေဖန်မယ်၊ ဆရာတော်က သူ့ဟာနဲ့သူ ပြေအောင်ပြန်ချေကြည့်စမ်းပါ-ဆရာတော်''

''လုပ်လေ-တောင်းသားဘဲ၊ ဦးပဉ္စင်းလဲ ဟိုမှာ တကယ်ဝေဖန်ချေပရတော့ ဆုတ်နည်း၊တက်နည်း၊ဝိုက်နည်း၊ကွေ့နည်းတွေ အကျင့်ရတာပေါ့''

''ပွဲမဝင်ခင် ပြင်က ကျင်းပ ဇာတ်တိုက်ကြည့်တဲ့ သဘောပေါ့-ဆရာတော်''

အချိန်မှာ နာရီပြန် ၁-ချက်သို့ နီးလေပြီ၊ နေကြီးကအလွန်ပူ၍တောင်းတုန်း အချိန်ဖြစ်နေသည်။ ကျောင်းဆောင် သွပ်မိုးအောက်၌ ဆရာတော်နှင့် ဦးအုံးတို့သည် အဌကထာ ဋီကာတွေထဲမှ စကားတွေကို တင်လိုက်၊ ချေလိုက်နှင့် စကြလေတော့၏။

ပူအိုက်သဖြင့် ကျိန်းတော့မည်ဟု တုံးလုံးလှဲနေသော နတ်မှီဆရာတော်ကြီးသည် လှဲနေရာမှထလာပြီး ဘေးမှဝင်ပြီး ဖေးလိုက်၊ ထောက်လိုက်နှင့် လုပ်နေ၏၊

ဆရာကြီး ဦးကွန့်မှာ နားအနည်းငယ် လေးသူဖြစ်၍ နားရွက် တဖက်ကို လက်ဝါးနှင့် ခံပြီး နားထောင်သည်၊ ဘေးမှ နားထောင်နေသူ ၈-ဦး၊ ၉-ဦးခန့် ရှိ၏၊ သခင်ကိုကြီးမှာ ထိုစာစကားတွေ၌ စိတ်ဝင်စားဟန် မရှိ၊ သမ္မာ ကျမ်းစာ ထဲမှ မှတ်ချက်များကိုသာ လိုက်၍ ဖတ်ရင်း တနေရာ၌ မှောက်နေလေသည်။

ဦးအုံးက တင်လိုက်သော တရားကို ဆရာတော်က အကိုးအကာပ် တွေဖြင့် ပြန်ချေ၏၊ ဥပမာ ဥပမေယျတွေနှင့် ရှင်းလင်းသည်။



အမေးတခု အဖြေတခုသည် ကျမ်းစာတစောင်ဖြစ်လောက်သော စကားလုံးများပါလေသည်။

ဦးအုံးမှာ ထိုသို အဌကထာ-ဋီကာ-အနု-မဓု-ယောဇနာ ပဏ္ဍိတစသော စာစေများမှ အချက်ပေါင်းများစွာကို အတော်မကျေမနပ် ဖြစ်ထားဟန်ရှိ၏၊ မေးရာ၌ သူ့စိတ်ရင်း မကျေနပ်ချက်ခါတ်ခံများ ရှိနေသူဖြစ်သည့်အတိုင်း အတော် ယုတ္တိမတန်အံမဝင်သော အချက်များကိုချည့် ဒလစပ်တင်၍ ဗုဒ္ဓဘုရားရှင်ပင် ဟိုတမျိုး ဒီတမျိုး ဟောထားလေသယောင် ထင်ရအောင်ဝေဖန်လေသည်။

ဆရာတော်ကလည်း သူယုံသည် မယုံသည်နှင့်မဆိုင်၊ ဦးအုံးတင်ပြခဲ့ဝေဖန်ချက်တွေကို အံဝင်အောင်ပြန်သွင်းပြီး ချေပသည်၊ ထိုစာများကား အတော်ထူးဆန်း၏၊ ဘယ်ဘက်က လှည့်မေးမေး၊ မေးစရာတွေ ပေါ်သလောက် ပြန်ချေစရာတွေလည်း သူ့စာနှင့်သူပင် ဒုနှင့်ဒေး ပါနေပြန်ချေသည်။

ညနေ ၅-နာရီထိုးလျှင် လူအချို့ စာနာကြရာမှ ညောင်းညာသည်နှင့် ပြန်ကြသည်၊ ဦးအုံးနှင့် ဆရာတော်တို့ကား မေးလိုက် ဝေဖန်လိုက် ချေပလိုက်နှင့် အရှိန်ကောင်းနေကြပေသည်။

မေးသူက သရုပ်ဖေါ် ဝတ္ထုကြောင်းများကို မေးမြန်း ဝေဖန်လျှင် ဆရာတော်ကလည်း တနေရာမှသရုပ်ဖေါ် ဝတ္ထုဇာတ်လမ်းနှင့်ပင် ပြန်လည်ချေပပြန်သည်။

ညနေ ၆-နာရီခန့်တွင် ဦးအုံး၏အိမ်ကလူများက ညစာစားရန် လာ၍ခေါ်၏။

''မစားချင်ဘူး၊ ညလင်္ကာပြန်ချင်တဲ့အချိန်မှ ပြန်ခဲ့မယ် ထမင်းစားချင်စားနှင့်ကြ၊ ပြောလိုက် နင်တို့အမေကို''



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်၍ကား ဆုံးကိုမဆုံးနိုင်အောင် များပြား လှသည် နတ်မှီကိုယ်တော်ကြီး၏ စာအုပ်အမည်စာရင်းမှာ ၂၀-ခန့်ရှိ ပြီဟုဆို၏၊ နောက်ထပ် ၂၀-ကျော် လောက် ရှိသေးသည် ထိုကိုယ်တော်ကြီးက တွက်ထားသည်၊ ကိုယ် တော် ကြီး သ ဘောက "ဟောဒါက သံယုတ်နိကယ်ဋီကာထဲက၊ ဟောဒါ ဒီဃနိကယ်၊ ဟောဒါက ဝိသုဒ္ဓိမဂ်မဟာဋီကာထဲက ဘယ် ပုဒ်၊ ဟောလာပြန်ပြီ ရှင်မဟာဒတ်ရဲ့ ဗုဒ္ဓဝင်ထဲက ဟာတွေ" သည်ဖြင့် ပါးစပ်မှ ကျမ်းစာအမည် တပ်နေ၏၊

မိုးတွေလင်းလာပြီ၊ အချိန် ၇-နာရီကျော်လာပြီ ဦးအုံးမှ ညစာပင် သတိမရ၊ တင်မြဲဝေဖန်မြဲနှင့် တကျမ်းပြီးတကျမ်း ဆ ၍သာ တင်နေလေသည်၊ ကျောင်းထိုင် ဖြစ်သူ အရှင်မဟာန သည် ဦးအုံးအတွက် ခေါက်ဆွဲကြော်-လဘက်ရည်-မုန့်စသည် များကို ကျောင်းသားဖာယောက် လွှတ်၍ ဝယ်ပေးရ၏။

ဝယ်သူက ဝယ်ပေးရသည်ပင် ဦးအုံးက "အရှိန်ပျက်လို ထာ ကိုယ်တော့နယ်"ဟု ညည်းလိုက်သေး၏။

ဦးအုံး စားနေစဉ် အချိန်လောက်သာ ဆရာတော် ခေ အောက်သို့ ဆင်းသည်။

မကြာခင် ပြန်၍ စကြပြန်သည်၊ ဦးအုံးကား စာလည်း အ တော်နှံ့လှပေသည်၊ ထိုစာတွေကို အငြိုးလည်း ကြီးလှသည် နတ်မှီကိုယ်တော်ကြီး၏ ပါးစပ်မှ "ဟောဒါက ရှင်ဥပသေနရေ တဲ့ မဟာနိဒ္ဒေသ အဋ္ဌကထာထဲက ဟောဒါကမှ တကယ်ဆို တဲ့ ရှင်သုမင်္ဂလသာမိရဲ့ ဋီကာကျော်ထဲက လုပ်လိုက်ဆန်းဓ ကာအုံး"ဟုပင် မြှောက်ပေးလိုက်သေး၏။



ညသည် နရာမှ ရင့်၍လာလေပြီ လဆန်း ၉-ရက် လတာလေး ပင် မြစ်အနောက်ဖက် တောင်တန်းများပေါ်၌ အိပ်မှုံ စုံမွှား ဝါဖန့်ဖန့် ကလေး ဖြစ်ခါ တောင်စွယ်ကို မေးတင်၍ ငိုက်စပြု နေပြီ။

အာလံမြို့ ကားလမ်းပေါ်၌ မြင်းလှည်းကလေးတစီး တလေ ပြေးနေသော အသံမှတပါး တိတ်ဆိတ် နေလေပြီ၊ မြင်း လှည်း ဆရာသည် ကပေါက်တီးကပေါက်ချာ သီချင်းများ အော်လာ သဖြင့် ခရီးသည် ပါဟန်မတူ အိမ်ပြန် အလုပ် သိမ်းသွားနေ ဟန်ရှိ၏၊

ဖြင်းလိုက် ရှင်းလိုက် တင်လိုက် ဝေဖန်လိုက် ချေပ လိုက်နှင့် ရှိနေကြသော ဆရာတော်နှင့် ဦးအုံးတို့မှာ အချိန်ကို ဂရုထား ကြဟန်မတူ မေးချင်တာ မေးရန်နှင့် ဖြေချင်တာ ဖြေ ကြ ရန် လောက်သာ အာရုံစိုက်ထားကြဟန် တူပေသည်။

၁၂-နာရီ ထိုးလေ၏၊ ဤတွင်မှ ဘေးက နတ်မှီ ကိုယ်တော် ကြီးက "ကဲ-ဆရာအုံး ကောင်းတော့ အလွန်ကောင်းဘဲ ဒါပေ မဲ့ မနက် ခရီးဆက်ကြရအုံးမှာကလဲ ရှိသေးတာနဲ့" ဟု ဆိုမှ မချင့်မရဲနှင့် ရပ်လိုက်လေတော့၏၊

"မနက် ဘယ်အချိန်ကြွကြမှာလဲ ဆရာတော်"

"ဆွမ်းစားပြီးပါဘဲ"

"ဒီလိုဆို မနက်ဆွမ်း တပည့်တော်တာဝန်ထား ဆရာတော် အားလုံး ဘယ်နှစ်ပါးလဲဘုရား"

"ဘုန်းကြီးက ၄-ပါး၊ တကာက ၂-ယောက်"

"တပည့်တော် တာဝန်ယူပါတယ်ဆရာတော်၊ အခုလောက် တပည့်တော် မေးရတာ မကြေနပ်သေးဘူး၊ အခုလို တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်မေးသမျှ ဆရာတော် သွက်သွက်ကြီးပြန်ချေနိုင်ပုံထော...
ရတော့ ဟိုဖွဲ့မှာ ဆရာတော်နိုင်ပြီလို့ တပည့်တော် ဖျာ...
ပေးလိုက်မယ်၊ စိတ်ယာချမ်ပေတော့ ဆရာတော်နိုင်မှာ သေ...
ပါတယ်၊ ဒီမှာ အခုတပည့်တော် မေးဒါတွေထက်တော့ ဘ...
နည်းနဲ့မှ ဟိုခရစ်ယံ တွေဘက်က မဝေဖန် နိုင်ပါဘူး ဆ...
တော်"

ဦးအုံး ပြန်သွားသောအခါ တိတ်ဆိတ် နေသော ကျော...
အထွက်လမ်းကလေး တလျှောက်တွင် ခွေးဟောင်သံများ ဆ...
ခါ တဖြည်းဖြည်း ဝေးသွားလေသည်၊ လမ်း မီး ရောင် များ...
အပ အပြင်တလောကလုံး ပိန်းခနအောင် မှောင်နေတော့...

ထိုနေ့ ဧပြီလ ၂၉-ရက်နေ့ဖြစ်၏၊ ဆရာတော်တို့ အဖွဲ့သ...
နံက်ချိန် ဦးအုံးတို့မိသားစုလာပို့သော ဆွမ်းကို စားပြီးနော...
စကားအနည်းငယ် ပြောကြဆိုကြပြီး အာလံမှနေ့ခင်း ၁၂-နာ...
ခန့် ပြည်မြို့သွား ဘတ်စကားနှင့် တီတွတ်လမ်းခွဲသို့ ထွက်ခဲ့ကြ...
သည်၊ တီတွတ်တွင် ပြည်မြို့မှ ဝက်ထီးကန်သို့ လာသော ကာ...
ကို စောင့်နေရသည်နှင့် ဝက်ထီးကန်သို့ ညနေချိန်ကျမှ ရောက်
ကြတော့၏၊

အရှင်မဟာနန္ဒ ကြိုတင် စီစဉ်ထားခဲ့သည့် အတိုင်း ဝက်မြေ
တောကျောင်းတွင် ထိုနေ့ည စတည်းချကြသည်၊ အလိုတော်ရ
ဂိုဏ်းဝင် သံဃာ ၁၀-ပါးခန့် ထိုနေ့ည ရောက်လာပြီး ဆရာ
တော်ကို နှုတ်ဆက်ကြသည်၊

ညတွင် တကျောင်းလုံး အောက်လင်းလက်ဆွဲ ဓါတ်မီးများ
ထိန်ထိန်လင်းနေ၏၊ ဝက်ထီးကန် မြို့တွင်းမှ တကာ တကာမအ



ရို့ရောက်လာကြသည်၊ ၎င်းတို့ထံမှ ဝက်ထီးကန်သတင်းများ
ရရှိလေသည်၊

ဝက်ထီးကန်မြို့ထဲ၌ ကျောက်ကွင်းသို့ သွားမည့် ဈေး သည်
များ ယခနေ့ပင် ပြည်မြို့မှရောက်ရှိ တည်းခိုနေကြကြောင်း၊ ခရစ်
ယံ ခေါင်းဆောင်များကို ကြိုမည့် ကျောက်ကွင်းနှင့် ပင်သာမှ
ချင်းခရစ်ယံများလည်း ညနေကပင် ရောက်ရှိ နေကြကြောင်း၊
မေလဆန်း ၁-ရက်နေ့တွင် ဝက်ထီးကန်နှင့် ပြည်မြို့အကြား
ဘတ်စ်ကား ၇-စီး ၈-စီးမျှ ထပ်မံတိုး၍ ပြေးဆွဲရန် စီစဉ်လျှက်
ရှိနေကြကြောင်း စသည်တို့ဖြစ်၏၊

ဝက်မြေတောကျောင်း၊ သံဃာများနှင့် ဒာယကာများပါ စုစု
သံဃာ ၃၀-ခန့် ထိုနေ့ညကရှိနေ၏၊ အားလုံးကလျှောက်ထား
သဖြင့် ဆရာတော်က ခရစ်ယံဘာသာ မည်သို့ခည်ပုံစတင်ပေါ်
ပေါက်လာပုံ သမ္မာ ကျမ်းစာများ မည်သို့ မည်ပုံ ရေးခဲ့ကြပုံ
ဂိုဏ်းကွဲကြပုံ သည်တို့ကို ဗဟုသုတရယုံမျှ ဟောခပြာရ၏။

နောက်ဗမာပြည်သို့ ဗုဒ္ဓဘာသာ မည်သည့်နည်းနှင့် ရောက်
လာပုံ ရောက်စက တရားတော်များနှင့် နောက်ပိုင်း တရား
တော်များ မည်သို့မည်ပုံ ကွဲလွဲပုံ၊

ပုဂံခေတ် မူလရှင်အရဟံ အနွယ်ဂိုဏ်းနှင့် သီဟိုဠ်ပြန်အရှင်
ဆပဒတို့ ကွဲပြားကြပုံ၊

မြမာပြည်၌ အလျှင်ရောက်နှင့်သော အရှင်သောဏ၊ အရှင်
ဥတ္တရတို့ခေတ်မှစ၍ မကွဲမပြား ရှိခဲ့ပြီးနောက် သီဟိုဠ်ပြန်များ
ရောက်လာသည်တွင်မှ မာန်မာနဝင်ပြီး မူရင်းဗမာပြည် သံဃာ
များနှင့် မရောမယှက် သီးခြားစီဖြစ်ကုန်ကြပုံ၊

www.burmeseclassic.com

www.burmeseclassic.com



၎င်းသို့သီးခြားစီပင် ကိုယ့်အဖွဲ့ ကိုယ်ဂိုဏ်း သီးခြားစီနေကြပြီး ပိဋကတ်မှုများပါ တမူစီယူခဲ့ကြပုံ။

ဗမာပြည်မှာ အနောက်မင်းကြီးမှ ပင်ဖြစ်ပြီး ရှင်အရဟံအနွယ်ဝင် သံဃာတော်စဉ်ဆက် ထိန်းသိမ်းခဲ့ကြပုံ။

သို့ရာတွင် သီဟိုဠ်မြန်တို့မှာ ဘဝင်မြင့်သလောက် စာပေနယ်လည်း ကျယ်နိုင်ကြသဖြင့် မင်းကြိုက် စိုးကြိုက် သူဌေးသူကြွယ်ကြိုက် တရားတွေ အဖွင့်သံပဏ္ဏာနာတွေ ကောင်း၍ အာဏာရှိသူနှင့် ကြေးရဘတ်တို့က အကြိုက်တွေ့ပြီး အားပေးမှုကို ဖေါဖေါသီသီ ခံရပုံ။

သီဟိုဠ်ပါဠိကျမ်းများမှာ ဆင်းရဲသား တောင်သူ လယ်သမားအလုပ်သမားစသော အောက်ခြေသိမ်း ပြည်သူလူတန်းစားကို စာရင်းပင်မသွင်း မင်း-ပုဏ္ဏား-သူဌေး-သူကြွယ်ဟူ၍ အမျိုးလေးပါးကိုသာ ဦးစားပေး၍ လူစာရင်းသွင်းကြပုံ။

မင်းနောက်ကပုဏ္ဏားကို တခမ်းတနား ကပ်ပြီး စာရင်းလုပ်ပုံကိုအကဲခပ်လျှင် သီဟိုဠ်ဟရားတို့၏ ဇာတိရုပ်ကို ရိပ်မိနိုင်ပုံ။

ဒါန သီလ ဘာဝနာကိုပင် သူ့ဘက်ရောက်အောင် လိုရာဆွဲ၍ဋီကာချဲ့ပြီး အမြတ်ဆုံးနေရာက အလှူခံနိုင်အောင် ဒါနခမ်းတို့ကို တခမ်းတနား ဖွင့်ဟောကြပုံ။

ထိုဒါန၏အကျိုးတရားကို ဘာမှလွန်ကမမြင်မသိနိုင်သော ဘုံဘဝ အမျိုးမျိုးတွေကို လက်ညှိုးထိုး၍ လဲလှယ်ပေးကြပုံ။

ထို့ကြောင့်လည်း အရေးကြီးသော ဝေနေယျတို့၏ အားကိုးရာ ဆေးရုံကို ငွေနှစ်ကျပ်သောက် ထည့်ရမှာ ဝန်လေးသလောက် ဘာ မှန်း မှ နားမလည်သေးသော သားယေက်ကို



လယ်ပေါင်အကုန်ခံပြီးမှ ရှင်မပြုရလျှင်-အသေမဖြောင့်ဖြစ်ကုန်သည်ထိ ဥပါဒါန်ကြီးဝင်နေကြပုံ။

ထိုအချက်တွေကို ဆောက်ကာသီဟိုဠ်၌ မဟာသေနမင်းကြီးလက်ထက် သူပုန်းစားတို့က မဟာဝိဟာရဝါသီခေါ် ကျောင်းကြီးစံဂိုဏ်းကြီးကို ဖြိုခွဲနှိမ်နင်းပစ်ကြခြင်းဖြစ်ဟန်တူပုံ။

မဟာဝိဟာရဝါသီဂိုဏ်းဝင်တို့၏ စာပေများတွင်မင်းကြိုက်စိုးကြိုက်တရားတွေ အများဆုံးတွေ့ရပုံ။

ဒါနခမ်းအသားပေး၍ ထိုးဇာတ် အမျိုးမျိုးနှင့် တမလွန်ကို ဆွယ်ခဲ့ကြပုံ။

အမှန်ကား ဘုရား၏ တရားတော်များသည် သံဒိဋ္ဌိက ဂုဏ်အကာလိကဂုဏ် စသော ပစ္စုပ္ပန် ကျကျတရားဂုဏ်၆-ပါးနှင့် ကိုက်ညီသော တရားများသာဖြစ်ပုံ။

ဗမာပြည် ပုဂံခေတ် ဆပဒနှင့်အတူ မဟာ ဝိ ဟာ ရ ဝါ သီ ဂိုဏ်းမှ ပါလာသော ရဟန်းများမှာ ကချေမသည်ကို မက်၍ လူထွက်သူထွက်-ပစ္စည်းမက်၍ ဂိုဏ်းကွဲလိုက်ခဲ့နှင့် ဖြစ်ကြသည်မှာ သာသနာဝင်ကျမ်းများ၌ ထင်ရှားရှိနေပုံ။

သို့စဉ်လျှက် ဗမာပြည် မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်ကြေးရေတတ်တို့အား သီဟိုဠ်မြန်တို့က သိမ်း သွင်း နိုင် သဖြင့်မူလ ရှင်အရဟံဂိုဏ်း ကြီးပင် အင်အားသေးခဲ့ လာရပုံ။

အင်းဝခေတ်တိုင် သီဟိုဠ်မြန်ဂိုဏ်းနှင့် ရှင်အရဟံတနွယ်ဝင်ဂိုဏ်းများ သီးခြားစီ ကိုယ့်ပိဋကတ်မှုနှင့် ကိုယ် ကျင့်ဆောင်နိုင်ခဲ့သော်လည်း သိုဟံဘုရား ကြီး စိုး သော အခါ မုဒ္ဓဘာသာရဟန်းသံဃာများ အသတ်ခံရ၊ပိဋကတ်တော် အ သိမ်း အပိုး တိုက်ခံရနှင့် သာသနာအဆက်ပြတ်မတတ် ဖြစ်ခဲ့ရပြီး နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်များ ပြန်လည်စုဆောင်း သာသနာပြုန်၍ ထူထော
သည့်တွင်မှ သီဟိုဠ်မှု ရှင်အရဟံဂိုဏ်းမှုများ မခွဲခြားနိုင်ဘဲ
ပေါင်းပစ်လိုက်ကြပုံ ထိုအထည်း၌ အရိုးကြီးဂိုဏ်း လက်ကျ
စာများပါ ဘုရားဟောဖြစ်လာကြပုံ။

ထိုမှစ၍ အခုအထိတိုင် ပိဋကတ်လည်း ရှုပ်ထွေး။ သံဃာ
လည်း အရောရော အနှောနှော ဖြစ်ခဲ့ရပုံတို့ကို ည ၁ ၁-နာရီ
ဆရာတော်က ရှင်းလင်းပြလေသည်၊ ထို့နောက် သမ္မာကျ
စာမှတ်စုများကို ပြန်လည်စစ်ဆေး နေကြရသည်နှင့် သန်းခေါ
ကျော်မှ ကျိန်းရ၏။

နံနက်ယာဂုကပ်ပြီးစအချိန် ဝက်ခမြတောကျောင်း တဝိုက်
မှာ ဝေလီဝေလင်းမှုရှိသေး၏၊ သို့သော် လှည်းသံ ခြုံသံများ
စီစီညံလျက် လှည်း အစီးပေါင်း ၁၀၀– ကျော်ခန့်၊ ကျောင်း
တွင်းနှင့် ကျောင်းပတ်ပတ်လည် လမ်းများပေါ်သို့ ရောက်လာ
လေသည်။

အလိုတော်ရဂိုဏ်းဝင်ကျောင်းထိုင် ကိုယ်တော်များမှာ
ကျောင်းလျှင် လှည်းတစီးကျနှင့် ဆရာတော် အရှင် ဥက္ကဋ္ဌ တို့
မှဋ္ဌဘာသာ ခေါင်းဆောင်အဖွဲ့ကို လာရောက်ကြိုဆိုနေကြခြင်း
ဖြစ်သည်။

ထိုနေ့မှာ ဧပြီလ၃၀-ရက်နေ့ဖြစ်၏၊ နံနက်၅-နာရီခန့်တွင်
သံဃာရောင် တဝင်း ဝင်း နှင့် လှည်းတန်းကြီးသည် ဝက်ထိ
ကန်မြို့ကလေး၏ လမ်းများပေါ်မှ မောင်းထွက်ကြသည်၊ လှည်း
သံ ခြုံသံများစီကားလွန်းသဖြင့် လမ်းဘေးတလျှောက် ဘေးဝဲ
ယာမှ ယောက်ျားမိမ္မကလေး အဖွားအိုမကျန် အကုန် ထွက်၍
ကြည့်နေကြသည်။



မြို့တွင်းကားဆိပ်တခုနေရာ၌ လှည်းအစီး ၃၀– ခန့်လည်းရှိ
နေ၏၊ လှည်းများပေါ်၌ ကော်ဇောများ ခင်းလျက် ဖြစ် သည်၊
ထိုလှည်းများမှာ ပြည်မြို့မှ ထိုနေ့ နံနက်ဆိုက်မည့် မော်တော်
ကားများ၌ ခရစ်ယံခေါင်းဆောင်များ ပါမည်ဖြစ်၍ ကြိုဆိုရန်
ဖြစ်ကြ၏၊ ထိုအချိန်မှာ စောလွန်းသေး၍ ပြည်မြို့မှ ကားများ
မဆိုက်ရောက်ကြသေးပေ၊ ထိုနေ့မှာ အနီး နား မြို့ ကြီး များ မှ
ဟောပြောပွဲသို့ လာကြမည့်လူများလည်း အတော်များသည်ဟု
မော်တော်ကားဆိပ်မှ သတင်းရသူများက ပြောကြသည်၊

လှည်းတန်းကြီးသည် အလို တော် ရ ရွာ ဂိုဏ်း ချုပ် ကြီး
ကျောင်းသို့ နံနက်၆-နာရီခွဲ ၇-နာရီခန့်တွင် ရောက်ရှိ သွား၏။
သံဃာတော်များရှေ့ဆောင်လျက် ဆရာတော် အရှင်ဥက္ကဋ္ဌနှင့်
အဖွဲ့သည် ဂိုဏ်းချုပ်ကြီးထံသို့ဘက်၍ ဝတ်ဖြေ နှုတ်ခွန်းဆက်
ကြသည်၊ ကျောင်းခမ်းကြီးမှာ သံဃာနှင့်လူများအပြည့် အနှက်
ရှိနေ၏၊ ကျောင်းပေါ်၌ မဆန့်သဖြင့် ကျောင်းအောက်တွင်ပါ
လူတွေရှိနေကြသည်၊

ဂိုဏ်းချုပ်ကြီးသည် ဆရာတော် အရှင်ဥက္ကဋ္ဌကို ရှေ့နား
သို့ တိုးစေ၍ ပုခုံးပေါ်သို့ ပိန်ချိုသော လက် တော် များ တင်ခါ
ဆရာတော်ကို စေ့စေ့စပ်စပ် ကြည့်တော်မူသည်၊ ထို့နောက်
ဂိုဏ်းချုပ်ကြီး၏ ရှည်လျားလှသော ပဋိသန္ထာရ စကားများ
ဩဝါဒကထာများ-ဉာဏ်ယာဇနာများကို မိန့်တော်မူပါလေတော့
သည်၊

ဂိုဏ်းချုပ်ကြီး၏ မိန့်ခွန်းတော်၌၊ မိမိအား ဦးလှောင်လို
လှသိက်က လာ၍ကြိုကြိုးစီရာ စာချုပ်ကြီးအပ်ပြီး အကူလောင်း
ကြပုံ၊ သံဃာတွေပင့်ပြီး အကြံယူရပုံ–တိုမြို့ဒီမြို့တွေ အနှံ့ကြေး

www.burmeseclassic.com

www.burmeseclassic.com



နှန်းတွေရိုက် စာတွေပေး၊ ဘုန်းကြီးတွေ ကိုယ်တိုင် လိုက်လို လိုက်နဲ့ ဖြစ်ခဲ့ရပုံ၊ ဘယ်ကမှ ဘာသတင်းမှ အကူ အညီမပေး ကြပုံ၊ မိမိဘယ်မျှ စိတ်ညစ်သော ကရောက်ရပုံ၊ နောက် အရှင် မဟာနန္ဒ လာပြီးစုံစမ်းတော့မှ မိမိအားရှိစရာ သတင်းရပုံ—စသည် စသည်တို့ကို တဘက်ကပြန်လျှောက်သမျှ ဘာမျှကြားတော် မမူနိုင်သည့်အတိုင်း ဆရာတော်ကြီးကချည်း အတွင် လျှောက် ၍မိန့်တော်မူလေတော့သည်။

"ဝမ်းသာသကွယ် မောင်ဥက္ကဋ္ဌနဲ့ တွေ့ရတာ— ငါတော့ မပြိုင်ရခင်က နိုင်ပြီးသားလောက် ဝမ်းသာနေသကွဲ့—၊ အေး နိုင် အောင် လဲ ပြောအုံး ဟောအုံးမှကွဲ့—မနိုင်ရင် ဒို့ဘုရား သာသနာကြီး အလိုလိုမှ ထီးကြိုး စည် ပေါက် ဘ ဝန္ဒ မျက် နှာငယ်နေရတဲ့အထဲ— ရှုံးများ ရှုံးမှဖြင့် မောင်ဥက္ကဋ္ဌရေ— လူ့ပြည် နေဘို့တောင် မကောင်းတော့ဘူးကွဲ့—၊ အခုကိစ္စမှာ ဒို့ဘက်က သာသနာကြီးတရပ်လုံးရဲ့ တာ ဝန် မင့် ပု ခုံး ပေါ် ရောက်နေပကွဲ့—၊ အဲ ဒါ အောင်အောင် မြင်မြင်နဲ့ ထမ်း ဆောင်နိုင်မှ ဖြစ်မယ်၊ အောင်လဲ အောင်မယ်လို့ဘဲ ငါတော့ ထင်လဲထင်၊ ဆုလဲတောင်းအဲကွဲ့....."

ဂိုဏ်းချုပ်ကြီးမှာ အားရပါးရ မိန့်ခွန်းတော်တွေ ဒလစပ် ချွေတော်မူနေသည်။ နေကလည်း အနည်းငယ် မြင့်လာနေပြီ၊ ကျောက်ကွင်း မဏ္ဍပ်ကြီးသို့ ဆရာတော် အရှင် ဥက္ကဋ္ဌတို့အား ပို့ဆောင်ပြီးလျှင် လှည်းတွေက ရွာကို ပြန်ချင်ကြသေးသည်။ နွေရာသီ နံနက်မှာ (၉)နာရီကျော်လျှင် နေပူက သက်သာလှ သည်မဟုတ်၊ နောက်ဆုံးတွင်မှ မတတ်သာသည့်အဆုံး ဂိုဏ်း ချုပ်ကြီးအားနားပေါက်အောင် လျှောက်ထားနေကျ ဦးပဥ္ဇင်း




ကြီးမှမထင့် နေမမြင့်မီကြွကြပါရန် မနည်း ကြိုးစား၍လျှောက် ထားကြသည်မှ—

"အေး—အေး—မောင်ဥက္ကဋ္ဌရေ .... ဒို့တခုတွေတော့ မောင် ဥက္ကဋ္ဌဘဲ အားကိုး ရှိတော့သကွဲ့၊ ကျိုးစား ဆောင်ရွက်မှဘဲ ဟေ့...."

နှစ်ပေါင်းများစွာ ကျောင်းပေါ်မှ ကျောင်း အောက် သို့ မျှ လွန်စွာဆင်းတော်မမူခဲ့လှသော ဂိုဏ်းချုပ်ကြီးသည် သံဃာနှစ် ပါးကို တွဲစေ၍ ကျောင်းအောက်သို့ဆင်းပြီး လှည်းယာဉ်တစီး ပေါ်သို့ ကျိုးစားကြွရှာတော့၏။

ဂိုဏ်းချုပ်ကြီးပါသော လှည်းကရှေ့ဆုံးက စတင်ထွက်လျှင် နောက်မှ တရာကျော်မျှသော လှည်းတန်းကြီးသည် ကျောက် ကွင်းရွာမဏ္ဍပ်ကြီးဆီသို့ ဦးတည်မောင်းကြလေသည်။



လှည်းတန်းကြီးသည် ဖုံလုံးကြီးတထောင်းထောင်းထလျက် စပါးရိုးပြတ် လယ်ကွင်းပြင်များကို ဖြတ်လာကြပြီး ၉-နာရီ သာသာအချိန်၌ ကျောက်ကွင်းရွာ အနောက်ဘက် မဏ္ဍပ်ကြီး သို့ ဆိုက်ရောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ကြီးမှာ အရှေ့ဘက်ဆုံး နှစ်ခန်းတွဲ တောင်မြောက် အပြည့် သံဃာစင်ကြီး ထိုးလျက်ထားသည်။ သံဃာစင်ကြီးပေါ်၌ သင်ဖြူးများခင်းလျက် ခေါင်းအုံးများလည်းအစီအရီချလျက် ရှိသည်။ တနေရာတွင် သံဃာတော်များအတွက် နံနက် ဆွမ်းကျွေးရန် စီစဉ်ဆောင်ရွက်နေသူများ အလုပ်များလျက်ရှိ၏။

ဂိုဏ်းချုပ်ကြီးအား သံဃာစင်ကြီး၏ အလယ်ဗဟိုရ်တနေရာတွင် နေရာချထားပေးပြီး နားတော် ပေါက်အောင် လျှောက်ထားနေကျ ဦးပဥ္စင်းကြီးနှင့် တွဲ၍ ပေးရသည်။

မွှမ်းမံထားပုံများမှာ တောမလေ့ ဘာသ အလျောက် အုံးလက်များ၊ ငှက်ပျောပင်များ တိုင်စေ့ချီလျက်ရှိ၏။ အပြင်တိုင်ပတ်လည်တလျှောက် ရာဇမတ် ကွက်ကြားများ ကာထားသည်။ ကွယ်လွန်လေသူ အဖိုးအိုတို့၏ တောင်ရှည် ပုဆိုးစများဖြင့် အစပ်စပ် အကြားကြား ချုပ်ထားသော ဘုန်းကြီးကျောင်းများမှ ငှါးဆင်သည့် ကန့်လန့်ကာများ၊ ဆေးပေါ့လိပ်မောင်းထောင်ခွက်ကြီးများ၊ ထွေးခံ၊ ရေအိုး စသည်များတို့ဖြင့် ဘာသာဘာဝ အလျောက် အတော်မွှိုင်ပေသည်။

ဂိုဏ်းချုပ်ကြီးမှာ ထိုသို့သော အဆင် အပြင် မျိုး တို့ နှင့် ကင်းကွာစွာ ကေစာ ကျင့်တော်မူခဲ့သည်မှာ ကြာလှပြီ ထင်၏။ မြင်သမျှကို မေးတော်မူသမျှ ဦးပဥ္စင်းကြီးက လျှောက်ထားနေရရာ သံဃာစင်ပေါ်၌ တကြော်ကြော် တအော်အော် ဖြစ်၍ နေလေသည်။

မဏ္ဍပ်ကြီးကား ပေ(၁၅၀)ခန့် အလျား-အနံ ရှိလေသည်။ မဏ္ဍပ်တွင်းမှ အရှေ့ဘက်တွင် မန်ကျီးပင်၊ ကုက္ကိုပင်တို့ကြီးတိုးကျဲတဲနှင့် ကုန်းတပိုင်း၌ ကျောက်ကွင်းရွာရှိ၏။ ထိုရွာမှအရှေ့



ဘက်သို့ လှမ်းမျှော်လိုက်လျှင် ညို့မှိုင်းသော တောရိပ်နှင့် ပြာလဲ့လဲ့ တောင်တန်းကြီးကို မြူခိုးတွဆိုင်းလျက်မြင်နေရ၏၊ ပတ်ဝန်းကျင်၌ကား စပါး ရိုးပြတ် လယ်ကွင်းများ၊ ထိုလယ်ကွင်းများအတွင်း ရွာအုပ်စုကလေးများ၊ သစ်အုပ်တောတန်းကလေးများ စသည်တို့ သည်။

ဆရာတော်တို့ကို ကြိုရှုပင့်လာသော လှည်းများလည်း ပြန်ကြလေပြီ၊ အလိုတော်ရဂိုဏ်း သံဃာအပါး(၃၀)ခန့် ဆရာတော်တို့အဖွဲ့နှင့်အတူကျန်ခဲ့၏။ ရွာသူရွာသား (၄-၅)ဆယ်ဦးခန့် ဆွမ်းပြင်နေကြသည်၊

နေကလည်း မြင့်လေ ပူလေ ဖြစ်လာပြီ။ ထိုနေပူကြဲကြဲထဲမှာပင် လူတွေသည် ရွာနှင့်မဏ္ဍပ်ကြီးအကြား လူးလာ ခေါက်တုံ့ ကူးသန်းနေကြ၏၊ မဏ္ဍပ်ကြီး၏ တောင်ဘက်၊ အနောက်ဘက် ပေ(၁၀၀)ခန့် အကွာတွင် ဈေးဆိုင်များ ဆောက်နေသော လူများရှိ၏၊ မပြီးကြပေးပေ။ ဆောက်ဆဲ၊ သယ်ယူ ပို့ဆောင် ပြင်ကြဆဲတွေဖြစ်၏။

ထိုအခိုက် လူ(၄-၅)ယောက် ရွာဘက်မှလာ၍ မဏ္ဍပ်တွင်းသို့ ဝင်လာပြီး ဆရာတော်တို့ အနား လာဝတ်ဖြည့်ကြ၏။

"တကာတ၊ သူကြီးဖြစ်တာ ဘယ်လောက်ကြာပလဲ"

"ခုနှစ်နှစ်-ရှစ်နှစ်လောက်ရှိပါပြီ-ဘုရား"

"သူကြီးကတော်နဲ့ အိမ်ထောင်ကျတာကော ဘယ်လောက် ကြာပလဲ"

"တပည့်တော် သူကြီးဖြစ်သက်နဲ့ အတူတူလောက်ပါဘာ- ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အစကထဲက သူကြီးက မုဒ္ဒဘာသာ၊ သူကြီးကတော် ခရစ်ယာန်လား"

"မှန်ပါ-အစကထဲက တပည့်တော်က မုဒ္ဒဘာသာပါဘုရား သူကလဲ အစကထဲက ခရစ်ယာန်ပါဘဲဘုရား"

"အနို့ မညားခင်တုံးက မစဉ်းစားကြဘူးလား-သူကြီး"

"ဘယ်လို စဉ်းစားတာလဲဘုရား"

"သူကြီးက မုဒ္ဒဘာသာဆိုတော့ ဘယ်လိုနေမယ်၊ သူ ခရစ်ယာန်ဆိုတော့ ဘယ်လိုနေမယ် စတဲ့တာပေါ့"

"မစဉ်းစားကြပါဘူး ဘုရား၊ တယောက်နဲ့ တယော သဘောကျတာနဲ့ ယူလိုက်ကြတာပါဘဲဘုရား"

"အနို့-မွေးလာတဲ့ ကလေးတွေက ဘာ - ဘာသာ ဖြစ်နေပလဲ"

" ဘာ - ဘာသာရယ်လို့ မဟုတ်ပါဘုရား၊ ဒီအတို ပါဘဲ"

သူကြီးသည် ဆရာတော်တို့အား ၎င်းနှင့်၎င်း၏ ဇနီး ခံခဲ့ကြရမှစပြီး ယခုအချေထိ ဖြစ်လာရပုံ များကို ပြန်လ လျှောက်ထား၏၊ နောက်ဆွမ်းပြင်နိုင်း၍ သံဃာတော်များ ကပ်ပြီး ရွာသို့ပြန်သွားသည်၊ ဆွမ်းကို မုဒ္ဒဘာသာ ရွာများ အိမ်တိုင်းစေ့ချက်ပြီး ပို့ကြသော ဆွမ်းဖြစ်၍ အမျိုးစုံဖြစ်သည် များလည်းများလှသည်၊ ပေါလည်းပေါလှသည်။

ဤကိစ္စသည် အလှူဟုလည်း မဆိုသာ ရဟန်းခံ၊ ရှင်ပြု၊ ဗ ကထိန်၊ စေတီပုထိုးတည်၊ ကျောင်း၊ တန်၊ ရေစက်ချ စသည်



မည်သည့် မုဒ္ဒဘာသာ အစဉ်အလာမှ ဒါနကိစ္စမျိုးဟူ၍ အမည် မတပ်နိုင်ဖြစ်သည်။ နက်နဲစွာ စဉ်းစားလေလေ မည်သို့သော သာမန်လှူဒါန်း နှံကြမှုတို့နှင့်မျှ မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်သာ ပဓလ။ ဘာသာတခုနှင့် ဘာသာတခု အနိုင်အရှုံး ဝေဖန်ဟော ပြောပွဲကြီး ဖြစ်သည်း သာမန်တရားပွဲမျိုးနှင့် မဆီမဆိုင် ဖြစ် သည်၊ ထိုဟောပြောပွဲ၏ အဆုံးအဖြတ်သည် လူသားတရပ်တ စု၏ နောင်ရေးယုံကြည် ကိုးကွယ်မှုကိုပင် ပြောင်းလဲပြုပြင်နိုင် သောကိစ္စမျိုး ဖြစ်နေသည်၊ အတိအကျ သုံးသပ်သော် ဘာသာ ဆိုင်ရာ တာဝန်အရပ်ရပ်အနက် အရေးအကြီးဆုံးသော သာ သနာပြု ကိစ္စကြီး ကေန်စစ်စစ် ဖြစ်နေပေတော့သည်။

သို့ကလို သာသနာပြု ကိစ္စပင် ဖြစ်လင့်ကစား ဤကျောက် ကွင်းမဏ္ဍပ် တရားစုကား ၂-ဦး ၂-ဘက် ယှဉ်ပြိုင်လွန်ဆွဲ၍ ပြု ရမည့် သာသနာ့ရေးကြီး စင်စစ်ဖြစ်၍ ခက်ခဲစွာပြုရမည့် သာ သနာ့တာဝန်ကြီး ပေတကား။

ထို့ကြောင့် ဤဆွမ်းပွဲ၌ ကပ်ကြသော ခဲဘွယ် ဘောဇဉ်တို့ သည် ဘာမန် တရားနာ-ရှင်ပြု-ကထိန်-ရေစက်ချ-အလှူအတန်း မျိုးတို့၌တပ်သော ရေခဲမုန့်၊ ဘီစကွတ်၊ ဆီဥထောပတ်တို့ထက် အတိုင်းအဆမရှိ တန်ဘိုးကြီးလှသည်။

ဤဆွမ်းပွဲသည် တကဲ့သာသနာ့ အာဇာနည်သူရဲကောင်း သတ္တိ ခဲတို့နှင့်သာ ထိုက်တန်သော ဆွမ်းဖြစ်ရပေလိမ့်မည် သာလျှင်က တည်း၊

ထိုဆွမ်းပွဲကို ဆရာတော် အရှင် ဥက္ကဋ္ဌသည် မတွန့်မဆုတ် မယုတ်သော ဇွဲသတ္တိနှင့်ရဲဝံ့စွာ လက်ခံဘုန်းပေးတော်မူလိုက် ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



# ၁၇- အတွေ့

ဆွမ်းစားချိန်တွင် ဝက်ထီးကန်လမ်းဘက်မှ ကျောက်ကွင် ရွာဆီသို့ လှည်းအစီး ၃၀-ခန့် စီတန်းရောက်လာသည်၊ ခရ ယံ ခေါင်းဆောင်များ ဖြစ်၏၊ ဆရာတော်တို့ ဆွမ်းစားပြီး၍ ဖ ဘက်ရည်ကြမ်း ကပ်ကြစဉ် ရွာတွင်းမှ လူ ၂-ဦး မဏ္ဍပ်ကြီးသ သို့ ရောက်လာပြီး ဆရာတော်တို့ကို ဝတ်ဖြေ့ပြီးနောက်-

"စာဖြူခေါင်းဆောင်တွေ ရောက်လာကြပါပြီ ဘုရား"

"ဘယ်သူတွေ ပါသတဲ့လဲ တကာ-"

"အင်းစိန် ကျုံးစာသင် ကျောင်းအုပ်ကြီး ဦးရွှေမှန်ရယ် မန္တလေးက ဓမ္မဆရာ ဦးသာဒင်ဆိုတာရယ်၊ ရန်ကုန် ဦးသာဒ ဆိုတာလဲ ပါပါတယ်၊ မျက်နှာဖြူ မယ် သီလရှင်ကြီး တဦးလဲ ပါတယ်ဘုရ၊ ဒီပြင်တော့ ဘယ်မြို့က ရယ်လို့ မသိပါ၊ ဓ ဆရာ နှစ်ဆယ် အစိပ်လောက် ပါ-ပါတယ် ဘုရား၊ အဲဒ သူတို့က ညနေမှ နက်ဖန် ဟောဘို့၊ ပြောဘို့ အချိန်-အလ တွေ ဘုန်းကြီးများနဲ့ တိုင်ပင်ဆွေးနွေးလိုပါတယ်လို့ ပြေ ပါတယ်ဘုရား"

"ကောင်းပါတယ် - တိုင်ပင်ကြတာပေါ့၊ ညနေဒီကို လာ ခဲ့ကြဘို့ပြောလိုက်လေ"

"သူတို့က လူတွေအများကြီး လာကြတာဆိုတော့ သူကြီး အိမ်မှာရော၊ စာဖြူ ဦးရွှေအောင်တို့ အိမ်မှာရော ဧည့်ခံကြရ တာရှုတ်လို့ဘုရ၊ ဒါကြောင့် သူကြီးလဲ ဘုန်းကြီး ဘုရားဆီ ဒီနေ့လာနိုင်တော့မယ် မဟုတ်ဘူးထင်တယ်ဘုရ"



ဤသို့လျှောက်ပြီး ထိုလူ နှစ်ယောက်က ၎င်းတို့၌ အသင့်ယူ လာသော စာအုပ်ကို ဆရာတော်သို့ ဆက်ကပ်လိုက်၏။

စာအုပ်မှာ ကျောက်ကွင်းရွာ နေ ဓမ္မဆရာ ဦးရွှေအောင် ရေးသော ဗုဒ္ဓဘာသာ စစ်တမ်းစာအုပ်ကလေးတအုပ်ဖြစ်နေ၏၊

ဆရာတော်သည် စာအုပ်တလေးကို ခေတ္တ လှန်ကြည့်ရင်း နောက်ဆုံးအပုဒ်တွင် ပါဠိဂါထာ ယောင်ယောင် စာတပုဒ်ကို သွား၍ တွေ့လေသည်၊

"ရုရ-ဒါ်ရ မနာ ရမ္မေ ဂီတိ ဂမ္မေရတော ဂိဇ္ဈကုဋ္ဌ သလံ ပေတံ ဝါတံ အတိဿတိ" ဟူ၍ဖြစ်၏။

ထိုစာပိုဒ်ကို ဘေးနားရှိ အလိုတော်ရ သံဃာတော်များသို့ ဆရာ တော်က ရယ်မောခါ ကြည့်ရင်း ပြလိုက်သည်။ ထိုနောက် အလိုတော်ရ ကိုယ်တော်များက ဆရာတော်ကို ပြန်မေးလျှောက် နေကြသည်နှင့် တကာနှစ်ဦးနှင့် စကားပြတ်သွား၏။

နတ်မှီကိုယ်တော်ကြီးကဝင်ပြီး တကာများသို့-

"သူကြီးကတော်ကအော့ သူ့ ခေါင်းဆောင်တွေ အများ ကြီး လာလို့ ဝမ်းသာနေမှာပေါ့"

"ဟာ-ဝမ်းသာလိုက်တာဆိုတော့ သူတို့က တနိုင်ငံလုံးမှာ အတော်ဆုံးကြီးတွေတဲ့ဘုရ၊ တပည့်တော်တို့ ဗုဒ္ဓဘာသာတွေ တောင် အကုန်လုံး စာဖြူဘက် ပါလာကြတော့မှာဘဲတဲ့ - ဘုရား"

"သူကြီးကော- မအားတော့ဘူးပေါ့၊ ဧည့်သည်တွေ လာ ပြန်တော့လဲ သူပါ အလုပ်များနေပြီ ထင်တယ်"

"ဝတ္တရားပေါ့-ဘုန်းကြီးဘုရ၊ ဒါဖြင့် တပည့်တော် ညနေ



www.burmeseclassic.com

www.burmeseclassic.com



မှ စာဖြူကြီးတွေကို ဒီကို ခေါ်ခဲ့တော့မယ် — သွားလိုက်အုံးမယ်-ဘုရာ့"

ထိုသူများမှာ မနက်က သူကြီးနှင့် ပါလာကြသူ ဗုဒ္ဓဘာသာလူကြီးများပင် ဖြစ်၏။ တရွာလုံးမှာ ရွာအသီးသီးမှ ခရစ်ယံရော ဗုဒ္ဓဘာသာ ဧည့်သည်များပါ ကျောက်ကွင်း ရွာတွင်းရှိ အိမ်တိုင်းသို့ တဖြည်းဖြည်း ရောက်လာနေကြပြီ ဖြစ်၏။

နေ့ခင်းတွင် နေကပူ အိုက်ကအိုက် လေပူက တိုက်သဖြင့် ဆရာတော်တို့တတွေ ကျိန်းစက်၍သာ နေကြရ၏။

ညနေ ၅-နာရီခန့်တွင် ရွာတွင်းရှိ ခရစ်ယံ ခေါင်းဆောင် (၄-၅-၆)ဦး ဆရာတော်တို့ဆီသို့ ရောက်ရှိလာကြသည်။ ဦးရွှေမှန်၊ ဦးသာဒင်တို့နှင့် မန္တလေး-မော်လမြိုင်မှ ဓမ္မဆရာများပါသည်ဟု သိရ၏၊ သူကြီး ဦးလှောင်နှင့် ချင်းကြီးအချို့ ထိုခရစ်ယံခေါင်းဆောင်များနှင့် အပေါ်အဖြစ် လိုက်လာကြသည်။ ဓမ္မဆရာ ဦးရွှေအောင်မှာ ကျန်ရစ်သော ခေါင်းဆောင်များကို ဧည့်ခံ စောင့်ရှောက်နေရစ်ခဲ့၍ ပါမလာပေ။

သူကြီးဦးလှောင်က ဆက်သွယ်ပေး၍ ဗုဒ္ဓဘာသာဘက်မှ ခေါင်းဆောင် ဆရာတော် အရှင်ဥက္ကဋ္ဌနှင့် ခရစ်ယံ ခေါင်းဆောင်များက နှုတ်ဆက်ကြသည်။ အလိုတော်ရ ဂိုဏ်းချုပ်ကြီး အနီးရှိ ဦးပဉ္ဇင်းကြီး၏ အသံသည် ကျယ်လောင်ကျယ်လောင်နှင့် ဖြစ်လာပြန်၏၊

ခရစ်ယံ ခေါင်းဆောင်များက ဤပွဲတွင် သာသနာဝတီဦးညွှန့် ခေါင်းဆောင်မည်ဟု ကြားထားကြပြီး ယခုတောင်တွင်းကြီးဆရာတော် အရှင်ဥက္ကဋ္ဌဖြစ်နေကြောင်းကို ရောက်မှ သိကြသည်ဟု ပြောကြသည်။



ဤအထဲတွင် ဆရာတော်အရှင်ဥက္ကဋ္ဌ၏တိုးတက်ရေးမဂ္ဂဇင်းမှ ဘာသာရေး အပြန်အလှန် ဆောင်းပါးများ အကြောင်းကို ဖတ်ဘူးကြသူတွေချည်း ဖြစ်၍ ဆရာတော်အား တွေ့ချင်၊ မြင်ချင်ကြသည်ဟုဆို၏၊

"အခု—တွေ့နေကြပြီဘဲ ဆရာတို့ရဲ့"

ဆရာတော်ကရယ်၍ ပြောသည်၊

"မှန်ပါ။တွေ့ရတာ ဝမ်းသာပါတယ်ကိုယ်တော်၊ အခုတွေ့တာထက် နက်ဖြန်တွေ့ကြရမှာကမှ ပိုပြီးတဦးအကြောင်း တဦးသိကြရမယ်ထင်တယ်"

"ဒါပေါ့လေ၊ နက်ဖြန်ခါကျတော့လဲ တမျိုး ပေါ့၊ အခုတွေ့ရတာလဲ မိတ်ဆွေဖြစ်ရလို့ ဦးပဉ္ဇင်းကလဲ ဝမ်းသာပါတယ်၊ ကဲဒါဖြင့် နက်ဖြန်ခါကိစ္စ ဆရာကြီးတို့ ဘယ်လိုစီစဉ်ချင်တယ်ဆိုတာ ဆရာကြီးတို့ကဘဲ ပြောကြပါ။ ဦးပဉ္ဇင်းတို့ကတော့ ဆရာကြီးတို့ကြိုက်ရာက ထားတာကိုဘဲ လက်ခံဖို့ရည်ရွယ်ပါတယ်လေ"

"အချိန်ကန့်သတ်ဖို့ဘဲ လိုပါတယ်ကိုယ်တော်"

"ဒါလဲ သူ့စာချုပ်နဲ့ အညီဖြစ်ရင်ပီးတာပါဘဲ မှတ်လား၊ ဆရာကြီးတို့ သဘောကျသလိုသာရေးဆွဲကြပါ၊ဦးပဉ္ဇင်းတို့လက်ခံပါတယ်၊ ဆရာကြီးတို့ကြိုက်သလို သဘောကျသလိုသာ ရေးဆွဲကြဖို့ လွဲပါရစေလေ မဟုတ်ဘူးလား"

"ဒီစာချုပ်မှာ ရှိတာက တဖက်နဲ့ တဖက် အချိန် အညီအမျှစီ ဟောပြောကြဖို့လို့ဆိုတော့ ထူးထူး ထွေထွေ မရှိပါဘူး၊ အချိန်ညီအောင် ပိုင်းကြယူကြရင် ပြီး တာပါဘဲ ကိုယ်တော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါလေ ဆရာကြီးတို့ဘဲ ဒီအတိုင်း ညှိနှိုင်းတတ်မယ်ထင်တာ ကြည့်ပြီးစီစဉ်ကြပါ"

ဦးရွှေမှန်က....

"စီစဉ်ဆို ဒီလိုလဲရှိသေးတယ် ထင်တယ် နက်ဖြန်ခါ ဟောကြ၊ ပြောကြတော့ ဟောပြောပွဲအနေ သက်သက် လုပ်ကြမလား ဝေဖန်သဘော လုပ်ကြမလား ဆိုတာလဲ သိချင်ကြတယ် ကိုယ်တော်"

"ဦးပဥ္ဇင်းအနေနဲ့ ကတော့ ဒီနှစ်ချက်စလုံးဘဲ ကြိုက်ပါတယ် ဆရာကြီး"

ဤသို့ဖြင့် အောက်ပါအစီအစဉ်ကို ခရစ်ယံ ခေါင်းဆောင်များကပင် ရေးဆွဲကြသည်၊

၁၊ နံနက် ၇– နာရီ၊ ယှဉ်ပြိုင် ဟောပြောပွဲကြီး စတင်ဖွင့်လှစ်ရန်၊

၂၊ သဘာပတိ အဖြစ် ခရစ်ယံဘက်မှ တဦး ဗုဒ္ဓဘာသာဘက်မှတဦး ၂–ဦးတင်ရန်၊

၃၊ ၇–မှ ၇–၁၅–မိနစ်ထိ၊ ခရစ်ယံသဘာပတိ မိန့်ခွန်း– ၁၅–မိနစ်၊

၄၊ ၇-၁၅မှ–၇-၃၀-ထိ၊ ဗုဒ္ဓဘာသာ သဘာပတိမိန့်ခွန်း ၁၅-မိနစ်။

၅။ ၇–၃၀မှ ၈– ၁၅ ထိ၊ ခရစ်ယံဘက်မှ ဗုဒ္ဓဘာသာကို ဝေဖန်ဟောပြောရန် ၄၅–မိနစ်။

၆၊ ၈-၁၅–မှ ၉– နာရီထိ၊ ဗုဒ္ဓဘာသာဘက်မှ ခရစ်ယံဘာသာကို ဝေဖန်ဟောပြောရန် ၄၅–မိနစ်။



၇။ ၉–မှနေ့ ၁၂–နာရီထိ ဟောပြောပွဲကြီး ခေတ္တရပ်နား၊

၈၊ နေ့ ၁၂–နာရီ ပြန်လည်ဖွင့်လှစ်၊

၉၊ ၁၂-နာရီမှနေ့ ၂–နာရီထိ၊ အချိန် ၂-နာရီ ဗုဒ္ဓဘာသာဘက်က ဝေဖန်ဟောပြောခန်း၊

၁၀။ နေ့ ၂-နာရီမှ၄-နာရီထိ၊ အချိန် ၂–နာရီ ခရစ်ယံဘက်က ဝေဖန်ဟောပြောရန်။

၁၁၊ ညနေ ၄–နာရီ ကဘာပတိများက လက်မှတ် ထိုးထားသော ဟောပြောပွဲရုပ်သိမ်းစာဖတ်၍ သိမ်းရန်။

အစီအစဉ် ရေးဆွဲပြီး အလ္လာပ–သလ္လာပ၊ စကား အနည်းငယ်စီ ရင်းရင်းနှီးနှီး ပြောကြဆိုကြပြီး ခရစ်ယံ ခေါင်းဆောင်ကြီးများ ရွာတွင်းသို့ ပြန်ကြသည်၊ သူကြီး ဦးလှောင်၏ အမူအရာမှာ ဆရာတော်တို့ ဗုဒ္ဓဘာသာအဖွဲ့က ခရစ်ယံခေါင်းဆောင်များသဘောချည်း စီစဉ်ရေး လွှဲအပ် လိုက်သည့် အတွက် အလျှော့ပေးသည်ထင်သလားမသိ အားရှိပုံမပေါ်ပေ၊အပြန်တွင် နှုတ်ပင်မဆက် ခရစ်ယံများနှင့် ပြန်လိုက်သွားသည်။

ညနေချိန် တောရွာလေးများ၏ ရှုခင်းသည် သာယာလှ၏၊ မဏ္ဍပ်ကြီးအနီး ဆောက်နေကြသော ဈေးသည်များလည်း ပြင်ဆင်ပြီးကြလေပြီ၊ ဧည့်သည်များအတွက် ထမင်းများ လဘက်ရည်များပင် စတင် ရောင်းချ နေကြလေပြီ၊ ဆရာကြီး ဦးကွန်နှင့် ဆရာသခင်ကိုကြီးတို့သည် ထိုဈေးတန်းတပိုက်မှာပင် ဝယ်ခြမ်းစားသောက်နေကြ၏၊

အတန်ဝေးသောရွာများမှ လူများသည် မဏ္ဍပ်ထဲသို့ပင်ရောက်စတည်းချကြလေသည်၊ သူတို့မှာ ကျေညာချက်များ ရပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ နံနက်လာရန် အချိန်မမှီအောင် ဝေးသော ရွာများမှ လူတွေဖြစ်ဟန်တူသည်။

ကျောက်ကွင်းရွာဆီသို့လည်း ဝက်ထိီးကန်ဘက်မှညွှန်သည်များ ဝင်လာမစဲ တသဲသဲပင် ရှိနေ၏၊ မဏ္ဍပ်ကြီးဆီသို့ လှည်း ၄-၅—စီးမောင်းလာသည်တွင် ဘုန်းကြီးများ ပါလာ၏၊ အချိန်မှာ နေဝင် ဖြိုးဖြ အချိန် ရှိလေပြီ၊ နွား ရိုင်း သွင်း ချိန် ဆိုသည့်စကားနှင့် တကယ်ညီညွတ်၏၊ ကျောက်ကွင်းနှင့် နီးနား ရွာကလေးတွေဆီသို့ နွားအုပ်များ သွားနေသည်၊ နွား အုပ် သည် လူခဘွ လှည်းတွေနှင့် ရောထွေးနေပြီး၊ ဖုံလုံးကြီးတွေက အစဉ်မပြတ် နောက်ကတန်းနေ၏၊ ထိုဖုံးတန်းကြီးသည် ရှခင်းတလျှောက် လယ်ကွင်းပြင်များပေါ်ထိ၊ အမျှင့် တန်း နေ သည့် အတွက် ဝေးသောနေရာများသို့ မပြတ်မသား မှုံဝါးဝါးသာ ထိုးဖေါက်မြင်နိုင်လေသည်၊

လှည်းနှင့် နေက်ထပ် ရောက်လာသော ကိုယ်တော်များမှာ ပြည်၊ရွှေတောင်၊ကျိုးသဲ၊ ပေါင်းတည်၊ ဟသ်ာတမြို့များမှ ကိုယ်တော်များပါလာ၏၊

ထိုကိုယ်တော်များထည်း၌ တောင်ငူ မြို့ လောကုတ္တရာ သိမ်ကျုန်းဆရာတော် ဦးကုဏ္ဍလ ကိုယ်တော်ကြီးလည်း ပါလာလေသည်၊

လူများက မဏ္ဍပ်ကြီးတွင် အောက်မြေပေါ်တွင် ထိုင်ကြ၍ ဘုန်းကြီးများက သံဃာစင်ပေါ်သို့ ကြွကြသည်၊

တောင်ငူ ကိုယ်ခတော် ကြီးမှာ ပြည်မြို့သို့ ခေတ္တ ကြွလာရင်း ကျောက်ကွင်းတရားပွဲသို့ လာကြမည့် ကိုယ် တော် များ ထံ မှ သတင်းကြားနှင့် လိုက်လာခြင်းဖြစ်သည်ဟု အမိန့်ရှိ၏၊



ဝက်ထိီးကန်ရောက်မှ တောင်တွင်းကြီး အရှင် ဥက္ကဋ္ဌခေါင်းဆောင်သည်ဟု ကြားရသည့်အတွက် အလွန်အားရှိ သွားသည်ဟု မိန့်တော်မူသည်။

နက်ဖြန်ခါ ဗုဒ္ဓဘာသာဘက်မှ သဘာပတိအဖြစ်အလိုတော်ရကိုက်းဆရာတော်တပါးကိုရည်မှန်းထားကြသော်လည်းတောင်ငူဆရာတော်ကြွလာသည်နှင့် အဆင်သင့်ကြုံရ၍ အားလုံးကပင်တောင်ငူဆရာတော်အား သဘာပတိ မြှောက်ရန် သဘောတူလိုက်ကြ၏၊

ဂိုက်းချုပ်ကြီးအနီးရှိ ဦးပဥ္စင်းကြီးမှာ အသံများပြာ၍နေရှာလေပြီ၊

သို့နှင့် တောင်ငူဆရာတော်နှင့် ဆရာတော် အရှင်ဥက္ကဋ္ဌတို့ ၂-ပါးမှာ နက်ဖြန်ခါ သဘာပတိမိန့်ခွန်းအတွက် ၁၅-မိနစ်စာမျှ စီစဉ်ညှိနှိုင်းနေကြ၏၊



အောက်လင်း ဓါတ်မီးတွေ ထွန်းပြီဖြစ်၍ မဏ္ဍပ်ကြီးတခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်း၍ သွားလေသည်၊ အပြင် ဈေးတန်း တလျှောက်မှာလည်း ယက်ဆွဲခေါ်တ်မီးများနှင့် တဝင်းဝင်း ရှိနေကြသည်။

ခပ်လှမ်းလှမ်း ဘုံးသီးကြော် ဖိုကလေးများဆီမှ အညှော်နံ့သည် အရပ် ဂ-မျက်နှာသို့ ဝေ့၍ဝေ့၍ နေ၏၊ ညနေသည် တွေများနေပြီဖြစ်ရာဆိုင်တိုင်းမှာပင် ဈေးဝယ်တွေနှင့်စည်ကား၍ နေတော့၏၊ နေဝင်သွားပြီဖြစ်သော်လည်း လဆန်း ၁၁-ရက်လရောင်ကဆက်၍ လင်းနေသဖြင့် အပြင် လယ်ကွင်းများ တဝိုက် သွားလာနေသူတွေကို ခပ်ထင်းထင်းပင် လှမ်းမြင်နေနိုင်၏၊ ခေါ်သံ ပြောသံ စကားသံတွေ တအုတ်အုတ်နှင့် ဆူနေတော့ပြီ။

နောက်တိုးလာသော ခရီးဝေးကိုယ်တော်တို့ထံမှ ဝက်ထီးကန်တွင် လူတွေအတော်ရောက်နေကြပြီဟု ကြားရ၏၊ ခရီးသည်တို့ကမူ ဝက်ထီးကန် ထမင်းဆိုင်ကလေးတွေတွင် စားစရာ ဘာမျှ ဝယ်မရတော့သဖြင့် ကျောက်ကွင်း ရောက်မှ ဝယ်စားကြရသည်ဟု ဆိုကြ၏၊ပြည်မြို့နှင့်ဝက်ထီးကန်အကြားဧထူးဘတ်(စ်)ကား အတော်များများပင် ထိုညနေမှ စတင်ပြေးဆွဲနေကြပြီဖြစ်ရာ အချိန်ကုန်အောင် ပြေးကြလိမ့်မည်ဟု ဧည့်သည်များက ပြောကြသည်။

ကျောက်ကွင်းရွာရှိ ချင်းခရစ်ယံတို့ အိမ်များ အားလုံးပင် တည်းစရာ မဆန့်အောင် ဧည့်သည်တွေ ရောက်နေကြသည်နှင့် နောက်ရောက်လာသော ချင်းတွေလည်း မဏ္ဍပ်ကြီးသို့ လာ၍ တည်းကြလေသည်။

အခြေအနေမှာ နက်ဖြန်ခါ နံနက် ဘယ်လိုနေမည် မသိသေး



သော်လည်း ယနေ့ညပင် ပရိသတ် အင်အား အလွန်များနေလေပြီ။

အပြင်ဈေးတန်းမှ လူသံ သူသံတွေမှာ ဘာတွေပြော၍ ညံညံစီစီ တအုတ်အုတ်ဖြစ်နေကြသည်ဟု မသိသော်လည်း မဏ္ဍပ်ထဲ၌ စတည်းချနေသော ဗုဒ္ဓဘာသာနှင့် ခရစ်ယံပရိသတ်တို့ စကားတွေမှာ ကိုယ့်ဘာသာဘက်ကို အသာရချင်နေကြသော စကားများနှင့် သောသောကြွက်၍ နေလေသည်။

နီးနားရွာတွေနှင့် ကြားသိရသမျှ မြို့ငယ်မြို့ကြီးတို့လည်း ထိုအတိုင်းပင် ကိုယ့်ဘက်က အသာရချင်သော စကားများဖြင့်သာ ထိုနေ့တညလွန်မြောက်ကြပေလိမ့်မည်။

## ၁၈–အပြိုင်

မြမာသက္ကရာဇ် ၁၂၉၈–ခု၊ ကဆုန်ဆလန်း ၁၂-ရက်၊ ခရစ်သက္ကရာဇ် ၁၉၃၆–ခု၊ မေလဆန်း ၁-ရက်နေ့သို့ ကူးခဲ့လေပြီ၊ သောကြာနေ့ဖြစ်သည်၊ ထိုနေ့ကား ကျောက်ကွင်း အရေးတော်ပုံပွဲကြီးနေ့ ဖြစ်ပေသည်။

အနီးအပါး မိတ်ရင်း ဆွေရင်းချင်းသော်ရင်း၊ ဟိုနားဒီနားပြောက်တိ မြောက်ကျားမျှသော်၎င်း၊ ဘာသာရေး ငြင်းခုံမှုကလေးများ ရှိခဲ့၊ ရှိဆဲ၊ ရှိလိမ့်ဦးမည်ကို မငြင်းလို သော်လည်း မြမာပြည် သမိုင်း၌ မော်ကွန်း မတင်လိုကြလျှင်သာ ရှိကြစေတော့ ဤမျှကြီးမားသော လူစုလူဝေးကြီးနှင့် ပဋိပက္ခတစုံတရာမျှမဖြစ်ဘဲ ပျော်ပျော်ပါးပါးကြီး အားရပါးရ တဖက်နှင့် တဖက် ဝေဖန်ဟောပြောသော ဘာသာရေး ယှဉ်ပြိုင်ဟောပြောပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတခုကား ဤကျောက်ကွင်း ပွဲကြီးဟာပွဲ သာလျှင် ထင် ထင် ရှားရှားကြီး ပဌမဦးဆုံးနှင့် နောက်ဆုံးပိတ်အဖြစ် ဤတကြိမ် သာလျှင် ပေါ်ပေါက်ခဲ့ဘူး ရပေတော့သည်။

ထိုနေ့နံနက်စော အရုဏ်တက်မှစ၍ ရွာဘာကာမှ လှည်းသံ လူသံတွေသည် ကြွက်ကြွက်ညံ၍ လာချေပြီ။ နီးနားရွာမှ လူ အုပ်များသည် တအုပ်ပြီးတအုပ်၊ ကျောက်ကွင်း မဏ္ဍပ်ကြီးဆီ သို့ ဦးတည်လာနေကြ၏၊ ဝက်ထီးတန် ဘက်မှ လူ တန်း ကြီး သည် မပြတ်အောင်တန်းခါ ဆက်နေသည်။

မဏ္ဍပ်ကြီးထဲ၌ သဘာပတိနေရာများ၊ ဟောပြောမည့် နေ ရာ၊ ဘာသာဆိုင်ရာ ခေါင်းဆောင်များ၏ နေရာ စသည်တို့ကို လူ ၄၀-ခန့်က လုပ်ကိုင် ပြင်ဆင် နေကြသည်။ ရှေ့ပိုင်း မဏ္ဍပ် ကြီးအတွင်းမှာလည်း သူ့အဖွဲ့၊ ကိုယ့်အဖွဲ့စသည်ဖြင့် နေရာပိုင်း ခြား ချထားနေသော ဖျာခံ နေရာချထားရေး တာဝန်ခံတို့နှင့် ရှုပ်ယှက်ခတ်နေ၏။

သံဃာစင်ပေါ်သို့ အလိုတော်ရသံဃာများ၊ အာဂန္တုများ တဖြေးဖြေးတိုးလာသဖြင့် ၂-ခန်းတွဲ တောင်မြောက် အပြည့် ရှည်လျားသော သံဃာစင်ကြီးမှာ ဝါဝါထိန်သော သင်္ကန်း ရောင်ဖြင့်ဝင်းနေသည်၊ အားလုံး သံဃာ ၂၂၀-ကျော်ရှိ၏။

နံနက် ၅-နာရီခွဲအချိန်ခန့်တွင် မဏ္ဍပ်ကြီး ပြည့်နေတော့ပြီ။ လာနေသူများမှာ မစဲသေးပေ။ ဘယ်အချိန်က ဘယ်လိုစီစဉ်၍ လာသည်မသိရသော လက်နက်ကိုင် ပုလိပ်(ရဲ) အဖွဲ့ အတော် များများသည် မဏ္ဍပ်ကြီး၏ တနေရာ၌ ရောက်နေလေပြီ၊ အချို့ လက်နက်ကိုင်များလည်း မဏ္ဍပ်အပြင် နေရာများ၌ စနစ်တကျ ရှိနေကြသည်၊ ရန်ကုန်မှ အရာရှိများနှင့်အတူ ပြည်မြို့ရာဇဝတ်



ဝန်ကြီးဦးကျော်နှင့် နယ်ပိုင် မြို့ပိုင်စသော အရာရှိ ကြီးငယ်များ သည် တောင်ဘက်ပန်း တနေရာ၌ ခုံရှည်များနှင့် ထိုင်လျက်ရှိ နေကြသည်၊ ရန်ကုန်မှ ညွှန်ကြားသော အထူးအမိန့်နှင့် လာ ရောက် စောင့်ကြပ်ရသည်ဟု နောက်မှသိရသည်။

၆-နာရီခွဲကော်လျှင် မဏ္ဍပ်ကြီးမှာ လူတွေနှင့်ခဲနေပြီး အ ပြင်ဘက်အဝေးထိ အန်ထွက်နေတော့၏၊ လှည်းတွေက မဏ္ဍပ် ဘေးတလျှောက် ပြွတ်သိပ်နေသဖြင့် လူတွေသည် လှည်းပေါ်၊ လှည်းအောက်၊ လှည်းဘေး အကြို အကြား မကျန် ပြည့်နေ၏၊ လှည်းရိပ် ခိုရဘို့ပင် မနဲခွဲယဉ်းနေသူ အများမှာ ဖြစ်သလိုပင် ရပ်လျက် ဝိုင်းနေကြသည်။

၇-နာရီထိုးရန် ၅-မိနစ်အလိုတွင် ခရစ်ယံခေါင်းဆောင် များက သံဃာစင်၏ရှေ့ မြေပေါ်၌၊ စီတန်း ခင်ထားသော ထိုင်ခုံများပေါ်သို့ သွားပြီးစီ၍ထိုင်ကြသည်၊ ဗုဒ္ဓဘာသာခေါင်း ဆောင်များမှာလည်း မြောက်ဘက်ခြမ်းရှိ သံဃာစင်ရှေ့ မြေ ပေါ်၌ ခရစ်ယံ ခေါင်းဆောင်များ ကဲ့သို့ပင် ထိုင်ခုံများနှင့် စီ တန်းထိုင်ကြသည်။

သဘာပတိ နေရာများသည် ထိုခေါင်းဆောင် ၂- တန်း၏ အလယ်တွင် စာပွဲတလုံး၏ ဘေးတချက်စီတွင် ထိုင်ခုံ ၂-ခုစီချ လျက်ထားသည်။

သဘာပတိစာပွဲ၏ရှေ့ ခုံမြင့်မှာ ဟောပြောသူများ အတွက် ရှ ပန်းနီစများပတ်လျက်ရှိသည်၊ စာပွဲပေါ်၌ ရေချိုင့်-ပန်းအိုး- စာပွဲတင် နာရီများရှိ၏။

ခရစ်ယံဘက်က သဘာပတိဦးရွှေမှန်ကိုရွေး၏။ ဗုဒ္ဓဘာသာ ဘက်က တောင်ငူမြို့ လေဒီကုဋ္ဌရာ သိမ်းကုန်း ဆရာတော်ကိုရွေး

www.burmeseclassic.com

www.burmeseclassic.com



၏၊ ၇-နာရီ ထိုးသည်နှင့်တပြိုင်နက် ဘာသာ ၂-ဘက်မှ သဘာပတိများသည် မိမိတို့အတွက်ထားသော သဘာပတိ နေရာသို့ သွားကြသည်။

ကျောက်ကွင်း ဘာသာရေးယှဉ်ပြိုင်ဟောပြောပွဲကြီး စတင်ဖွင့်လှစ်ကြောင်း ဦးရွှေမှန်က ကျေညာပြီး သဘာပတိ မိန့်ခွန်းအဖြစ်—ခရစ်ယာန်တရားတော်များ၏ ယဉ်ကျေးမှုနှင့် အညီ အားလုံးသော ခရစ်ယာန်နှင့် ကြွရောက်လာသော ဗုဒ္ဓ ဘာသာ အပေါင်းတို့ပါ— ဘုရားသခင်၏ မေတ္တာတော်ဖြင့် ဧေ ချမ်း ချမ်း စည်းကမ်းတကျ နားထောင်ပြီး အဆုံးကျမှ မိမိတို့ ကြိုက်နှစ်သက်ရာ ယုံကြည်ကိုးကွယ်နိုင်ကြပါစေ-စသည်ဖြင့် မိန့်ခွန်းပြောသွား၏။

ထို့နောက်တောင်ငူဆရာတော်ကြီးက— ဗုဒ္ဓဘုရားသည် ဗုဒ္ဓအား ကိုးကွယ်သည်ဖြစ်စေ- မကိုးကွယ်ဘဲ နေသည်ပင်ဖြစ်စေ- လူမျိုးမရွေး၊ ဆူကြံနိမ့်မြင့်မရွေး အားလုံးသော သတ္တဝါ အပေါင်းတို့အပေါ် မဟာ ကရုဏာတော်ဖြင့် ဒုက္ခ အပေါင်းမှ လွတ်ရာလွတ်ကြောင်း တရားဓမ္မ ဟောပြပဲ့ပြင်တော်မူခဲ့သော ကြောင့် သုခိတာဒုက္ခိတ ဝေနေယျ မှန်သမျှ ပုပုဗ္ဗ မကျန်အားလုံး ခန္ဓ—ပရမ်—တပေါ်—စသော- တရား လက်ကိုင်ထား၍ ဟောသမျှ ပြောသမျှ ပုဂ္ဂိုလ်အသီးသီး၏ တရား အသီးသီးမှ ယူထိုက်မှတ်ထိုက် စဉ်း စား ထိုက် သမျှ ကိုယ်ပိုင် ဉာဏ်ဖြင့် သုံးသပ်ကြပြီး၊ ယဉ်ကျေးစွာ ကြားနာ ကြပါရန်အလေးအနက် မေတ္တာရပ်ခံကြောင်းဟု ပြောပြီးအစီအစဉ်ဘတ်ကြားနိဂုံးချုပ် လိုက်၏။

ထို့နောက် အစီအစဉ်အတိုင်း မန္တလေး ဓမ္မဆရာ ဦးသာ



ဒင်က စတင် ဟောပြောလေသည်၊ ဦးသာဒင်သည် ခရစ်တော်၏ ဘုရားများကို အတော်အတန် ဟောပြောပြီး၊ ဦးညေယျ၏ လောကမျက်မှန်ကို ပြန်လည်ချေပရင်း ဆရာတော် ဦးညေယျ ရေးသားချက်များကိုသာ ဦးတည်တိုက်လေသည်၊ မူလက ခရစ်ယာန်တို့ဘက်က ဦးညေယျ ဆရာတော် ဤပွဲ၌ ဦးဆောင်မည်ဟု သတင်းရခဲ့ကြသည့်အတိုင်း ဦးညေယျနှင့် တွေ့လျှင် လောကမျက်မှန်ကို ပြန်လည်ရှင်းလင်းချေပရန် စီစဉ်ဇာတ်တိုက်လာခဲ့ကြဟန်တူ၏၊ ခရစ်ယာန်ချင်းတို့ဘက်က တမြုံ့မြုံ့ဖြစ်ခါ ကျေနပ်နေကြ၏၊ ဦးသာဒင်၏ စကားလုံးများမှာ တချက် တချက် အတော် ထိထိ မိမိဖြစ်သော အလုံးများ ဖြစ်သည်၊ သို့ရာတွင် နှစ်သောင်းကျော်၊နှစ်သောင်း ငါးထောင် မျှရှိသော ပရိသတ် ကိုပေါက်အောင် အတော် အားယူပြောရဟန် တူပေသည်၊

စကားလုံးများမှာ တခုနှင့်တခု အဆက်အစပ်ကျဲလှ၏၊ခရစ်ယာန်ဓမ္မဆရာတို့၏ လေယူလေသိမ်းတွေနှင့် ဖြစ်၍ အဆွဲ အငင် တွေများနေသည်၊ အကြောင်းတခုကိုခင်းလိုက်ပြီးနောက်အကျိုး တခုနှင့်ဆက်စပ်မိအောင်ပင် အတော်ကြာ၏၊

ဦးသာဒင်ပြောနေသောနှုတ်ထွက်စကား စံချိန်မှာ တမိနစ် ၄၀-လုံးနှုန်းမျှပင် မှီပုံ မပေါ်ဖြစ်နေသည်၊ ထိုသို့ စကားလုံး အကူးအဆက်ဝေးကွာနေသဖြင့် အချိန် စားသွားခြင်း ခံနေရပုံ ကို ရိပ်မိသော သခင်ကိုကြီးက ဆရာတော်သို့ တိုးတိုး ကပ်၍ သတိပေးလျှောက်ထားလိုက်ရာ ဆရာတော်က တချက်ပြုံးပြီး ဦးသာဒင်ပြောသည်ကို နားထောင်နေ၏။

ဦးသာဒင်သည် လောကမျက်မှန်ကို အတော်ကြာကြာပြန် လည်ချေပပြီးနောက် ဗုဒ္ဓဝင်ကို ဆက်၍ ဝေဖန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ ဘုရား အလောင်းတော်သည် ဝါဆိုလပြည့် နေ့ကြီး၌ ပဋိသန္ဓေယူသည်ဟုဆိုထားရာ မိဘနှစ်ပါးသည် ဝါဆိုလပြည့် နေ့ကြီးမှာပင် ရှောင်ကြဉ်ဟန် မရှိကြောင်း၊ ပဋိသန္ဓေ ခန်းဝါ အင်္ဂါရပ်များနှင့် ကြည့်က ခမည်းတော် သုဒ္ဓေါဒနကပင် လွန်သလော၊ မယ်တော် မာယာကပင် ကဲသလောမသိ၊ ဝါဆိုလပြည့်နေ့မှာ ပဋိသန္ဓေနေသည်ကား ဗုဒ္ဓဝင်အရ ထင်ရှားသည်၊ ထို့ကြောင့် မိဘ ၂-ပါး၏ အကျင့်အရ ဂေါတမ သည်လည်း သမန္တကစပြီး လူလွန်ဖြစ်သည်တူ၍ စဉ်းစားတွေ့ယ်လေသည်။

နောက်က ဘုန်းကြီးတွေမှာ မျက်နှာတွေပင် မဲသွားကြ၏။

ဦးသာဒင်က ရွှေအိုးကြီး ၄-လုံး ဖွားဘက်တော် စာရင်း ဝါနေပုံကို ဆက်၍ ဝေဖန်ပြန်သည်။

ရွှေအိုးကြီး ၄-လုံးမှာ ကပ္ပိလဝတ်ပြည် နန်းတော်အတွင်းမှာပင် ပေါ်သည်ဟုဆိုထားရာ ဤရွှေအိုးကြီး ၄-လုံးကိစ္စတခုပင် အထူးစဉ်းစားစရာကောင်းသည်၊ သင်္ခမည်သော ရွှေအိုးကြီးက တဂါဝုတ်ပမာဏ ရှိသည်ဆိုသည်၊ ဧဠမည်သော ရွှေအိုးက ယူဇနာဝက်မျှ ရှိသည်ဟုဆိုသည်၊ ဥပ္ပလမည်သော ရွှေအိုးက ၃-ဂါဝုတ်ပမာဏ ရှိသည်ဆိုထည်၊ ပုဏ္ဏရိက မည်သော ရွှေအိုးက တယူဇနာအရွယ် ပမာဏရှိသည်ဆိုသည်၊ အစောက်ကား နှစ်သိန်းလေးသောင်းအထုရှိသော မြေနှင့်တမျှတည်းရှိသည်-စသည်ဖြင့် ဗုဒ္ဓဝင်ကဆိုထားသည်၊ ဤမျှကြီးသော ရွှေအိုးကြီးများ ကေန်ဟုတ်ခဲ့ပါက ရှေးခေတ်က မသတာ လူဦးရေ ၅-သိန်းလောက်ရှိသော ကပ္ပိလဝတ်ပြည်ကလေးမှာ လူနေတိုက်တာ နေအိမ်တွေပင် ဤရွှေအိုး ၄-လုံး ပေါ်သည်နှင့် ပျက်စီးသွားစရာရှိသည်၊ ရွှေအိုး ၄-လုံး မဆိုထားနှင့်ဦး၊ ပုဏ္ဏ



ရိက ရွှေအိုးတလုံးနှင့်ပင် ပေါ်တာနှင့် တချက်တည်းနန်းတော်နှင့်တကွ ကပ္ပိလဝတ်မြို့တမြို့လုံး ပြိုကွဲ ပျက်စီးသွားဘို့သာ ရှိသည်၊ ဤမျှအပြောကြီးကြီးနှင့် ပလွှားဝင့်ကြွား ထင်ရှားရှောက်ပေါ်သမျှ တရားတွေကို စဉ်းစားဉာဏ်ရှိတဲ့ လူတွေက ယုံလို့ဖြစ်ပါ့မလား—စ ညဖြင့် ဆက်၍တွယ်ပြန်လေသည်။

ဦးသာဒင်သည် ပရိသတ်သို့ ရွှေအိုးကြီး ၄-လုံး အရေး၌ မေးခွန်းထုတ်သလို ထုတ်လိုက်— သူ့ဟာသူ ပြန် ဖြေလိုက် နှင့် မျှောတောတောကြီး ဖြစ်နေတတ်သေး၏၊ သို့ရာတွင် အချက်အလက် ကောက်ယူပုံ- တင်ပြပုံ များမှာ အိုရစ်ထရီ- ခေါ် ပွဲပေါက်ဟောပြောမှု၌ကျွမ်းကျင်သူတယောက် ဖြစ်ကြောင်းကား သိသာထင်ရှားပေသည်။

ဦးသာဒင်သည် ဆက်၍ မိဋ္ဌမာနကိစ္စတွင် သိကြားက မိန်းမ ထမီတွင်းကိုဝင်၍ ကြက်ယောင်ဆောင် ကိုက်သည်ဟု ဆိုထားရာ သိကြားတန်မဲ့ ထမီတွင်းဝင်ရသလော၊ ထမီတွင်း ဆိုသည်မှာ ယာမန်လူယောကျ်ားများ ဝင်လျှင်ပင် ဘုန်းကြက်သရေပျက်သည်ဟု ဗုဒ္ဓသာသာဝင်တွေက ယူဆထားတာနှင့် တက် တက် စင်ကွာနေသည်၊ ဝေါတမရှေ့၌ တရားနာ ပရိသတ် မိုလ်ပုံ အလယ်တွင် မိန်းမကြီးတွေ အများကြီးရှိနေနိုင်ပါလျက် ထိုမိန်းမကြီးတွေက မိုက်ကိုတော့ ထမခမ်းဘဲ ယောမ ပါနေမီရှင် သိကြားက လာပြီး ကိုယ်တိုင် ထမီထဲ ဝင်ကိုက်ရခြင်း မှာလည်း ယုတ္တိမတန်ဖြစ်သည်ဟု ဆိုပြန်၏။

ထို့နောက် တဖြေးဖြေး အချက် အလက်ခေါင်း မှားစွာကို ဝေဖန်၍ သွား ပြီး တဖန် ဝင်္ဂတော် မတင်းသေး၍ ဒေဝဒတ် ကျောက်မောင်းဆင်ချသဖြင့် ခြေမတော် သွေးခြေဉ ခံရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြန်သည်၊ ဤအချက်မှာ စဉ်းစားစရာ အကောင်းဆုံး ဖြစ်သည်။

ဗုဒ္ဓဘာသာတရား၌အနှစ်သာရအဖြစ်ဆုံးဗောဓိပက္ခိယတရား ၃၇-ပါး၌ပါသော သမ္မပ္ပဓါန် ၄-ပါး၌ ဝီရိယ၏အင်္ဂါ ၄-ပါး အရ ဥပ္ပန္နအကုသိုလ်၊အနုပ္ပန္နအကုသိုလ်ဟူ၍ အကုသိုလ် ၂-ပါး စီရှိကြောင်း၊ ဥပ္ပန္နအကုသိုလ်မှာ အတိတ်က အကုသိုလ်ကိုစွန့်ပယ်ရန် ကြိုးစားအားထုတ်ရခြင်း အလုပ်ဟု ဆိုထားပါလျက် ဘုရား ဖြစ်ပါသည်ဆိုသော ဂေါတမသည် ကိုယ်တော်သော တရားထဲက ဥပ္ပန္နကိစ္စကိုပင် မပြီးမြောက်သေး၍သာလျှင် ဒေဝဒတ်အကြံကို မသိမမြင်နိုင်ဘဲ ဝင့်ဆိုက် ခံနေရသေးဟန် တူသည်၊ ယင်းသို့ပြီးခဲ့သော အကုသိုလ်မှ ဝင့်ကိုပင် ကုန်အောင် ဥပ္ပန္နကိစ္စ မတတ်နိုင်သေးသော ဂေါတမဘုရားအား မည်သို့ဆိုရမည်နည်းဟူ၍ တွယ်သွားပြန်လေသည်။

နောက်က သံယာတော်တွေမှာမူ ခေါင်းမျှမဖော်ဘဲ ငုံ့၍သာ နေတော်မူကြတော့၏။

ဆရာတော်သည် ဦးသာဒင် ကောက်နှုတ်ဝေဖန်သွားသော အချက်များကို ဖြေရှင်းရန် လိုက် မှတ် နေ၏၊ ဗုဒ္ဓဝင်ပြီးလျှင်-ဗုဒ္ဓ၏တရားတော်များကို ဦးသာဒင်က ဆက်လက် ဝေဖန် ပြန်သည်၊ ဤနေရာ၌ အာလံ (အောင်လံ) တွင် ဆရာတော်နှင့် ဦးအုံးတို့ အချေအတင် ငြင်းခဲ့ ဖြေခဲ့သော စာအုပ်တချို့မှ အချက်များ ပါလာသည်ဖြစ်ရာ ဆရာတော်အဖို့ အဆင်သင့်နေလေသည်။

နောက်နားရှိ သံယာစင်ပေါ်မှ ကိုယ်တော်တွေပင် တချက်



တချက်အတော်ငိုင်သွားလောက်အောင် အချက် ပိုင်ပိုင် ထိထိမိမိ စကားများပါလာ၏။

နတ်မှီကိုယ်တော်ကြီးနှင့် ဆရာတော်နှင့် ပါလာသော ကိုယ်တော်များသာ ဓါတ်သိဖြစ်၍ ပြုံးနိုင်ကြသည်၊ နတ်မှီ ကိုယ်တော်ကြီးက ဆရာတော်ကို ခဏခဏ လက်ကုတ်ပြီးလေသံဖြင့် တိုးတိုး တပ်၍ ဦးအုံးကို ကျေးဇူးတင်ကြောင်း အမိန့် ရှိလေသည်၊

ဦးအုံးသုံးသပ် ဝေဖန် လိုက်သော စကားများမှာ အတော်များများပင်– ယခု ခရစ်ယာန် ဦးသာဒင်၏ ပါးစပ်မှ ထွက်လာနေလေပြီ၊ နောက်တသံယာတွေနှင့် ဗုဒ္ဓဘာသာ ပရိသတ် အစုကြီးမှာ အတော်တွေဝေသွားကြဟန် တူပေသည်၊ ခရစ်ယာန်တို့ တက်မှာ ပါးစပ် ပြုံသာနှင့် အတော်အားရနေကြ၏၊သို့သော်-ပရိသတ်၏ အာရုံကို ဦးသာဒင်၏ အတွက်ကြွနေသော စကားလုံးများက ဆက်ပါလာအောင် မဆွဲ ဆောင် နိုင်သဖြင့် ဟာသွားသော အကွက်များပင်ကျန်နေ၏၊ ဦးသာဒင်က ဗုဒ္ဓတရားဆိုသော စာပေ များကို ဝေဖန်ပုံမှာ စကားလုံးများ ယဉ်ကျေးပြေပြစ်လှပါပေသည်။

သုံးသပ်ပုံ အကွက် ဆင်ပုံများမှာ မရိုင်းပေ၊ ဦးသာဒင်၏ ဖမ်းချက်မှာ အာလံ (အောင်လံ) မှာ ဝေဖန်လိုက်သော ဦးအုံးလောက်မျှ လိပ်ခဲတင်းဘင်း တင်ပြခြင်း မရှိ ဖြစ်သည်၊ သို့ရာတွင် စကားထွက်ကို အကဲခတ်လျှင် ကျန်ဗုဒ္ဓဘာသာစာပေ၌ နားလည် ကျွမ်းကျင်သူဖြစ်ကြောင်း ထင် ရှား ပေ သည်၊ ထို့ကြောင့်ပင် ခရစ်ယာန် ခေါင်းဆောင်များက ဤပွဲ၌ ဦးသာဒင်ကို မိုလ်တင်ပေးလိုက်ခြင်း ဖြစ်ဟန်ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်နီးပြီ ဖြစ်ကြောင်း သဘာပတိက သတိပေးလိုက်ရာ ဦးသာဒင်က နိဂုံးချုပ်အနေဖြင့် ၎င်းသည် မူလက ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော ယုတ္တိမဲ့တရားတွေကို ပိဋကတ်များ၌ တွေ့မြင်ရသဖြင့်စိတ်ပျက်ပြီး ခရစ်ယာန်ဘာသာထဲသို့ ဝင်ခဲ့သူဖြစ်ကြောင်း၊ ဒီမဟုတ်က ဟုတ်က တရားမျိုးတွေကို ဆက်ယုံနေသမျှ မှားနေမည်သာဖြစ်ကြောင်း၊ ထို့ကြောင့်ရှေ့နောက်မညီ မှားနေသောဘာသာတရားကို ယုံကြည်မည်လော၊ မှန်ကန်သော ခရစ်တော်၏တရားများနှင့် ထာဝရဘုရားသခင်ကို ယုံကြည်ကြမည်လောဟု မိမိမေးလိုသည် ပြောကာ နိဂုံးချုပ်လေ၏။

အချိန်ပြည့်သောအခါ ဦးသာဒင် ဆင်းသွားလေသည်။ ချင်းပရိသတ်တို့က လက်ခုပ်တီးလိုက်ရာ "ဟီး" ထွက်၍သွားလေ၏။

ဗုဒ္ဓဘာသာ သဘာပတိက ဆရာတော် အရှင်ဥက္ကဋ္ဌကို ခေါ်ပင့်လိုက်သည်။

ပရိသတ်သည် ခဲပြီးတခုတည်းသော အာရုံ၌သာ စိုက်နေကြဟန်တူသည်၊ ဦးသာဒင် ပြောဆို ဝေဖန်သွားသော အချက်များအတွက် အတော် သိမ်ငယ်သွားကြဟန် တူသည်၊ လူစိမ်းတွေး တွေးရသျှင် ပြန်ချေရန်ပင် အတော် ခက်သော အချက်မေါင်း အတော်များများပါသွား၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ ပရိသတ်က မိမိတို့ဘက်ကို ဖိခံထားရသော အချက်များ အတွက် မိမိတို့ဘက် ဗုဒ္ဓဘာသာ ဗိုလ်ကို အားကိုးကြဟန်တူသည်၊ ဤမျှများလှသော ပရိသတ် အသိုက်



အမြုံကြီးသည် ချောင်းဟန့်သံပင် ဆိတ်သုဉ်းလျက် ငြိမ်ကြည့်နေကြ၏။

ဆရာတော် အရှင်ဥက္ကဋ္ဌသည် ဦးစွာ-ပုဂ္ဂိုလ်သဘောထက် ဓမ္မသဘော သက်သက် စဉ်းစားကြရန်— စသော စကားအနည်းငယ်ဖြင့် ပဏာမခံရင်း ပရိသတ်ကို မှိန်းလောက်သော အသံကိုတည်ရန် အစပျိုးကြည့်လိုက်၏၊ သို့ဖြင့် ပဌမ စက္ကန့် ၂၀-မျှအချိန်တွင်းမှာပင် ပရိသတ်နှစ်သောင်းကျော်၏ နားသို့ ပေါက်နိုင်သောအသံကို တည်မိပြီး ဖြစ်သွားလေသည်၊ ဤမျှဒုဒယ်ရှိသော ပရိသတ်မျိုးနှင့် ဆရာတော်မှာ အသစ်အဆန်း မဟုတ်ပေ၊ ဆရာတော်၏ အသံသည် အောင်မြင်သည်၊

ကြည် လင် ပြတ်သား သည်၊ စကားလုံး အကုး အဆက်များသည်၊ ဝါကျတပုဒ်ထက် တပုဒ်ဖြတ်လတ် သွက်လက်လာသည်၊ သုံးမိနစ်မျှရှိလျှင်ပင် အရှိန်ရလာခါစကားလုံးများသည်အဆက်မပြတ်ဖြစ်လာလေသည်။

ဆရာတော်သည် ဦးသာဒင်၏ ဝေဖန်ချက် မှတ်စုစာရွက်ကို ကြည့်ပြီး ခရစ်ယာန်ဆရာကြီး ဦးသာဒင်က ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်များကို ဝေဖန် ဟောပြောမလားဟု ထင်မှတ်မိရာ ယခု ဦးသာဒင် ပြောသွားသော စကားများမှာဗုဒ္ဓနှင့်ဗုဒ္ဓတရားတော်အစစ်များကို ပြောဆိုဝေဖန်ခြင်းမပြုဘဲ သီဟိုဠ် စာရေးဆရာတွေရဲ့စာတွေကိုချည်း ဝေဖန်သွားတာကိုတွေ့ရသဖြင့်အံ့အားသင့်မိကြောင်း။

သဘာပတိကြီး ဦးရွှေမှန်နှင့်တကွ ယခု ကြွရောက်လာကြသော ခရစ်ယာန်ဓမ္မဆရာအတော်များများဟာ မူလကဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ယခုမိမိတို့လို ဘုန်းကြီးများဝင်ဖြစ်ပြီး ပိဋကတ်စာပေများ လေ့လာခဲ့သူများဟု မိဒ်ယုံကြည်ကြောင်း။

ဓမ္မဆရာကြီးများသိသည့်အတိုင်း ဗုဒ္ဓဘာသာ စာပေ... ကဲ့ မူလဘုရားဟော ဒေသနာရင်းများက တရပ်– အဋ္ဌကထာ ဋီကာစတဲ့ သီဟိုဠ်စာရေးဆရာများနှင့် စာပေပညာရှိများ ... သော ဒေသနာအမျိုးမျိုးက တရပ်ဟူ၍ ဒေသနာ ၂-ရပ် ၂-... ရှိနေသည်ကို သတိပြုကြစေသိုကြောင်း။

ဤခနရာ၌ ယခု ၂-မျိုး ၂-စားရှိတာကို ခွဲခြားမသိဘဲ အ... လုံးကို တမျိုးတစားတည်း ထားပြီး၊ ဗုဒ္ဓဘုရားရဲ့ တရားတော်... ချည့်လို့ ယခု ဓမ္မဆရာကြီးများက ယူဆဟန် တူကြောင်း၊ ထို့ ကြောင့်လည်း ဗုဒ္ဓဘာသာကို စွန့်ပြီး ခရစ်ယာန်ထဲ ကူးသွားကြ ခြင်းဖြစ်သည်ကို မိဒ်မအံ့သြကြောင်း၊

ဤလိုဖြစ်ရခြင်းမှာ မူလကတည်းက ဒီဆရာကြီးများသည် ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့ တရားတော်အစစ်အမှန်များကို မသိနားမလည်ဘဲ နဲ့ ယက်နှံးဝတ်ပြီး ဗုဒ္ဓဘာသာဝင်ခတွေရဲ့ ဆွမ်းတွေ/ညာ စား သွားတာ ထင်ရှားနေကြောင်း။

ယခုဗုဒ္ဓအစစ်ရဲ့ တရားတော်အစစ်များကို မသိနားမလည် သလို ခရစ်ယာန်ဘာသာရဲ့ တရား အစစ်များကိုလဲ မသိဘူးဆို လျှင် ခရစ်ယာန်ကိုပါတက်ညာနေတဲ့ ဓမ္မဆရာကြီးတွေ ဖြစ်နေ မည်ကို စိုးရကြောင်း-ဟု ပြောလိုက်ရာ ပရိသတ်သည် အိပ် ရာ မှ လန့်နိုးလာသလို "ဝါး" ကနဲ အသံက်ဝင်၍လာလေသည်။

ဆရာတော်ကဆက်၍ ဗုဒ္ဓဝင်အဋ္ဌကထာကို ဦးသာဒင်ကဝေ ဖန်ရာ၌ ပဋိသန္ဓေကစပြီး ဗုဒ္ဓကို တွယ်သွားကြောင်း၊ ဤဗုဒ္ဓဝင် အဋ္ဌကထာအတိုင်း ဘုရားကိုယ်တိုင်က အဘယ်နေရာမှာ ဟော



ခဲ့ပြောခဲ့သည်ဟု ဦးသာဒင် ပြောနိုင်ပါသလား၊ အမှန်အားဖြင့် ဗုဒ္ဓဝင်အဋ္ဌကထာကို ရေးသူမှာ သီဟိုဠ်ရှင်ဗုဒ္ဓဒတ်ရဟန်းတော် သာဖြစ်ကြောင်း၊ နောက်– နာလာနဋ္ဌမါတုဝင်- မတာဝင်- ဗုဒ္ဓ ဝင်–ဒီပဝင်–ဓေါမိဝင်–ဒါဌာဓါတုဝင်–ဓေါမိဝင် ဋီကာစတဲ့ စာတွေကို သီဟိုဠ်ရှင်မဟာနာမ ရဟန်းတော် ရေးခဲ့တာတွေ ဖြစ်ကြောင်း ဒါတွေကိုစုပေါင်းပြီး အချို့ အဋ္ဌကထာဋီကာ တွေနဲ့ တိုက်ဆိုင်ပြီးနောက် ဗဟာရဟန်းတော် ရွှေတောင်ကျိုး သဲလေးထပ် ဆရာတော် တပါးရေးခဲ့သော ဇိနတ္ထပကာသနီ ကျမ်းက စကားတွေကို ဦးသာဒင်က ဗုဒ္ဓ ဘု ရား ဟော ဆို ပြီး ဝေဖန်သွားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘုရားရဲ့ တရားတော်နဲ့ စာရေးဆရာတွေရဲ့ အဋ္ဌကထာဋီကာ စကားတွေ ကို အားလုံး အတူတူချည်းထင်ပြီး ပြောကြလျှင် မဖြစ်ကြောင်း၊

ဥပမာ–ခရစ်သက္ကရာဇ် ၁၃၅၀- ခုနှစ်လောက်က ပဌမဆုံး အင်္ဂလိပ်ဘာသာအဖြစ် ပြန်ဆို ရေး သား သော ဝစ်ကလစ်ဖ်၏ ဘိုင်ဘဲလ်ခေါ် သမ္မာကျမ်းစာကို တင်ဒေးလ်၏ နောက် သမ္မာ ကျမ်းစာနှင့် တိုက်ကြည့်လျှင် ကွဲ လွဲ ထာ တွေ အများကြီးရှိနေ ကြောင်း၊ထို့အတူ ကိုဗားဒေးလ်၏သမ္မာကျမ်းစာများမှာတမျိုး ဖြစ်ကြောင်း-"ဒီလိုကွဲလွဲချက်တွေကို မစဉ်းစားဘဲ အကုန်သိမ်း ကြုံးပြီး ခရစ်တော်က ဒီအတိုင်း အားလုံးဟောခဲ့တယ်လို့ဆိုရင် ဦးသာဒင်တို့ကြိုက်ပါ့မလား"

ထိုတင်ဒေးလ်၏ ဘိုက်ဘဲလ်ကိုလည်း သက္ကရာဇ် ၁၅၆၀– လောက်မှာ မိုင်းလ်စ်၊ ကိုဗားဒေးလ်တ ပြုပြင် ထပ်မံ ရေးတာ မျိုးတွေ တွေ့ရကြောင်း။

ထိုနှစ်ပိုင်းလောက်မှာပင် ခရစ်တော်ရဲ့ တရားများကို အ

www.burmeseclassic.com

www.burmeseclassic.com



ထက်ဆရာများဟာ ယုတ္တိယုတ္တမရှိအောင် လွဲမှား စေသည်ဟု ဆိုပြီး- မာတင် လူးသားတို့က တဖန်ထပ်၍ ကိုယ်ကြိုက်သလို ကိုယ်ရေးလိုက်ကြသည်ကို တွေ့ရပြန်ကြောင်း။

တင်ဒေးလ်က ယစ်မြူးကျမ်းကို အခြေခံရေးတဲ့ ဘိုက်ဘဲလ်မှာ ဂျေရုစလင်မြို့ကြီးကို သမုဒ္ဒရာနဲ့ ရေလွှမ်း သတ် တယ် လို့ ရေးထဲ့အခန်းကို မာတင်လူလားကမကြိုက်၍ ၎င်းအခန်းမဟုတ်ဟု ခြင်ရေးခဲ့ကြောင်း။

ဒီတော့ ခရစ်ယံ ရေးကျမ်းများမှာပင် တကျမ်းနဲ့ တကျမ်း မတူတာတွေ့ရှိနေတယ် ဒါမျိုးတွေ ရှောက်ပြောနေရင်-ခရစ်ယံ ထာ၀ရဘုရားဟာ ကရုဏာမေတ္တာကိုအရင်း ခံတယ်လို့ တဖက်က ပြောပြီး။ တဖက်မှာ လူတွေကို မညှာမတာ ရက်ရက် စက်စက် လုပ်ခဲ့တယ်ဆိုတဲ့ အကြောင်း အရာတွေဟာ အ များ ကြီး ရှိနေတော့ အခုန ဆရာကြီး ဦးသာဒင်ပြောထဲ့ ဗုဒ္ဓ၀င်အရရှေ့နောက် မညီတဲ့ အချက်များဟာ စာရေးဆရာတွေကြောင့် ရှိနေတယ်ဆိုတာမှတပါး ဘယ်နေရာမှာ အသက်တချောင်းကို ဂေါတမ ဗုဒ္ဓက ဖျက်စီးခဲ့ဘူးသလဲဆိုတာ ပြောပါ။

ပထမဦးဆွာဒင် တင်ပြသုံးသပ် ဝေဖန်သွားသော ဗုဒ္ဓစာပေဓေါ်စာများကို တပုဒ်စီပြန်၍ ဘောဓိ၀င်အောင် စုယူလိုက်သည်။ ထို့နောက်မှတချက်ထည်းနှင့် အံကျ၀င်သော ရှင်းလင်းချက် တခုနှင့် ပိတ်သွင်းပစ်လိုက်၏။ ပရိသတ်သည် အားရစပြုလာသည်။

ဤနည်းဖြင့် အချက်၄—၅-ချက်တတွဲ စုပြီးမှ ချေပချက် တခုနှင့် ပိတ်ထု—ပြန်ချသွားရာ ၁၅—မိနစ်ခန့်နှင့် ဦးသာဒင် သုံးသပ်သွားသော အချက်များ အကုန် ရှင်းထုတ်ပစ်ပြီး ဖြစ်သွား၏။



အတန့်အရပ်မထေား တ ဆက် တည်း ပင် သမ္မာ ကျမ်းစာတွေကို ဝေဖန်ချလေတော့သည်။

ဆရာတော်၏ အ သံ သည် မြည် လည်း မြည် သည်၊ ကြည်လည်းကြည်သည်၊ အောင်လည်း အောင်သည်၊ အကူး အဆက် လျင်မြန်သလောက် စ ကား လုံး များ ရှင်း လင်း ပြတ်သားလှသည်။

ထိုမနက်ပိုင်း၌ ဆရာတော်သည် ဓမ္မဟောင်း ကျမ်း တွေကို စ၍ ကိုင်၏၊ ဆရာကြီး ဦးကွန့်နှင့် ဆ ရာ သ ခင် ကို ကြီး တို့၏ မာတိကာမှတ်စုကိုကြည့်လိုက် ဆိုင်ရာစာအုပ်ကိုယူပြီးဖွင့်လိုက်၊ နှုတ်မှလည်း အသံမပြတ် ဝေဖန်တင်ပြလိုက်နှင့်မှုရင်းအင်္ဂလိပ်စာ အတိုင်းဖတ်ပြီး အဓိပ္ပါယ် ရှင်းသည်၊ ထိုအဓိပ္ပါယ်တွေကို ယုတ္တိ အမျိုးမျိုးဆောင်၍ ပြဿနာများ တင်ပြသုံးသပ် ပြသည်။

ထိုအခါ၌ တရားစင်တဖက်ကို ပြည်ခရိုင် ရာဇ၀တ်ဝန်ကြီး ဦးကျင်ကိုယ်တိုင် ပုလိပ်(ရဲ)အမှုထမ်း ကြီးငယ်များနှင့် ဝိုင်းရံစောင့်ရှောက်လျက် ရှိနေသည်။

ခရစ်ယံတို့ဘက်၌ မျက်နှာဖြူ ကျောင်းအုပ် ဆရာမကြီးတဦးကိုယ်တိုင် ထိုင်လျက်ရှိနေသည်၊ ဆရာတော်၏အချက်အလက်ပြည့်၀၍ အဓိပ္ပါယ် ရှင်းလင်းပြတ်သားသော ဝေဖန်ချက်များကို ခရစ်ယံခေါင်းဆောင်များ ငြိမ်ပြီး အာရုံစိုက်နေကြသည်။

ပရိသတ် များထည်း၌ အံ့သြ ချီးကျူးသံများ ဖြစ်နေပြီး ရယ်မော ရွှင်ပြနေကြသည်၊ ဆရာတော်၏ စကားလုံးများ ထလည်း တလစပ် ဖတ်လိုက်၊ အဓိပ္ပါယ် ပြန်လိုက်၊ ဝေဖန်လိုက်နှင့် အဆက်မပြတ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်ကွင်းမဏ္ဍပ်ရှိ ပရိသတ်၏ ထူးခြားချက်မှာ လ ခုတ်လက်ဝါးတီးခြင်း၊ လေချွန်ခြင်း၊ ဟောဟော ဝါးလား ဩဘာပေးခြင်းစသော ရှုတ်ရှတ်သဲသဲ မလုပ်ကြခြင်းဖြင့်၏။ နော မှ သိရသည်ကား ဟောပြောနေစဉ် လက်ခုတ်တီး လေချွန်ခြ ဟစ် ဩဘာပေးခြင်းပြုသူ မည်သူ့ကိုမဆို ချက်ချင်း အရေး မည်ဟု ရာဇဝတ်ဝန်၏ အမိန့်နှင့် မဏ္ဍပ်အဝင်တွင် အမိန့်မျ ကပ်ထားသည်ဟု သိရ၏။

ထို့ကြောင့် ပရိသတ်က လက်ခုတ်တီး လေချွန် ဩဘာပေ တော့မလုပ်ပေ၊ သို့ရာတွင် ကျေနပ်ဝမ်းမြောက်သော အမူအရ ကို ရယ်မော၍သာ ပြနေကြ၏၊ ထိုရယ်သံ မောသံတို့မှာလည် အစဉ်မပြတ် ဖြစ်နေလေသည်။

သို့ရယ်မောသံ အလွန်များလာပြန်လျှင် သဘာပတိနှင့် ရာ ဇဝတ် ဝန်ကြီးတို့ ကိုယ်တိုင်က မေတ္တာရပ် တား ဆီး ပေးကြ သည်။ သို့ရာတွင် ဆရာတော်၏ ကြာဇာ မြည်လေ၊ မြည်လေ ပေါက်လေ ဖြစ်နေသော အသံက ပရိသတ်တို့၏ ရယ်မော များအပေါ်သို့ အစဉ်သဖြင့် ကျော်လွှမ်း၍သာ နေလေသည်။

သက္ကရာဇ် ၁၂၈၅-နဲ့ ၁၃၄၉-ခုနှစ်အတွင်းပေါ်ခဲ့တဲ့ ဗိ ယမ်းအောက်ဆမ်းရေဝဲ့ ခရစ်ယာန် ကျမ်းဆိုင်ရာ သမ္မာကျမ်း တာတွေကို ကြည့်လိုက်လို့ရှိလျှင် ဘာမဆိုအားလုံး ဘုရားသခင် ၏ သဘောအတိုင်းချည့် ဖြစ်ခဲ့-ပျက်ခဲ့ သဘောချည့် ဖြစ် တာကို တွေ့ရမယ်၊

လူ့လောက လူ့ဥပဒေသများလဲ ဘုရားသခင်ရဲ့ သဘော ဘော်အရသာ လူတွေရဲ့ဆန္ဒမှာ ထိုထိုလုပ်ရန်ကိစ္စအဝဝ ဖြ ပေါ်လာတယ်လို့ဆိုတယ်၊ ဒီတော့ ဘုရားသခင်ကို မယုံကြည်



ဘူးဆိုတဲ့သဘောလဲ ဘုရားသခင်ရဲ့ ဆန္ဒအတိုင်းဖြစ်တာဘဲတဲ့၊ ခိုးချင်လို့ခိုး၊ လိမ်ချင်လို့လိမ်တာတွေ သူ့မယားကိုယ့်မယား သူ့နှမ ကိုယ့်နှမ မဟားတရားကြံစည်တာတွေလဲ ဘုရားသခင် ရဲ့အလိုအတိုင်း အဲဒီလူမှာ ဆန္ဒဖြစ်ပေါ်လာတဲ့ အဓိပ္ပါယ်ဖြစ် မနေပါတော့လား၊ ဒီလိုဆိုရင် ဒီလူ့လောကကြီးမှာ ဖြစ်ပွား နေတဲ့ ရာဇဝတ်မှုတွေဟာ ထာဝရဘုရားသခင်ရဲ့ ပြုလုပ်ချက် တွေချည့် ဖြစ်ရတော့မှာပေါ့။

ဒီလို ပြောကြစတမ်းဆိုရင် ဦးသာဒင်တို့ ဓမ္မဆရာကြီးတွေ လက်ခံနိုင်ပါ့မလား၊ ဒါဦးဇင်း အမှန်ပြောနေတာ၊ ပရိုဖက်ဆာ ဂေးလ်ဆင်ရဲ့ "အလယ်ခေတ် အတွေးအခေါ်များ"ဆိုတဲ့ စာ အုပ်မှာ ဒီအတိုင်းဘဲ ရေးထားတာတွေ့ရတယ်၊ ဂေါတမ ဗုဒ္ဓ ဘာတော့ အကုသိုလ်ကို အကုသိုလ်မှန်းသိရင် ရှောင်ကြဉ်ဘို့ဘဲ ဟောတယ်။

နောက်ဘက်ရှိ သံဃာတော်များမှာလည်း တပြုံးပြုံးနှင့် နှစ်ခြိုက်ဝမ်းမြောက် နေကြကုန်သည်၊

ဆရာတော်သည် ရရှိထားသောအချိန်ကို တစက္ကန့်မျှအလစ် မပေးဘဲ အတွက်စိပ်စိပ်ဖြင့် ရှင်းလင်း တင်ပြ ဝေဖန်နေရာ ဓမ္မ ဟောင်းမှတ်ချက်များ ကုန်ခါနီးတွင် နောက်မှ သဘာပတိတို့၏ သတိပေးချက်နှင့် အံကိုက်အောင် နိဂုံးချုပ်လိုက်လေသည်၊

ဤတွင်မှ ပရိသတ်၏ လက်ခုပ်သံများ ဩဘာသံများမှာ မိုး မွှန်၍ သွားလေတော့သည်။

ဗုဒ္ဓဘာသာများဘက်က ပြုံးရွှင်ကြည်နူးနေကြသလောက် ခရစ်ယာန်၏ဘက်မှာ ငိုင်ငိုင်ကြီးတွေ ဖြစ်နေကြတော့၏။

ထို့နောက် သဘာပတိ ဦးရွှေမှန်ကထ၍ ဤဟောပြောပွဲကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို နေ့ခင်း ၁၂-နာရီထိ ခေတ္တရပ်နားမည့် အကြောင်း ဧ
ညာပြီး နံနက်ချိန် စခန်းသိမ်းလိုက်ကြ၏။

ပရိသတ်တို့၏ အသံတွေသည် မဏ္ဍပ်ကြီး တဝိုက်၌ ဆေ
သောကြွယ်အောင် ပွက်၍သွားလေသည်။ အပြင်ဘက် ဈေး
တန်းများကို လူလုံးကြီးက အုံ့ခဲထားသည်ကို မြင်ရသည်။

အချိန်သည် ၉-နာရီသာသာလေးမျှသာ ရှိသေး၏၊ သို့သေ
နေရောင်သည် ဝင်းဝင်းတောက်၍ နေချေပြီ၊ ပြည်၊ ရွှေတော
ပုတီးကုန်းတို့မှ ကားမမှီ၍ နောက်ကျသူများမှာ ထိုအချိန်
မှ ထပ်ရောက်လာနေကြသည်။ မဏ္ဍပ်ထဲမှ အစားအသော
ထွက်သူတို့၏ နေရာသို့ လူသစ်တွေက ဝင်ယူထားသဖြင့် ခေ
ရပ်နားချိန်ဖြစ်သော်လည်း လူတွေသည် ကြပ်မြဲ ကြပ်ခဲ နေ
တော့၏။

ဂိုဏ်းချုပ်ကြီးအနီးရှိ ဦးပဥ္စင်းကြီး၏အသံမှာ အတော်
နာ၍ နေရှာလေပြီ။

ခရစ်ယံ ခေါင်းဆောင်များက ဆရာတော်ကို လာ၍ နှုတ်
ဆက်ပြီး နံနက်စာစားရန် ရွာတွင်းသို့ ပြန်သွားကြသည်။

ဗုဒ္ဓဘာသာ ခေါင်းဆောင် များ နှင့် သံဃာတော်များ အ
တွက် မဏ္ဍပ်ကြီးမှာပင် မနေ့ကအတိုင်း စီစဉ်ထားကြ၏၊ ဆွမ်း
အုပ်များကို နံနက်ကပင် ယူဆောင်ခဲ့ကြပြီးဖြစ်သည်။

လူအုပ်ကြီးများသည် ဆရာတော်ထံသို့ လာရောက်ခါ အား
ပေးစကားများ လျှောက်ထားနေကြပြန်သည်၊ နတ်မှီကိုယ်တော်
ကြီး ဦးကလျာဏက အော်ကျယ်အော်ကျယ်နှင့်—

"ဟေ့—ဒါအချိန်တလေး ၄၅-မိနစ်ထဲ ရှိသေးတာကွ၊ နေ



ခင်းပိုင်းကျမှ ဒီထက်အားရစရာတွေ ကြားကြရအုံးမယ် ဟေ့
နားသာ ထောင်ကြပေရော့-"

ထိုအခိုက် အပြင်မှ လူတဦးကရှမ်းပြီး—

"ခဏကလေး လမ်းဖယ်ပေးကြပါအုံး၊ ဒီမယ်ဗုဒ္ဓဘာသာ
ထဲ ဝင်မယ်လို့ ပါတဲ့ ခင်ဗျား—လမ်းဖယ်ပေးကြပါ "ဟု အော်
ရင်း လူတစုသည် အုံ့နေသော လူတွေကို ဖယ်၍ ဝင်လာ နေ
ကြ၏။

လူတွေမှာ ဝမ်းမြောက် ရွှင်လန်းသံတွေ အော်ဟစ်ပြောဆို
ကြရင်း သံဃာစင်ရှေ့၌ နေရာဖယ်ပေးကြ၏ ဝင်လာသူများ
ကို ဦးဆောင်ခဲ့သူက–

"ဘုန်းကြီးဘုရားများ ဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာ
ဘက်က ရှင်းလင်းပြတာ သဘောကျလို့ အခုဟောဒီ ကျောက်
ကွင်းရွာက အိမ်ထောင် ရှစ်အိမ်ထောင်ပြည့်ပြည့် အခု ဗုဒ္ဓဘာ
သာကို ကူးပြောင်း ကိုးကွယ်ပါတော့မယ်တဲ့ဘုရား-"

ထိုကျောက်ကွင်း ၈-အိမ်ထောင် ဗုဒ္ဓဘာသာသို့ကူးပြောင်း
ကြောင်း ကျေညာသံကို ကြားကြားသမျှ လူ တွေ ထမင်းဆိုင်၊
လဘက်ရည်ဆိုင် ဝင်နေသူမကျန်၊ မဏ္ဍပ်တွင်းသို့ ပြန် ပြီး ပြေး
ဝင်လာကြရာ စုန်းဆန်၍ နေလေတော့သည်။

ဂိုဏ်းချုပ်ကြီးသည် ရှေ့ဆုံးသို့ သံဃာ ၂-ပါးတွဲထုကြွလာ
ပြီး အားရပါးရ ကြည့်ရှုတော်မူနေ၏။

ဗုဒ္ဓဘာသာသို့ ကူးပြောင်းသူများကို သံဃာစင်ရှေ့ ၌
ပေါ်၌ ထိုင်ခစပြီး ဆရာတော်က အမည်စာရင်း ထုတ်ယ
အလိုတော်ရ ကိုယ်တော်များက စာရင်းယူ မှတ်သားကြ
ထို့နောက် သရဏဂုံ ၃-ပါးနှင့် လက္ခဏာရေး ၃ ပါး

www.burmeseclassic.com



တို့၏ အမိပ္ပါယ် အတိုကောက်များ အနည်းငယ် ရှင်းလင်း ပြီး နတ်မှိ ကိုယ်တော်ကြီးသို့ လွှဲအပ်လိုက်သည်။ နတ်မှိ ကို ဘော်ကြီးက သရဏဂုံ ၃-ကြိမ် တိုင်ပေး၍ လိုက်ဆို စေ လင်္ကာဏာရေးသုံးပါးကို သုံးသပ်ဆင်ခြင်ရပုံ အနည်းငယ် ဟော ပြပြီးနောက် ပထမလိုက်ပို့သူကို ယနေ့နံနက်ပိုင်း တရားအ အိမ်ထောင် ၈-ဦး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြကြ ကျေညာခိုင်းလိုက်လေသည်။

ကျေညာချက်ပြီးလျှင် အားလုံးပရိသတ်က သာဓုသုံးကြိမ် ခေါ်ကြရန် ဆရာတော်က နှိုးဆော်လိုက်သည်။

## ၁၉-အပိုင်း

လိုက်ပို့သူ ရွာဆော်က သံကုန်တင်၍ ကျောက်ကွင်းရှိ အိမ်ထောင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြောင်း ကျေညာ ကာ အမျှ (၃)ကြိမ် ဝေလိုက်ရာ ထိုမျှ ပရိသတ်ကြီး၏ လိုက် လိုက်လှဲလှဲ ခေါ်လိုက်သော သာဓုသံကြီးသည် လယ်ကွင်းပြင် များကို ဖြတ်၍ အရပ် ၉မျက်နှာထိ ဟိန်း၍ သွားလေတော့ သည်။

မူလ စာချုပ်တွင် ၈အိမ်ထောင် ပြည့်ပြည့် ကူးပြောင်းလာ သောအခါတွင် အနိုင်ဟု ဆိုထားရာ ယခုမနက်ပိုင်းတွင်ပင် ရှစ် အိမ်ထောင်ထိ ကူးပြောင်းလာသည့်အတွက် ဗုဒ္ဓဘာသာဘက် က အသာကြီး သာနေပြီဟု ပရိသတ်က ဝမ်းမြောက် ရွှင်မြူး မဆုံး ဖြစ်ကြကုန်သည်။ သူကြီး ဦးလှောင်ကိုမူ တမနက်လုံး မမြင်ကြရပေ။

အချိန်မှာ ၁၀-နာရီမျှသာ ရှိသေး၏၊ ထမင်းဆိုင်တွေ၊ စား ရာဆိုင်တွေ တက်တက်ပြောင်ကုန်လေပြီ၊ နောက်ထပ်ချက်ရန် ချပ်ရန်လည်း ဘာမျှမကျန်တော့ပေ၊ မုန့်ဟင်းခါးဆိုင်၊ ဘူး သီးကြော် ဆိုင်တွေမှာလည်း ပြတ်ပြတ် ပြန်းခန်း၏၊ ကျောက် ကွင်းရွာ တဝိုက်ရှိသော ရေတွင်းသုံးတွင်းမှာ ရှစ်နာရီမထိုး တပင် တစက်မှမကျန်တော့ဟု သိရ၏၊ လဘက်ရည်ဆိုင်များ မှာ ရေနွေးပင် ကျိုစရာ ရေမရှိဖြစ်ကုန်ကြသည်၊

ဘုန်းကြီးများအတွက် ဆွမ်းကပ်ရန် သောက်ရေခပ် လှည်း ၅-စီးပေါ် ပုံးတွေတင်ပြီး ရေရှိသော ရွာများသို့ လွှတ်နေ သည်ဆို၏။

လူပေါင်းများစွာပင် ထမင်းမစားကြရသေးဘဲ ဖြစ်နေ၏။ စာမျှလည်း ဝယ်စားစရာ မကျန်တော့ပေ၊ ထမင်းထုပ် ရေ ပါသော ဒကာဖြင့် ဈေးဦးဖိုးကျနေကြသည်၊ ရွာဆော် အချို့ က ထမင်းမစားရသေးသူများအား ရွာတွင်းသို့ သွား၍ အိမ် တွေမှာ အချက်ခိုင်းစားကြရန် အော်နေ၏၊ ယင်းသို့ အော်သူက အော်နေဆဲ ရွာတွင်းမှ ပြန်ထွက်လာသူတို့က ရေမရှိ၍ ထမင်း ချက်ရန် ခက်နေကြပြီဟု ပြန်အော်ကြပြန်သည်၊

ရွာဆော်လည်း "ရေတွေလာပါလိမ့်မယ်၊ လှည်းနဲ့သွား ယူနေကြပါတယ်၊ ရွာထဲကိုသာ သွားပြီး စောင့်နေကြပါ၊ သွားကြပါ — ရေလာတာနဲ့ တပြိုင်ထဲ ချက်ကျွေးပါမယ်"ဟု အော်သဖြင့် လူအုပ်ကြီးသည် ရွာဆော် နောက်မှ ရွာတွင်းသို့ လိုက်သွားကြပြန်သည်၊ ဈေးဆိုင်များဘာ ဈေးသည်များလည်း သံပုံးတွေဆွဲပြီး လူအုပ်နောက်ပါသွားလေသည်။

ထမင်းမစားရသေးသူများတွင် ဗုဒ္ဓဘာသာတွေသာမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယံ ချင်းတွေလည်း အများပင် ပါနေ၏။ အခြေအနေမှာ ထမင်းထက် ရေမရှိတာတ ပိုဆိုးနေချေတော့၏။

နေ့ ၁၁-နာရီခန့် ရှိလာပြီ၊ ရောက်လာသော ရေမှာနည်းလှ၏။ သံဃာတော်များ ဆွမ်း ဘုဉ်းပေးနိုင်ရုံမျှ အ နိုင် နိုင်သာရှိသည်။ ဆွမ်းတွေမှာ ပေါပါ၏၊ ဗုဒ္ဓဘာသာ ရွာများမှ အိမ်တိုင်း-အိမ်တိုင်း ဆွမ်းအုပ် ယူလာကြသောကြောင့် ဆွမ်းတွေမှာ လိုသည်ထက်ပင် ပိုနေပေသေးသည်၊ သို့ရာတွင် ရေက ခက်နေသည်။

ရွာတွင်းမှ ရွာဆော် တဦးက ဆရာတော် အရှင်ဥတ္တမ ခေါင်းဆောင်သော ဗုဒ္ဓဘာသာအဖွဲ့ကို ရွာတွင်းသို့ကြွ၍ ဆွမ်းစားရန်ပင့်လာ၏။ ဆရာတော်နှင့်အတူ နတ်မှီကိုယ်တော်ကြီး၊ ဦးကလျာဏ၊ အရှင်သုတတို့ ၃-ပါးသာ ကြွကြသည်။

အလိုတော်ရ ကိုယ်တော်များသာ မဏ္ဍပ်ကြီး၌ ဖြစ်သလို မျှတ၍ နေရစ်ခဲ့ကြသည်၊ မဏ္ဍပ်ကြီး၏ အရှေ့ဘက် တနေရာ၌ ရွာနှင့် ခပ်နီးနီး လမ်းဘေးတွင် ရာဇဝတ်ဝန်ကြီး ဦးကျော်က ဆရာတော်တို့ ရွာဆီသို့ ကြွလာနေသည်ကို မြင်သဖြင့် စောင့်ရပ်နေသည်၊ အနီးသို့ ရောက်လျှင် ဦးကျော်က ဆီးပြီး ဆရာတော် နံနက်ပိုင်းက ဝေဖန်ပြောဆိုသွားပုံအတွက် အားရဝမ်းမြောက် စကားတီးတိုး လျှောက်ကြားလေသည်။

"တပည့်တော်တို့က ဒို့-ဗုဒ္ဓဘာသာဘက်က ဘုန်းကြီးတွေ တဘက်မြင်ဆိုသလို ဗုဒ္ဓဘာသာသက်သက်သာသိတာ၊ ဟို-ခရစ်ယံတွေ ဘက်က ခရစ်ယံရော၊ ဗုဒ္ဓဘာသာရော ၂- ဘက်မြင် ဆရာကြီးတွေ ဆိုတော့ ခက်ပြီလို့ တပည့်တော် ထင်မှတ်ပြီး အတော် အားငယ်နေမိတယ်-ဆရာတော်၊ အခုဒီမနက် ဆရာ



တော် ဟောပြော ဝေဖန်ပုံကို ကြားရတော့မှ ဗုဒ္ဓဘာသာ ရဟန်းတော်တွေထဲမှာ အခု-ဆရာတော်လို ၂-ဘက်မြင် ပုဂ္ဂိုလ် ရှိသားဘဲကိုးလို့ သိရတော့တယ် ဘုရား"

ပြည်ရာဇဝတ်ဝန်ကြီး ဦးကျော်မှာ အစိုးရ အရာရှိကြီး ဖြစ်၍ ဘက်လိုက်သည်ဟု အထင်မမှားရအောင် ထိုမျှသာ ဆရာတော်ကို ဆီး၍ လျှောက်ထားပြီး သူ့အဖွဲ့ရှိရာ မင်းတဲသို့ မတ်တပ်လက်အုပ်ချီ၍ နှုတ်ဆက်ပြီး ပြန်သွား၏။

ဆရာတော်တို့ ရွာတွင်းမှ ပြန်ကြွလာသောအခါ နေပူရှိန်မှာ အထွဋ်အထိပ်သို့ ရောက်စ ပြုနေပြီ၊ မဏ္ဍပ်ကြီး၏ အမိုးသက္ကယ်များမှာ တကြွပ်ကြွပ်-ဘဖျစ်ဖျစ်မြည်နေ၏။ ပရိသတ်များမှာသည်း နံနက်ကထက်ပင် ကြပ်ခဲပြွတ်သိပ်နေသည်။

ဤဘာသာရေး ယှဉ်ပြိုင် ဟောပြောပွဲကြီးအား မည်မျှ စိတ်ပင်စားကြသည်ကို ထိုမျှ ဒုဒယ် ကြီးမားလှသော ပရိသတ်အစုအဝေးကြီးက ထင်ရှားစေလျက်ရှိပေသည်။

၁၂-နာရီ နီးလျှင် နှစ်ဖက်သော ခေါင်းဆောင်များသည် နံနက်ကအတိုင်း နေရာပြန်ယူကြရ၏။

ကြည့်ကြပ်ကွပ်ကဲသူ အရာရှိကြီးငယ် အပေါင်းလည်း နံနက်က ကဲ့သို့ပင် ကိုယ့်နေရာကိုယ် ပြန်ရောက်လာကြပေပြီ၊

ခရစ်ယံ ခေါင်းဆောင်များ၏ မျက်နှာများမှာ နံနက်ထလောက် အားတက်သရော အသွင် မရှိကြတော့ပေ၊ သူတို့ဘက်က အိမ်ထောင် ရှစ်အိမ်ထောင်တိတိ ကူးသွားခဲ့ရသောကြောင့် ဖြစ်ဟန်ရှိပေသည်၊

ဟောပြောပွဲ စမည့် အချိန် အနည်းငယ် လိုသေး သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တို့၏ အသံအမျိုးမျိုး ရောနှောပြီး ဟအုံးအုံး-တ
သံတွေ ရှုပ်ယှက်ခတ်နေ၏။

## ၂၀—အပြီးမြမ်း

ထိုအချိန်တွင် တခန္ဓကလုံး ဘယ်ဆီရောက်၍ ဘယ် လို
ရောင်ပျောက်နေသည် မသိရသော ဤဟော ပြောပွဲကြီး၏
ရင်းလက်သယ်ကာယကံရှင်-ကျောက်ကွင်းသူကြီးမင်းဦးလှ
သည် သံယာစင်ကြီး၏အခရှေ့မြောက်ဒေါင့်ဘက်မှ ကပ်ပြီး
လာလေသည်။

သူ့နောက်က သူကြီးထဘော်လည်းပါလာ၏၊ သူကြီးမင်း
ပြင်ဆင်လာပုံ ထူးခြားချက်တား အစိုးရ ချီးမြှင့်သော တံဆိ
များနှင့်ငွေဒါးကြီးလွယ်လျက်- စလွယ်သွယ်ဖြောင်း ဖေါင်းနှ
ဒေါင်းအကျသား အပြည့်အစုံ ဆင်ယင်လျက် ဝင်လာခြင်းဖြ
သည်၊

သူ့မဟေသီကြီးမှာမူ ရိုးရိုးပင်ဖြစ်သည်၊ သူကြီးမင်း၏ မျက်
နှာကား ခပ်ကြောင် ကြောင် မပြုံး တပြုံး ပြုံးတပြုံးနှ
မျက်နှာပိုး မသေတသေဖြစ်သည်၊သူကြီးမောင်နှံ သည် ပရိသတ်
တွေ၏ ရှေ့ဆုံးက တရားဟောခုံနှင့် တည့်တည့် နေရာသို့ ဝင်
ထိုင်သည်တွင် သိပြီးသား ပရိသတ်တို့က သူကြီး လုပ်လာပုံကို
ကြည့်၍ တဟားဟား— တဝါးဝါး- တသောသော ဖြစ် နေ
ကြ၏၊

ယနေ့မနက် ချိန်ဟောပြောပွဲ အပြီးတွင်ပင် သူ့ရွာထဲမှ တ
အိမ်ထောင်ထက် အများကြီးပိုသော ရှစ် အိမ် ထောင် ထိ ပုဒ္ဒ



ဘာသာသို့ ကူးပြောင်းကြောင်း ကျေညာနိုင်ပြီဖြစ်ရာသူကြီးမင်း
ဦးလှောင်သည် အောင်နိုင်သူတဦး၏ဟန်ခွန်အဖြစ် ခေါင်းပေါင်း
စကြီး ထောင်ထောင်နှင့်ခတ်ကြောင်ကြောင် ဝင့်ကြွားလာခြင်း
ပင်ဖြစ်ဟန်ရှိပေသည်။

သူကြီး လုပ် လာ ပုံ ဟန်အမူအရာကို မြင်ကြသူ ခရစ်ယံ
ခေါင်းဆောင်များဘက်၌ ခေါင်းချင်းရိုက်၍ နေကြလေသည်၊
မိမိတို့ဘက်က ဂ-အိမ်ထောင် ရှုံးထားရာ ညနေပိုင်းတွင်၁၀-
အိမ်ထောင်ကျော်ကျော်ပြန်ပါလာအောင် ဆွဲနိုင်မှ ခရးပုံတော်
လှစရာရှိသည်ဟု ယူဆကြဟန်တူသည်၊

၁၂-နာရီထိုးလျှင်- သဘာပတိ၂-ဦးသည် မူလနေရာများ
သို့ဝင်၍ ထိုင်ကြလေသည်၊ ခရစ်ယံ ခေါင်းဆောင် အင်းစိန်
ကျမ်းစာသင်ကျောင်းအုပ်ကြီး ဦးရွှေမှန်မှာ သဘာပတိ မိန့်
ခွန်းကိုပင် မပြောတော့သဖြင့်- တောင်ငူ ဆရာတော်ကြီးတသာ
ထ၍၊ နေ့ခင်းပိုင်း ဟောပြောပွဲကြီးကို စဘင် ဖွင့် လှစ် ကြောင်း
ကျေညာရ၏၊ ဆရာတော်ကြီးက ဆက်၍ ပထမပိုင်းအချိန် ၂-
နာရီဒိုင်းတွင် ဗုဒ္ဓဘာသာ ဘက်မှ ခေါင်းဆောင်ကြီး ဆရာတော်
အရှင်ဥက္ကဋ္ဌတ ဝေဖန်ဟောပြော ရှင်း လင်း ပြပါ လိမ့် မည်၊
အားလုံးသော ဗုဒ္ဓဘာသာနှင့် ခရစ်ယံ ပရိသတ် များ သည်
နံနက်ပိုင်း အချိန် ဟောပြောပွဲသို့ ညေးကမ်းရှိရှိ—ယဉ်ကျေးစွာ
နားထောင်ကြရန် အထူးမေတ္တာရပ်ခံပါကြောင်းဟုပြော၍ဆရာ
တော် အရှင်ဥက္ကဋ္ဌကို ပင့်ခေါ်လိုက်လေသည်၊

ဆရာတော်သည် ဟောစင်ပေါ်သို့ ဓမ္မသစ် ကျမ်းစာ အုပ်
များနှင့် မှတ်တမ်း မာတိကာစဉ် စာအုပ်ကိုယူ၍ ကြွလာ၏၊
ဤမျှလောက်ပူအိုက်စွာ ပူးညှပ် စုခဲနေသော ပရိသတ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်စေ့ အစုံပေါင်းများစွာသည် ဆရာတော်ဆီသို့ စူးစိုက် လျက်ရှိနေကြသည်၊ စောစောက အုတ်အုတ် ကျွက်ကျွက် အသံ သည် ကွယ်ပျောက်၍ သွားလေသည်။

ဆရာတော်သည် နံနက်ကကဲ့သို့ အသံမှိအောင် တည်မိ ပဏာမ အနည်းငယ်ခံသည့် သဘောဖြင့်၊

သဘာပတိကြီးများနှင့်တကွသော လူကြီး လူကောင်း ပေါင်းတို့-

ယခုယနေ့ ဤဘာသာပြိုင်ပွဲကြီးမှာ ခရစ်ယာန် မွေဆရာများ နှင့်တကွ-ကိုယ့်ဗမာ တိုင်းရင်းသား သွေးသား အရင်း ဖြစ် တဲ့ ချစ်းကရင်စတဲ့ မျိုးတူဘာသာကွဲများကို ယခုလို တွေ့ရ ဦးပဥ္စင်းအလွန်ဘဲ ဝမ်းမြောက်ပါတယ်၊ ဦးဇင်းဟာ အနေ ဖက်နိုင်ငံများမှာ သွားရောက် ဗဟုသုတရှာဖွေနေစဉ် အခါ အင်္ဂလိပ်-အမေရိကန်- ကုလားစတဲ့ အထဲက ခရစ်ယာန်ဘာသာ ဝင် အတော်ခတ်များများနဲ့ ဘာသာရေး နှီးနှောပွဲများ ကြုံ ဘူးပါတယ်။

ဒီဗမာပြည်ဆိုတဲ့ ကိုယ်ပြည်ကိုယ်ပြန်ရောက်လာတော့-ခရ ယာန်ဆရာများနဲ့ အတွေ့အကြုံ နည်းပါးသွားရတယ်၊ ဒါကြော လဲ တနေ့တွေ့ပါရစေလို့ ဦးပဥ္စင်း မျှော်လင့်တောင့်တ မိ တယ်။

ကဲဒီမှာ ကြွရောက်လာကြတဲ့ ခရစ်ယာန်မွေဆရာကြီးတို့-ဒီ ဟာတော့ဖြင့် ဦးဇင်းတောင့်တ မျှော်မှန်းခဲ့တဲ့အတိုင်း ယခုကြ ပါပြီ၊ ဒါကြောင့် ဦးဇင်းအထူး ဝမ်းသာပါတယ်၊ ဒီပွဲ ကြီးပေါ်ပေါက်လာအောင် ပြုလုပ်ပြတဲ့ ဒီကျောက်ကွင်းက တွေကိုလဲ အထူးဘဲကျေးဇူးလဲ တင်ပါတယ်၊ အယူအဆမ



ဘာ ဟူဘာအပထားပြီး အမှန်တရားကို ယခုလိုတင်ပြ ဆွေးနွေး ကြရခြင်းကိုဘဲ ဦးဇင်းအနေနဲ့ ဝမ်းမြောက် မဆုံး ဖြစ်ရပါ တယ်။

ဦးဇင်းတို့ ဗုဒ္ဓဂေါတမ ဘုရားရှင်က ဆင်ခြင်တုံ တရားနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားရမဲ့ တရားကို အများကြီး အားပေး ဟောထားခဲ့ပါတယ်၊ဗုဒ္ဓဘုရားရဲ့ "ဧဟိပဿိကော" လာလှည့် ကြည့်လှည့်—လို့ တဲ့တဲ့ကြီးခေါ်တဲ့ ဂုဏ်မျိုးဆိုတာဘယ်ဘာသာ မှာမှ မရှိပါဘူး၊ ဒီဂုဏ်ကိုဂေါတမ ရှင် တော် ဘုရားရဲ့ တရား တော်မှာသာ တွေ့နိုင်ကြပါတယ်။

ယေရှုဟာ ဘာပြုလို့ ငါပြောတာသာယုံ၊ ဆင်ခြေမတက်ရ ဘူးလို့ ပြောခဲ့တာလဲ- ဒါစဉ်းစားစရာ ဖြစ်တယ်၊ ကိုယ့်တရား ကိုယ်တကယ်ယုံကြည်စိတ်ချရင် ရဲရဲဆင်ခြေပေး ခံနိုင်စွမ်း ရှိရ မယ်မဟုတ်လား။ (ဩဘာသံ)

ဒီတော့ ဗုဒ္ဓဘာသာဆိုသည်မှာ ဘာလဲ၊

ဘာကို ရည်မှန်း၍—ဗုဒ္ဓတာသာကို ဆည်းကပ် ကိုးကွယ်ကြ ခြင်းဖြစ်သလဲ။

၎င်းဗုဒ္ဓဘာသာ၏ ရည်မှန်းရာပန်းတိုင်သည် ဘာလဲ။

ထိုပန်းတိုင်ရောက်ရန် ဘယ်တရား၊ ဘယ်အကျင့် များ သည် ဗုဒ္ဓဘာသာ၏ တာပန်ဖြစ်သလဲ၊

လောကီအနေဖြင့် ဘယ်သို့ဖြစ်သလဲ၊

လောကုတ္တရာအနေဖြင့် မည်သို့ရှိသလဲ— စသည်တို့ကို ပန္နက် ရိုက်လေသည်။

ထိုစကားများကိုပင် ဆရာတော်က အနည်းငယ်စီ ရှင်းပြ ပြီးနောက် ဗုဒ္ဓဘာသာသည် အနတ္တဝါဒ- အနတ္တ လမ်းစဉ်

www.burmeseclassic.com

www.burmeseclassic.com



အနတ္တဒေသနာဘိုကိုသာ အခြေတည်၍ပေါ်ပေါက်လာသော ဘာသာဖြစ်၍ ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာနှင့်မျှမတူအောင် ထူးခြားသော ဘာသာဖြစ်သည်။

ထိုအနတ္တသည် ဤလောကသုံးပါးတွင် ဘာတခုမျှအစိုးမရခြင်း၊ မိမိသားသမီး-စီးပွါးဥစ္စာကိုမဆိုထားဘိ မိမိကိုယ်ခန္ဓာကိုပင် မပိုင်စိုးနိုင်၊ ကိုယ်ကမပိုင်စိုးနိုင်သလို ဘယ်သူဘယ်ဝါကမျှလည်း စိုးပိုင်နိုင်သော အခွင့်အလမ်းဟူ၍မရှိ၊ ဤမပိုင်စိုးသော တရားစုတို့တည်ရာမှီရာ ဤသံသရာမှ ကင်းလွတ်ရာသည်သာလျှင်ဇာတိ၊ ဇရာ၊မရဏ၊သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ-တို့၏ ကုန်ရာငြိမ်းရာဖြစ်သည်ဟူ၍ ယုံကြည်လက်ခံအားထုတ်သောဘာသာဖြစ်သည်။

ဘယ်ဘုရား—ဘယ်ဣဒ္ဓိပါဒ်ရှင်က ကယ်တင်လိမ့်မည်ဟုမျှော်လင့် တောင့်တနေသော ဘာသာမျိုးလည်း၊ မဟုတ် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ် ဒုက္ခအသီးသီးမှ ကိုယ် ဟာ ကိုယ် ချုပ်ငြိမ်းအောင် အားထုတ်သွားရသော-လုပ်ငန်းသာလျှင်ရှိသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ပုဂ္ဂိုလ်စွဲ အားဘားမှုမရှိ၊ ဓမ္မသက်သက်ဖြစ်သည်၊ ပြုပြင်ပြောင်းလဲမှု သင်္ခါရ-သင်္ခတ မှုတို့၏ ကုန်ရာ-ငြိမ်းရာ—အသင်္ခတ သည် ဗုဒ္ဓဘာသာ၏ ပန်းတိုင်ဖြစ်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာသည် ဘုံဘဝကို တောင့်တမျှော်လင့်သောစိတ်ဖြင့် ကုသိုလ် လုပ်ရန်မဟုတ်-ငရဲနှင့် ချောက်ထား၍ ကြောက်လန့်သောကြောင့်-အကုသိုလ်ကို ရှောင်ခြင်းမဟုတ်-ကေန်အမှန်အားဖြင့်- မလုပ်ထိုက်သောအလုပ်၊ မကျူးလွန်ထိုက်သောအမှုကိစ္စဟု ကိုယ်တိုင် သုံးသပ် နားလည် သောအားဖြင့် မလုပ်ခြင်း၊အသိနှင့် အကုသိုလ်ကိုရှောင်ကြဉ်ခြင်းသာ ဗုဒ္ဓဘာသာမှန်သည်၊ငရဲနှင့်လှန့်သဖြင့် မလုပ်ဘဲရှောင်မှုသည်မှုမှန်သော ရှောင်ကြဉ်မှု မဟုတ်၊ ကြောက်၍သာ ရှောင်ခြင်းဖြစ်သည်၊ ဗုဒ္ဓဘာသာက လက်ခံသော သီလသဘောမဟုတ်ပေ။



ထို—ငရဲကြောက်၍ ရှောင်ကြဉ်နေသူသည် ငရဲနှင့် မချောက်ငရဲ မကြီးဟု ဆိုက ကျူးလွန် ပြစ်မှားမည့် သဘောထဲက ဖြစ်သည်၊

ထို့ကြောင့် ငရဲကြီးမှာကြောက်၍ ရှောင်ကြဉ်နေရသူနှင့် ငရဲကို ဂရုမစိုက်ဘဲ- မလုပ်အပ် မကျူးလွန်ထိုက်သော တရားဟု သဘောပေါက်သဖြင့် ရှောင်ခြင်းသည် အလွန် ခြားနားသည်၊ ဗုဒ္ဓဘာသာသည် မလုပ်အပ်သောတရားကို စာနာထောက်ထား၍ ရှောင်ခြင်းကိုသာ သီလအဖြစ်လက်ခံသည် ထို့အတူ ကုသိုလ်မှု၌လည်း ဝဋ် ၃-ပါး ဤသံသရာမှ လွတ်မြောက်လို၍ သာလျှင် အားထုတ် ပြုလုပ်သော ကုသိုလ်ကိုသာ ဗုဒ္ဓဘာသာက လက်ခံသည်၊

အကယ် ဘုံဘဝကို ခံစား ခံစားချင်၍ လဲ့ထိုး ပ,သ,ပူဇော်သောအနေနှင့် ကုသိုလ်ကို လုပ်ခြင်းသည် ဗုဒ္ဓဘာသာနှင့်ဆိုင်သောတရားမှ ပေါက်ဖွားသော စေတနာမျိုးမဟုတ်၊ မြှော်လင့်ခြင်းနှင့် ဘယာကိုငဲ့သဖြင့် ပြုအပ်သောအလုပ်သာဖြစ်၍ ရိုးသားမှုနှင့် ကင်းလွတ်ခြားနားလှသည်၊ တစုံတယောက်၌ အကျိုးရှိနေသောကြောင့်သော်ငှင်း၊ ထောက်ထား ကိုယ်ချင်းစာသောကြောင့်ငှင်း၊ မမြှော်မလင့်ဘဲ ပြုသောကုသိုလ်သည် ဖြူစင်သကဲ့သို့ ကြောက်လန့်၍မဟုတ်ဘဲ မလုပ်ထိုက်သောကြောင့် ရှောင်ကြဉ်ခြင်းသည် မှန်မြတ်သော ကိုယ်ကျင့်တရား သိက္ခာသီလစစ်စစ်လမှန်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်နည်း။

ဗုဒ္ဓဘာသာသည် ကိုယ်ကျိုး ကိုယ်စီးပွားသာ မျှော်မှန်း ခြင်းတင်းမဲ့လျက် စေတနာသဒ္ဓါသက်သက်ဖြင့်သာ ဤလောက၏ ကောင်းမှု ဆိုးမှုတို့ကို ရှုကြည့်ဆင်ခြင်သော အနတ္တဝါဒကြောင့် ဖြစ်သည်၊ ဗုဒ္ဓ၏ အနတ္တဝါဒနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော ဝါဒမှာ လူတွေကိုဖြူစင်သော စေတနာမှ ကင်းလွတ်စေသော ချောက်လှန့်မှု၊ မျှော်မှန်းတောင့်တ စေမှု-စသော မှိုင်းများနှင့်သာ အစဉ်ဘိုက်ထားသည့် အတ္တဝါဒသာ ဖြစ်သည်၊ ထိုအတ္တသည် အာဘယ်သို့နည်းဆိုလျှင်-ဟူ၍ အစချီလိုက်ပြီးနောက် ဆရာတော်သည် ဤသို့ဆက်၍ မိန့်ကြားတော်၏။

"ယခုဦးဇင်း ပြောတာဘွေဟာ ပုဂ္ဂလမိဋ္ဌါန်စွဲနဲ့ ပြောတာ မှတ်ပါဘူး၊ လောကယုတ္တိ သဘာဝယုတ္တိရှိမရှိ ကိုယ်ပိုင်ဉာဏ်နဲ့သာ ဒီလိုပရိသတ်များ စဉ်းစားဘို့တင်ပြရခြင်းဘဲ၊ ဦးဇင်းပြောလို့ မှန်တယ်မှားတယ် မဆုံးဖြတ်စေချင်ဘူး၊ ခရစ်ယံဓမ္မဆရာကြီးများကို ဦးဇင်း အထူးမေတ္တာ ရပ်ခံလိုတာက မိမိတို့ကိုယ်ပိုင်ဦးနှောက်ကို အသုံးပြုကြပါ၊ ယုတ္တိရှိမရှိစဉ်းစားကြပါ၊ အကြောင်းအကျိုး ယုတ္တိရှိမရှိ ဆင်ခြင်ကြပါ၊ 'ဘလိုင်းဖိတ်သ်' ဆိုတဲ့ အကမ်းယုံ အရမ်းယုံကို စွန့်ကြပါ၊ စဉ်းစားဉာဏ် ရှိသူတိုင်းဟာ ယုတ္တိကင်းတာကိုပယ်ပြီး ယုတ္တိရှိတာကိုသာ ယုံကြပါတယ်၊ လိုက်နာလက်ခံ ကျင့်သုံးကြပါတယ်။

မိတ်ဆွေတို့ရဲ့ ဓမ္မကျမ်းဟောင်း အပါအဝင် ကမ္ဘာဦးကျမ်းအရ ဒီကမ္ဘာကြီးကို ထာဝရဘုရားဟာ ခရစ်မပေါ်မီ နှစ် ပေါင်း ၄၀၀၄-ခုနှစ်မှာ ဖန်ဆင်းခဲ့ဘယ်လို့ ဆိုပါတယ်။ အဲဒီနှစ်နဲ့ ယခုခရစ်သက္ကရာဇ် ၁၉၃၆-ခုနှစ်ကို ပေါင်းလိုက်



ရင် နှစ်ပေါင်း ၅၉၄၀-သာ ဒီကမ္ဘာရဲ့ အသက်ရှိတော့တယ်၊ ဒီစကားဟာ ယခုခေတ်လောကဓါတ် ဆရာများရဲ့ အဆိုနဲ့ အများကြီး ကွာခြားနေတာ တွေ့ရပါတယ်၊

ဒီလောကဓါတ်ဆရာတွေဆိုတာလဲ မိတ်ဆွေတို့ရဲ့ ခရစ်ယံဘာသာဝင်ထဲကတဖြစ်တဲ့ လောကဓါတ်ဆရာတွေဘဲဆိုတာလဲ မမေ့နဲ့အုံး ပထဝီ ဗေဒဆရာများကလဲ ဒီကမ္ဘာရဲ့ အသက်ဟာ အလွန်ရှည်ကြာလှပါပြီတဲ့ အဲဒီဆရာတွေလဲ ခရစ်ယံ ဘာသာဝင်တွေထဲက ဖြစ်တဲ့ဆရာတွေဘဲ အီဂျစ်ပြည်က မာမီဆိုတဲ့ လူခြောက်သင်းချိုင်းက အလောင်းများရဲ့ အသက်ကို လေ့လာတဲ့ ဆရာများက ဒီလူအလောင်းခြောက်များဟာ အနည်းဆုံး နှစ်ပေါင်း ၆၀၀၀ ကျော်ပြီလို့ ပြောကြတယ်၊ ပြီးတော့ ဂျီအိုလိုဂျစ်တွေက ဒီကမ္ဘာမြေအောက် ကျောက်ဆောင် ကျောက်တုံးများကို လေ့လာသောအခါ နှစ်ပေါင်းကို ၅ သိန်း မကတော့ဘူးလို့ ဆုံးဖြတ်ကြတယ်၊

ကဲဒီတော့ ဆရာဘို့ခရစ်ယံ ဓမ္မဟောင်းက ကမ္ဘာဦး ကျမ်းအဆိုကို ခရစ်ယံ လောကဓါတ် သိပ္ပံ ဆရာကြီး တွေက တောင် အတည်မပြုနိုင်အောင် ဖြစ်နေကြပြီမဟုတ်လား၊

နေ့ခင်းပိုင်း ဟောပြောချိန်မှာ တဖက် ၂-နာရီစီမျှ အချိန်ရကြသည့်အတိုင်း အချို့အချက်များကို ဆရာတော်သည် ဥပမာ ဥပမေယျများနှင့် ထင်လင်းအောင် ရှင်းလင်းတင်ပြသည်၊ ထို ရှင်းလင်းချက်များကို တဖန်သုံးသပ်ပြသည်၊ ဝေဖန်သည်၊ ဝေဖန်ရာ၌ သဘာဝ ယုတ္တိနှင့် မကိုက်ညီသော အချက်များမှ အမိပ္ပါယ် ပေါ်အောင် တစ်တစ် ခွခွကြီး ဖေါ်ထုတ်ပြ နှုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ဓမ္မသစ်ကျမ်းများကို မှတ်ချက်ပါ မာတိကာ အတိုင်းကြည့်လိုက်၊ ဆိုင်ရာစာစောင်ကို ဖွင့်လိုက်၊ ဖတ်လိုက်၊ ရှင်းလိုက်၊ ဝေဖန်လိုက်၊ သုံးသပ်ပြလိုက်စသည်ဖြင့် တ[illegible] ပြီးတာပုဒ်၊ ဇယ်စက်သလို ပစ်သွင်းနေလေတော့၏။

ထာဝရရဲ့ အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ ပြောရရင် ဓမ္မဟောင်းကျမ်း တခုလုံးကိုကြည့် မကောင်းဆိုးဝါး ဆိုတာတွေဟာ ပြေ့နေတာပါဘဲ—

ဓမ္မဦးကျမ်း အခန်း ၃၈-မှာ လှေကို ချောင်းကြည့်မိလို့ လူ ၅၀၀၇၀-ကို ဘယ်လိုလုပ်တယ် ထင်သလဲ သတ်ပစ်သတဲ့—"

ထို့နောက် ဆရာတော်က တောလယ်ရာကျမ်း အခန်း ၂၀ ကိုဖတ်၍ ရှင်းပြန်သည်၊ ၎င်းကျမ်းအခန်း ၃၀-က လက်စားချေတတ်ပုံကို ထုတ်ဖော်ပြန်သည်။ သမ္မာကျမ်း (၂-ရာ ၂၂-၂၃) တွင် လူ ၇၀၀၀၀-ကျော်သေစေပုံ၊ မုသာဝါဒစိတ်ကို သွင်းပုံ၊ (၃ ရာ ၂၂-၂၃)နှင့် အနာဂတ္တိကျမ်း အခန်း ၁၃၊ အပုဒ် ၉-၁၁-၁၅-၁၆-တို့ကိုဖတ်၍ ထာဝရ ဒေါသကြီးပုံများကို တင်ပြပြန်သည်။

ထို့နောက် တရားဟောရာ ကျမ်းအခန်း ၂၈-ကိုဖတ်ပြီး အပြစ်ရှိသူဟူသည်မှာ ထာဝရကို မယုံသူများ၊ ဆန့်ကျင်သူများကို သားကွက်၍ သတ်မှတ်ပုံ၊ ၎င်းအပြစ်ရှိသူတို့အား ကျိမ်ဆဲပုံ၊ မာလခိ အနာဂတ္တိကျမ်း အခန်း ၂-၌ ၎င်း၏ဂုဏ်ကျေးဇူးကို မဆင်ခြင်သူတို့အား သားစဉ် မြေးဆက် အားလုံးကို ကြောက်မက်ဖွယ် အပြစ်ဒဏ်ခပ်မည်ဟု ကြိမ်းဝါးပုံတို့ကို ရှင်းပြပြန်သည်။



ထို့နောက် ဗုဒ္ဓဂေါတမ ဘုရားနှင့် ကွာခြားပုံများကို နှိုင်းယှဉ်ပြသွားပြန်၏။

ဟောစဉ်ပေါ်မှ ဆရာတော် တင်ပြ ရှင်းလင်းချက် များနှင့် အောက်ပရိသတ်ထဲမှ နှစ်ခြိုက်အားရသံများမှာ စည်းကိုက်ဝါးကိုက်ဖြစ်နေလေသည်။

ခရစ်ယာန် ခေါင်းဆောင်များဘက်၌ မျက်နှာမကြည်မသာနှင့် အောင့်ခံနေရဟန်ရှိ၏၊ ခေါင်းဆောင် ပြန်လည်ရှင်းလင်းရမည့် မန္တလေး ဦးသာဒင်တဦးသာ လိုက်၍ရေးမှတ်နေသည်၊ အခြား ခေါင်းဆောင်များမှာ ဆရာတော် ဟောပြောနေသော ဘက်သို့ပင် မျက်နှာမလှည့်ကြတော့ဘဲ အချင်းချင်းမျက်နှာရိပ် မျက်နှာကဲခပ်သလို ကြည့်နေကြရင်း ငေးစိုက်နားထောင်နေကြ၏၊ မျက်နှာဖြူ ဆရာမကြီးမှာ ဘယ်မှ မကြည့်တော့ဘဲ မြေကြီးကိုသာ ငုံ့၍ ပထဝီကသိုဏ်း၏အနက်ကို ထင်အောင် ကသိုဏ်းဝင်နေဟန်ရှိနေသည်။

နောက်ဘက်က နှစ်ရာကျော်မျှသော သံဃာတော်များမှာမူ ကပြုံးပြုံးနှင့် ကျေနပ် နှစ်သိမ့်ခတော်မူနေ၏။ ကိုယ်တော်များ၏ ဝတ်ရုံထားသော သင်္ကန်းများမှာ ချွေးရောင်များ ကွက်ပေါ်ပျက်ရှိပေသည်။

ဆရာတော်သည် နံနက်ကလောက် အကူးအဆက် မမြန်လှဘဲ အဓိပ္ပါယ်ကိုသာ ပေါ်လွင်အောင် မရပ်မနား မှန်မှန်ကြီး ဝေဖန်ဟောပြောနေလေသည်၊

ကြာခလ အရှိန် ကောင်းသာလေဖြစ်သော ဆရာတော်၏ အောင်မြင်ကြည်လင် ပြတ်သားသော အသံသည် ပရိသတ်ကြီးမှ ထောက်ခံအားပေးနေကြသော တအုပ်အုပ် အသံများပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့အစဉ်တစိုက် လွှမ်းကျော်သွားနေရုံမက မဏ္ဍာပ်ကြီး၏ အပြင်သို့ ပေါက်ထွက်လျှံတက်နေလေသည်၊

သူကြီးဦးလျှောင်မှာ ရှေ့ဆုံးမှ ခေါင်းပေါင်းစ အထောင်သားနှင့် ဟန်ကျပန်ကျနှင့် တပြုံးပြုံး ဖြစ်နေ၏။ ဘေးမှသူ့ဇနီးကိုလည်း တခါတခါလက်တို့ မေးငေါ့လိုက်သေးသည်၊ သူကြီးကတော်မှာမူ မျက်နှာအောက် သို့ချပြီး ဆရာတော် ရှင်းလင်းပြနေသော အချက်များကိုသာ နားစိုက်ထောင်နေလေ၏။

ခရစ်ယံချင်း အများ၏ဘက်၌ သိသိသာသာကြီး စိတ်ပျက်အားလျော့နေသည့် အမူအရာများကို တွေ့နေရပေသည်။

နေပူရှိန်ကပြင်းပြလွန်းလှသည်၊ လူတိုင်းပင်ချွေးများ ရွှဲနေကြ၏၊ မဏ္ဍာပ်ကြီး၏ အမိုးသက္ကယ်များမှာ အပူရှိန်ဖြင့် ထဖြစ်ဖြစ် မြည်ခါ တွန့်လိမ်နေကြသည်။

ညပ်လိုက်သည့် ပရိသတ်ဆိုသည်မှာ အိုက် စပ် လွန်း၍ မှ ယပ်မခပ်သာအောင်ဖြစ်နေ၏၊ ထိုမျှကျပ်တည်း ပြွတ်ခဲနေသော ပရိသတ် အုံကြီးတစုလုံးသည် မိမိတို့လက်ငင်းကြုံနေသောဒုက္ခကို အမှတ်ပြုကြပုံမပေါ်ပေ၊ ဆရာတော် ရှင်း လင်း ဟောပြနေသော ဝေဖန်ချက်သုံးသပ်ပြချက်များထည်း၌သာ စိတ် ဝင်စားစွာ နားထောင်နေကြပြီး တခါတခါ ရယ်လိုက် မောလိုက်ပင် ဖြစ်နေ ချေသေးတော့၏၊

ဆရာတော်၏ စကားများတွင် အကြောင်းအကျိုးလွတ်သော စကားများ မပါရှိဖြစ်သည်း၊ ထို့ပြင် သေ့ခြင်း ငေါ့ခြင်း၊ ခနဲ့ခြင်းစသော နုတ်ဖျင်းသေးဖွဲသည့် အသုံး အနှုန်းများ မပါမရှိပေ၊ စကားလုံးများမှာ တိကျပြတ်သားပြီး လူ တိုင်း နား လည် လူတိုင်းသဘောပေါက်နိုင်သော စကားများသာဖြစ်၏၊ ယှဉ်



ပြသော ဥပမာ- ဥပမေယျတို့မှာလည်း သဘာဝယုတ္တိ ခိုင်လုံသော ဘောင်အတွင်းမှချည်းသာ ဖြစ်လေသည်။

ဆရာတော်သည် တနာရီကျော်ကျော်မျှ ဒလစပ်မပြတ် ဝေဖန်သုံးသပ်ပြနေဆဲရှိသေး၏၊ နေ့ဘက်ပိုင်း၌ နေရာမရ၍ ရပ်ပြီး နားထောင်ရသူအချို့ လဘက်ရည်ဆိုင်များသို့ ဝင် ၍ ထိုင် ကြသည်။ ထိုအချိန်၌ လဘက်ရည်များ ပြန်လည် ရောင်းချ နေကြပေသည်။

အခြားစားသောက်စရာဆိုင်များမှာ ပြန်လည် ရောင်းချနိုင်ရန် ယူလာခဲ့သမျှ စားကုန်သောက်ကုန်များ အကုန် ကုန်နေကြပြီဖြစ်၍ ပြန်ကြရန်သာ သိမ်းဆည်းနေကြ၏၊

လဘက်ရည်ဆိုင် ပရိသတ်တို့က ဆရာတော်အရှင် ဥတ္တမ၏ စွမ်းရည်သတ္တိကို ချီးကျူး ထောပနာစကား ပြောနေကြရာ တကြိတ်ကြိတ်ဖြစ်နေသည်။

ဆရာတော်ဟောနေသော နေရာနှင့် လဘက်ရည် ဆိုင်များမှာ ပေ ၂၅၀-၃၀၀-မျှ ဝေးကွာ၏၊ သို့ရာတွင် ဆရာတော်၏ ဟောပြောနေသော အသံသည် ထိုမျှလှမ်းကွာနေသောနေရာထိ ကောင်းစွာပေါက်ရောက်လာနေသည်၊

အားလုံးကပင် ဗုဒ္ဓဘာသာဘက်က အလွန် သာနေပြီဖြစ်ကြောင်း၊ ခရစ်ယံတို့က ပြန်လည်ချေပရန်မလွယ်တော့ကြောင်း ဆရာတော် ကောက်နှုတ်သုံးသပ် ဝေဖန်ပစ်လိုက်ပုံများမှာ ဘယ်လိုချေပချက်မျိုးမှ အဖတ်ဆယ်နိုင်ဘွယ်မရှိကြောင်း စသည်တို့ကို ခပ်တိုးတိုးပြောနေကြသည်၊ သေသေချာချာ နား ထောင် လိုသူတို့က စကားမပြောကြရန် ဟန့်တားကြ၏၊ ထို့ကြောင့်ကျယ်ကျယ်ကားမပြောကြပေ၊

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်ရွာထဲမှ ရေယူပြီးဆွဲလာသူတဦးက ချင်းခဲတွေ အဓ တော်များများ ဗုဒ္ဓဘာသာ ဘက်ကို ယခုခေတ်နေ့ကူးပြောင်းရန် တိုင်ပင်ကြလိမ့်မည်။

ယခုနေ့ခင်း တရားပွဲကို အတဲခပ်ပြီးရင် ရွာတွင်းပြန်၍စည်း ဝေးဆုံးဖြတ်ကြလိမ့်မည်၊ စသော သတင်းအစအနကို လဘက် ရည်ဆိုင်၌ ပြောလာကြ၏၊

ထိုသတင်းသည် လဘက်ရည်ဆိုင် ပရိသတ်မှ တဆင့်မဏ္ဍပ် ကြီးအောက်၌ ရပ်နေကြသူများသို့ ကူးစက်သွား၏၊ ထိုမှတဆင့် မဏ္ဍပ်အနားစပ်ရှိ လူများထံသို့ ဝင် သွားပြန်သည်၊ ထိုနောက် အတွင်းသို့ တရွေ့ရွေ့ ကူးနေလေသည်၊

အချိန်မှာ နာရီပြန် ၂-ချက်သို့နီးလာပြီဖြစ်ရာ ဆရာတော်၏ အချိန်ကုန်ခါနီး နေပြီဖြစ်၏၊ တရားစင်ပေါ်၌ ဟော ပြော နေ သော ဆရာတော်၏နောက်မှ သဘာပတိက အချိန် ပြည့်တော့ မည်ဖြစ်ကြောင်း သတိပေးလိုက်လေ၏၊ ဆရာတော်သည် သမ္မာ ကျမ်းစာမှတ်ချက်မာတိကာများ၏ ၄-ပုံ ၃-ပုံမျှထိ၊ ကုန်အောင် ဝေဖန်သုံးသပ်ပြီးသော်လည်း တပုံစာမျှကျန်နေသေး၏၊

သို့ဖြင့် ဆရာတော်သည် နိဂုံးချုပ်ရန် စကားပျိုးလိုက်လေ သည်။

"ဒီတော့ ဦးပဇင်းတို့ရဲ့ ဂေါတမ ဗုဒ္ဓဘုရားဟာ အထင် အရှားစည်းကမ်းနဲ့ စနစ်တကျ ပွင့်ပေါ်တော်မူခဲ့ပါတယ်၊ အိန္ဒိ ယ ရာဇဝင်နဲ့တကွ ရှေးဟောင်း ရာဇဝင်ပိုင်းဆိုင်ရာ သုတေသန အဖွဲ့များက လိုက်လံ တူးဖော်ကြတဲ့အတွက် ဗုဒ္ဓဘုရားရှင်မွေး တော်မူရာဘုရားဖြစ်တော်မူရာ ပရိနိဗ္ဗာန်ပြုတော် မူရာများတာ ထင်ရှားယခုတိုင်း အာသောကမင်းရဲ့ ကျောက်စာတိုင်းများနဲ့ တကွနေရာ ဌာနအရပ်ရပ်ကို စနစ်တကျ တွေ့မြင် သွားရောက် ကြည့်နိုင်ကြပါတယ်၊

ဂေါတမဖြစ်မဲ့ သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈-နှစ် ကဆုန်လပြည့်သောကြာနေ့မှာ ဖွားမြင်တော် မူခဲ့ပါတယ် အဲဒါသမိုင်းစဉ်မှာ မှတ်တမ်းထင်ရှားစွာနဲ့ ရှိပါတယ်။

ယေရှုခရစ်တော်ရဲ့ အတ္ထုပ္ပတ္တိကိုကြည့်ကြစို့- ဘယ်နှစ်ခုနှစ် ဘယ်လဘယ်ရက်ဘယ်နေ့ မွေးသလဲ အဲဒါ တိတိကျကျပြောကြ စမ်းပါ-

လှိုင်းလွဲလို့တော့ မရဘူးဟောဒီမှာ ဘိုက်ဘဲလ်တွေ အဆင် သင့်ပါနေပါတယ်-

ဘယ်နှစ်ခုနှစ်မွေးသလဲအတိအကျမရှိဘူး-ဘယ်သလဲ၊ဒါလဲ မသိဘူး၊ ဘယ်နေ့လဲ- ဒါလဲမရှင်းဘူး၊ ကဲဆရာကြီးတို့ အားလုံး မသိမရှင်းထဲတချည်းဘဲ ဖြစ်နေပြီ၊

ဒီတော့ ဦးဇင်း တခုတတိပြုပါမယ်-ယေရှုရဲ့မွေးနှစ် မွေးလ မွေးရက် မွေးနေ့ကို ယခုဆရာကြီးတွေက တိတိကျကျပြောနိုင် မယ်ဆိုရင် ဆရာကြီးတို့ခရစ်ယာန်ထဲကိုတခြားလူတွေဝင်တာထက် ဟောဒီဥက္ကဋ္ဌဆိုတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတပါးဝင်လာရင် ပိုမ ကောင်းပါလား၊

အဲဒါပြောနိုင်ရင် ပြောကြစမ်းပါ၊ ဦးဇင်း တောင်တွင်းကြီး ကိုမပြန်တော့ဘဲ တခါထဲဟောဒီသင်္ကန်းကို ဒီနေရာမှာဘဲ ချွတ် ပစ်ခဲ့ပြီး ဆရာကြီးတို့နောက်ခရစ်ယာန်တဦးအဖြစ်နဲ့တခါထဲဝင်ပြီး လိုက်ခဲ့မယ်၊

ပြဿနာသံကြီး ဟိန်း၍သွားလေသည်၊

"အချိန်လဲစေ့ပါပြီ-မဆင်းမီ ဟောဒီကျောက်ကွင်းထဲမှာ

www.burmeseclassic.com

ဆရာ ဦးရွှေအောင်ကို မေးပါရစေ၊ ဦးရွှေအောင်ရေးတဲ့ စာအုပ်ကလေးရဲ့ နောက်ဆုံးက ပါဠိကလေးဟာ ဘယ်ကျမ်းမှာ ပါပါသလဲ၊ ဦးဇင်းလဲ ပိဋကတ်တော် အားလုံးကို ကျကျနန သင်ယူခဲ့ဘူးပါတယ်၊ ဒီပါဠိကလေးမျိုးတော့ ဘယ်ကျမ်းမှာမှ မတွေ့ဘူးလို့ ဆရာအောင်တဆိပ်ဘယ်ကျမ်းကရတယ်ဆိုတာပြောပြစေချင်ပါတယ်၊ ပိဋကတ်တော်တဖြစ်လျှင် ဘယ် ကျမ်း ဘယ်စာကဆိုတာ သိပါရစေ၊ ဟောဒီနောက်ကသံဃာတော် ၂၀၀–ထဲကတော့မတွေ့ဘူးပါလို့ ပြောနေကြတယ်- အဲဒါဦးရွှေအောင်ကပြောမှဘဲဖြစ်မယ်၊

ကဲ–ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင် ရှင်လူ အား လုံး ကိုယ် စားဒီဘာသာရေး ပြိုင်ပွဲကြီးကို အထူးဘဲ ဝမ်းမြောက်စွာနဲ့ နိဂုံးချုပ်ဝေဖန်ခဲ့ပါပြီ- နောင်လဲ ဒီလိုပွဲကြီးမျိုး မြို့တိုင်းရွာတိုင်းမှာပေါ်ပေါက်ပါစေလို့ မေတ္တာရပ်ခဲ့ပါတယ်။

ပရိသတ်၏ ဩဘာသံများမှာ သောင်းသောင်းညံ၍ သွားလေသည်၊ ဝတ်ဝန်းကျင် လယ်ကွင်းများတလျှောက် အပူရှိန်တလျှပ်တွေသည် အရပ် ရှစ်မျက်နှာတွင် တလျှပ်လျှပ် ယှက်သန်းနေ၏။

## ၂၁–အသိမ်း

ပထမပိုင်း နှစ်နာရီဗုဒ္ဓဘာသာဘက်မှ ပြောပြီးသွားပြီဖြစ်၍ နောက်ပိုင်းအချိန် နှစ်နာရီတွင် ခရစ်ယံ ခေါင်းဆောင် များကဝေဖန်ချေပဟောပြောပါတော့မည်ဟု သဘာပတိ ဦးရွှေမှန်က ကျေညာလိုက်၏၊



ထိုသို့သဘာပတိက ကျေညာပြီးသည်နှင့် မဏ္ဍပ်တွင်းရှိ လူတွေအပြင်သို့ထွက်ရန် နေရာမှ ထကုန်ကြသည်။ ထိုအထဲ၌ချွင်းများပါပါနေ၏၊ လူတွေမှာချွေးတွေ ရွှဲနေကြသည်။

နောက်ပိုင်းပြောမည့် ခရစ်ယံခေါင်းဆောင်ဆရာဦးသာဒင်သည် တရားဟော ခုံမေါ်သို့ တက်လာ၏၊ ပရိသဘ်တွေက ထွက်မြဲ ထွက် နေ ကြပြန်သည်။ “နားမထောင်ချင်ဘူး” ဟုသော အသံများမှာ မဏ္ဍပ်တခုလုံး ညံ့နေလေပြီ၊ သဘာပတိနှင့် ဦးသာဒင်တို့ကပါ၊“ဆုံးအောင်နားထောင်ကြပါ”ဟု ပြောသော်လည်း လူအတော်များများ အပြင်သို့ ရောက်နေကြလေပြီ၊ မဏ္ဍပ်ကြီးထဲ၌ ထသူထ- ထိုင်သူထိုင်- ထွက်သူထွက်- အော်သူအော်နှင့် ရှုပ်ယှက်ခတ် ဝရုံးသုံးကားကြီး ဖြစ်နေ၏၊

ဦးသာဒင်သည် စကားမပြောနိုင်တော့ဘဲ ငေးပြီးသာ ရပ်နေရ၏၊ မဏ္ဍပ်ကြီးတွင်းရှိ ပရိသတ်က အလွန် များလွန်းနေသဖြင့်သာ လျှင်လျှင်မြန်မြန် သွားချင်သလို မသွားနိုင်ဘဲ တိုးခွေ့နေကြသဖြင့်သာ လူတွေမကုန်သေးဘဲ ရှိနေရသေးသည်၊

သဘာပတိ ဦးရွှေမှန်က ဆုံးအောင် နားထောင်ကြပါရန် တကျော်ကျော် အော်နေသော်လည်း ပရိသတ်တို့၏ အသံကို မပေါက်နိုင်အောင် မြုတ်နေ၏။ ဤတွင် တာဝန်ယူ စောင့်ရှောက်နေရသော ပြည်ခရိုင် ရာဇဝတ်ဝန်ကြီးကို သဘာပတိက လှမ်း၍ ရပ်ထားပေးရန် ပြောသဖြင့် ရာဇဝတ်ဝန်ကြီး ဦးကျင်ကိုယ်တိုင် တရားစင်ပေါ်သို့ တက်ပြီး ပရိသတ်အား “ဆုံးအောင် နားထောင်ကြပါ - မပြန်ကြပါနဲ့ အုံး၊ နှစ်ဘက်စကားကို အကုန် ဆုံးအောင် နားထောင်ကြပါအုံး၊ ငြိမ်ငြိမ်ထိုင်ကြပါ-

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆိုကြပါ၊ အထူးဘဲ မေတ္တာရပ်ခံပါတယ်''ဟု ပြော လေ၏။

သို့ရာတွင် လူတွေမှာ ပြန်မဆိုင်ဘဲ ရပ်ပြီး ပြန်သာ ကြည့်နေကြသည်နှင့် ဗုဒ္ဓဘာသာဘက်မှ ဆရာကြီးဦးကွန့်ကပါ တက်ပြီး အားလုံး ပရိသတ်များအား ၂-ဖက် အစုံ နားထောင်ပြီးမှ မိမိတို့သဘောအလျောက် ဆုံးဖြတ်ကြပါ၊ တဖက်သတ် မဖြစ်ကြပါစေနဲ့၊ အားလုံး ပြန်ဆိုင်ကြပြီး ခရစ်ယာန်ခေါင်းဆောင်ကြီးများရဲ့ ရှင်းလင်းချက်များကို နားထောင်ကြပါအုံး၊ ဗုဒ္ဓဘာသာဘက်မှ လူကြီးတဦးအနေနဲ့ အထူးဘဲ မေတ္တာရပ်ခံပါကြောင်း-စသည်တို့ကို အော်ဟစ် ပေးရပြန်သည်။ သို့သော် ထွက်နေသော ပရိသတ်က ထွက်မြဲ ထွက်ရင်း နားမထောင်ချင်ဘူးဟု ပြန်အော်ရင်းသွားနေကြသည်။

ဗုဒ္ဓဘာသာ သဘာပတိ တောင်ငူဆရာတော်က ဆုံးအောင်နားထောင်ကြပါအုံးဟု တခွန်းသာ အော်ဟစ် ကြည့်သော်လည်း အသံကမပေါက်နိုင်ဖြစ်နေသည်၊ သို့နှင့် ရာဇဝတ်ဝန်ကြီး ကိုယ်တိုင်က ဆရာတော်အရှင်ဥက္ကဋ္ဌကို ခေတ္တကြွပြီး ကူညီ မေတ္တာရပ်ခံပေးပါရန် ပြောသဖြင့် ဆရာတော် ဟောစင်ပေါ်သို့ တဖန်ပြန်တက်ပြီး—

''အားလုံးသော ပရိသတ်တို့ .... ဦးပဉ္ဇင်း မေတ္တာရပ်ခံပါရစေ၊ ကိုးကွယ်မှု မကိုးကွယ်မှုဆိုတဲ့ ယုံကြည်ချက်မျိုး ဆိုတာ ဘယ်သူမှ တိုက်တွန်းလို့ရတာ မဟုတ်ပါဘူး၊ မိမိတို့သဘောအလျောက်သာ ဆုံးဖြတ်ရမဲ့ ကိစ္စ ဖြစ်ပါတယ်၊ ယူတာ-မယူတာ အပထားပြီး နှစ်ဦးနှစ်ဖက် ပြောကြ-ဟောကြတာကို ဆုံး



အောင်တော့နားထောင်ကြပါ၊ ဦးပဉ္ဇင်းအထူးဘဲ မေတ္တာရပ်ခံပါတယ်'' ဤတွင် အချို့ပြန်ထိုင်ကြသည်၊ ထွက်ပြီးသူများက ပြန်လှည့်ကြည့်ယုံသာကြည့်ပြီး ဘေးမှသာ ရပ်ကြည့်နေကြ၏၊ ပထမထွက်သူများမှာ ပတ်ဝန်းကျင် လယ်ကွင်းပြင်များတလိုက် ဖွေးဖွေးဖြူပြန့်ကျဲ၍ နေနှင့်လေပြီ၊

သို့နှင့်မထွက်ရသေးသူများမှာ မဏ္ဍပ်ထဲတွင် ရပ်လျက် ကြည့်နေကြပြီး၊ ပြန်ထိုင်သူကနည်းနေ၏၊ ဆရာကြီးဦးကွန့်နှင့် ရာဇဝတ်ဝန်ကြီးပါ ''ပြန်ထိုင်အောင်မေတ္တာရပ်ပေးပါဘုရား ဆရာတော်၏ အမိန့်ရှိရင် ရပါလိမ့်မယ်''ဟု ပြောကြပြန်သဖြင့် ဆရာတော်ကထပ်မံ၍ မေတ္တာရပ်ပေးရပြန်၏၊

''အားလုံးသောတကာတကာမ အပေါင်းတို့ ဦးပဉ္ဇင်းအထူးမေတ္တာရပ်ခံပါရစေ၊ ဘာသာဆိုတာ ကိုယ်ကြိုက်မှ ကိုယ်ယူရတာပါ၊ အတင်းယူနိုင်းလို့ရတာမျိုးမဟုတ်ဘူး၊ ယူဘာမယူတာ ပရိသတ်သဘောပါ၊ နှစ်ဖက်လုံးဆုံးအောင်တော့ နားထောင်ကြပါအုံး၊ ဦးပဉ္ဇင်းအထူးဘဲမေတ္တာရပ်ခံပါတယ်၊ တဆိတ်ပြန်ပြီး နားထောင်ကြပါအုံး၊ ဦးပဉ္ဇင်းမေတ္တာရပ်ခံပါတယ်''

ဆရာတော်နောက်တကြိမ်မေတ္တာရပ်ခံသောအခါရပ်နေသူများအများပင်ပြန်ထိုင်ကြကုန်၏၊ သိသာသည်မှာရပ်နေသောချင်းပရိသတ်ပါ ပြန်၍ထိုင်သည်ကို တွေ့မြင်ရသည်၊ ဤတွင်မှ ဆရာတော် ဟောစင်ပေါ်မှပြန်ဆင်းရင်း ''ကဲဆရာတို့ဟောပါတော့ နားထောင်ကြပါလိမ့်မယ် ဟောသာဟောပါ''ဟု ပြောလိုက်မှ ဦးသာဒင် စင်ပေါ်သို့ပြန်တက်နိုင်ပေသည်၊

သို့ရာတွင် လူအတော်များများမှာ ဘေးမှသာမတ်တတ်ရပ်နားထောင်နေကြလေသည်၊ မန္တလေး ဦးသာဒင်တာ ဆရာတော် ကောက်နှုတ်သုံးသပ်သွားသော သမ္မာကျမ်းစာအချက်အလက်များကို ပြန်လည်ရှင်းလင်းချေပသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဘေးမှရပ်နေသောလူအချို့ထဲမှ လွှက်ရည်ဆိုင်သို့သွားကြသည်၊ ထိုအချိန်၌ လဘက်ရည်ဆိုင်များတွင် ဆရာတော်အရှင်ဥက္ကဋ္ဌဟောပြောဝေဖန်သွားသော သမ္မာကျမ်းစာစကားရပ်ကိုတကျက်ကျက်ပြောဆိုစမြို့မြှန်နေသူတို့နှင့် ပြည့်နေတော့၏၊

ဦးသာဒင်၏အသံမှာ အပြင်သို့ကောင်းစွာ မပေါက်လာ ဟောပြောဝေဖန် ချေပနေမှန်းလောက်သာ ပိုးတိုးဝါးတားမှုကြားနိုင်၏၊ ဆရာတော် ဟောစင်ကကဲ့သို့ လဘက်ရည်ဆိုင်များကနေပြီး ရှင်းရှင်းကြားနိုင်ဖြိုးသည်၊ လူတော့မှာ မိမိတို့သန်ရာကိုသာ ပြောချင်ရာရှောက်ပြောနေကြလေတော့၏၊

"ဝင်မမေးရဘူးဆိုလို့သာပေါ့ဗျာ၊ ဒီခရစ်ယံဆရာတော့ကို ထမေးမြန်းခွင့်များရရင် ဘယ်လောက်ကောင်းလိုက်မလဲလို့"

မှန်သည်၊ ရာဇဝတ်ဝန်ကြီး၏အမိန့်ဖြင့် ဟောပြောသူများ ပြင်ပမှ မေးမြန်းခြင်း မပြုရန် ပိတ်ပင် ထားသော အမိန့်များလည်း ထုတ်ထား၏၊

ဟိုသို့ မေးလိုက် မြန်းလိုက် ချင်သည် ဆိုသူများမှာ ၌ကျောက်ကွင်းတဝိုက်ရှိ ရွာများမှ လူများ ဟုတ်ပုံမပေါ်ပေ၊ ရင်းတို့၏ ဝတ်ဆင်ပုံနှင့် စကားအသုံးအနှုန်းများမှာ ရပ်ကြီးဆန်သူ မြို့ကြီးသားများဖြစ်ကြောင်း သိသာပေသည်၊

ဝက်ထီးကန် နှင့် ပြည်မြို့အကြား ဘတ်စကား ၁၀-စီးမျှ ထိုနေ့တနေ့လုံး ပြေးဆွဲနေသည်ဟုသိရ၏၊ နံနက်ကကြိုင်ကြိုင်တည်းတည်း နှင့် လာခဲ့ကြရသလို ညနေအပြန်တွင်လည်း ထိုရပ်ဝေးပရိသတ်များအဖို့ သက်သာဦးမည်မဟုတ်ပေ၊

နေရောင်သည် ဝင်းဝင်းတောက်နေသည်နှင့်အမျှ တံလျှပ်တွေလည်းလယ်ကွင်းများတလျှောက် တရိပ်ရိပ်သန်းနေသည်၊ ကားချောင်ချောင်စီး၍ပြန်လိုသူတို့လည်း ဝက်ထီးဆာန့်ဘက်သို့ သွားနေကြသည်ဖြစ်ရာ မဏ္ဍပ်ကြီးဆီမှ လူအုပ်သည် တဖြေးဖြေး ဘေးသို့ပြန့်ကြဲ၍ ထွက်စပြုနေပြီ၊



မဗ္ဗဆရာကြီး ဦးသာဒင်၏ ပြန်လည် ဖြေရှင်းချက်များ ကပေါက်တိကပေါက်ချာဖြစ်နေပြီထင်၏၊ ထွက်လာသူတဦးက-

"ဟာ-နားထောင်နေလဲ အလကားပါဘဲဗျာ၊ တောင်တခွန်း မြောက်တခွန်းနဲ့ အလကားပါဘဲ၊ ဟိုဆရာတော်တင်ပြထားတာတွေပြန်ချေနိုင်ပုံမပေါ်ပါဘူး၊ ဒီအထဲခရစ်ယံတွေက ဝါးလုံးရှည်ကြီးနဲ့ ရှောက်ရမ်းပြောသလို လုပ်နေကြတာဘဲရှိတယ်၊ ပြန်ကြမယ်ဗျာ ကားနောက်ကျရင်လူကြပ်နေရော့မယ်"

လူတွေသည် တစတစနှင့် ဝက်ထီးကန်ဘက်သို့ တသုတ်ပြီးတသုတ် ပြန်နေကြလေပြီ၊ သူတို့သည်နွေခေါင်ခေါင် ထိုမျှ ပူလောင်နေသောနေပူရှိန်ကို ဂရုပြုကြဟန်မတူလေ၊ ဗုဒ္ဓဘာသာဘက်က ဝေဖန်သွားပုံ အချက်အလက်များကိုသာ ပြန်ပြောင်းပြောဆိုရင်း ညံညံစီစီနှင့်သွားနေကြလေပြီ၊

မဏ္ဍပ်တွင်းရှိပရိသတ်ထဲမှ လူအချို့လည်းထကြသည်၊ ဗမ္ဗဆရာသည် ဤသို့မငြိမ်မသက်နှင့် စိတ်မဝင်စားသော ပရိသတ်၏ အမူအရာကြောင့် ရှေ့ယောတကြီး ပြောချင်ရာတွေကို စွတ်ပြောနေလေ၏၊ ကြာလေကြာလေ စကားအစဉ် အနေအထားမမှန် စိတ်လိုက်မာန်ပါဖြစ်လာလေသည်၊

၌တွင်ပရိသတ်ထဲမှ ချင်းများပါ အပါအဝင် လူတအုပ်သည် "နားမထောင်ချင်တော့ဘူး"ဟု အော်ရင်း တရုံးရုံးနှင့် ထပြန်သည်၊ ဟောနေသောစင်ပေါ်က မွေ့ဆရာကြီးလည်း ဒေါသ်စိတ်မောလှမောဖြစ်သွားဟန်တူ၏၊ စကားစပင် အဆုံမှာဖြတ်ထား၍ ဘယ်ကပြန်ကောက်ရမှန်း မသိအောင်ကသိကအောက်-ကပေါက်တိ ကပေါက်ချာဖြစ်နေတော့၏၊

www.burmeseclassic.com

www.burmeseclassic.com

၍အတွင်းအချိန်ပြည့်သွားပါပြီဟု-သဘာပတိ ဦးရွှေမှန်က ထ၍ ပြောလိုက်ရာ ပရိသတ်တို့မှာ တိုင်ပင်ထားသလို ဟစ်ကြွေးတည်းထပြီး အပြင်သို့တရုံးရုံး ထွက်ကုန်ကြတော့၏၊ ပြောခ်းမျိုးသံ ရယ်သံ မောသံတို့ဖြင့် ဗျောင်းဆံအောင် စီစီလောင်ဆူညံသွားတော့၏၊ အချိန်မှာ ၄-နာရီခန့်မျှရှိလေပြီ၊

ယင်းသို့ဖြင့် ဘာသာရေး ယှဉ်ပြိုင် ဟောပြောပွဲကြီး အပြီးသတ်သွားရလေတော့သည်၊ အရပ်ရှစ်မျက်နှာသို့ သွားနေကြသော လူအုပ်ကြီးတွေသည် လယ်ကွင်းများထဲ၌ အမျှင်မပြတ်အအုပ်လိုက်အတန်းလိုက် တအီအီနှင့်သွားကြလေ၏၊ လှည်းတွေကလည်း ထိုလူအုပ်များ၏ အကြား၌ ခဲ-ယာ-တောင် မြောက် ရှေ့နောက်အကုန်သွားနေကြသည်၊

ဝက်ထီးကန်ဘက်ဘို့ သွားကြသော လူအုပ်ကြီးမှာ မော်တော်ကားနေရာရဘို့ပင် မလွယ်ပေ၊ သူ့ထက်ငါ ဦးအောင်သုတ်ခြေတင်ကြလေသည်၊

ဆရာတော်တို့မှာ—အလိုတော်ရ ကိုယ်တော်များနှင့် အတူမဏ္ဍပ်ထဲမှာပင် ရှိနေကြသေး၏၊

ခရစ်ယာန်ခေါင်းများက ဆရာဆော်အရှင်ဥက္ကဋ္ဌနှင့်တောင်ငူဆရာတော်ကြီးတို့အား လာ၍နှုတ်ဆက်ကြသည်၊ မျက်နှာဖြူဆရာမကြီးက ဆရာတော်ကို မချိပြုံးပြုံး၍ ကြည့်ရင်း—

"သခင်ယေရှုရဲ့အပြစ်တွေကို ဒီလောက်များမပြောပါနဲ့ သခင်ယေရှုလက်မှာ ကယ်တင်ရှင် လူသားတို့ရဲ့ကျေးဇူးရှင် တဦးအဖြစ်တော့အသိအမှတ်ပြုပါအုံး"ဟု ပြောရှာပေသေးသည်၊

ခရစ်ယာန် ခေါင်းဆောင်ကြီးများ အားလုံးက နှုတ်ဆက်ပြီးနောက် သူတို့သည် လေးကန်သောခြေလှမ်းများဖြင့် ရွာဘက်သို့ ထွက်သွားကြလေ၏၊ စိတ်ပမ်း လူမော အားလျှော့သောအမူအရာမှာ သိသာလှပေသည်၊

သံဃာများအနက် ခရီးဝေးကိုယ်တော်များက- ကား အချိန်မှီအောင် ပြန်ကြလိုကြသည်ဟုဆိုသဖြင့် ဝက်ထီးကန် ကိုယ်တော်များနှင့်အတူ လှည်းများနှင့် ပြန်ကြကြသည်၊ တောင်ငူကိုယ်တော်ကြီးလည်း ဆရာတော်ကို အားရပါးရ ဖက်လဲတကင်း နှုတ်ဆက်ပြီး၊- "ဒို့ဗုဒ္ဓဘာသာဘက်မှာ တောင်တွင်းဆရာတော်ရှိနေသ၍ ဘယ်ဘာသာနဲ့ ယှဉ်ရယှဉ်ရ ဒို့မကြောက်တော့ဘူး ကိုယ်တော်တို့၊ ဒီတောင်တွင်းဆရာတော် သက်တော်ရှည်ရှည် ကျန်းကျန်းမာမာ နေနိုင်ပါစေလို့သာ မေတ္တာပို့ကြပေတော့၊" ကိုယ်တော်ကြီးသည် ဝက်ထီးကန်ကိုယ်တော်များနှင့်အတူ ပြန်ကြသွားလေ၏၊

ခရီးဝေးပရိသတ်များထွက်ခွာသွားကြသော်လည်း ကျောက်ကွင်းရွာအနီးတဝိုက်က လူအများပင် မဏ္ဍပ်ထဲ၌ကျန်ရှိနေကြသေးသည်၊ သူကြီးနှင့်ဗုဒ္ဓဘာသာလူကြီးများ မပြန်သေးပေ၊ ဆရာတော်ကို ဝမ်းမြောက်ဝမ်းသာလာရောက်စကားပြောနေကြသည်၊ အချို့ကမဏ္ဍပ်ကြီး၌ ပြင်ဆင်ထားသောပစ္စည်းများကို သိမ်းဆည်းပြေနေကြ၏၊ စားပွဲ ထိုင်ခုံများစသည် တို့ကိုထမ်းပို့သူများလည်း ရှိနေကြသည်၊

နေမှာ အတန်ပူသေးသည်ဖြစ်၍၊ နီးနားသံဃာတော်များဖြစ်သော အလိုတော်ရ ဂိုဏ်းဝင်အားလုံးပင် ဆရာတော်တို့နှင့်အတူ ရှိနေကြသေး၏၊

လူများနှင့်သံဃာများသည် ဆရာတော်ဟောခဲ့သောစကားများကို ပြန်လည်ပြောဆိုနေကြဆဲ၊- ရွာတွင်းမှ လူတစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com

ထွက်လာပြီး ဆရာတော်ဟိုဆီ ဝင်လာလေသည်၊ အားလုံး ချင်းတွေချည် ဖြစ်၏၊ ရွာ့ဆော်ဘဦးက၊ "ဘုန်းကြီးဘုရားများ ဘုရား၊ ဟောဒီမှာ ကျောက်ကွင်း စာဖြူအိမ်ထောင် (၆၀) ကျော် ဗုဒ္ဓဘာသာကို ကူးပြောင်းကြဖို့ ဆုံးဖြတ်လာကြပါတယ်ဘုရား" ဟု- လျှောက်လိုက်ရာ သူကြီးဦးလှောင်သည် နေရာမှပင် ထခုန်ပြီး ခေါင်းပေါင်းများပင် ချွတ်၍ မြှောက်ပစ်လိုက်လေသည်၊ ထို့နောက် ဆရာတော် အရှင်ဥက္ကဋ္ဌအား အကြိမ်ကြိမ်ဦးချ၍နေလေတော့သည်၊ ဦးအကြိမ် ၇-ကြိမ်လောက်ချပြီးမှ ရပ်နားလိုက်သောအခါ၊ သူကြီးမှာ ဝမ်းသာကြည်နူးလှသော ဖရဏာပီတိ၏အရှိန်ဖြင့် မျက်ရည်များပင် တွေတွေကျနေရှာပေတော့သည်။

ဆရာတော်တို့သည် မဏ္ဍပ်ကြီးမှ အလိုတော်ရဂိုဏ်းဝင်ကိုယ်တော်များပင့်ဆောင်ရာသို့ ကြွသွားကြသောအခါ လမ်း၌ရေပုံးတွေတင်မောင်းလာသောလှည်းများ ကျောက်ကွင်းဘက်ဆီသို့ မောင်းသွားကြသည်ကို တွေ့ရ၏။

ထိုနေ့ တနေ့လုံး ကျောက်ကွင်းမှ လှည်းများ ရေရှိရာသို့ သွားရောက် တိုက်နေကြသဖြင့် အနီးဆုံးရွာများမှာပင် ရေပြတ်နေကြပြီဟု ကြားရသည်၊

ထိုနေ့ည ဆရာတော်တို့အဖွဲ့ အလိုတော်ရဂိုဏ်းချုပ်ကြီးထံတွင်ရပ်နားကြ၏။ အလိုတော်ရဂိုဏ်းဝင် သံဃာတော်များစုံညီရှေ့၌-ဂိုဏ်းချုပ်ကြီးက အောက်ပါအမိန့်ကို ချထားသတ်မှတ်တော်မူလေသည်။

"အားလုံးသော အလိုတော်ရဂိုဏ်းဝင် သံဃာတော်အပေါင်းတို့၊ အလိုတော်ရ ဂိုဏ်းကြီး၌ တွေ့ကြုံရသော အလွန်



ခက်ခဲ ဝန်လေးသည့် တာဝန်ကြီး တခုကို ယခု ကဲ့သို့ နိုင်နင်း အောင် ဝင်ရောက် တာဝန် ယူသော တောင်တွင်းကြီး မောင်ဥက္ကဋ္ဌကို အလွန် ကျေးဇူး ဥပကာရ တင်ရမည်၊ မောင်ဥက္ကဋ္ဌသည် အလိုတော်ရ ဂိုဏ်းအတွက်သာမဟုတ် ဗုဒ္ဓဘုရားရှင်သာသနာတော်၏ ဂုဏ်သိမ်မညှိုးအောင်လည်း ဒိုင်ခံ၍ ခုခံကာကွယ်သူ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး အဖြစ်လည်း ဤအလိုတော်ရဂိုဏ်းကြီးမှ အစဉ်သဖြင့် အသိအမှတ်ပြုကြရမည်၊ နောက်နောင် မောင်ဥက္ကဋ္ဌ၏ ရဟန်းကိစ္စအရပ်ရပ်တွင် အလိုတော်ရဂိုဏ်းဝင် သံဃာအပေါင်းက မည်သည့်အခါမဆို ပါဝင်ကူညီဆောင်ကြစေ၊

ဤဂိုဏ်းချုပ်ပြန်တမ်း၌ ဂိုဏ်းချုပ် ဆရာတော်ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပြန်တော်မူလေသည်၊

နောက်တနေ့ ဿွန်း ၁၃-ရက်နေ့တွင် ကျောက်ကွင်းအရှေ့ဘက်ချင်းညောင်ပင်သာမှ ဆရာတော်တို့အဖွဲ့ကို ပင့်၍ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာတရားများကို နှိုင်းယှဉ်ဟောပြောရာ ချင်းခရစ်ယာန် အိမ်ထောင်အတော်များများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြောင်း ကတိပြုကြသည်၊

ကဆုန်လဆွန်း ၁၄-ရက်နေ့တွင် ကျောက်ကွင်းရွာအနီး လယ်ကွင်းထဲ၌ ဗုဒ္ဓဘာသာဘက်မှ အနိုင်ရသောအထိမ်းအမှတ်အဖြစ် အောင်ပွဲခံနေရာ ဆိုင်းသံတချိမ့်ချိမ့်ကြားနေရ၏၊

ဆရာတော်တို့အား ပြည်မြို့မှတကာများ လာရောက်ပင့်ကြသဖြင့် နောက်တနေ့ဖြစ်သော ကဆုန်လဆန်း ၁၅-ရက်၊ လပြည့်နေ့တွင် ပြည်မြို့၊ ရွှေဘုန်းပွင့်စေတီတော်ယင်ပြင်တွင် တရားပွဲကြီးတခု ဟောလေသည်၊ ပရိသတ်အလွန်များလှ၏၊ သို့ရာတွင် ထိုရွှေဘုန်းပွင့် တရားပွဲ၌ အသံချဲ့စက်များ တတ်ဆင်ပေးကြသဖြင့် ဆရာတော်မှာ မပင်ပန်းလှပေ၊ ကျောက်ကွင်းတွင် ဟောပြောခဲ့ရသော တရားများသာဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလဆုတ် ၁-ရက်နေ့တွင် မြည်မြို့ စက်သူဌေး ဦးစံဒွန်း တို့က ခေါ်တော်ကာ၊ ၃-စီးဖြင့်ပို့၍ တောင်တွင်းကြီးသို့ ပြန်လည်ရောက်ရှိကြလေသည်။

ဝက်သီးကန်အရှေ့ ကျောက်ကွင်းရွာကလေးမှာမူ ထိုနှစ်ဝါဦး အချိန်ကစ၍ ရွာဦးတွင် ဗုဒ္ဓဘာသာ ကျောင်း ကန် ဘုရားများ ပေါ်ပေါက်လာပြီး ယနေ့တိုင်ထင်ရှားဖြစ်ပေသည်။

ထိုနှစ် သီတင်းကျွတ်လတွင် ကျောက်ကွင်းရွာ သူကြီး ဦးလှောင်တို့ဇနီး မောင်နှံက သားကလေး၏ ရှင်ပြုအလှူကြီး ပြုလုပ်ကျင်းပသောအခါ ဆရာတော်ကို တမင်တကူးတတန် အပင့်လွှတ်လိုက်ကြလေသည်။

ထိုအလှူသို့ ဆရာတော်ကြွရောက်ပြီး တရွာလုံးသို့ ဗုဒ္ဓဘာသာ တရားများကိုဟောကြားရ၏။ ထိုအလှူတွင် သူကြီးနှင့် သူကြီးကတော်တို့ မောင်နှံစုံတွဲ၍ အလေးအမြတ် ဆက်ကပ်လိုက်သော လှူဖွယ်ပစ္စည်းများမှာ ဆရာတော်အဖို့ အလွန်အကြိုး အထူးဂရုစိုက် သိမ်းဆည်းအပ်သော လှူဖွယ်များ ဖြစ်ထိုက်လှပါပေသည်၊ သို့ရာတွင် ထိုပစ္စည်းကလေးများသည် ဆရာတော်၏ ဗလိဇဗာဓ-ပစ္စည်းမတွယ်တာတတ်မှု ဝါဒအတိုင်း သိမ်းပိုက်ရန်အားမထုတ်ခဲ့၊ ဘယ်မှာစွန့်ရစ်သည်ဟု မည်သူမျှ တတ်ဆုသေချာမပြောနိုင်၊ တောင်တွင်းကြီးသို့ ပြန်ရောက်သောအခါ ဆရာတော်တွင် ကြွသွားစဉ်က ပါရင်းစွဲမျှ အနိုင်နိုင်သာ လျှင်ကတည်း....တဲ့။

အောင်—ဆရာတော်ရယ်မှ ဆရာတော် ပါပေတကား။



သခင်မြတ်ဆိုင်

၏

## အရှင်းစကား

ဤကျောက်ကွင်း အရေးတော်ပုံစာကို အရေးထိုက်ဆုံးသူကား- သခင်ကိုကြီးဖြစ်၏။ သူသည် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့်အတူ ထိုအချိန်က ကျောက်ကွင်း ဘာသာရေးပြိုင်ပွဲကြီးသို့ပါသွားခဲ့သူ လက်ထောက်တဦး ဖြစ်ခဲ့၏။

သို့ရာတွင် သခင်ကိုကြီးမှာ အချိန်နှင့်အလုပ် အမြဲပြည့်နေသူဖြစ်၏၊ ရေးယခင်ကလည်း အမျိုးသား ကျောင်းဆရာလုပ်ရ၊ အားလပ်ချိန်၌ အဂ္ဂိရတ်ကိုလည်း ထိုးလိုက်ရသေး၊ ဒီကြားထဲတွင် နိုင်ငံရေးကလည်း တဖက်နှင့် ချာလပတ်လယ်နေခဲ့၏။

ယခု ဤတက်ခေတ်သို့ ကူးလာသော အခါတွင်လည်း တောလည်း ခိုလိုက်ရသေး၏၊ တောခိုရာမှ ပြန်ဝင်လာပြန်သော အခါ အလွတ်ပညာသင်ကျောင်းတွေသို့ လိုက်ရှာစာပြရပြန်သည်၊ ညနေပိုင်းကျပြန်တော့လည်း အင်္ဂလိပ် သတင်းစာကြီးတစောင်၏ အယ်ဒီတာ အဖွဲ့တွင် ဝင်လုပ် နေရပြန်ချေသည်။

ယင်းသို့ကလိုဖြင့် သခင်ကိုကြီးကား ဤကျောက်ကွင်း အရေးတော်ပုံကိစ္စနှင့်ပတ်သက်လျှင်၊ ကလောင်သော်မျှမကိုင်အား ဖြစ်နေပေသည်။ သူ့နေရာက နေကြည့်လျှင် ဟုတ်ပေသည်၊ သားသမီးတွေကလည်း များလာသည်။ သို့နှင့်ပင် သူ့မိန်းမနှင့်သူ တခါခါ၊ ကသိကအောက်ဖြစ်ပြီး အိမ်မကပ်ဘဲ ပြေးနေလိုက်ရသေးသည်ကလည်း တဒုက္ခဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com





ရှေးခေတ်ကပင် ဤကျောက်ကွင်းအရေးတော်ပုံကို သူ ရေးပြီး အောင်ရေးမည်ဟု သူပြောဘူး၏၊ ကျွန်ုပ်က တိုက်တွန်းသောအခါ အချိန်မရသေးဟု သူဆိုသည်။ နှစ်ပေါင်း အစိတ်လောက် စောင့်ကြည့်သောအခါ သခင်ကိုကြီး အချိန်ရရန် မလွယ်တော့သည်ကို ကျွန်ုပ် နည်းနည်း ရိပ်မိစပြုလာပြီ။

၁၉၆၁-ခုနှစ် အလယ်ပိုင်းလောက်တွင် သူ ကျွန်ုပ်ကိုလိုက်ရှာသည်။ အိမ်ကိုရောက်သည်ဟု ပြောသည်၊ ကျွန်ုပ်နှင့်သော် မတွေ့ လိုက်ရ။

သူ လာရှာသည်ကြား၍ ကျွန်ုပ်သူ့ထံသွားသည်၊ ဒီတော့လည်း သူ့ကို ကျွန်ုပ်မတွေ့ရ ဖြစ်ခဲ့ပြန်၏။

၁၉၆၁-ခုနှစ် ကုန်ခါနီးသော အခါ ဗိုလ်ချုပ်လမ်း ဘုရင့်ရုံနား တွင် သခင်ကိုကြီးနှင့် ကျွန်ုပ် ရင်ပတ်ချင်း ဝင်၍ဆောင့်မိကြ၏။

သူနှင့်ကျွန်ုပ်ကား ဦးအောင် အပစ်တင်နိုင်သူက နိုင်စတမ်းယဲကာ ဖြစ်၏။ ဤအကျင့်မှာ ငယ်စဉ်တောင်ကျေး နှစ်ချေးတွဲလောင်း ငွေးတွဲ လောင်း ဘဝကတည်းက အကျင့်ဖြစ်၏။ ယခု အသက် ၅၀-ကျော်၍ ခေါင်းဖြူကြပြန်တော့လည်း ငယ်ကျင့်ကို မဖျောက်နိုင်ကြသေးပေ။

သူက သားကိစ္စ မယားကိစ္စတွေကြောင့် အချိန်ယူပြီး ဂရုတစိုက် ရေးရမည့် စာမျိုးအတွက် မလွယ်တော့ဟုဆိုသည်။ မှန်ပေသည်။ သူ့ တာဝန်မှာ ယခုခေတ် အသုံးစရိတ်နှင့် ဆိုက မသေးလှပေ၊ ကျွန်ုပ်ကား မုဆိုးဖိုဘဝနှင့် ဇာတ်မျောနေခဲ့သည်မှာ ကာလတောင်တာ အခွင့် ရှည်ကြာလှပြီဖြစ်၍ ပေါ့ဟာဟာကြီးပင် ဖြစ်နေသူပင်တည်း။

သို့နှင့် သခင်ကိုကြီးက သူ့ထံတွင်အမြဲသိမ်းပြီး သွားလေရာရာ တောခိုရာပါအထိ ယူသွားလေ့ရှိသော ကျောက်ကွင်းအရေးတော်ပုံ ဆိုင်ရာ မှတ်တမ်းအားလုံးကို ကျွန်ုပ်လက်သို့ လွှဲလိုက်တော့၏။ သူ့ မှတ်မိသမျှ အသေးစိတ်ကိုလည်း ပြောပြပေးသည်။

ကျောက်ကွင်း ဘာသာရေး ပြိုင်ပွဲကြီးသို့ ကျွန်ုပ်မှာ ကာယကံ မြောက် မရောက်မမြင်နိုင်ခဲ့ပေ။ ထိုပြိုင်ပွဲကြီး မပေါ်ခင် ခတ်စောစော





ပိုင်း ကာလကစ၍ ကျွန်ုပ်မှာ နိုင်ငံရေး ပုဒ်မ ၁၂၄ (က) ဖြင့် ထောင် ထဲ ရောက်နေခဲ့ရ၏။

ထိုနှစ် နောက်ပိုင်းတွင်မှ ပြန်လွတ်လာသောအခါ ကျွန်ုပ်၏ ဆိတ်ခြံ၊ ကြက်ခြံများရှိရာ တောင်တွင်းကြီးသို့ ခေတ္တပြန်သွားသည်။ ကျွန်ုပ်၏ဆိတ်ခြံ ကြက်ခြံများသည် မြို့အရှေ့ဘက်တွင် ရှိသဖြင့် နတ်မို ဘောရကျောင်းနှင့် မဝေးလှပေ။ ခေတ္တအနားယူနေခိုက် ကြက်ခြံတွင် စာတွေကိုသာ နင်းကန် ဖတ်နေခဲ့၏။ ညနေချိန်များ၌ အပျင်းပြေ အညောင်းပြေ နတ်မိုကျောင်းဘက်သို့ ရောက်သွား၏၊ ထိုအချိန်က နတ်မို ဆရာတော်ဖြစ်သော ဦးကလျာဏ ကိုယ်တော်ကြီးထံမှ စပ်မိ စပ်ရာ စကားစမြည် ပြောကြဟောကြရင်း ကျောက်ကွင်းအရေးတော် ပုံ အကြောင်းများကို အတော်စုံစုံလင်လင် ကြားခဲ့မှတ်ရ ဘူး၏။

မြို့တွင်းရှိ ဆရာတော် အရှင်ဥက္ကဋ္ဌ၏ ဗုဒ္ဓသာသနာပြု ကျောင်း သို့လည်း မကြာခဏ ရောက်၍သွားရပြန်သည်၊ ဆရာတော်ထံမှ တိုး ဘက်ရေး မဂ္ဂဇင်းများတွင် ကျောက်ကွင်း အယ္ဆျပ္ပတ္တိများ ကိုဘတ်ခဲ့ရ ၏၊ ဆရာတော်ထံမှလည်း သိတန်သမျှသိခဲ့ရ၏။

ထိုနှစ်ကုန်ခါနီး အမျိုးသားအောင်ပွဲနေ့အမှီ ရန်ကုန်သို့ ကျွန်ုပ် ပြန်ရောက်ခဲ့၏၊ ရေကျော်တွင်ရှိ ကျွန်ုပ်၏ဝါတ်ပုံဆိုင်ကလည်း တဖက် ဖြစ်၍ နိုင်ငံရေးနှင့် စီးပွားရေး နှစ်နယ်တွင် ချာလယ်လိုက်ခါနေရပြန် သည်၊ သို့ဖြင့် ကျွန်ုပ် ကြားခဲ့ သိခဲ့ရသော ကျောက်ကွင်း အရေးတော်ပုံ အကြောင်းအရာတို့သည် တရေးရေးနှင့် တဖြေးဖြေး မှိန်းသွားခါ- ခေတ်အမျိုးမျိုးတို့၏နောက်တွင်ကျန်ရစ်ခဲ့လေသည်။

ယခု အသက်တွေ မွန်းတိမ်းပြီး ညနေစောင်းစ နာရီပြန် ၂-ချက် ထိုးခါနီးမှ သခင်ကိုကြီးသည် သူ နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့ သော မှတ်တမ်းတွေကို ကျွန်ုပ်အပေါ်သို့ ပစ်ချလိုက်ချေပြီ။

ဤကျောက်ကွင်းပြိုင်ပွဲကြီးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြ သူတွေ အားလုံး သေမကုန်ကြသေးပေ၊ အမှန်တကယ် ဖြစ်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတခုကို တင်ပြရန်မှာ လွယ်ကူသောကိစ္စမဟုတ်သည်ကို ကျွန်ုပ် သဘောပေါက်ပြီး ဖြစ်သည်၊ လူပေါင်း နှစ်သောင်းကျော်က တွေ့မြင်လိုက်ကြပြီး သိန်းပေါင်းများစွာတို့က ကြားသိခဲ့သော အထိကရ ကိစ္စကြီးတရပ်ဖြစ်၍ သာ၍ခက်ခဲလှသေးသည်။

ဤအထဲ၌ ကျွန်ုပ်လို ( ကိုယ်တိုင်ကိုယ်ကျ မမြင်မတွေ့လိုက်ရသူ တဦးက ဖေါ်ထုတ်တင်ပြရန်မှာ မလွယ်ဆုံးသော တာဝန်ဖြစ်နေတော့ ပါပြီ) သခင်ကိုကြီး၏ မှတ်တမ်းများမှာ အတော်စုံပါသည်၊ နှုတ်မှ လည်း သဘောပေါက်အောင် ပြောသည်ကား လိုလေသေးမကျန် ဖြစ်ပါသည်။

သို့ရာတွင် သခင်ကိုကြီး၏ မှတ်တမ်းများနှင့်ပြောပြချက်များမှာ နောက်ပိုင်း ကဏ္ဍအတွက်ပြည့်စုံသော်လည်း၊ ရှေ့ပိုင်း ထိုကျောက်ကွင်း ပြိုင်ပွဲကြီး၏ မူလနောက်ခံကားချပ်ကိုမူ မရမရှိသေးပေ။

ထို့ကြောင့် ကျွန်ုပ်သည် အောင်လံအရှင်မဟာနန္ဒထံ သို့ ပြေးရပြန်သည်၊ ထိုမှတဆင့် ဝက်ထီးကန်ကျောက်ကွင်း အထိ လိုက်၍ အဆင့်ဆင့်အခိုင်အလုံ ထောက်လှမ်းစုံစမ်းပြီးမှ ဤစာအုပ်ကို စတင် ရေးရပေတော့သည်။

ဤသို့ ရေးရင်း တဖြေးဖြေးနှင့် အခက်ဆုံးသော ဘာသာရေး ဆိုင်ရာ အချက်အလက်များကို မှတ်တမ်းများတွင် တွေ့လာရပြန်သည်၊ ဤတွင်မှ ရောမ ဂျောက်ကြီး၏ အထက်နှုတ်ခမ်းနှင့် ကျွန်ုပ်၏ နဖူး "ဒိုင်းကနဲ" ဖနေအောင် ဆောင့်မိလေတော့သည်။

ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ ခေါင်းဆောင်ကြီးများ အပြန်ပြန် အလှန်လှန် ဝေဖန်ကြသော စကားများမှာ ဘောင်တွင်းကြီး နေရှင် နယ် အရှင်ဇဝနထံတွင် မှတ်တမ်း အပြည့်အစုံ ရှိနေ၏၊ သို့ရာတွင် ယခု လက်ရှိအစိုးရ တို့၏မူနှင့် ဆန့်ကျင်နေမည်စိုး၍ ဥပဒေဘောင် အပြင်ထွက်သွားမည့် စကားများကို ကျွန်ုပ်ချန်လှပ်ပြီး အတတ်နိုင်ဆုံး အမိပ္ပါယ်ပေါ်လွင်အောင် ရေးသွားနေရပြန်လေသည်။



သို့ရာတွင် ဗုဒ္ဓဘာသာက ဗုဒ္ဓဘာသာကို ပြန်၍ သုံးသပ်ထားသော ဘာသာရေးအပေါ်အဆများမှာ အခက်တကာ့အခက်ဆုံးဖြစ်၍ နေချေသည်။

နိုင်ငံရေးဖြစ်ပါက ဒီမိုကရေစီစံနစ်၏ အောက်၌ လွတ် လပ် စွာ ဝေဖန်နိုင်ကြကုန်၏၊ ထို့ကြောင့်လည်း ဒီမိုကရေစီကို လူချစ် လူခင် များကြခြင်းဖြစ်သည်၊ သို့သော်- ဤဒီမိုကရေစီ နယ်ထဲမှာပင် ရှိသော ဘာသာရေးကိုမူ ဝေဖန်ရန်မလွယ်တော့ပေ။

ဤသည်ကိုထောက်က ဘာသာရေးသည် ဒီမိုကရေစီ လက်လှမ်း မမှီရာ အပြင်အပ အဝေးကြီးမှ သီးခြားကင်းကွာနေသော ကိစ္စတရပ် ဖြစ်နေကြောင်း ထင်ရှားနေပေပြီ၊ သာဓကများထင်ရှားရှိ၍ အ ထူး ထုတ်ဆောင်ရန်ပင်မလိုတော့ဟုထင်၏။

ဘာသာရေးနှင့်ပတ်သက်၍ ပြောရဆိုရလျှင်မျက်နှာအမျိုးမျိုးကို ထောက်၍နေရသည်မှာလည်း တဒုက္ခဖြစ်၏၊အစိုးရအဖွဲ့ထဲကအဘယ် ဝန်ကြီးက ကြိုက်မှကြိုက်ပမလား၊ အအာယ် ဘုန်းကြီးတွေက မည် သို့ ဆိုကြပေမည်နည်း၊ ဘယ်ကို လူစားတွေက ကျေမှ ကျေနပ်ပါ့မလား စသည်စသည်တို့ဖြင့် တကြောင့်ကျကျဖြစ်ရလေသည်။

အမှန်ပြောရလျှင် ကျွန်ုပ်တို့သည် မှန်သည်ထင်တာတွေကို ရှင်း ကနဲ ဒင်းကနဲ ပြောဘို့နေနေသာသာ အတော်အတန် ရိပ်မိရုံကလေး ကိုပင် အသက်ကိုဖက်နှင့်ထုပ်ပြီး ဆံဖျားပေါ်တွင် တင်၍ ရေးနေကြရ ချေသည်။

ဤအချက်ကို စေ့စေ့ တွေးကြည့်လျှင် လူ့ အခွင့် အ ရေး အရ လွတ်လွတ်လပ်လပ် ယူဆကိုးကွယ်ရန်ပင် ဘုရားဟော တရားတော် ဆက် ဒီမိုကရေစီအပြင်ဘက်က ငါမိုကရေစီတွေကို ဦးထိပ်ရွက်ပန်ဆင် ကာ သတိထားနေရပေသည်။

ထို့ကြောင့် ဤနေရာတွင် ဤစာရေးသူ ကျွန်ုပ်၏ ကိုယ်ပိုင်အယူ အဆများကို ခေတ္တရပ်ဆိုင်းပြီး၊ မူလ ဘုရားဟော ပါဠိတော် ထဲ မှ

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ စဉ်းစားစရာ အကိုးအကားအချို့ကို မှုရင်းမပျက်တင်ပြလိုပါသည်။

ဆဋ္ဌခေတ်ဖြစ်လာ၍ ဆဋ္ဌမူကိုပင် ကိုးကားလိုက်ပါ၏၊ မစဉ်းတာ စပ်မိတာ အပထားပြီး စာဘတ်သူများသာ ကိုယ်ပိုင်ဉာဏ်ဖြင့် တစိမ့်စိမ့်တွေးယူ၍ ဤနိုင်ငံရှိ ဗုဒ္ဓဘာသာသည် အဘယ်သို့သော ဘာသာဖြစ်နေသည်ဟူသော အချက်ကို အလေးတင်းတင်း ထား၍ စဉ်းစားချိန်ဆကြပါလေကုန်-

မူလပဏ္ဏာသ ပါဠိတော်-မဟာတဏှာ သင်္ခယသုတ် စာမျက်နှာ ၃၂၃၊ ပုဒ်ရေ-၃၉၆ ၌၊-(ဘုရားလက်ထက်)

(သာတိနာမ ဘိက္ခုနော ကေဝဋ္ဋ ပုတ္တဿ ဧဝံရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပန္နံ ဟောတိ၊) အစရှိသောပါဠိကို အဓိပ္ပါယ်ပြန်သော်-

"တံငါသည်၏သား အရှင် သာတိ မည်သော ရဟန်းသည် ဤစိတ်ဝိညာဉ် မည်သော အရာသာဘုံ ၃-ပါး၌ ပြေးသွား ကျင်လည်လျက် ရှိသည်။ အခြားဟာမရှိ၊ ဤသို့ ဘုရားရှင်က ဟောကြောင်း ငါသိရသည်"ဟူ၍ အယူဝါဒဆိုးတခု ဖြစ်ပွားလေသော်--

ထိုစကားကို ဘုရားရှင် ကြားတော်မူလျှင် သာတိကိုခေါ်၍ အောက်ပါအတိုင်း မိန့်ဆိုတော်မူသည်၊ စာမျက်နှာ ၂၃၅။

(ကတမံ တံ သာတိဝိညာဏန္တိ မှစ၍ ဒုက္ခယတိ၊) အထိ ပါဠိတော် ၈-ကြောင်းမျှနှင့် ဤသို့အဓိပ္ပါယ်ပြန်လျှင် "အို....အချည်းနှီးရဟန်း၊ မည်သူအား ဤသို့ (စိတ်ဝိညာဉ်သွားသည်ဟု) ငါဟောသည်ကို သင်ကြားဘူးလေသနည်း၊ အို....အချည်းနှီးသောရဟန်း-စိတ်ဝိညာဉ်ဆိုသော သဘောသည် အကြောင်းပေါင်း မြောက်မြားစွာကို သာလျှင် စွဲ၍ ပေါ်ပေါက်လာခြင်းသာဖြစ်သည်၊ အကြောင်းကင်းလျက် အလိုရှိနေသော သဘော မဟုတ်ဟုသာ ငါဟောခဲ့သည် မဟုတ်လော၊ ထိုသို့ ဖြစ်လျက် အချည်းနှီးရဟန်းဖြစ်သော သင်သည် မိမိကိုယ်တိုင် ဆိုးဝါးလွဲမှားစွာစွဲယူရုံမက ငါ့ကိုပင် ဤသို့ဟောသည်



ဟု စွပ်စွဲဘိပြန်သည်၊ မိမိကိုယ်တိုင်လည်း သံသရာ ချောက်အတွင်းသို့ ကျဆင်းရန်တူးနေပြီး၊ သူတပါးတို့ကိုပါ အယူစွဲအယူမှားကို ဖြစ်ပွားစေသည်။ သင်၏အယူအစွဲကြောင့် သင်ကိုယ်တိုင် ရှည်မြင့်စွာအကျိုးနည်းရန် ဆင်းရဲရန် ဖြစ်လိမ့်မည်"ဟု မိန့်တော်မူသည်။

ဤမျှဖြင့် ဗုဒ္ဓဘုရားရှင်တော်၏ တရားတော်အရ စိတ် သို့မဟုတ် ဝိညာဉ်ဆိုသောအရာသည် တည်ရာမှီရာ အာရုံ (၆) ပါးကို အမှီအစွဲပြုရမှ ပေါ်ပေါက်သောအရာ ဖြစ်နေသည်။ နဂိုရှိ သန္ဓေပါ သဘောမဟုတ်ကြောင်းထင်ရှားပေသည်။

ဟိန္ဒူ၊ ခရစ်ယာန်၊ မဟာမေဒင် ဘာသာတို့သည်သာ Soul ခေါ် ဝိညာဉ်သည် တဘဝမှ တဘဝသို့ ပြောင်းပြီး ရုပ်အသစ်များ ဖွဲ့စည်းပေါ်ပေါက်လျက်ရှိသည် ဟူသော အယူများရှိကြသော ဘာသာမျိုးဖြစ်သည်။ ဗုဒ္ဓဘာသာမှာ ယခုအထက်ပါ ပါဠိတော်ရှိ သုတ်အရ-နဂိုကရှိသော အရာမဟုတ်ဟု ဆိုထားပြီဖြစ်၍ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိကြောင်းထင်ရှားပြီ။

ဗုဒ္ဓဘာသာ မသာတွေ၌ လိုက်၍ရေစက်ချနေကြသော ပေလက်ဟာန်-ကာလက်တာန် "ဘဝခြားရာသို့ ကူးပြောင်းသွား" ဆိုသောစကားတွေသည် အဘယ်ဘုံသို့ အဘယ်သူသွားရန် အဘယ်သူက ဆုတောင်းနေသနည်း၊ အဘယ်ဘာသာမျိုး ဖြစ်နေပြီနည်းဟု စဉ်းစားထိုက်ပြီ။

တဖန်တုံ ဘုံဘဝ အမျိုးမျိုးကို ဗုဒ္ဓဘုရားရှင်ပယ် မပယ်သိရန် အောက်ပါသုတ်ကိုကြည့်ရန်လို၏။

မူလပဏ္ဏာသ ပါဠိတော် မဓုပိဏ္ဍိကသုတ်၊ စာမျက်နှာ ၁၅၄-ပုဒ်ရေ ၁၉၉-၌ (ပါဠိတော်မှပြန်ဆိုချက်)

ဒဏ္ဍပါဏိခေါ် မင်းယောက်ျားတဦးသည် ဥသျှစ်ပင်ပျိုအောက်၌ နေသန့်တော်မူနေသော ဂေါတမဗုဒ္ဓဘုရားရှင်ကို တွေ့သောအခါ-

"အိုရဟန်း-အဘယ်အယူရှိ၍ အဘယ်အယူဝါဒကို ဟောကြားပါသနည်း"ဟု မေးလျှောက်လေသော်....ဘုရားက-

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် နတ်-ဗြဟ္မာ စသော ဘဝအတွင်း၌ တစုံတခုသော အဖြစ်နှင့်မျှ ငါမသက်ဝင်၊ မတည်ယူ၊ အလိုကာမနှင့်မစပ်ယှဉ်မှု၍ (ဥပါဒါန်) ယုံမှားမှု တလိုလိုမထား-ဘုံဘဝအစားစား၌ တတ်မက်မရှိသော ငါမှာ တစုံတရာသော အမှတ်သညာမည်သည် မကိန်းဝပ်ကုန်၊ ဤသို့သော အယူရှိ၍ ဤသို့အတိုင်းသာလျှင် ငါဟော၏"

ဤကား....ဗုဒ္ဓဘုရားရှင်၏ စကားအစစ်ဖြစ်သည်၊ ဗုဒ္ဓဘုရားရှင် မပွင့်မီကာလ ဝေဒ-ဗြဟ္မဏ ဂိုဏ်းဝင် ယောဂါဝစရလမ်းစဉ်တရားများ၌သာ ထိုထိုဘုံဘဝ အယူဝါဒများကို သက်ဝင်သူတို့အား ဆုတောင်းဆုပေး ကွယ်လွန်သူတွေကို အမျှဝေ စသော အမှုတွေ ခေတ်စားနေခဲ့ကြခြင်းဖြစ်သည်၊ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာသောအခါ၊ ရှေးခေတ် အယူဝါဒစွဲတွေကို တော်လှန်ပယ်ဖျက်တော်မူခဲ့ကြောင်း၊ အထက်ပါ သုတ်က ထင်ရှားနေစေသည်။

ထို့ပြင် ၎င်းပါဠိတော် သမာဓိဋ္ဌိသုတ် စာမျက်နှာ ၆၁-ပုဒ်ရေ ၉၂-၉၃-၉၄-၉၅-ပါ၊ အဓိပ္ပါယ်များ အရ ဘုံဘဝ အဆင့်ဆင့်ဟု ယုံကြည်နေသောအစွဲများကို ဘုရားစွန့်ပယ်တော်မူသည်၊ မည်သည့် အစွဲအလမ်းကိုမှ ဥပါဒါန်အဖြစ်ရောက်စေရန် ဘုရားအလိုတော်မရှိပေ၊ ထိုပါဠိတော် ပုဒ်ရေ ၁၀၅-မှ ၁၃၈-ထိ၊ ပါဠိတော်များ၌လည်း "နကိဉ္စိ လောကေ ဥပါဒိယတိ" ဟူသော စကားများနှင့် အထင်အမှတ်မှန်သော အစွဲအားလုံးကို ပယ်တော်မူခဲ့သည်။

၎င်းစာမျက်နှာ ၉၆-စာပုဒ် ၁၄၄၊ "အနုပါဒါနပရိနိဗ္ဗာနသုတ်" တွင်လည်း တပ်မက်တွယ်တာ မက်မော တောင့်တ ကြောင့်ကျမှုအားလုံးကို ဘုရားပညတ်တော်မူခဲ့သည်၊ ဘုံဘဝကိုတောင့်တခြင်း၊ နောက်ဘဝကို ကြောင့်ကျခြင်းစသော အယူမျိုးတွေကို ဘုရားပယ်ဖျက်တော်မူခဲ့ကြောင်း ထင်ရှားပါဠိတော်တွေ အနိုင်အမာ ၌နေသည်။

နောက် ၎င်းပါဠိတော် "စေတောခိလသုတ်" တွင် နတ်ဖြစ်၊ ဗြဟ္မာဖြစ်၊ သူမင်း၊ သိကြားမင်း ဖြစ်ရန်စသော ရည်မှန်းချက် များနှင့် ဒါန-သီလ-ဘာဝနာကို အားထုတ်ကျင့်ကြံမှုမျိုးမပြုရန် ပညတ်ခဲ့သည်၊



ဗုဒ္ဓဘုရားရှင်၏ မူရင်းညွှန်ကြားတော်မူချက်ကား—ကိလေသာမှ ကုန်ရာ လွတ်ရာ ပဋိစ္စ သမုပ္ပါဒ်နယ်မှ ထွက်မြောက်ရန် လမ်း မှ တ ပါး ဘခြားရည်ရွယ်ရော်မှန်းချက်အားလုံးကို ဥပါဒါန်အဖြစ် သတ်မှတ် ပယ်ဖျက်တော်မူခဲ့ပြီးကြောင်း ခိုင်လုံစွာရှိသည်။

ယင်းပါဠိတော် "စူဠအဿပုရသုတ်" စာမျက်နှာ ၁၄၉၊ ပုဒ်ရေ ၁၃၇-၌။

"ရဟန်းတို့ = ရဟန်းတို့ဟုဆိုရာ ဘာကို ခေါ်သနည်း၊ မည်သူသည် ရဟန်းဖြစ်သနည်း၊ ရဟန်းတရား၌ရှိသေစွာလိုက်နာကျင့်ဆောင်မှ ရဟန်းဟု ငါဆို၏၊ သင်္ကန်းဝတ်ရုံ သင်္ကန်းဝတ်ကာမျှဖြင့် ရဟန်းဟု ငါမဆို" စသော စကားတော်များသည် "နာမံဘိက္ခုဝေမှ သာ မည်ဝဒါမိ" အထိ၊ ထင်ရှားစွာပါရှိလေသည်။

သို့စဉ်လျက် သင်္ကန်းအရေခြုံ အယောင်ဆောင်မရွေး ကိုးကွယ်မိကြသော ဗမာလောကသားတို့ စဉ်းစားထိုက်ပြီ၊ ရှိသေအောင် ဝါဒဖြန့်ကြံခြင်းထက် ရှိသေအောင် ကျင့်ကြံအားထုတ်ခြင်းသာ အဓိကဖြစ်သည်ဟု နားလည်ချိန်တန်ပြီ၊ သောနုတ္တရိမှဆိုးသည် သင်္ကန်းကို ပတ်ပြီးမှ ဆဒ္ဒန်ဆင်မင်းကိုသတ်ပြီး အစွယ်ကို ဖြတ်ယူသည် ဆိုသော ဝတ္ထုသည် ကလေးကစ၍သိသောဝတ္ထုဖြစ်သည်၊ ဝတ္ထုသွားအရပင် ထိုအချိန်က ဘုရားမပွင့်သေး၍ ဗုဒ္ဓဘာသာခေတ် မရောက်သေးပေ၊ ချင့်ချိန်ကြရန်လိုသည်။

၎င်းပါဠိတော်-"မဇ္ဈိမဒါယာဒသုတ်" စာမျက်နှာ ၁၅-ပုဒ်ရေ ၂၉ ၌ ရဟန်းတို့အား "ပစ္စည်းအမွေခံမဖြစ်စေရ၊ တရားအမွေခံသာ ဖြစ်စေရမည်" ဟု ဘုရားရှင် ပညတ်တော်မူခဲ့၏၊ ကိလေသာမှ လွတ်မြောက်ရေး၊ ကာမကိုစွန့်သွတ်ရေး၊ ဘဝပြတ်ရေး၊ ဥပါဒါန်ပယ်ရေးတို့မှ အပဖြစ်သော နောက်ဆံတငင်ငင် သမုဒ္ဒယဖြစ်စေတတ်သည့် ပစ္စည်းဝတ္ထု ပရိဘောဂတို့၌ တွယ်တာမှုအားလုံး ဘုရား ပ ညတ် တော် မူ ခဲ့ သည်၊ တရားတော်၌ အားထုတ်နိုင်ရေး၏အထောက်အကူဖြစ်သော အသက်တည်ရေး အနိုင်နိုင်မျှ ပရိက္ခရာရှစ်ပါးကိုသာ ဘုရားခွင့်ပြုတော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ဘုရားရှင်၏ ရုပ်ခန္ဓာအစုအဝေး နှင့် တ ကွ သော ပစ္စည်းစုမှန်သမျှ အားလုံးတို့အပေါ်၌ တွယ်တာငဲ့ကွက်မှု ဝိတက်ဝိစာရ မရှိစေရန်နှင့် ကိလေသာမှလွတ်မြောက်ရေးတရားတော်မှအပ အခြား မပြုရန် ဘုရားပညာတ်တော်မူခဲ့သည်၊ ဝဏ္ဏလိကိစ္စ၌လည်း ဤစကား များ ထင်ရှားရှိသည် ဘုရားရှင်မိန့်ညွှန်းချက်ကို ပိုင်နိုင်စွာ သဘော ပေါက်ကြပါစေ။

"ဝနပတ္ထသုတ်"ဋ္ဌင်းပါဠိတော် စာမျက်နှာ ၁၄၉-ပုဒ်ရေ-၁၉၁ ၌ ကျောင်း သင်္ကန်း ဆွမ်းဆေး မည်မျှပေါစေကာ ကိလေသာကုန်စေ သော တည်ငြိမ်မှုမရက ထိုကျောင်းကြီးကန်ကြီးတွေကို ရှုန့် ပစ် အပ် သည်ဟု ဘုရားဟောထားပြန်သည်။

တရားမရသည်ထက် ကျောင်းမရတာက ပိုအရေးကြီးနေသော ပုဂ္ဂိုလ်များရှိက ဤပါဠိတော်ကို မည်သို့ဆင်ခြေပေးမည်နည်း။

မှန်ဘုရားရှင်ကမူ တရားကိုသာအားထုတ်လိုက ကျောင်းမရလျှင် သစ်ပင်အောက်၌ကျင့်နိုင် ရုက္ခမူတင်ကို လက်ညှိုးညွှန်တော်မူခဲ့၏၊ ထို့ပြင် ဋ္ဌင်းပါဠိတော်"အလဂဒ္ဒူပမသုတ်" စာမျက်နှာ ၁၈၂-ပုဒ်ရေ ၁၃၈-တွင် လာသောစကားများ၌ကား အထူး စဉ်းစား ထိုက်သော အဓိပ္ပါယ်များ ဝင်ပါနေလေသည်။ အဓိပ္ပါယ်ကား....

"အချည်းအနှီး ရဟန်းအချို့တို့သည် တရားတော်ကို မသင်ယူ ကြ၊ သင်သည်ဆိုရုံသာ သင်ယူကြကုန်၏၊ တရားတော်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို မစဉ်းစားကြကုန်၊ ဉာဏ်ဖြင့် စိမ့်စိမ့်မသုံးသပ်မဆင် ခြင်၊ မဂ်ဖိုလ်၏အကျိုးရောက်ရေးကိုလည်း အားမထုတ် မ ပြု လုပ် ကြ ကုန်၊ ထိုအရာတို့ဖြင့် သံသရာနှင့်ဆင်းရဲကို ချုံကြရန်သာ အားထုတ်ကြ ကုန်သည်၊ ဤကား တရားတော်၌ ကောင်းစွာမနာယူကြသောကြောင့် သာတည်း"

ဤ အဓိပ္ပါယ်အရ ကျွန်ုပ်တို့သည် သီဟိုဠ်မှ တဆင့် ရောက်လာ သော ကျမ်းစာတွေကို အကဲခတ်လေ့လာကြရန်လိုသည်၊ သီဟိုဠ် စာ တို့၌ သံသရာနှင့် ဆင်းရဲကို ချုံ ရန် အားထုတ် ညွှန်ကြားချက်ပေါင်း



အများဆုံး ပါဝင်လျက် ရှိသည်ကို တွေ့ရပေသည်။ စာဘလုံး ဘုရား ဘာဆုဆိုသော သင်္ကေတနှင့် မလှူဒါန်းအောင်မိထားရာ အထက် သုတ် မှာ ဘုရားဟောဆိုပါက သွက်သွက်လည်အောင် မိလာ ဖြစ်၍ နေ ခဲ့ သည်၊ ဘုရားက စဉ်းစားကြံဆခွင့်ကိုပေးထားသည်၊ ကာလမပုဏ္ဏား တို့အားလည်း အရမ်းယုံ အရမ်းလက္ခံ အရမ်း ကိုးကွယ်မှု မ ပြု ရန် အကျယ်တဝင့် ဟောချက်များ ထင်ရှားရှိသေးသည်။

ဓမ္မပဒ အဋ္ဌကထာ မှာပင် ရှင်သာရိပုတ္တရာအား ရှင်အဿဇိ မထေရ်မြတ်က သဒ္ဒါအနက်မှာ နည်းပရိယာယ်များလှသည်၊သဘော အဓိပ္ပါယ်ကိုသာ ထင်ထင်ယူပါလေဟု မိန့်ဆိုချက်ထင်ရှားရှိသည်။

မူလ ပဏ္ဏာသကပါဠိတော်"ဝဋ္ဋသုတ်"၌စာမျက်နှာ ၄၃-ပုဒ်ရေ ၇၁-တွင် ဂုဏ်ဘုဂုဏ်ပြိုင်ပြုခြင်း၊ ငြူစူဝန်တိုခြင်း၊ မြင့်မောက်တက်ကြွ ခြင်း၊ ချုပ်ချယ်ခြင်း၊ မန်ထခြင်း၊တဖက်သားစိတ်ညိုငြင်အောင်ပြုခြင်း ဘို့ကို တားမြစ်သည်၊ "သလ္လေခသုတ်"၌လည်း အမျက်ထားခြင်း၊ ရန် ညှိုးဖွဲ့ခြင်း၊ အတုအပြိုင်ပြုခြင်း၊ ငြူစူဝန်တိုခြင်း၊မိမိထင်တာကိုမှ တယူ သန် စွဲခြင်းမရှိစေရန် ဟောချက်တွေ အများပါ၏။

ရဟန်းများအဖို့ သိက္ခာမည်မျှများစေကာမူ စတုပါရိသုဒ္ဓိ-သီလ ကြီး ၄-ပါး၌ လုံခြုံနေသမျှကာလပတ်လုံး ၂၂၇-သွယ်သည် အဓိက မဟုတ်ဖြစ်သည်၊ ဤစတုပါရိသုဒ္ဓိ သီလ ၄-ပါး၌ မကိန်းဝပ်နိုင်လျှင် အထူးမရေးလိုတော့ပေ၊ နားလည်လောက်ပြီထင်၏။

"ဝဋ္ဋသုတ်"နှင့် သုတ်ပေါင်းများစွာ၌ သွက္ခတော တရားတော် ကို အကျယ်ဖွင့်ပြချက်များ အများပင်ပါ၏၊ ဒိဋ္ဌ လက်တွေ့ မျက်တွေ့ တရားတော်၏ အကျိုးရစေခြင်းကို အတော်လုံလောက်အောင် ဟော တော် မူခဲ့သည်၊ တမလွန်ဘဝကို ဘုရားရှင်ကအားမပေးပေ၊ မြဟ္မဏ ဝါဒ၌သာ တမလွန်ကိုညွှန်းသည်၊ ယင်းပါဠိတော် "သလ္လေခ"သုတ် စာမျက်နှာ (၅၄) အပုဒ်ရေ (၈၇) တွင်—

"မိမိကိုယ်တိုင် ညွှန်ဖြင့်အလူးသူးရှိကာ မယဉ်ကျေးပါသူက သူတပါးအား စင်ကြယ်ယဉ်ကျေးအောင် ကယ် တင် ဟောပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိ''ဟု စုန္ဒအား ဟောတော်မူပုံကိုထောက်ပြီး အစစ စဉ်းစားထိုက်ပြီ။

ဤသည်တို့ကား မူလ ပဏ္ဏာသ ပါဠိတော်လာ-ဗုဒ္ဓဝစန အစစ်များ ဖြစ်သည်၊ တဲဖန်တုံ ဧကနိပါတ်''အပဏ္ဏက''ဇာတ်တွင်၊ ဘေးကို ကြောက်ရွံ့ကာဖြင့် သစ်ပင်တောတောင် နတ်ကွန်း နတ်ကန္တားတွေကို ဆီးကပ်တိုင်တည် ကိုးကွယ်ပသမှုအားလုံး (မိစ္ဆာဒိဋ္ဌိ) အယူမှားတွေသာဖြစ်သည်၊ မြတ်လည်းမမြတ်၊ ဘေးလည်း အတူးမလွတ်၊ အလကားဟာတွေသာဖြစ်သည်ဟု ပါရှိသည်။

ဤမျှဖြင့် ကောက်နှုတ်ချက် အနည်းငယ်စီ တင်ပြရ ခြင်းမှာ-ရှေ့တွင် ကျောက်ကွင်းအရေးတော်ပုံ၌ တွေ့ခဲ့ပြီး ဖြစ်သော ဆရာတော် အရှင်ဥက္ကဋ္ဌ၏ ဘာသာရေး ဆိုင်ရာ ဗုဒ္ဓတရားတော်များအပေါ် သုံးသပ် ထောက်ပြချက် အချို့ကို သဘောပေါက်ကြရန် အနည်းငယ် လမ်းခင်းလိုက်ရခြင်း ဖြစ်ပါသည်။

တရားတော်အစစ်များမှ လုံလောက်သောအကိုးအကားတွေကို အပိုင် တွေ့မထားသူဖြစ်ပါက ဆရာတော်၏သုံးသပ်ချက်များမှာ ယုံထင်-ကြောင်ထင်-ဇဝေဇဝါ ဝိသဇ္ဇနာတွေ ရှုပ်ထွေးလာမည် စိုးရပေသည်၊ သဒ္ဓါ သဂြိုဟ် ဇာတ်စသော အငယ်တန်းတွေတွင် ဗုဒ္ဓ ဘုရားရှင်၏ အာဘောဂအနှစ်အစစ်ဟူ၍ ဆိုနိုင်ရန်ခဲယဉ်းလှသည်။

နိကာယ်ကြီးတွေကို မှီနှောက်ကမှ ဗုဒ္ဓဘုရားရှင်ကို ထင်ထင်လင်းလင်း တွေ့မြင်နိုင်ကြပေလိမ့်မည်ဟု ကျွန်ုပ်ထင်သည်။

ယင်းသို့မှလည်း ဆရာတော် အရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓဘုရားရှင်၏ အနတ္တဒေသနာတော် နယ်နိမိတ် အတွင်း၌သာ သုံးသပ်လျက်



ရှိကြောင်းကို ပြတ်ပြတ်သားသား သဘောပေါက်ရန် လွယ်ကူမည်ဟု ယုံကြည်၏။

ဤမာပြည်သည် တနေ့တခြား ထူးဆန်း၍လာသည်၊ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်လာသည်၊ သို့ရာတွင် ဗုဒ္ဓဘာသာ မဆန်သော အင်္ဂလ အထတွေကို စွန့်လွှတ်ရမည့်အစား ပွားများတိုး၍သာ လာသည်၊ ဂါထာရွတ်၊ မန္တန်ဖတ်၊ ပရိတ်မွှန်းတွေကလည်း ထပ်ထပ်ကြမ်းလာသည်၊ နတ်ကွန်း၊ နတ်ကန္တားတွေကလည်း ဖြိုးဖြိုးသလာသည်၊ ရှေဒီယိုမှပင် မဟာသမယသုတ်ကြီးကဲ့သို့ ဟိန္ဒူဝါဒ အသံကို ကြားနေရပြီ။

ဗင်ရင်းက အားပေးနေသောလက်သယ်သည် ထိပ်ဆုံးနေရာက နေ၍ ကြိုးဆွဲနေသည်။ အထက်ကိုလှမ်းမော့ပြီး သံယောင်လိုက်တတ်သော လူပေါ်လူညွန့်များကလည်း ဒုနှင့်ဒေးဖြစ်နေသည်။ သည်အတိုင်း ကြာလာလျှင် ဗုဒ္ဓဘာသာ စစ်စစ်တွေ ဘယ်ပြေးရမည်မသိအောင် ရင်လေးမိသည်။

အရင်းစစ်၍ အမြစ်ကိုရှာသော် ဗုဒ္ဓဘာသာ လောကထည်းသို့ အတ္တဝါဒ တစိမ့်စိမ့်ဝင်ရောက်လာခြင်းကိုလက်ပိုက်ကြည့်နေကြ၍သာ ဖြစ်သည်။

အိန္ဒိယပြည် မဇ္ဈိမဒေသမှ မူလဗုဒ္ဓဘာသာကြီးယိုင်လဲပျက်ပြုန်း အစတုံးသွားသည်မှာလည်း ဤသို့ပင် အတ္တဝါဒ တစိမ့်စိမ့်ဝင်လာပြီး မှိုဝါးသွားခြင်း ခံခဲ့ကြရသောကြောင့်ပင်ဖြစ်ပေသည်။

ဟိန္ဒူ-ဗြာဟ္မဏတို့သည် ဘုရားမပွင့်မီ အတိတေ ကာလကတည်းက အိန္ဒိယကိုကြီးစိုးလွှမ်းမိုးနေခဲ့ရာ ယခုတိုင်ဖြစ်၏။ အလွန် [illegible] ဒါန်ကြီးသော အတ္တဖြစ်သည်၊ ငါတည်း ဟူသော ကိုယ့် [illegible] ထိမည်ဆိုလျှင် သာယ်သူ့ကိုမှ စာနာထောက်ထားခြင်းမရှိပေ၊ [illegible] ဘောင်ဆက်က အစွဲကို အသည်းခိုက်အောင် ဆက်လက်[illegible] လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုပစ္စက္ခ ကမ္ဘာ့လူသားအားလုံးတို့တွင် အမြင့်မြတ်ဆုံးထည်း၌ တဦးအဖြစ် ရှေ့ဆုံးတန်းမှထားသော မဟတ္တမဂန္ဒီလိုသူတော်စင်ကြီး ကိုပင် လုပ်ကြံပစ်ရက်ကြသော အတ္တဝါဒီများဖြစ်သည်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်လည်း အတ္တသယ် ယောက်ဖတော် ဒေဝဒတ်အသွင်ဖြင့် ပိုင်းအုံလုပ်ကြံရန်အားထုတ်သောဒဏ်ကို ခံတော်မူခဲ့ရဘူးသေးသည်။

မကြာမီ ၁၉၅၈-ခုနှစ်က သီဟိုဠ်ဝန်ကြီးချုပ် ဘဏ္ဍာရာနာယကေး လုပ်ကြံခံရသည်မှာလည်း အတ္တလွန်ကဲစွာ အသွမ်းခံနေရသော ဗုဒ္ဓဘာသာ အရေခြုံတဦး၏ လက်ရာပင်ဖြစ်ခဲ့သည်။ ရန်ဖြစ်ဘူးသော အငြိုးကြောင့် သတ်သောကိစ္စမှာ ရန်ငြိုးသာဖြစ်၍ တခြားစီဖြစ်၏။

အတ္တသည် ငါတည်းဟူသော ကိုယ့်အယူ ကိုယ့်အသိကိုသာ တရားသေ အစွဲဆုံးဝါဒဖြစ်သည်။ အကြောင်းနှင့်အကျိုးဆက် ဆင်ခြင်သုံးသပ်မှုဟူ၍ တရွေးမျှမပါသော တရားသေ သဘောတရားဖြစ်၏။

ဗုဒ္ဓဘာသာသည် ဥပါဒါန်အရင်းခံသော အတ္တဝါဒကို အရင်းကဖြိုဖျက်၍ အနတ္တဝါဒ အခြေခံထားသည်။ ထို့ကြောင့် အထင်အရှား ပြောင်းပြန်ဖြစ်သေ [illegible] ဗုဒ္ဓဘုရားရှင်ဖွင့်ထုတ်ခဲ့သည်၊ ယခု ဗုဒ္ဓဘုရားရှင် ပယ်စွန့်လိုက်ပြီးမ [illegible] အတ္တဘက်သား တရားစုတွေ အတော်ခပ်များများ ဗုဒ္ဓဘာသာသားစာ[illegible]ပများတွင် အနှံ့ဝင်ဖွက်ပါရှိနေပေပြီ။

ဘဏ္ဍာရာနာယကေးကိုသတ်သော အနွယ်ဝံသတို့၏ ဘိုးဘေး ဘီဘင်လက်ရာများကို ဤဗမာပြည်သို့ ယူလာခဲ့ကြသဖြင့် အတ္တဟူ၍ မထင်ရှားပေ၊ ထင်ရှားလျှင်လည်း သိကုန်ကြမည်ဖြစ်၏။ ထို့ကြောင့် အတ္တဘက်သား တရားအားလုံးကို ဗုဒ္ဓဘုရားရှင်၏ နှုတ်တော် ထွက်လေဟာန် မုက္ခပါဠိတော်အသွင်ဖြင့်ကိုယ်ယောင်ဖျောက်ကာ ဖြည့်စွက်ရောမွှေထားကြသော သီဟိုဠ်လက်ရာကို ဖမ်းတွေ့ကြသည်။

နတ်ဘုရားပေါင်း ကုဋေ ကုဋာနှင့် ဘုံအ ဆင့် ဆင့် စံနေ ကြသယောင် ဖန်တီးထားသော အတ္တဝါဒကို သေသေချာချာ တဆင့်ပြီး



တဆင့် စံနစ်တကျလိုက်ရှာသော် ၎င်းသည် ခြေရာဖျောက်၍ပြေးလေ့ ရှိသည်ကို တွေ့ရှိရချေသည်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် အတ္တဝါဒ၏မူလကို အသေအချာ ခြေရာခံ၍ပြခဲ့ဘူး၏၊ ဒီဃနိကာယ်-သုတ် သီလက္ခန် ပါဠိတော် ဝေဝိဇ္ဇာ သုတ်တွင် ဖြဟ္မာကိုယုံသူ ပုဏ္ဏား ၂-ဦးဖြစ်သော ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့အား ယခုခေတ် ရာဇဝတ်ရုံး စစ်စစ် ထုတ်သော အခါ ဘိုးစဉ်ဘောင်ဆက် တဆင့်ပြောစမှတ်လာသောအစွဲမှတပါး အခြားဘာမျှမဟုတ်တော့ဘဲ နိဂုံးချုပ် သွားခဲ့ရဘူးကြောင်း ဘုရားဟော ထင်ရှားရှိနေသည်။

ဝိဋ္ဋကတ်တော် လာ ဒေသနာ အရပ်ရင်တွင် နတ်ဖြဟ္မာ ဘုံ အဆင့်ဆင့် ငရဲပေါင်းအထပ်ထပ်တို့ဖြင့် စုလစ်မွန်းချွန် ပန်းဆွဲ လင်းနို့ တောင်တွေပမာ တန်ဆာဆင်လိုက်ကြကုန်သည်။

ကြေးသတ္တုချင်းသာဆိုက ရောသွားနိုင်သလို အတ္တချင်းသာ ဆိုက ဖြာဟ္မဏ အတ္တက မျိုသွားသည်မှာ ကြာလှပေရော့မည်။ ရွှေအစစ်ဖြစ်နေသော အန္တမခါတ်သား အနတ္တဝါဒဖြစ်၍သာ အ ချိန် မ ရွေး အတ္တကိုခွဲထုတ်၍ ရနိုင်နေခြင်းဖြစ်ဟန်ရှိ၏။

ယခု မိုး[illegible]းကို ရွှေအစစ်မှတ်ခါ ရွှေဈေးပေးဝယ်ပြီး ယုံကြည်ကိုးကွယ်နေရသည်မှာ အသည်းနာစရာကောင်းလှသည်။ ဆဋ္ဌသံဂါယနာတင်ပွဲ ကုန်ကျစရိတ်အရပ်ရပ်တခုပင် သိန်း ၄၀၀ ကျော်ဟု ဆို၏။ အလှူရေစက် [illegible] ၎င့်မကွာ ရွှာတကာမှာ မြိမ့်မြိမ့် သဲလာခဲ့၊ သဲလာဆဲ၊ သဲလိမ့်ဦးမည် ဓလ္လူတွေနှင့်ဆိုက ခန့်မှန်းရန်ပင် မလွယ်တော့ပေ။

ငွေကုန်တာတွေး ] ဟန့်တား အပစ်တင်ခြင်း မဟုတ်ပါ၊ ဗုဒ္ဓဘာသာမှုစစ်စစ်နှင့် အညှ[illegible]မပါသော တရားကျင့်သုံးမှု၊ လှူတတ်မှုများ ပေါ်ထုတ်ဘို့ ကောင်းလှသည်။

"နောက်ဘဝကိုယ့်တို့လေးပါအောင်" ဟူသော [illegible]ကားသည် အတ္တဝါဒ၏ လက်ရာအ[illegible]ဖြစ်၏၊ ဗုဒ္ဓဘုရားရှင်ဟော[illegible]သော အနတ္တ

www.burmeseclassic.com

www.burmeseclassic.com



ဝါဒမှနေကြည့်လျှင် နောက်ဘဝသည် အဘယ်မှာနည်း၊ ဘာကို ဆိုသနည်း၊ ကိုယ့်ဘိုကလေးဆိုသောစကားအရ အ ဘယ် အ ရာ ကို ကိုယ်—ဟု (ငါ) ဟု စွဲရန်ယူရန်ရှိသနည်း၊ ပါမည့်အရာကား အဘယ်ဟာနည်း၊ အတိအကျလိုသည်။

သမ္မာဒိဋ္ဌိသုတ္တန် စာမျက်နှာ (၆၆) အပုဒ်(၁၀၁)တွင် ရုပ်နာမ်ရှိမိုက် တွဲမိုက်တွင်သာ ဝိညာဉ်ရှိ၏၊ ရုပ်နာမ်ချုပ်သော် ဝိညာဉ်လည်း ချုပ်လေသည်ဟု ဘုရားဟောချက်အခိုင်အမာရှိ၏၊ ဥပါဒါန်မချုပ်ငြိမ်း သေးသမျှ ဘဝသစ်ကား ပေါ်မည် ဖြစ်သည်၊ သို့ရာတွင် အား လုံး ရုပ်သစ်နာမ်သစ်သာဖြစ်၍ ဝိညာဉ်လည်းအသစ်ပင်ဖြစ်ရာ ဘာတခုမျှ ပါသည်မဟုတ်ပေ။

(မဟာတဏှာသင်္ခယသုတ်) ပါ ဘာတိရဟန်း၏ဝိညာဉ်မျိုးကား ဗုဒ္ဓဘာသာက လက်ခံသော ဝိညာဉ်မဟုတ်၊ ဟိန္ဒူ ဝိညာဉ်သာ ဖြစ်သည်။ ထိုဝိညာဉ်ကို ဘုရား ပယ်ထားပြီးဖြစ်၍ စဉ်းစားစရာပင်မလိုပြီ၊

သို့စဉ်လျက် ဤစကားတွေ ဤဗုဒ္ဓဘာသာလောက၌ ခေတ်စားလျက်ပင် ရှိနေသေးရာ၊ ဤနှင့်အလားတူ အတွေ၏ အဆွယ် အပွားပေါင်း သောင်းခြောက်ထောင်ထက်မနည်း ဗုဒ္ဓ၏ အနတ္တ ဒေသနာတော်တွင်းသို့ဝင်ရှုပ်နေကြောင်း သိသာလောက်သည်။

ဤ အတွေတွေသည် ဘယ်တစ၍ ဗုဒ္ဓသာသနာတော်တွင်းသို့ ဝင်ရောက် ဖွက်ဖက်လာသည်ကို ကျွန်ုပ်တို့ပြန်လည်သုံးသပ်ကြဦးစို့။

မူရင်း ပဌမသံဂါယနာပွဲဖြစ်သော ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက် သတ္တပဏ္ဏိတ်ကိုဏ်ဂူကို လှမ်းမျှော်လိုက်သော်....

ငါးရာသော မထေရ်ကြီးတို့ စုဝေးရာ အထက်နား တနေရာက၌၊ ထိုအစုအဝေး၏ သဘာပတိကြီးဖြစ်သောအရှင်မဟာကဿပရဟန္တာ မှုထေရ်မြတ်ကြီးကို လှမ်း၍ ဖူးတွေ့ကြရပေလိမ့်မည်၊ သက်တော်က ၁၂၀-ကျော်၊ ဇူရွှေတော် ဖြ-ပါးလုံးကလုံခြုံလှလျက်၊ ကိလေသာဟူ၍ မြူမျှမကျန်အောင် စင်ကြယ်တော်မူလှသော၊ အရိယာအစစ်ကြီးလည်း ဖြစ်ပေသည်၊ မထေရ်မြတ်ကြီးသည် သက်တော်တလျှောက်လုံး



အခိုးအကာရှိသော အရံ အဆောက်အဦးဟူ၍ တဲငယ်တွင်သော်မှ သီတင်းသုံးတော်မမူဘူးချေ၊ တဆယ့်သုံးပါးသော ဓုတင်ကိုအကုန်ဆောင်လျက် မြိုးခြိုလှစွာ သစ်ပင်များအောက်၌သာ နေတော်မူခဲ့သည်၊ ရွာသူတို့၏ မလေ့စရိုက်ဖြစ်သော လောကီနယ်နှင့်ကင်းဝေးစွာ တရားတော်၌သာ မွေ့လျော်တော် မူခဲ့သည်၊ ယထာဘူတဉာဏ် ဥပါဒါန်အထင်အမှတ် သညာသဘောမျှသာဖြစ်သော ငါသူတပါး ယောက်ျား၊မိန်းမ၊သစ်ပင်၊တောတောင် ဟူ၍ ဂရုပြုတော်မမူ၊ ပတ်ရုံတော်မူသော သင်္ကန်းသည်ပင် သုသာန်တစပြင်မှ စွန့်ပစ်အပ်သော အဝတ်တို့ကိုသာ ကောက်ဘော်မူ၍၊ စပ်စပ်ဖါဖါနှင့် ဖန်ရေစွန်းခါမျှ ဖြစ်သော ပံ့သုကူအစစ်ကိုသာ ဆင်မြန်းတော်လျက်၊ လူ့စရိုက် လူ့ဓလေ့ဟူ၍ တဆံချည်သော်မျှ နီးစပ်ခြင်း ရှိတော်မမူဘဲ၊ ပရိယာယ် အားလုံးတို့၌ စွဲယူ မှတ်ထင်မှု အားလုံးချုပ်ငြိမ်းလျက်၊ ဒုက္ခအားလုံး တို့၏ ကုန်ရာဆုံးရာ အသင်္ခတ ဓါတ်သားသက်သက်၏အသွင်တော်မျှ ကျန်တော့သော မထေရ်မြတ်ကြီးသည် နိရောဓသမာပတ်၌သာ သတိတော် ထင်ထင်မျှနှင့် ကိန်းဝပ်စံပါယ်နေတော်မူလျက် ရှိရာဝယ်—

မထေရ်မြတ်ကြီး၏ အောက်နားရှိ ရှေ့တန်း၌ အရှင်ဥပါလိ၊ အရှင် အနုရုဒ္ဓါ စသော ရဟန္တာမထေရ်မြတ်များသည်လည်း အရှင်မဟာကဿပ မထေရ်ကြီးကို ဦး ခိုက် တော် မူ ကြရင်း၊ ချုပ်ငြိမ်းလျက်ရှိသော ဇူရွှေတော်အစုံဖြင့် ဖလသမာပတ်တွင် ခိုလှုံဝင်စားတော်မူနေကြသောအခါ—

နောက်တန်း တလျှောက်၌ ရှိသော မထေရ်ကြီးများသည် ဘာတွေကိုအမှတ်ထား၍ သံဂါယနာတင်နေတော်မူကြသည်ကို အကဲခတ်ကြရန် "ဝိနယဝဂ္ဂပါဠိတော်" မြန်မာပြည် (ဆဋ္ဌမူ) စာမျက်နှာ ၄၀၀-သို့ လှန်ကြည့်လိုက်ကြစို့....။

အရှင်အာနန္ဒာ မထေရ်မြတ်ကို မထေရ်ကြီးအများက ဖိုင်းရှိုး—

ခုဒ္ဒါနု ခုဒ္ဒက အာ ပတ် များ နှင့် ပတ် သက် ၍ ရှင်းလင်းအောင် ဘုရားရှင်ထံတွင် သက်တော်ထင်ရှားရှိစဉ် မမေးလိုက်ရကြောင်းလား၊



www.burmeseclassic.com

www.burmeseclassic.com



သက်နီးချုပ်တာကို ဘာကြောင့် ချုံမနဲ့ မိချုပ်ရသလဲ၊ ပဋ္ဌာစာရီအခွ ကို ဘာကြောင့် ဘုရားရှေ့ခေါ်လာပြီး မာတုဂါမရဲ့ မျက်ရည်ဖေ ဘုရားခြေဖမိုးပေါ် ကျစေရသလဲ၊ မိထွေးတော်ဂေါတမီဆိုတဲ့ မာ ကာမကြီးကို ဘိက္ခုနီမဖြစ်အောင် ဘာကြောင့် ရှေ့နေလိုက်ပေး သလဲ၊ ဒီမာတုကာမကြီးက အစထွင်လို့ ငါတို့ဘိက္ခုလောကနဲ့ တတ တစားထဲထားခံရတဲ့ ဘိက္ခုနီမလောကကြီး ပေါ်လာအောင် ဖန် ရသလဲ စသော ရှုံ့ချချက်များနှင့် အရှင်အာနန္ဒာကိုစိုင်း၍ "ဖွ" က အပြစ်ရှိသည်ဟူ၍ ဖွတ်ဝန်ခံခိုင်းနေကြသောရှုကွက်တမျိုးကို တွေ့ရ တော့သည်။

ဘုရားသခင် ၄၅-ဝါပတ်လုံး ဝဋ် ၃-ပါးမှ လွတ်မြောက် ကိုလေသာတို့၌ ငြိမ်းချမ်းရေးမဂ်ဖိုလ်သို့မှက်မှောက်ပြုရေးတရားတော် များကိုသာ ဆိုရွတ်သံဂါယနာတင်ကြရသည့်ပွဲ၌ ဤသို့အာနန္ဒာအရှ အား ဗိုင်း၍ဖွတ်ကိုင်ကြပုံမှာ သံဂါယနာတင်ပွဲ၏ မူလအဓိကအချ နှင့် ဘယ်လိုဆက်စပ်ရမည်ပင် မစဉ်းစားတတ်အောင် ဖြစ်လာသည်။

ဟိန္ဒူဝါဒ၌ မိန်းမကို ခွဲထီးလောက်မှ မမြတ် ဆိုသော ဖိ ထားသောအစွဲမှာ ယခုခေတ်တိုင်မှုမပျက်ပေ၊ မိန်းမ ယုတ်ညံ့ပုံ သရု ဆောင်သော ဒဏ္ဍာရီများလည်း ဒုနှင့်ဒေးဖြစ်ပြီး ဘုရား၏ မုဂ္ဂပါ တော် အသွင်ဖြင့်ပင် အမြောက်အမြားပါဝင်နေပေသည်။

အရှင်အာနန္ဒာမထေရ်မြတ်ကြီးမှာ ထိုပွဲမတိုင်မီ နာရီပိုင်းမှ က ပြီး ပုထုဇဉ်နယ်မှ လောလောလတ်လတ် လွတ် မြောက် လာ သော အရိယာစာရင်းဝင် ထေရ်အရှင်ဖြစ်သွား၍သာ ကြံ့ကြံ့ခိုင် ခံနိုင်ရည် ရှိတော်မူရှာဟန်တူပေသည်။

အရှင်အာနန္ဒာမထေရ်မြတ်၏ ပြန်လည် ရှင်းလင်းလျှောက်ထား ချက်များမှာ "မိထွေးတော်ပဇာပတိဂေါတမီကြီးသည် မြတ်စွာဘုရား ၌လည်း လွန်စွာကြည်ညိုသူဖြစ်ပြီး ငယ်စဉ်နှ ငယ်စဉ်ကစ၍ မယ်တော် ရင်း နှင့် မ ခြား နို့ချိုတိုက်ကျွေးပြီး မှက်-ခြင်-ယင် ရဲ တို့၏ ဘေး ကာကွယ်ခဲ့သူ မယ်တော်ကြီးလည်း ဖြစ်ပါသည်၊ လူ လား မြောက် အောင် ကြည့်ရှုထိန်းသိမ်းခဲ့သူလည်းဖြစ်ပါသည်၊ သံသရာမှငြိမ်းအေး ရာ မဂ်ဖိုလ်ကို အလွန်တောင့်တသောအားဖြင့် အကြိမ်ကြိမ် တောင်း ပန်သောကြောင့် မြတ်စွာဘုရားထံသို့ ပို့ပေးရခြင်းသာ ဖြစ်ပါသည်၊ ဘုရားရှင်ကိုယ်တော်တိုင်ကခွင့်ပြုသဖြင့် ဘိက္ခုနီမအဖြစ်သို့ ရခြင်းသာ ဖြစ်ပါသည်၊ ဤအမှုကိုပြုရာ၌ ဘုရားတပည့်တော်သည် အပြစ်ဟူ၍ ကျူးလွန်ရန်မကြံရွယ်ပါ၊ အပြစ်ရှိသည်ဟူ၍လည်း မယူဆမိပါဘုရား-- သို့ရာတွင် အရှင်ဘုရားများ၏ကျေနပ်မှုအတွက် တပည့်တော် အပြစ် ရှိသည်ဟူ၍ပင် ဝန်ခံရပါမည်ဘုရား" ဟု ဖြစ်၏။

(ရှုလဝဂ်ပါဠိတော် မြန်မာဘာသာပြန်တွင်ကြည့်)

ဤဖြစ်ရပ်များကို သာမန်ကာလျှံကာ ဖတ်ခြင်းထက် စေ့စေ့ တွေးကြည့်လျှင် လွန်စွာကြေကွဲဘွယ်ကောင်းလှပေသည်။

မြတ်စွာဘုရားကဲ့သို့သော ယုတ်မြတ်မရွေး သတ္တဝါမှန်သမျှကို ရင်ဝယ် သား နှင့် မခြားသော ကရုဏာတော်ရှင် အစစ်ကြီး၏ စေ တနာတော်ကိုပင် ဤဖြစ်ရပ် ရှုခင်းက ထိခိုက်လျက်ရှိနေသည်၊ သူက တော့ ယောကျ်ားဖြစ်၍ ကျွတ်လွတ်စေ- သူက မိန်းမဖြစ်သောကြောင့် ယုတ်သဖြင့် မကျွတ်လွတ်စေရဟူသော ကန့်သတ်ချက်မျိုးသည် သဗ္ဗ ညုတ ဉာဏ်နှင့် ဘုရားစသော သူတော်စင်တို့၌ မရှိနိုင်ပေ။

ယခုငယ်စဉ်တောင်ကျေးက နို့ချိုတိုက်ကျွေး မွေးမြူ ရခဲ့ သော မိထွေးတော်ကြီးကို ကျွတ်လွတ်စေကြောင်း၊ နည်းလမ်းကောင်း ညွှန်ပြ မှုသည်ပင် အရှင်အာနန္ဒာမထေရ်မြတ်အပေါ်သို့ပုံပြီး အပြစ်ဖို့နေကြပြီ ကို တွေ့ရချေပြီ။

မိခင်ရင်းနှင့်မခြားသောအနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိထွေးတော် ကြီးကိုပင် မညှာမထောက်သည်ကိုတွေ့ရသည်။

ဤသို့ အနန္ဒာမထေရ်မြတ်ခံနေရပြီကို ထိပ်ပိုင်းက အရိယာကြီး ဖြစ်သော သဘာပတိကြီးနှင့် တကွ ခေါင်းဆောင်ပိုင်း ရဟန္တာကြီး များသည် ငါသူတပါး ယောကျ်ားမိန်းမဟူ၍ သိသိသာသာကြီးခွဲခြား

www.burmeseclassic.com



အာ ဥပါဒ်ါနိရုဒ္ဓ်အစု ပညတ်တရားတို့အား အသေအမဲ မိုင်း၍ ခဲနေကြသည်ကို ဂရုပြုတော်မူကြဟန်မတူပေ၊ သမာပတ် အာရုံ၌ မှိုလှုံနေတော် မူကြသော အရိယာနွယ်ဖင် သူတော်စဉ်တို့၏ သဘောကား အဘယ် ပရိယာယ်ပညတ်ကိုမျှ အမှတ်ထင်တော်မူကြမည် မဟုတ်၍ အပြစ်လည်း မဆိုသာဖြစ်ပေသည်။

မြင်မြင်သမျှ ပုပ္ပုဂ္ဂလ သင်္ခါရတို့အပေါ်၌ ဥပါဒါန် ရုပ်အစု တို့၏ ပရိယာယ်မျှသာဟု ရှုလေ့ရှိသော အရိယာတို့အလယ်၌ ငါ သူတပါး ယောကျ်ား မိန်းမဟူ၍ စွဲယူလွန်းသော ကိလေသာ အာသဝေါတို့၏ သဘောလက္ခဏာ အကြွင်းအကျန်ကို တွေ့နေရသည်မှာ ထူးလှပေသည်။

ဤကား ငါသာသူမြတ်၊ ငါမှကြွင်းသမျှ အယုတ်သမားတွေဟု တီထွင်ပြောပုံကိုထောက်က အဏ္ဏသည် ထိုပွဲကစ၍ သန္ဓေစွဲလာပြီဟု ဆိုနိုင်ပေပြီ။

ထိုကြောင့်လေလောမသိ၊ သီတင်းကျွတ်လတွင် ထိုပွဲကျင်းပနေရာ သတ္တပဏ္ဏိလိုဏ်ဂူအနီး သရက်တောသို့ ရှည်နက်တို့အား အစာကျွေးသော ဝတ်ကိုဆောင်ရန် ကြွရောက်လာသော နောက်ပါ ရဟန်းတော် ၅၀၀-နှင့် အရှင်ပုရာဏ ရဟန္တာကြီး အား ထိုပွဲ၌ ပါဝင်ချီးမြှင့်ရန် မထေရ်ကြီး အချို့ သွား၍ လျှောက် ထား ပင့် ဆောင်သည်ကို အရှင်ပုရာဏက ဘုရားဟောကို ငါကိုယ် တိုင် ကြား နာပြီး အတိုင်းသာဆောင်အံ့၊ မင်းတို့အထဲကိုမပါဝင်လိုဟု မိန့်ကြားတော်မူလိုက်၏။

ဤမှတ်တမ်းသည် စူဠဝဂ္ဂ ပါဠိတော်တွင် ထင်ရှားပါရှိသည်။ အရှင်ပုရာဏကား သေးသေးမဟုတ်၊ နောက်ပါရဟန်းတော် ၅၀၀-ကို ခေါင်းဆောင်လျက်ရှိသော ရဟန္တာကြီးတပါးဖြစ်ရာ ထိုပွဲကိုပါဝင်ကူညီရန် ဘာကြောင့်ပယ်တော်မူသည်မှာ အထူးစဉ်းစားထိုက်သော အချက်တချက်ဖြစ်သည်။



ရာဇဂြိုဟ်ပြည်ကား အဏ္ဏဝါဒကြီးစိုးသွမ်းမိုခဲ့သောအဇာတသတ်၏ ပြည်ဖြစ်သည်၊ ထိုအနီးတဝိုက် ဗုဒ္ဓဘုရားရှင်၏ သာသနာ၌ ကြည်ညိုသော ဝေသာလီပြည်၊ ကပိလဝတ်ပြည်၊ အလကပ္ပပြည်၊ ကောလိယပြည်၊ ဝေဠုဒိပတိုင်း၊ ပါဝါပြည်၊ မဂဓတိုင်း၊ ကုသိနာရုံတို့တွင် ရဟန်းတော်မပါင်းများစွာ ကျန်ရစ်ခဲ့ဟန်တူသည်၊ ဘိက္ခုနီမတို့ကား အနီးပင်မကပ်ရ ဖြစ်နေရာ ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် အဘယ်သို့ စခန်းသိမ်းသည်ပင် ဗုဒ္ဓဝင်၌မထင်ပေ။

ဗာရာဏသီကား အဏ္ဏတို့၏ဇာတိချက်မဖြစ်ပြီး ယခု ပထမသံဂါယနာ တင်သော ရာဇဂြိုဟ်နှင့်အဆက်အသွယ်ရင်းနှီးလှသည်ကို အကဲခတ်ရန် ရှိ၏။ ထိုပွဲနောက်ပိုင်း မရှေးမနှောင်းတွင် သတ္တပဏ္ဏိလိုဏ်ဂူနှင့် မလှမ်းမကမ်း၌ရှိသော ပဏ္ဍုလိုဏ်ဂူတွင် ကျန်နေသော ရဟန်း (၁၀၀၀) ကျော်တို့က သံဂါယနာ အပြိုင်တင်သည့် မှတ်တမ်းများ အမိုင်အမာရှိနေ၏။

နောက်ခေတ် သံဂါယနာပွဲများကား အထူးပြောဘွယ် မရှိတော့ပေ။ ဝေဒနှင့်ဥပနိသျှကျမ်းများမှ စကားများကို ဘုရားဟောတွေချည်း လုပ်ခဲ့ကြတော့သည်။

ဤနေရာ၌ အနောက်တိုင်း သုတေသီပုဂ္ဂိုလ်ကြီး အသီးသီးတို့၏ ထင်မြင်ချက်ပေါင်းများစွာအနက်မှ အနည်းငယ်ကို တင်ပြလိုပါသည်၊ (Rhys Davids ၏ History of Buddhist Literature.) စာမျက်နှာ ၁၃၅-၌ သီဟိုဠ်ရောက် အရှင်မဟိန္ဒမထေရ်၏ နောက်ကာလတွင် သီဟိုဠ်တွင်ဂိုဏ်းပေါင်းများစွာကွဲကြပြီး ပိဋကတ်တော်များမှာ ယွင်းမှားသော ဖွင့်ထုတ်ပြန်ဆိုချက် ဖြည့်စွက်ချက်နှင့် ပြုပြင်ချက်ပေါင်း အများပင် ဖြစ်လာသည်ဟု ဆို၏။

(Prof: Kern) က ထတိယပွဲမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿတို့ အဖွဲ့ကသာ ကြီးမှူးဘင်သောပွဲဖြစ်သည်၊ ကထာ ဝတ္ထုကို အဘိဓမ္မာအဖြစ် ထိုပွဲကစ၍ထည့်ကြသည်ဟုဆို၏။ ထိုပွဲနှင့်ပတ်သက်သော (Rhys Davids) ၏ မှတ်ချက်မှာ အားလုံးမှ ([illegible]) ပါးသာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်သည်ဟု ပါသည်။ Smith ကမူ အားလုံးပါဝင်သော ပွဲဟု ဆို၏။

(E. J. Thomas ၏ History of Buddhist Thought.) စာမျက်နှာ ၃၆-တွင် ဂါထာပုဒ်ရေ ၂၀၀-မျှသာ မူလ ပါဠိတော်နှင့် ကိုက်ညီပြီး ကျန်အပုဒ်များမှာ သီဟိုဠ် မဟာဝံသမှ ဆက်သွယ်လာသောအချက်များ ပါနေသည်၊ သီဟိုဠ်မှုသည် ဗုဒ္ဓ၏ ပါဠိတော်၏ ဝိဉာဉ်ရနှင့် မညီညွတ်ဟု ဆိုထား၏။

Prof: Winternitz. (ဂျာမန်) က တတိယ ပွဲသည် မဟာသံဃိကနှင့် ထေရဝါဒကို လမ်းခွဲလိုက်သော ပွဲဖြစ်သည်။ တောင်ပိုင်းသို့ ပါသွားသော ပိဋကတ်တို့မှာ မစုံလင်ဟု ဆိုသည်။ ဆံရှန့တ်-စံချိန်နှင့် ကောသမ္ဗီ ကျောက်စာများနှင့် တိုက်သောအခါ သက္ကရာဇ်သာမှန်ပြီး၊ ပါဠိတော်ကွဲပြားဟန် ရှိသည်ဟု ဆို၏။

Prof, Dutt ကမူ ဒုတိယပွဲကစ၍ အဓ္ဓသန္ဓေ တည်လာသည်ဟု ဆို၏။

Dr. Mc. Govern က တောင်ပိုင်းသည် မြောက်ပိုင်းကို မိစ္ဆာဒိဋ္ဌိတွေဟု စွပ်စွဲသော်လည်း မြောက်ပိုင်းကတောင်ပိုင်းကိုမိစ္ဆာ ဒိဋ္ဌိဟု မဆို၊ ပိဋကတ်တော် မစုံမလင်နှင့် တ စင် ထောင် ထား သည် ဆို၏-ဟု ရေးထားသည်။

(C. Sivaramamurti) ဒေလီပြတိုက်မှူးကမူ၊ တောင်ပိုင်းမှာ ရှေးခေတ် အယူအစွဲတွေ များပြီး မြောက်ပိုင်းက မန္တာန်ဂါထာတွေ ပိုလာသည်။အိန္ဒိယ Tantricism နှင့်ရောစပ်ထားသော Tantric Buddhism ဖြစ်နေသည်ဟု ဆို၏။ (သဘောမှာ ပရိတ်ရွတ် ဗုဒ္ဓဘာသာဟု ဆိုလိုသည်။)

Christmas Humphrey-က တောင်ပိုင်း အပြင် ဗဟိဒ္ဓ ရုပ်အစုများ အပေါ်သို့ အပစ်ချလွန်းသည်၊ မြောက်ပိုင်းက အပြင်ရုပ်တရားကို ဥပေက္ခာပြုပြီး ကိုယ်တွင်းဟဒယ ဝတ္ထုကိုသာ ထိန်းသိမ်းသဖြင့် သဘာဝနှင့် အဆင်ပြေသည်ဟု ဆို၏။



(၎င်းပုဂ္ဂိုလ်သည် ၁၉၅၉-ခုနှစ်၊ မေလထုတ် Middle Way ခေါ် မဂ္ဂဇင်းစာစောင်၌ ရန်ကုန်-ဒေလီ-ကိုလံဘိုရှိ ရှေ့ဖော်သာသနာ ရိပ်သာများကို ဝေဖန်ချက်များ ရေးသား ဖော်ပြထားသည်ကို တွေ့ခဲ့ရသည်။ ထိုပုဂ္ဂိုလ်ကား-ဂျပန် ဗုဒ္ဓဘာသာဇင်းဂိုဏ်းကို အားပေးသူ ဖြစ်၏။)

Paul Dalke. H. Olbenberg. စသော ပုဂ္ဂိုလ်ကြီးများရေးသည့် စာအုပ်ကြီးများမှာ မြောက်ပိုင်းသာယူသည့် အချက်များဖြစ်၍ အသုံးရေးရန် မလိုပေ။ဘတ်ဘူးကြီးသို့ ပုဂ္ဂိုလ်လည်းအများပင် ရှိလိမ့်မည်ဟု ယုံကြည်၍ ၎င်းတို့၏ ကောက်နုတ်ချက်များ ချန်ခဲ့သည်။

ယခုနောက်ဆုံးကျွန်ုပ်တွေ့ရသောစာအုပ်မှာ J.G.Jennings M.A. ရေး The Vedantic Buddhism of The Buddha ခေါ် ကျမ်းကြီးဖြစ်သည်။၎င်းဆရာကြီးကမူ ပဉ္စမကမ္ဘာမှ စ၍ တောင်ပိုင်းသာသနာ၌ အဓ္ဓအများဆုံး ဝင်သော နေရာမှာ သီဟိုဠ်ဖြစ်သည်ဟု ရှင်းရှင်းကြီး ဆိုထား၏။ ဆရာကြီးက ဗုဒ္ဓဘုရားရှင်၏ Altruisiam of Non-Egoism အနတ္တ ဒေသနာသည်၊ ကိုယ်ကျိုးမျှော်နောက်လိုက်တို့၏ အပြုအပြင်ကိုခံရသဖြင့် အတ္တ၏ အကျိုးပြုအခြေသို့ ကျရောက်ရှုပ်ထွေးနေပေပြီဟု ဆိုထားသည်။

ထိုဆရာကြီးက ဓမ္မစကြာကို အမှန်ဆုံးဒေသနာ အခြေခံတရားဟု တို့၏ အနှစ်ခဲဟု လက်ခံ၏။ သို့ရာတွင် ထိုဓမ္မစကြာကိုပင် ဆရာကြီး နိုက်နိုက်ချွတ်ချွတ် သုံးသပ်ထားပြန်သည်။ ဆရာကြီးက ဓမ္မစကြာတွင် သစ္စာ ၄-ပါးနှင့် မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်အထိရောက်အောင် ညွှန်ထားသော လမ်းစဉ်အမှန်ဖြစ်၍၊ ဗုဒ္ဓဘုရားရှင်၏ တရားရင်း အမှန်ဖြစ်၏။ သို့ရာတွင် စကားတလုံး ညပ်ပါနေသော အပုဒ်တပုဒ်ကို သူ မသကာဟု ထောက်ပြထားသည်။ ထိုအပုဒ်ပါ စကားလုံးမှာ "ပေါနောဗ္ဘဝိကာ" ဆိုသော "ဇာတိခေါပနဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံတဏှာ "ပေါနောဗ္ဘဝိကာ" နန္ဒီရာဂသဟဂတာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ပုဒ်ထဲမှ စကားဖြစ်သည်။ "ပေါနောဗ္ဘဝိကာ"မှာ ဘဝသစ်ကို ဖြစ်စေသည်ဟု အဓိပ္ပါယ်ရစေ၍ စဉ်းစားစရာရှိသည်။ တဏှာသည် တတ်မက်မှု-လိုချင်မှု သက်သက်သာ အဓိပ္ပါယ်ရ၍ ဘဝသစ်တခုကို ဖြစ်စေသော အင်္ဂါရပ်နှင့်ပြည့်စုံသော သဘောမရှိ "တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ"ဟု အစဉ်မှန်ဖြစ်သော ပဋိစ္စ သမုပ္ပါဒ်နှင့် မညီညွတ်ပေ၊ ဥပါဒါန် အစွဲသာလျှင် ဘဝသစ်ကို မျှော်မှန်းသော လက္ခဏာဖြစ်သည်။ တဏှာသည် ဘဝသစ်ကိုကူးရန် "ပေါနောဗ္ဘဝိကာ"ဖြစ်ရလျှင် ယင်းစကားသည် Soul. ခေါ် အတ္တဝိညာဉ်သဘောသက်ရောက်လျက်ရှိစေသည်၊ အတ္တဝိညာဉ်သည် ပေါနောဗ္ဘဝိကာ စကားလုံးအသွင်နှင့် အတ္တဝါဒီ တဦးဦးက သွပ်ထည့်ထားသောစကား ဖြစ်ဟန်ရှိသည်ဟု ဆိုသည်။

ကမ္ဘာသကတလမ်းစဉ်မှ ကမ်တွင် ပရမ္ပရ၊ ဝိပါကဝင်စသော အယူသည် ဟိန္ဒူကမ်သာဖြစ်သည်၊ ဗုဒ္ဓကမ်မှာ အကြောင်း တိုက်ဆိုင်မှု တိုက်ဆိုင် စေသော အကြောင်းသာ အမှန်ဖြစ်ရမည်၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ"ဟု ဗုဒ္ဓဘုရားရှင်၏ မှုရင်းဒေသနာနှင့် ကိုက်ညီသော ကမ်သာဗုဒ္ဓ၏ကမ်ဖြစ်ပြီး အကြောင်းအကျိုး လွတ်စွာ ယုံကြည်ထားသော ဝိပါက၊ ပရမ္ပရ၏ကမ်သည် ဗုဒ္ဓနှင့်မဆိုင်ဟုဆိုသည်။

တိတ်နိမိတ် တခေါင်စနည်းစသော ဥပါဒါန်တို့မှာ ဟိန္ဒူနည်းသာ ဖြစ်၍ ဗုဒ္ဓပယ်တော်မူသော အစွဲအားပေးတရားစုသာ ဖြစ်သည် စသည်ဖြင့် ထိုဆရာကြီး (J-G Jennings) က ပိဋကတ်တော် အရပ်ရပ်ကို နှံ့နှံ့စပ်စပ်လိုက်၍ ဝေဖန်သုံးသပ်ထားသည်။ ၎င်းဆရာကြီး၏ သုံးသပ်ချက်အချုပ်မှာ ယခု တောင်ပိုင်း ဗုဒ္ဓဘာသာသည် အမည်သညာ အားဖြင့် ဗုဒ္ဓဘာသာဟု ခေါ်ထားသည်မှ တပါး ဟိန္ဒူအတ္တဝါဒကိုသာ အလေးတင်းထားသော ဘာသာ ဖြစ်နေသည်ဟု ဆိုထား၏၊ ထို့ကြောင့်ပင် ဆရာကြီးသည် ၎င်း၏ကျမ်းကြီးအမည်ကို "ဗုဒ္ဓ၏ ဝေဒလမ်းစဉ် ဗုဒ္ဓဘာသာ"ဟု အမည်ကင်းပွန်း တပ်ဆောင်လိုက်ဟန်တူပေသည်။



ကျမ်းကြီးမှာ လက် ၄-သစ်ခန့်ထူ၍ စာမျက်နှာ ၇၀၀ ခန့် ရှိသည်။ (J-G Jennings M.A.) သည် ဘုရားပွင့်ရာဒေသ ဘီဟာနှင့် ဩရိဿ နယ်တဝိုက်တွင် နှစ်ပေါင်း ၃၀ နေထိုင်လေ့လာပြီး အင်္ဂလန်ပြည်သို့ပြန်၍ ထိုကျမ်းကြီးကို နှစ်ပေါင်း ၂၀ တိုင်တိုင် ပိဋကတ်တော်အရပ်ရပ်နှင့် တိုက်ဆိုင် ဝေဖန် ရေးသားသည်ဟု ဆိုသား၏။

ဗုဒ္ဓ၏ အနှစ်သာရ တရားတော်အစစ်များကို လေ့လာလိုသူ သုတေသီများအဖို့ ပြည်တွင်းကျမ်း အရပ်ရပ်မျှနှင့် မလုံလောက်သေးပေ၊ ယခုကဲ့သို့ မထောက်မညှာ မှန်သည်ထင်တာ ဘွင်းဘွင်းရှင်းရှင်း တင်ပြကြသော အနောက်တိုင်း သုတေသီပညာရှင်တို့၏ စာပေများကိုပါ လေ့လာကြရန်လိုပေပြီ။

ဤမြန်မာပြည်တွင် ပါဠိတော်မှာ ပါဠိတော်အတိုင်းသာ နှစ်ပေါင်း ၁၀၀၀-ကျော် မှုမပျက်ရှိနေခဲ့သည်၊ ယခုတိုင် ပြန်ဆိုချက် မစုံလင်သေးပေ။

"နား မလည် သူ များလေ- လိုမှ လို့ ကောင်းလေ" ဟူသော သဘောများလေလားမသိဖြစ်သည်။

ဘာသာရေးနှင့် လှည့်ဆွယ်တိုင်း ဗမာဘွေကြွေခဲ့ရသောငွေတွေကား ကုဋေပေါင်း ကုဋာထက်မလျော့တော့ပေ၊ ဘယ်အဆင့် မှုနှင့် နိဂုံးချုပ်နေကြရသည်ကို အလေးအနက်စဉ်းစားထိုက်ပြီထင်၏။

မနေ့တနေ့ကမှ စတင်၍ ဗုဒ္ဓဘာသာကို လေ့လာသော အမေရိကန် ဟားဘတ်တက္ကသိုလ်တွင် ပိဋကတ်တော်အကုန်ပြန်ဆိုပြီးနေလေပြီ၊ လေ့လာလိုသူများ ရန်ကုန် ရာမခရစ်ရှနားမစ်ရှင်စာဘတ်ခန်းသို့ သွား၍ကြည့်ကြကုန်လေ၊ အုပ်တွဲကြီးတွေကို တခမ်းတနား တွေ့ရကြလိမ့်မည်။

ဤမျှဆိုလျှင် လက်ရှိကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာ ယုံကြည်မှု များ၏ အခြေအနေကို သဘောပေါက်လောက်ပြီထင်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နိဒါန်းခင်းနေရခြင်းမှာ ကျောက်ကွင်းအရေးတော်ပုံ၌ ဗုဒ္ဓဘာသာဘက်မှ ခေါင်းဆောင် ချေပဟောပြောခဲ့သော ဆရာတော် အရှင်ဥက္ကဋ္ဌ၏ အယူအဆများကို အကဲခတ်နိုင်ကြရန် ရည်ရွယ်၍ ဖြစ်ပေသည်။

ယခုတလော နိုင်ငံခြားမှအငှါးလိုက်ဝါဒဖြန့်သူတို့ကဗုဒ္ဓဘာသာဝင် လူထုနှင့် မိလ္လာပြီအထင်နှင့် စိတ်ပိုင်းဆိုင်ရာအဘိဓမ္မာကိုရှေ့တန်းတင်ကာ မီးမောင်းထိုးပြီး သံကုန်ဟစ်၍ အသိုင်းအဝိုင်း ကြီးစွာနှင့် ကုန်းအော်နေကြသည်ကို တွေ့နေရသည်၊ တန်ဆာခံ နောက်လိုက်တို့ကလည်း သံယောင်လိုက်၍ဟစ်နေကြသည်။

"စိတ်"ကိုစွဲရန် စိတ်သည်ပင် ကိုယ်အရှိသဘောမဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ-တို့ စုပေါင်းမိမှ ဖြစ်လာသော သဘောတရားသာ ဖြစ်သည်၊ ဝိညာဉ် သဘော ကောက်လျှင်ကား "မဟာတဏှာသင်္ခယသုတ်"က သာတိရဟန်းလိုဖြစ်သွားရန် သေချာ၏၊ စိတ်ကို အမိကထား၍ စွဲယူလိုက်ယူကြပါလေ၊ ဗုဒ္ဓဘုရားရှင် ပယ်ထားသော မြာဟ္မဏအတ္တဝါဒီသာ ဖြစ်သွားပေလိမ့်မည်ဟုသာ သတိပေးလို၏။

ဗုဒ္ဓဘုရားရှင်သည်ရုပ်နှင့်နာမ်တွင် ဘယ်ဟာအမိကထားသည်ကို သိရန် အောက်ပါသုတ်ကို အကဲဖြတ်ကြစေလိုသည်။

မူလပဏ္ဏာသကပါဠိတော်(ဆဋ္ဌမူ)စာမျက်နှာ၂၀၁-ပုဒ်ရေ၃၄၇၌ 'ကထဉ္စ ဘိက္ခဝေ ဘိက္ခု နရူပည္စု ဟောတိ၊ ဣဓဘိက္ခဝေ ဘိက္ခု ယံကိဉ္စိ ရူပံ သဗ္ဗရူပံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိယထာဘူတံ နပ္ပဇာနာတိ ဧဝံခေါ ဘိက္ခဝေ ဘိက္ခု နရူပည္စု ဟောတိ။

ရဟန်းတို့-ရုပ်ကို အဘယ်မသိပုံ မသိဖြစ်ရသနည်း၊ ဤလောက၌ အကြင်သို့သောရုပ်တို့သည် ရှိကုန်သည်၊ ထိုအရာအားလုံး ရုပ်သာလျှင် ဖြစ်ကြကုန်၏။ မဟာဘူတလေးပါးသည်၎င်း၊ ၎င်းလေးပါးကိုမှီ၍ ဖြစ်သော ဥပါဒါန်ရုပ်တို့သည်၎င်း ရုပ်ဟူ၍သာလျှင် ဖြစ်ကြကုန်သည်



ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိက ဤသာသနာတော်၌ ပွားစီးခြင်းသို့ မရောက်လေနိုင်။

ဤကား ဘုရားဟောပါဠိတော် အစစ်ရှိသည့် အတိုင်း ဖြစ်သည့် ရုပ်ကို ရုပ်ဟူ၍ ထင်ရှား သိထားမှသာလျှင် ရုပ်ကိုအစွဲပြု၍ ဖြစ်ပေါ်လာသော အားလုံးသော သင်္ခါရတရားတို့ကို ပွားများလေ့လာသုံးသပ်ဆင်ခြင်ရမည်ဖြစ်ရာ၊ အသို့လျှင် ရုပ်ကိုအမိကထားယူကာမျှနှင့် ဘုရားနှင့်ဆန့်ကျင်လေအောင် ရိုးစွပ်နိုင်လေသနည်း။

ရုပ်ကိုအမိကထားရမည့် ပါဠိတော် ထင်ရှားရှိထားရာ ဧကန်လည်း သဘာဝကျသော တရားကိုမှုတည်းသဖြင့် အပြစ်ကြီးတခု ဖြစ်နေဟန် ဆိုဝံ့သူများ ဆိုကြလေကုန်၊ ယခုပါဠိတော်ပါ ဘုရားရှင်၏ စကားကိုပါ စော်ကားရာကျနေပြီကိုသာ သတိပေးလို၏။

ပေါ်ပင်ကိုလိုက်ခါ သံယောင်ဟစ်နေသူများ စဉ်စားကြစေလိုသည်၊ တကယ်သိမှ မှန်ပေမည်။

မြောက်ပိုင်းဂိုဏ်းက တောင်ပိုင်းဂိုဏ်းဝင်တို့ကို မပြည့်မစုံသော တရားများသာဖြစ်သည်ဟု ရိုးစွပ်ထားသော အချက်တချက်ရှိသည်ဟု ဆိုထားသည်၊ အယူအစွဲများလျှင် ထိုစွပ်စွဲချက်ကို ဝန်ခံရာကျသွားမည် စိုးရ၏။

ဗုဒ္ဓ၏ရုပ်နှင့် ကွန်မြူနစ်ဝါဒရုပ်ဖြစ်စေ၊ ဘယ်ဝါဒဘယ်သိပ္ပံရုပ်ပင် ဖြစ်စေ ရုပ်မှန်သမျှ တိုက်ဆိုင်ရလိမ့်မည်၊ ရှင်ငိုင်းတိုက်ဆိုက်နေသည်မှာ ဘာ့းမြစ်၍မရနိုင်၊ မှန်၏။ သို့ရာတွင် ရုပ်သဘာဝ အခြေခံအားလျော်စွာ တိုက်ဆိုင်ကြခြင်းသာဖြစ်သည်၊ အဆုံးသတ်ပုံ အန္တိမချုပ်ကား မဟုတ်ဖြစ်ပေသည်။

ဆရာတော် ဒအရှင်ဥက္ကဋ္ဌသည် ရုပ်ကို အမိက ထားသည်မှာလည်း မှန်၏။ ဆရာတော်ယူသောရုပ်မှာ ဘုရားဟောချက်ပါ ရုပ်သာဖြစ်၍ မဆန်းပေ၊ ကွန်မြူနစ်မှ ရုပ်သိပ္ပံပညာမှ ရုပ်စသည်တို့နှင့် တိုက်ဆိုင်နေသည်မှာလည်း အကြောင်းဘူတရုပ်မှန်သောကြောင့်ပင် ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် အရှင်ဥက္ကဋ္ဌအား ကွန်မြူနစ်ဘုန်းကြီး ဖြစ်သည်ဟု စွပ်စွဲသူများ ရှိနေသည်၊ ကျွန်ုပ် ကိုယ်တိုင်တွေ့၍ ကွန်မြူနစ် ဆိုတာ ဘာလဲဟုမေးသောအခါ ထိုသူမပြောတတ်တော့ပေ၊ သူ့ရှင်းသမှုကား လွန်စွာ ကလေးကလားဆန်သော ပေမမှီ ဒေါက်မမှီ၊ တင်းမပြည့် ကျပ်မပြည့် စကားလုံးများ ဖြစ်နေသည်ကိုတွေ့ရ၏။ ခြေခြေမြစ်မြစ် လိုက်သောအခါ၊ သဝေထိုးသွား၍ ဖြစ်သောခေတ် မဟုတ်တော့ပေ။

ကျွန်ုပ်ဉာဏ်မှီသမျှအလွယ်ဆုံးနှင့်အတိုဆုံးရှင်းလိုသည်။ အံ့မဝင်ဟု ထင်က ပညာရှင်များညွှန်ကြားလျှင် လေးစားစွာ လက်ခံရန် အသင့် ရှိပါကြောင်း။

ထိုထိုဝါဒဆိုင်ရာစာအုပ် စာအုပ်ပေါင်း ကျမ်းပေါင်း ၇၀ ကျော် ၈၀ မျှ ကျွန်ုပ်ဖတ်ခဲ့သည့်အထည်းမှ အနှစ်သာရ သက်သက်ကို ထုတ်၍ အတိုချုပ်လိုက်သော်–

(၁) ကိုယ်ကျိုးကိုယ့်တွက်တာကိုအရင်းခံသောစနစ်ရှင်နှင့်နယ်ချဲ့သည် အတ္တမှစ၍ အတ္တမှာပင်ဆုံးသောကြောင့် အတ္တဝါဒသာ ဖြစ်သည်။ တနည်း ဝိသမလောဘ ဝါဒမှန်လျှင် ၎င်း၏ အန္တိမမှာ အတ္တသာ ဖြစ်၏။

ယင်းအတ္တသည် လောဘ,ဒေါသ,မောဟတည်းဟူသော စည်းဝိုင်းထဲ၌သာ သံသရာကျင်လည်သည်၊ ဇာတိ,ဇရာ,ဗျာဓိ,မရဏနှင့် မကင်းလွတ်။

(၂) အများအကျိုးကိုရှေ့ရှုသော ဆိုရှယ်လစ်ဝါဒသည်"ဝေစားမျှစားဝါဒ"ဖြစ်၍"ပရ"မှစပြီးပရမှာပင် အန္တိမချုပ်က"ပရဝါဒ" ဖြစ်သည်။ သူသည် တခါတရံ ပရမှစပြီး အတ္တ၌ချုပ်တတ်သေး၏။ ထိုအခါ လက်ျာဆိုရှယ်လစ်ဟု ဆိုကြသည်။

ကွန်မြူနစ်ဝါဒသည် "ဝိုင်းလုပ်ဝိုင်းစားဝါဒ"ဖြစ်၍၊ဆိုရှယ်လစ်ကဲ့သို့ ပရမှာပင်စပြီး ပရမှာ အန္တိမချုပ်သည်၊သူကား မပြောင်းပေ။

ယခု ပရ-နှစ်မျိုးသည်လည်း လောဘ,ဒေါသ,မောဟတည်းဟူသော ကိလေသာ ၃-ပါး၏ စည်းဝိုင်းထဲမှာပင် သံသရာလည်သည်၊ ဇာတိဇရာ-ဗျာဓိမရဏနှင့်မကင်းလွတ်။ "ဝေစားမျှစား"နှင့် "ဝိုင်းလုပ် ဝိုင်းစား"ခြားနားပုံကို သတိပြု၊ ထိုနှစ်မျိုးလုံးကိုပင် ယခု အမျိုးသားဘောင်နှင့် ခတ်၍ လုပ်ဆောင်နေကြသည်။

(၃) ဗုဒ္ဓဝါဒ၊ သစ္စာ ၄–ပါး လမ်းစဉ်ပေါ်၌ အနိစ္စမှ စပြီး အနတ္တတွင် အန္တိမနိဂုံးချုပ်သည်၊ ထို့ကြောင့် အနတ္တဝါဒ ဖြစ်သည်။

လောကီနယ်တွင် အခြေခံသော်လည်း အတ္တ နှင့် မှ ပြောင်းပြန် ဖြစ်သည်၊ ပရနှင့်မှု ယှဉ်တွဲ ရုံမှ တ ပါး မပေါင်းစပ် သောကြောင့် အနတ္တသည် အတ္တနှင့် ပရတို့၏ စည်းဝိုင်းဖြစ်သော ကိလေသာနယ်မှ အပြင်ပသို့ကင်းလွတ်သွားသောဝါဒဖြစ်သည်၊ ဇာတိ, ဇရာ ,ဗျာဓိ, မရဏ တို့နှင့် ပြတ်သည်။

ဆီနှင့်ရေပမာ တပုလင်းထဲမှာပင် တည်ရှိသာတည်ပြီး မရောယှက်ကြပေ။

**ဤအတိုချုပ် ဝိသဋ္ဌနာအရ အတ္တ-ပရ တို့၏ အန္တိမနှင့် အနတ္တဝါဒ ဆရာတော် အရှင်ဥက္ကဋ္ဌတို့၏ အန္တိမချင်း မတူကြသည်ကို သိနိုင်သည်။ ထို့ကြောင့် ဆရာတော် အရှင်ဥက္ကဋ္ဌသည် အဘယ်သို့လျှင် ကွန်မြူနစ်ဖြစ်နိုင်စရာ အကြောင်းရှိတော့မည်နည်း။**

ဤခေတ်ကာလ၌ ဥပါဒါန်အနုအရင့်လိုက်၍ ဖြစ်ချင်တာတွေဖြစ်နေကြမည်ဖြစ်သော်လည်း ဆရာတော်၏တရားများသည် ဗုဒ္ဓဘုရားရှင်၏ အနတ္တဒေသနာနယ်အတွင်း၌သာ သုံးသပ်သည်၊ ဟောပြောသည်ကို တွေ့ရ၏။

အလှူဒါန ပြုကြသူတို့အားပင် ပရသဘောသက်သက်မျှရည်ရွယ်လက်ခံသော်လည်း အတ္တသဘော သက်ဝင်စေသော တမလွန်ဥပါဒါန်ကို ချေဖျက်သည့်အနေဖြင့် ရေစက်ပင် ချပေးခြင်း မရှိသည်ကို တွေ့ရသည်။ အဝိဇ္ဇာ မာနစွဲဖြစ်သောအကြောင်းအကျိုးဆက်မရသည့် အစွဲဥပါဒါန်အားလုံးကို ထိုက်ဖျက်နေသော ဆရာတော်ဖြစ်ရာ ကရဏီယ ပရိတ်မွှန်းကို လုံးဝလက်ခံသည့် ဆရာတော်မဟုတ်ပေ။

www.burmeseclassic.com

အားလုံးကို ခြုံလိုက်သော် ဆရာတော်သည် ဗုဒ္ဓဘုရား၏ ဘာ ပြတ်ရေး၊ ကိလေသာမှလွတ်မြောက်ရေးကိုသာ အဓိကထားပြီး ဇာ မညွှာ ရဲရဲဝံ့ဝံ့ ဟောဖော်ညွှန်ပြသည်ကိုသာတွေ့ရပြီး ဆရာတော်၏ သုံးသပ်ကောက်ယူပုံများသည်လည်း နိကာယ်ကြီးလာ ဗုဒ္ဓဝစန အဘ ဘောဂ အစစ်နှင့်အညီတွေ့ချည်းသာဖြစ်သည်ကို တွေ့ရချေသည်။

ထို့ကြောင့် ယခု ကျောက်ကွင်းအရေးတော်ပုံ၌ အချို့အချို့ နေရာများတွင် မြောက်တိမြောက်ကျား တွေ့ခဲ့ရသည့် ဘာသာရေး ဆိုင်ရာ ဆရာတော်၏ အယူအဆများကို ဤအထက်ပါနိဒါန်းစကား ဖြင့် သဘောပေါက်ကြနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသတည်း။

သခင်မြတ်ဆိုင်

၁၈-၁-၆၂

BURMESE CLASSIC .com

www.burmeseclassic.com